
## မြင့်နန်းဆွေ

# သံသရာခရီးဘယ်လိုသွားမလဲ



မြင့်နန်းဆွေ

# သံသရာခရီးဘယ်လိုသွားမလဲ

ဖြန့်ချိရေး
ခင်မြတ်သူစာပေ
အမှတ် ၁၁၊ ဒဂုဏ်သီရိလမ်း၊ ကျောက်မြောင်းကြီးရပ်ကွက်၊
တာမွေမြို့နယ်၊ ရန်ကုန်မြို့။

# ပုံနှိပ်မှတ်တမ်း


| | | |
|---|---|---|
| စာမူခွင့်ပြုချက် | ✿ | ၅၄၇ / ၂၀၀၁ (၈) |
| အဖုံးခွင့်ပြုချက် | ✿ | ၅၀၆ / ၂၀၀၁ (၉) |
| အကြိမ် | ✿ | ပထမ |
| ထုတ်ဝေသည့်လ | ✿ | ၂၀၀၁-ခုနှစ် နိုဝင်ဘာလ |
| တန်ဖိုး | ✿ | ၂၈၀ ကျပ် |
| အုပ်ရေ | ✿ | ၅၀၀ |
| မျက်နှာဖုံးဒီဇိုင်း | ✿ | ရွှေစိုးဟန် |
| အဖုံးဖလင် | ✿ | 21st Century |
| အတွင်းဖလင် | ✿ | K&M3 |
| အတွင်းစာစီ | ✿ | K&M3 (TDM) |
| စာအုပ်ချုပ် | ✿ | သစ်လွင် |
| ထုတ်ဝေသူ | ✿ | မန်းဘညွန့်ဖေ (ဉက္ကဌ) သစ်တောထိန်းသိမ်းကြီးကြပ်ရေး မြို့ကြီးငူအထူးဒေသ၊ ကရင်ပြည်နယ်။ |
| အတွင်းပုံနှိပ်သူ | ✿ | ဦးရှိန်ဘီး (ဝင်းလိုက်မိတ်ပုံနှိပ်တိုက်) ၃၅၂၊ စရည်းပင်လမ်း၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်း။ |
| အဖုံးပုံနှိပ်သူ | ✿ | ဒေါ်အေးအေးခိုင် (၀၃၈၈၅) (စိန်ကြယ်ပုံနှိပ်တိုက်) ၁၃၇၊ ၃၂လမ်း၊ ရန်ကုန်။ |
| ဖြန့်ချိရေး | ✿ | ခင်မြတ်သူစာပေ အမှတ် (၁၁)၊ ဒဂုဏ်သီရိလမ်း၊ ကျောက်မြောင်း၊ တာမွေ၊ ရန်ကုန်။ |

# မာတိကာ


| | | |
|---|---|---|
| ၁။ | မြိုင်ကြီးငူဆရာတော်၏အမှာ | က |
| ၂။ | ဦးချစ်ဆွေစုံ (စိန်မြား) | ခ |
| ၃။ | သီဟဆွေ | င |
| ၄။ | ကန်တော့ပန်း | စ |
| ၅။ | သံသရာမိတ်ဆက် | ၁ |
| ၆။ | ရုပ်သံသရာစက်လည်ပုံ | ၇ |
| | – ကမ္မဇရုပ်အစဖြစ် | ၈ |
| | – စိတ္တဇရုပ်အစဖြစ် | ၂၃ |
| | – ဥတုဇရုပ်အစဖြစ် | ၂၅ |
| | – အာဟာရဇရုပ်အစဖြစ် | ၂၇ |
| | – ကမ္မဇစသောရုပ်တို့နောက်ဆုံးချုပ် | ၃၂ |
| ၇။ | နာမ်သံသရာစက်လည်ပုံ | ၃၅ |
| | – ပဋိသန္ဓေစိတ် | ၃၆ |
| | – ဘဝင်စိတ် | ၃၈ |
| | – ဝီထိစိတ် (ဝါ) သိစိတ် | ၃၉ |
| | – စုတိစိတ် (ဝါ) သေစိတ် | ၅၇ |
| ၈။ | ဘဝသံသရာစက်လည်ပုံ | ၈၃ |
| | – အကြောင်းကြောင့်အကျိုးဖြစ် | ၈၄ |
| ၉။ | ဇာခန်းဆီးနောက်ကွယ်မှာ | ၁၅၉ |
| ၁၀။ | သံသရာခရီး | ၁၆၅ |
| ၁၁။ | သံသရာခရီးဘယ်လိုသွားမလဲ ? | ၁၇၃ |

# မြိုင်ကြီးငူဆရာတော်၏ အမှာ

မြိုင်နန်းဆွေ၏ "သံသရာခရီးဘယ်လိုသွားမလဲ" စာမူကို ဖတ်ရှုလေ့လာရသည်။ သံသရာခရီးသွားသူတိုင်း တွေ့ကြုံဆုံစည်းရမည့် သုခဒုက္ခ လောကဓံတရားများကို အဘိဓမ္မာကျမ်းနှင့် ညှိ၍ ရေးသားတင်ပြထားသည်။ လူသာမန်များ နားလည်စေရန် ရေးသားထားသော်လည်း အဘိဓမ္မာ သင်ထားဖူးသူများအဖို့ ဆိုပါလျှင် ပို၍ လေးနက်စွာ သဘောပေါက်နိုင်ပေမည်။

သံသရာဝဋ်စက်မှ ရက်တိုတိုနှင့် လွတ်မြောက်လိုသူ ရှိသကဲ့သို့ သံသရာခရီး ပျော်ပျော်ကြီးသွားပြီးမှ အမတနန်းသို့ လှမ်းလိုသူများလည်းရှိသည်။ ထိုထိုသို့သော သံသရာခရီးသွားများ အတွက် တွေ့ကြုံရမည့် ဒုက္ခလောကဓံမှ လွန်မြောက်ပြီး သုခ လောကဓံကို ခံစားနိုင်ကြစေရန် အဘိဓမ္မာသဘော သုတ္တန် ဒေသနာပါဠိနှောလျက် ကျင့်ဆောင်လိုက်နာဖွယ်တို့ကို သရုပ်ပေါ်လွင် ပီပြင်စွာ ရေးသားပြုစုထားသည်။

သံသရာခရီးသွားမည့်သူတိုင်း လေ့လာမှတ်သား ဆောင်ထားသင့်ဟု ယူဆသည်။ ဆရာတော်သည်လည်း ဤစာမူကို သဘောကျနှစ်ခြိုက်သဖြင့် ပြည်တော်ဝင်များ ဖတ်ရှုလေ့လာနိုင်စေရန် စကောကရင်စာပေဖြင့် ဘာသာပြန်ရေးသားလိုက်သည်။ ဤစာအုပ်ကို ဖတ်ရှုခြင်းဖြင့် သံသရာခရီးသွားများ လမ်းမှား လမ်းမှန် ခွဲခြားရွေးချယ်နိုင်ကြပါစေဟု---မေတ္တာလောင်းရင်း သတင်းကောင်းပါး အမှာစကား ရေးသားလိုက်ရပေသည်။

ဘဒ္ဒန္တသုဇာန,
မြိုင်ကြီးငူဆရာတော်

## စာရေးဆရာ သတင်းစာဆရာကြီး
## ဆရာကြီးသူရိယဦးချစ်ဆွေစုံ
## ၏

## အမှာစာ

ဆရာမြိုင်နန်းဆွေကို သိဖို့ဝေးလို့ ကြားတောင်မကြားဖူးပါ၊ တစ်နေ့မှာ စာရေးဆရာ မောင်သင်းလှိုင်တစ်ယောက် စာရေးသူထံ ရောက်လာပြီး ဆရာမြိုင်နန်းဆွေရေးသည့် ''ပြန်လည်ထွန်းညှိသူ'' ဆိုသည့် စာနှစ်အုပ် (မြန်မာ+အင်္ဂလိပ်) ကို ပေးလာသည်။ စာရေးသူအဖို့ စာအုပ်တိုင်းကို ဖတ်လေ့ဖတ်ထမရှိပါ။ အကြောင်းက ဖတ်စရာစာအုပ်ကောင်းတွေကများတော့ မဖတ်နိုင်တော့ပါ။

သို့သော် စာအုပ်လာပို့သူမှာ စာရေးသူ၏အထာကို သိပြီး ဖြစ်သဖြင့် မဖတ်ဘဲနေမှာ စိုးရိမ်သောကြောင့် –

''အဘ ဒီစာအုပ်ကို မြည်းကြည့်ပါနော်၊ အဘ အချိန် အနည်းငယ်လောက်ပေးနိုင်မယ်ဆိုရင် ဝေဖန်စာပါ ချီးမြှင့်ပေးပါ အဘရယ်''ဟု တဖွဖွတောင်းပန်းချက်အရ ''ပြန်လည်ထွန်းညှိသူ'' စာအုပ်ကို မြည်းစမ်းကြည်းလိုက်ရာ လက်မှချမရတော့ဘဲ နံနက် စာ တစ်နပ်ငတ်ခဲ့ရပြီးပါပြီ။

ယခုစာမူမှာ ဘာစာမူမှန်းမသိရသေးပေမယ့် ဆရာ မြိုင်နန်းဆွေ စာအုပ်ဆိုလျှင် ငတ်မှာသေချာနေသည့်အတွက် ထမင်းစားပြီးမှပဲ (အစာအိမ်ရောဂါကရှိနေတော့) ဖတ်တော့မည် ဆုံးဖြတ်လိုက်ပြီးမှ ဖတ်ချင်စိတ်ကစောနေပြန်တော့ ဖတ်လိုက်မိရာ နံနက်စာသာမက ညစာပါငတ်ရပြန်သည်။ အကြောင်းက–

စာအုပ်အမည်ကိုက ''သံသရာခရီးဘယ်လိုသွားမလဲ'' ဆိုတော့ ယခုအမှာစာရေးသူမှအစ မြန်မာပြည်ရှိ လူဦးရေ၏ ၈၅ ရာခိုင်နှုန်းခန့်သည် ထေရဝါဒဗုဒ္ဓဘာသာများဖြစ်ကြလေရာ

ဤဗုဒ္ဓဘာသာဝင်အားလုံးလိုလိုကပင် မြတ်နိဗ္ဗာန်ရွှေပြည်နန်းကို ခပ်မြန်မြန်အရောက်သွားချင်ကြသူများထဲမှ ဤ''သံသရာခရီး ဘယ်လိုသွားမလဲ''ဆိုသည့်စာအုပ်ရေးသူပါ ပါဝင်နေသည်ကို တွေ့ရသည်ကတစ်ကြောင်း။

ဒုတိယကမ္ဘာစစ်ကြီးပြီးသည့်နောက် မြန်မာပြည်မှာသာမက အခြားသောဘာသာများ ထွန်းကားနေကြသည့် တိုင်းပြည်များရှိ လူသားများကပါ ထေရဝါဒဗုဒ္ဓသာသနာ၏ အဆုံးအမကို သက်ဝင်ယုံကြည်လာကြသည်ကတစ်ကြောင်းမို့ တရားရိပ်သာတွေ မြို့နယ်အသီးသီး ရပ်ရွာအသီးသီးတို့မှာ တည်ထောင်ဖွင့်လှစ်ကာ အေးချမ်းသာယာခြင်းကို ရှာနေကြသော်လည်း တကယ်တွေ့ရ သူကနည်းပြီး အများစုမှာ တကယ့်အစစ်အမှန်ဖြစ်သော အေးချမ်း သာယာမှုကို ရှာမတွေ့ဘဲ ဖြစ်နေကြရပါသည်။

ဘာကြောင့် ရှာမတွေ့ကြသလဲ တရားစစ်တရားမှန်တွေကို ရေးမပြနိုင်ကြလို့လား၊ တရားစစ်တရားမှန်တွေကို ဟောမပြနိုင်ကြ လို့လား၊ မဟုတ်ပါ။

ရေးလို့လည်းပြနိုင်ကြပါသည်။ ဟောလို့လည်း ပြနိုင်ကြပါ သည်။ သို့သော် အလွန့်အလွန်မှပင် ခက်ခဲနက်နဲလွန်းသဖြင့် ''အဘိဓမ္မာ''ဟု ခေါ်ဆိုထားခြင်းကြောင့် တော်တော့် ဉာဏ်နှင့် လည်း ရေးမပြနိုင်ကြပါ။ တော်တော့်ဉာဏ်နှင့်လည်း လူဝင်နိုင်း နားလည်အောင် ဟောပြဖို့ရာ အလွန်တရာမှပင် ခဲယဉ်းလှပါသည်၊ မြန်မာလိုနားလည်အောင် ပြောရင်းပြောရင်းက ပါဠိစာပေ၊ ပါဠိစကားတွေ ပါပါလာတော့ တော်တော်နှင့် နားမလည်နိုင်ကြ တော့ပါ။

သည်ပါဠိစာပေတွေကို မြန်မာလိုပြောမှ မြန်မာလိုရေးမှ နားလည်နိုင်ကြမယ့် စာပေမျိုးကလည်း ရှာမှရှားလှပါသည်။ သည့် အပြင်ဝိဇ္ဇာပညာရပ်အပေါ်မှာ အထင်အမြင်သေးပြီး သိပ္ပံပညာကိုမှ

အထင်ကြီးကြသည့်အချိန်အခါ၊ ကိုယ်တိုင်မြင်တွေ့ရမှ ယုံကြည်ကြသည့် အချိန်အခါဆိုတော့ မျက်စိဖြင့်မမြင်ရနိုင်ပေမယ့် တကယ်ရှိ အဟုတ်ရှိကို ဥပမာ ဥပမေယျတွေနှင့် ယှဉ်ပြသည့်အချိန် ယှဉ်ပြရမည့်အချိန်မျိုးမှာ ဆရာမြိုင်နန်းဆွေက သိပ္ပံကို ဦးစားပေးနေသည့် ''ဒစ်စကာဘာရီ''ကိုပါ ထုတ်ဖော်ပြီး နှိုင်းယှဉ်ပြထားသည်။

ဤကဲ့သို့ ကျောင်းသားအရွယ် ကလေးငယ်မှစ၍ နားလည်လွယ်အောင် အလွန်တရာမှ ခက်ခဲနက်နဲလှသည့် အဘိဓမ္မာဒေသနာတော်ကြီးကို အဘိဓမ္မာခုနစ်ကျမ်းကို ခြုံငုံရေးသားထားသည့် လက်သန်းအင်္ဂုလိကထာခေါ် သင်္ဂြိုဟ်ကျမ်းမှအစ ပဋ္ဌာန်းကျမ်းကြီးအထိ ပဋိစ္စသမုပ္ပါဒ်နှင့် ညှိပြီး တင်ပြထားသည်မှာ ပိုင်နိုင်လှပါသည်။

''အဘိဓမ္မာကျမ်းပါကွာ''ဟု ကြားလိုက်ရသည်နှင့် တစ်ပြိုင်နက် နောက်ဆက်တွဲက ''ပျင်းစရာကြီးပါကွာ''ဟု ညည်းညူသံမျိုး မကြားရဘဲ ''ဒီလိုရေးထားတော့လဲ တို့လည်း နားလည်တာပေါ့'' ဆိုသည့် စကားမျိုးကိုသာ ပြောဆိုလာကြမည့်အသံကို အမှာစာရေးသူအဖို့ ကြားရမည်မှာ အမှန်ပင်ဖြစ်ပါကြောင်း---

ဆန္ဒ အတ္တာနံ ပရိဟရန္တု

သူရိယဦးချစ်ဆွေစုံ (စိန်မြား)

၂၂-၁၂-၂၀၀၀

## ဆရာကြီးသိပ္ပံသိဟဆွေ၏ အမှာ

သံသရာခရီး ဘယ်လိုသွားမလဲ စာမူကိုဖတ်ကြည့်ရာ ကောင်းပါသည်။ တင်ပြပုံ တင်ပြနည်းကြိုက်သည်။ ဝါကျတည်ဆောက်ပုံကိုလည်း ကြိုက်သည်။ သို့သော် စာပိုဒ်တစ်ခုကိုတော့ ပို၍ ပြီပြင်သိလွယ်အောင် ပြင်ဆင်လိုက်ပါသည်။

အမှန်က ကျမ်းစာတစ်အုပ်ရေးရာမှာ ရှေးအစဉ်အလာအရ

၁။ ပဏာမ

၂။ ပဋိညာဉ်–ပါရမှာဖြစ်ပါသည်။ သို့ပါ၍ ပဏာမနှင့် ပဋိညာဉ်ကို ရေးသားထည့်သွင်းရန် တိုက်တွန်းပါသည်။

နိဒါန်းနှင့် နိဂုံးလည်း ရေးရိုးထုံးစံရှိလို့ ရေးသားရပါမည်။

ဖြစ်မြောက်အောင်မြင်ပါစေ

သိဟဆွေ

သဒ္ဓမ္မဇောတိကဓဇ

၁၃–၈–၂၀၀၀

# ကန်တော့ပန်း

ယခုပဋ္ဌကား၊ ဤဘဝဝယ်
က–မှစဦး၊ သင်ပေးဖူးသော
ရှေးဦးဆရာ၊ အစပြု၍
ဤစာသို့မျိုး၊ အားမာန်ကြိုးလျက်
ရေးပျိုးတတ်အောင်၊ နည်းလမ်းဆောင်သည့်
ပြားမြောင်သုတ၊ တတ်သိပွကို
သင်ပြပေးလာ၊ သင်ဆရာနှင့်
ပြင်ဆရာကြားဆရာ၊ ပေါင်းများစွာကို
ဆယ်ဖြာအဉ္ဇလိ၊ ဦးတင်ချီ၍
ဤမည်စာဆန်း၊ ပုလဲပန်းဖြင့်
စိတ်မှန်းမာန်လျှော့ ၊ ကျွန်ကန်တော့၏။

တပည့်ငယ် – မြင့်နန်းဈေ

## သံသရာ မိတ်ဆက်

သံသရာဟူသောစကားသည် ဗုဒ္ဓဘာသာဝင်များအဖို့ ရင်နှီးကျွမ်းဝင်ပြီး ဖြစ်သည်။ တိတိကျကျဟု မသိလင့်ကစား စဉ်ဆက်မပြတ် လည်ပတ်နေသော သဘောတရားဟု သိရှိနားလည်ထားကြသည်။

ကလေးဘဝက ကျောင်းမှာသင်ခဲ့ရဖူးသည်။ ရေသည် နေပူရှိန်ကြောင့် ရေငွေ့ဖြစ်ကာ၊ ကောင်းကင်သို့ ပျံတက်သွားသည်။ အပေါ်သို့ ရောက်လျှင် လေအေးနှင့်ထိတွေ့၍ ရေငွေ့များသည် ရေစက်ရေပေါက်များ အဖြစ်သို့ ရောက်ရှိသွားပြီးကျလာသည်ကို မိုးရွာသည်ဟု ခေါ်သည်။ ဤမိုးရွာသည်ကိုပင် ရေသံသရာစက်လည်သည်ဟု ဆိုကြောင်း ငယ်စဉ်သင်ကြားခဲ့ရဖူးသည်။

သတ္တဝါတို့သည် နိဗ္ဗာန်မရောက်သေးသမျှ တစ်ဘဝပြီး တစ်ဘဝ၊ ကောင်းချည်းတစ်ခါ၊ဆိုး ချည်တစ်လှည့်ဖြင့်၊ တပြောင်းကပြန်စဉ်ဆက် မပြတ် ဖြစ်နေကြသည်။ ဤသည် ကိုပင် ဘဝအိုးအိမ်အကြိမ်ကြိမ်နေသည်ဟု တင်စားပြောဆိုကြသည်။

ဗုဒ္ဓမြတ်စွာသော်မှ ဘဝအိုးအိမ်အကြိမ်ကြိမ်နေခဲ့ရပုံကို ပစ္ဆိမဘဝ(နောက်ဆုံးဘဝ) ဗောဓိပင်နှင့် ရွှေပလ္လင်မှာ ဘုရားအဖြစ်သို့ ရောက်စက ဥဒါန်းကျူးရင့်သော ပထမဗုဒ္ဓဝစနဖြစ်သည့်

''အနေကဇာတိ သံသာရံ သန္ဓာဝိဿံ အနိဗ္ဗိသံ''စသည့် ဂါထာတော်၌ အတိအလင်း ဖေါ်ကျူးထားသည်။

''. . . . တဏှာယောက်ျား အို. . . . လက်သမား . . . .

ဘဝခန္ဓာအိမ်ကို တည်ဆောက်နေသော သင်လက်သမားကို ရှာမတွေ့ခဲ့သဖြင့် မရေ မတွက်နိုင်သော ဘဝပေါင်းများစွာ သံသရာမှာ ကျင်လည်ကျက်စားပြေးသွားခဲ့ရလေပြီ။ ယခု ဘဝအိုးအိမ်ကို အကြိမ်ကြိမ်တည်ဆောက်နေသော တဏှာတည်းဟူသော သင်လက်သမားကို ငါတွေ့ရပြီ။ သင်ဆောက်လုပ်ထားသည့် အခြင်, နရယ်, ဒိုင်း, မြား စသည့် သုံးထောင်ဝက်ကိလေသာကိုလည်း ငါချိုးဖျက်နိုင်ခဲ့ပြီ။ အဝိဇ္ဇာ အထွတ်တပ်ထားသော အိမ်ခေါင်မိုးကိုလည်း အရဟတ္တမဂ်ဖြင့် အပိုင်းအစရှာမရအောင် ငါတွန်းလှန်ဖြိုဖျက်ပြီး အဝေးသို့ လွှင့်ပစ် နိုင်ခဲ့ပြီ၊ သည်အခါမှစ၍ ငါ့ဘဝခန္ဓာအိမ်ကို ဘယ်သောအခါမှ သင်ပြန်လည်တည်ဆောက်ခွင့် မရတော့ပြီ. . . ''ဝမ်းမြောက်ဝမ်းသာစွာ ဥဒါန်းကျူးရင့်တော်မူခဲ့သည်။

ဗုဒ္ဓရှင်တော်မြတ်သော်မှ ဘဝအိုးအိမ် အကြိမ်ကြိမ်နေခဲ့ရသည်ဆိုလျှင်၊ ကျန်သူများအဖို့ စကားထဲ ထည့်ပြောစရာပင် မလိုတော့ပေ။ ဗုဒ္ဓဘာသာဝင် ဟုတ်သည်ဖြစ်စေ, မဟုတ်သည်ဖြစ်စေ။ မည်သည့်ဘာသာဝင်ဖြစ်ဖြစ်, ဘာသာမဲ့ သူပဲဖြစ်ဖြစ်, ရုပ်တရား၊ နာမ်တရားရှိသော သတ္တဝါဟူသမျှ၊ ဘဝအိုးအိမ်ကို အကြိမ်ကြိမ် တည်ဆောက်ခြင်းဖြင့်၊ သံသရာလည်နေကြရ

မည့်သူချည်းဖြစ်သည်။ သံသရာဆိုသည်မှာ အဘိဓမ္မာနည်းကျ ဆိုရပါလျှင် –

၁။ ရုပ်သံသရာစက်လည်ပုံ။

၂။ နာမ်သံသရာစက်လည်ပုံ။

၃။ ဘဝသံသရာစက်လည်ပုံ . . ဟူ၍ သုံးမျိုး ရှိသည်။

ယင်းတို့ကို မဆိုမီ ''အဘိဓမ္မာ''ဟူသော စကားလုံးကို သာမန်လူအများ နားလည်အောင် တိုတိုကျဉ်းကျဉ်းဆိုပါမည်။ ''အဘိဓမ္မာဟူသည် သဘာဝတရား စစ်စစ်ကြီးပင် ဖြစ်ပေသည်'' အလွန်ခက်ခဲနက်နဲ သိမ်မွေ့လွန်းသည့်ပြင်၊ အခြားပိဋကတ်တော်များထက် အရာကျယ်လွန်း သောကြောင့် ''အဘိ အတိရေကော ဓမ္မောအဘိဓမ္မော'' ဟု အဋ္ဌကထာဆရာတို့ ဖွင့်ပြကြသည်။

ဗုဒ္ဓမြတ်စွာသည် သုတ္တန်ပိဋကတ်တော်ကို ဆိုင်ရာတရားနာပုဂ္ဂိုလ်တို့အား အကြောင်းပြု၍ ဟောကြားတော်မူသည်။ မင်္ဂလသုတ်တော်ကို

၁။ လူမိုက်တို့ကို မပေါင်းပါနှင့်။

၂။ လူလိမ္မာပညာရှိသူတို့နှင့်ပေါင်းပါ။

၃။ ပူဇော်ထိုက်သူကို ပူဇော်ပါ. . . .

စသည်ဖြင့် ဟောကြားတော်မူသည်။ ထင်ရှားသိလွယ်ပါသည်။

ဝိနည်းပိဋကတ်တော်ကို သာသနာတော်ကြီး အရှည်ခိုင်ခံ့တည်တံ့စေရန်အတွက် အကြောင်းအရာ အားလျော်စွာ အမိန့်ဥပဒေထုတ်၍ ပညတ်ဟောကြားတော်မူသည်။

ကျူးလွန်သော ပြစ်မှုကြီးငယ်ပေါ်မူတည်၍ ဤမည်သော အာပတ်သင့်ရောက်စေ. . . ပညတ်တော်မူသည်။ ထင်ရှား သိလွယ်သည်သာ။

အဘိဓမ္မာဒေသနာတော်ကိုမူကား. . . သတ္တဝါတိုင်း၊ အရာဝတ္ထုတိုင်းနှင့် သက်ဆိုင်သော သဘာဝတရားများကို ဟောကြားတော်မူပါသည်။ ထို့ကြောင့် အလွန်တရာ ကျယ်လွန်း လှပါသည်။သိမ်မွေ့နက်နဲသောသဘောရှိသည်။ စဉ်းစားတွေးခေါ်မှ ရသည်။ ဥပမာတစ်ခု ဆိုပါမည်။

လောဘဟူသော တပ်မက်မှုသဘာဝတရား ဆိုပါစို့–

ခွေးလည်း ခွေးအလျောက် ခွေးလောဘ၊ နွားလည်း နွားအလျောက် နွားလောဘစသည်ဖြင့် တိရစ္ဆာန် တို့၏ လောဘ။

လူလည်း လူအလျောက် လူ့လောဘ၊

နတ်လည်း နတ်အလျောက် နတ်လောဘ၊

ဗြဟ္မာလည်း ဗြဟ္မာအလျောက် ဗြဟ္မာလောဘ ရှိကြ သည်ချည်း ဖြစ်သည်။ ထွေထွေ ရာရာကို မဆိုနှင့်ဦး။ ခွေးလည်း ခွေးဘဝမှာ ပျော်သည်။ နွားလည်း နွားဘဝမှာ ပျော်သည်။ လူနတ် ဗြဟ္မာတို့လည်း သူတို့ဖြစ်ရာဘဝမှာ ပျော်တတ်ကြသည်ချည်း ဖြစ်သည်။ ဤသည်ကို ဘဝနိကန္တိက လောဘ (ဘဝကို ခုံမင် တွယ်တာခြင်း) ဟု ဆိုသည်။ ဖြစ်ရာဘဝမှာ ပျော်အောင်နေတတ်ဖို့ ကြိုးစားသည်ကပင် ဘဝနိကန္တိကလောဘ ဖြစ်သည်။

ထိုလောဘတရားရှိသည်ဆိုလျှင် တိရစ္ဆာန် လူ–နတ်– ဗြဟ္မာ မည်သည့်သတ္တဝါမဆို၊ တပ်မက်ခြင်း၊ တွယ်တာခြင်း၊

ခုံမင်ခြင်း၊ စုံမက်ခြင်းတို့ ဖြစ်ကြသည်။ သတ္တဝါအားလုံးနှင့် သက်ဆိုင်သော သဘာဝတရားကြီးဖြစ်သည်။ ထို့ကြောင့် အဘိဓမ္မာကို တိုတိုကျဉ်းကျဉ်း လိုရင်းဆိုရပါလျှင် ''သဘာဝ တရားကြီး''ပင် ဖြစ်သည်။ ထိုသဘာဝတရားကြီးကို ဗုဒ္ဓမြတ်စွာက သဗ္ဗညုတဉာဏ်တော်ဖြင့် ထိုးထွင်းသိမြင်တော်မူသည်ဖြစ်၍ ဗုဒ္ဓအဘိဓမ္မာဟု ဆိုသည်။ ဗုဒ္ဓဟောထားသောကြောင့် လောဘ၊ ဒေါသ၊ မောဟ စသော သဘာဝတရားများ ဖြစ်လာသည်မဟုတ်၊ လောဘ၊ ဒေါသ၊ မောဟစသော သဘာဝတရားတို့၏ အခြင်းအရာများကို ဗုဒ္ဓမြတ်စွာက သိတော်မူ၍ ဟောပြတော် မူခဲ့ခြင်း ဖြစ်သည်။

အများသိထားကြသော ဥပမာနှင့်ဆိုရပါလျှင် ဘာ့ကြောင့် သစ်သီးကြွေကျသနည်း။ ကမ္ဘာမြေကြီး၏ ဆွဲငင်အားကြောင့် ကြွေကျရသည်ဟူသော နယူတန်၏တွေးခေါ်ချက်ကို နယူတန်၏ နိယာမဟု ဆိုကြသည်။ နယူတန်တွေးခေါ်စဉ်းစားသောကြောင့် ကမ္ဘာမြေကြီးဆွဲငင်အား ဖြစ်လာရသည်မဟုတ်။ နယူတန် မတွေးခေါ်မစဉ်းစားမီကတည်းက ကမ္ဘာမြေကြီး၏ ဆွဲငင်အား ရှိနှင့်ပြီး ဖြစ်သကဲ့သို့တည်း။ အလားတူ အာခိမိဒိ–စသော နိယာမတို့ဟူသည်မှာလည်း ထိုနည်းအတိုင်းသာ ဖြစ်သည်။ စကားကုန်ပြောရလျှင် ခေတ်သိပ္ပံပညာရှင်များ ရှာဖွေလေ တွေ့ရှိလေသမျှသော အရာတိုင်းသည် ပင်ကိုက ရှိနှင့်ပြီးသော သဘာဝတရားများသာ ဖြစ်ကြသည်။ မတွေ့ရှိသေးရွေ့သာနေမည်။ ကျယ်ဝန်းနက်ရှိုင်းဆန်းကြယ်သော သဘာဝတရားကား ကုန်ခန်းနိုင်ဖွယ်မရှိပေ။

ဗုဒ္ဓမြတ်စွာကမူ – လောကဝိဒူဟူသော ဂုဏ်တော်ပိုင်ရှင်ဖြစ်သည့် အားလျော်စွာ လောကသုံးပါးနှင့် သက်ဆိုင်သော

သိစရာဟူသမျှကို မြူမျှမကျန်အောင် သိတော်မူပြီး ဖြစ်သည်။ သို့သော် ဗုဒ္ဓရှင်တော်မြတ်သည် သံသရာကို ချဲ့လိုသူမဟုတ်၊ သံသရာကို ဖြတ်လိုသူသာ ဖြစ်သည်။ သားတော်ရာဟုလာ အမွေတောင်းလာသည့်တွင်–

"... လောကီအမွေကို ပေးလိုက်လျှင် ဝဋ်ဆင်းရဲမှာ တဝဲလည်လည် အတည်မကျ ကျင်လည်နေရရှာမည်။ လောကီအမွေကိုကားမပေး၊ လောကုတ္တရာ အမွေကိုသာပေးအံ့..."ဟု အကြံတော်ရှိသဖြင့် ပဗ္ဗဇ္ဇအခြေ ရှင်သာမဏေ အဖြစ် လောကုတ္တရာအမွေကို ပေးတော်မူခဲ့သည်။ ဗုဒ္ဓရှင်တော်မြတ်သည် သံသရာရှည်ရေးကို အားမပေးလို၊ သံသရာအရေးကို ဘေးကြီးသဖွယ် မြင်ကြစေရန်အတွက် သံသရာမှ ထွက်မြောက်ရေး အထောက်အကူပြု အဘိဓမ္မာ(သဘာဝ) တရားများကိုဟောကြားတော်မူခဲ့ပါသည်။

ဗုဒ္ဓရှင်တော်မြတ် ဟောကြားတော်မူခဲ့သော အဘိဓမ္မာ ဒေသနာများအနက်မှ သံသရာနှင့် ပတ်သက်သော အချက်အလက်များကို ရွေးဦးပြဆိုပါမည်။

သတ္တဝါများစွာရှိသည့်အနက် ကျွတ်ထိုက်သူ မကျွတ်ထိုက်သေးသူဟူ၍ ရှိကြရာ သံသရာဝဋ်မှ မကျွတ်လွတ် နိုင်သေးသူလူ့အနွတို့အတွက် ပစ္စုပ္ပန်သံသရာ နှစ်ဖြာအကျိုး ပွားတိုးစေသော တရားများကိုလည်း အခွင့်အခါ ကြုံတိုင်း မဟာကရုဏာတော် ရှေ့ထား၍ ဟောကြားတော်မူခဲ့ပါသည်။ ယင်းတို့အနက်မှ ဟောကြားချက်အချို့ကို အခြေခံထား၍ သံသရာဝဋ်အတွင်းမှာ ကျွတ်ကင်းလျှောက်သလို လည်နေကြရသော သံသရာ ခရီးသည်

များအနေဖြင့် မည်ကဲ့သို့ သက်သောင့်သက်သာစွာ သံသရာခရီး လမ်းကို လျှောက်လှမ်းရမည် ဖြစ်ကြောင်း ပြဆိုသွားပါမည်။

❖ ❖ ❖ ❖

## ရုပ်သံသရာစက်လည်ပုံ

လောကကြီးတွင် သတ္တဝါဟူသမျှ ရုပ်နာမ် တို့ ရှိကြသည်။ ဆန်းကြယ်သောလောကကြီးမှာ–

၁။ နာမ်သက်သက်သာရှိသော အရူပဗြဟ္မာ၊

၂။ ရုပ်သက်သက်သာရှိသော အသညသတ် ရူပဗြဟ္မာ၊

၃။ ရုပ်နာမ်နှစ်ပါးစုံရှိသော ရူပဗြဟ္မာနှင့် ကာမဘုံသား

တို့ဟူ၍ ရှိပြန်ရာ အမှတ် ၁။ ၂– သတ္တဝါတို့ကား အသိခက်သေးသဖြင့် ထားခဲ့ပါဦးမည်။ အမှတ် ၃–တွင်လည်း ရူပဗြဟ္မာဘုံသားကိုလည်း ချန်လှပ်ထား၍ ကာမဘုံသားကိုသာ အဓိကဆိုပါမည်။

စာရေးသူနှင့်အတူ ဤစာကို ဖတ်ရှုနေကြသော သူတို့သည် လည်း ကာမဘုံသားများသာ ဖြစ်ကြသည်။ တိတိကျကျဆိုသော် လူသားများဖြစ်ကြသည်။ အလှမ်းကွာ လွန်းသည်ကို မမီမကမ်း မြော်မြင်မှန်းဆကြည့်ရသည်ထက် လက်တွေ့မျက်မြင်ဖြစ်သော လူသားတို့အကြောင်းကို လေ့လာကြည့်ရှုရသည်က ပို၍ သိမြင် လွယ်ဖွယ်ရှိပါသည်။ ထို့ကြောင့် လူသားများ၏ ရုပ်သံသရာ စက်လည်ပုံကိုသာ အဓိက ရေးသားသွားပါမည်။

လူသားများသည် ရုပ်နှင့်နာမ်နှစ်ပါး ပေါင်းထားသော သတ္တဝါဖြစ်သည်။ ရုပ်သည် အစိတ်စိတ်အားဖြင့် (၂၈)ပါး

ရှိသော်လည်း အကြောင်း လေးပါးကြောင့်ဖြစ်သော ရုပ်တို့ကို ပေါင်း၍ ပြသောအားဖြင့်–

၁။ ကံကြောင့်ဖြစ်သော ကမ္မဇရုပ်၊

၂။ စိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်၊

၃။ ဥတုကြောင့်ဖြစ်သော ဥတုဇရုပ်၊

၄။ အာဟာရကြောင့်ဖြစ်သော အာဟာရဇရုပ်ဟူ၍ (၄) မျိုး ရှိသည်။

❖ ❖ ❖ ❖

## ကမ္မဇရုပ်အစဖြစ်ပုံ

ကံကြောင့်ဖြစ်သော ကမ္မဇရုပ်တို့မှာ–

၁။ စက္ခုပသာဒ = မြင်စေတတ်သော အကြည်ရုပ် (မျက်စိ)၊

၂။ သောတပသာဒ = ကြားစေတတ်သော အကြည်ရုပ် (နား)၊

၃။ ဃာနပသာဒ = အနံ့ရစေတတ်သော အကြည်ရုပ်(နှာခေါင်း)၊

၄။ ဇိဝှါပသာဒ = အရသာကို သိစေတတ်သော အကြည်ရုပ် (လျှာ)

၅။ ကာယပသာဒ = ထိတွေ့မှုကို သိစေ တတ်သော အကြည်ရုပ် (ကိုယ်)၊

၆။ ဣတ္ထိဘာဝ = မိန်းမဖြစ်ကြောင်းရုပ်၊
၇။ ပုရိသဘာဝ = ယောကျ်ားဖြစ်ကြောင်းရုပ်၊
၈။ ဇီဝိတရုပ် = ရုပ်တရားတို့ကို မပုပ်သိုးအောင် စောင့်ရှောက်ထားသောရုပ် (ရုပ်သက်)
၉။ ဟဒယဝတ္ထုရုပ် = စိတ်စေတသိက်တို့ တည်မှီရာရုပ် (နှလုံး)

ဟူ၍ ကံကြောင့်ချည်းသက်သက်ဖြစ်သော ရုပ် ၉ပါး ရှိသည်။ ၎င်းကို ကမ္မဇကေန်ရုပ် ၉ပါးဟု ခေါ်သည်။

ဤကမ္မဇရုပ် ကေန်-၉ပါးသည် ကံတည်း ဟူသော အကြောင်းကြောင့်သာ ဖြစ်သည်။ ကံကသာ ဖန်တီးပေးသောရုပ်များ ဖြစ်ကြသည်။ အခြားမည်သည့်အကြောင်းကြောင့်မှ မဖြစ်၊ ဖြစ်အောင် ဖန်တီး၍လည်း မရပါ။

ကမ္မဇအနေကေန်ရုပ် ၉ပါး ရှိသည်။ ၎င်းတို့မှာ-

၁။ ဝဏ္ဏ = အဆင်း၊
၂။ ဂန္ဓ = အနံ့၊
၃။ ရသ = အရသာ၊
၄။ ဩဇာ = အာဟာရရုပ်၊
၅။ ပထဝီ = ခက်မာသောသဘော၊
၆။ အာပေါ = ဖွဲ့စည်းခြင်း၊ ယိုစီးခြင်းသဘော၊
၇။ ဝါယော = တွန်းကန်လှုပ်ရှား ထောက်ထားခြင်း၊ သဘော၊
၈။ တေဇော = ပူခြင်း၊ အေးခြင်း သဘော။

ဤ(၈)ပါးကို တစ်ပါးစီ ခွဲခြားခြင်း မရသဖြင့် အဝိနိဗ္ဘောဂ ရုပ်ဟုခေါ်သည်။ ရုပ်မှန်လျှင် ၎င်းရုပ် –၈ ပါး ရှိသည့်ချည်း ဖြစ်သည်။ အခြား စိတ်၊ ဥတု၊ အာဟာရတို့ကြောင့်လည်းဖြစ်သည်။

၉။ အာကာသဓာတ် = အကြားရုပ်၊ ရုပ်နှစ်ခု အနည်းဆုံး ရှိလျှင် ရုပ်တစ်ခုနှင့်တစ်ခု အကြားသည် အာကာသ ဓာတ်ရုပ်ပင် ဖြစ်သည်။ ဤ ၉ ပါးသည် ကမ္မဇအနေကန် ဖြစ်သည်။ ကမ္မဇ ကေန်ရုပ် ၉ ပါး + ကမ္မဇအနေကန်ရုပ် ၉–ပါး အားဖြင့် ကမ္မဇရုပ် ၁၈–ပါး ရှိသည်။

လူသားတစ်ဦးအနေဖြင့် အမျိုးသမီးဖြစ်လျှင် ပုရိသဘာဝ ရုပ်ကြဉ်၍ ရုပ် ၁၇ ပါး၊ အမျိုး သားဖြစ်လျှင် ဣတ္ထိ ဘာဝရုပ်ကြဉ်၍ ကြွင်းရုပ် ၁၇ ပါး အသီးသီးရကြသည်။

ယင်းကမ္မဇရုပ်များသည် လူသားတစ်ဦးမှာ မည်သည့် အချိန်အခါမှစ၍ ဖြစ်ကြသနည်း?။ မည်သည့်အချိန်အခါမှစ၍ ၎င်းရုပ်ကို ရကြသနည်း?။

အမိဝမ်းတိုက်မှာ ပဋိသန္ဓေတည်သည်နှင့် ပဋိသန္ဓေစိတ် ဖြစ်လျှင်ဖြစ်ချင်း–

၁။ ကာယဒသက ရုပ်ကလာပ် ၁ ခု (အဝိနိ ဗ္ဘောဂရုပ် ၈–ပါး။ ဇီဝိတ ရုပ် ၁ ပါး။ ကာယပသာဒ ရုပ်–၁ ပါး အားဖြင့် ရုပ် ၁၀–ခုအပေါင်း)

၂။ ဘာဝဒသက ရုပ်ကလာဒ် ၁ ခု (အဝိနိ ဗ္ဘောဂရုပ် ၈–ပါး။ ဇီဝိတရုပ် ၁ ပါး၊ ဆိုင်ရာဘာဝ ရုပ် ၁ ပါးအားဖြင့် ရုပ် ၁၀–ခုအပေါင်း)

၃။ ဟဒယဒသကရုပ်ကလာဒ် ၁ ခု (အဝိနိ ဗ္ဘောဂရုပ် ၈–ပါး။ ဇီဝိတရုပ် ၁ ပါး၊ ဟဒယဝတ္ထု ရုပ် ၁ ပါးအားဖြင့် ရုပ် ၁၀–ခု အပေါင်း)

ဤရုပ်ကလာပ် ၃-ခုတို့ ဖြစ်ကြသည်။ ကာ၊ ဘာ၊ ဝတ်-ဟု အတိုကောက်မှတ်နိုင်သည်။

၎င်းရုပ်ကလာပ် ၃-ခု အမိဝမ်းတိုက် အတွင်း သားအိမ်ထဲမှာ မည်သို့ဖြစ်ကြသနည်း? ကျမ်းဆရာတို့ပြသော အတိုင်းဆိုလျှင်-

၁။ မိခင်လောင်းဖြစ်သူ၏ သားအိမ် စင်ကြယ်ခြင်း (ဥတုရာသီလာပြီးစ ဖြစ်ခြင်း)၊

၂။ မိဘလောင်းနှစ်ဦး ပေါင်းဖော်ခြင်း၊

၃။ ပဋိသန္ဓေနေလာမည့်သူ၏ ထိုဘဝမှ စုတေဆဲဖြစ်ခြင်းတို့ ဖြစ်သည်။

ခေတ်လူတို့ နားလည်အောင် တိတိကျကျ ဆိုလျှင် -

၁။ မိခင်လောင်း၏ သားဥ ကြွေခြင်း၊

၂။ မိခင်လောင်း၏ သားဥနှင့် ဖခင်လောင်း၏ သုက်ပိုးတို့ တွေ့ဆုံမိခြင်း၊

၃။ ပဋိသန္ဓေနေလာမည့်သူ၏ ထိုဘဝမှ စုတေဆဲဖြစ်ခြင်းတို့ ဖြစ်သည်။

ဖော်ပြပါ အချက် ၃-ချက် ပြည့်စုံလျှင် ထိုဘဝမှ စုတေဆဲဖြစ်သော သတ္တဝါ၏ပြုခဲ့သော ကံကြောင့် ကမ္မနိယာမ-အရ အမိသားအိမ်တွင်းမှာ စောစောကပြခဲ့သော ကာ၊ ဘာ၊ ဝတ်-ကမ္မဇရုပ်ကလာပ် ၃-ခု ဖြစ်လာသည်။

ကြံကြံဖန်ဖန်တွေးသူအဖို့ အမိ၏သားအိမ် တွင်းသို့ ဟိုဘဝမှ စုတေခဲ့သောသန္ဓေသားလောင်း မည်သို့မည်ပုံ ဝင်ရောက်လာသည်ကို ရေးကြီးခွင့်ကျယ် တွေးစရာမလိုချေ။ ကမ္မနိယာမအရ ကံ၏စွမ်းအင်ကြောင့် ဤသို့ ဖြစ်ရသည်ဟုသာ တိုတိုဆိုရပါမည်။

ကမ္မနိယာမကံ၏ စွမ်းအင်ကို သေသေချာချာ သဘောပေါက်နားလည်လျှင် လက်ခံနိုင်ပြီး ဖြစ်သည်။

သတ္တဝါတစ်ဦး ပဋိသန္ဓေနေလာသည်နှင့် ပတ်သက်၍ ထင်ရှားသော ဥပမာတစ်ခုမှာ ပဲ့တင်သံ ဖြစ်သည်။ တောတောင်တွင်မှာဖြစ်စေ၊ တိုက်ခန်းရဲ တစ်ခုခုအတွင်းမှာဖြစ်စေ ''ဟေး''-ဟု အသံကျယ်ကျယ်ဟစ်အော်လိုက်လျှင် ထိုအသံနှင့် တူစွာ ''ဟေး'' ဟူသော ပဲ့တင်သံတစ်ခု ဖြစ်ပေါ်လာသည်။ ပထမမြည်သော ''ဟေး'' သံကား လူကအော်လိုက်သောအသံဖြစ်သည်၊ ဒုတိယဖြစ်ပေါ်လာသော ပဲ့တင်သံ ''ဟေး''ကား အော်သူမဲ့ဖြစ်သော အသံဖြစ်သည်။ ဤ၌ ဒုတိယဖြစ်သော ''ဟေး'' ပဲ့တင့်သံရှင်ကို ရှာကြည့်လျှင် ရှုးဖို့သာရှိမည်၊ တွေ့မည်မဟုတ်ချေ။ အကြောင်းကား သဘာဝတရားကိုက ဤလိုပြုလျှင် ဤသို့ဖြစ်မည်ဟု ရှိပြီးဖြစ်သောကြောင့်ပင်။

အလားတူ ကမ္မနိယာမ ကံ၏စွမ်းအင် ကံ၏သဘာဝကိုလည်း ထိုနည်းတူ သိမှတ်ရပေမည်။ ဆန်းကြယ်လွန်းသော ကံ၏သဘာဝအတိုင်း ဖြစ်လာရသည်ဟုသာ သိမှတ်ထားဖို့ လိုပါသည်။ ကမ္မနိယာမ ကံအရာသည် မမြင်မတွေ့ရသောအရာမို့ ဆန်းကြယ်လွန်းလှသဖြင့် တင်စားပြီး ဆိုခြင်းမဟုတ်ပါ။ မြင်တွေ့နေရသောအရာတို့ ဆန်းကြယ်လှသည်ကိုလည်း အံ့သြကုန်နိုင်ဖွယ် တွေ့ရကြသည်သာ ဖြစ်သည်။

## နိယာမတရား ၅ပါး

တစ်စုံတစ်ယောက်၏ ပြုလုပ်ဖန်ဆင်းမှုကြောင့် မဟုတ်ဘဲ ဓာတ်သဘာဝအလျောက် သူ့အကြောင်းနှင့် သူ့အကျိုး အစဉ်မပျက် ဖြစ်ပွားနေမှုကို နိယာမတရားဟု ခေါ်သည်။

၁။ ဗီဇာနိယာမ
၂။ ဥတုနိယာမ
၃။ စိတ္တနိယာမ
၄။ ကမ္မနိယာမ
၅။ ဓမ္မနိယာမ

ဟူ၍ နိယာမတရား ၅ပါး ရှိသည်။

၁။ ဗီဇနိယာမ။ ။ မျိုးစေ့မှ အပင်ပေါက်သည် ဟူရာမှာ လူတိုင်းအသိ၊ လူတိုင်းအမြင် ဖြစ်သည်။ ဗီဇ(မျိုးစေ့)ဟူသည် အစေ့ကိုချည်း မဆိုလို၊ (အဆစ်မျိုးစေ့၊ အရွက်မျိုးစေ့၊ ပင်စည်မျိုးစေ့တို့လည်း ရှိသေးသည်။) သူ့အစေ့မှ သူ့အပင်ပေါက်၍ သူ့အသီး သူသီးသည်သာဖြစ်သည်။ နေကြာပန်းသည် နေဘက်သို့ လှည့်လေ့ရှိသည်။ ပဲပိစပ်ထွက်ပြူစ အညှောက်မှန်သမျှ မြောက်ဘက်သို့ချည်း လှည့်သည်။ နွယ်ပင်မှန်သမျှ အပင်ကို တွယ်တက်ရာမှာ လက်ယာဘက်မှချည်း တစ်သမတ်တည်း တွယ်တက်ကြသည်။ ဤကား မျက်မြင်တွေ့နေရသော ဗီဇနိယာမပင် ဖြစ်သည်။ တွေ့မြင်နေကျမို့ ထူးဆန်းအံ့ဩဖွယ် မထင်၍သာနေမည်။ ဘာ့ကြောင့် ဒီလိုဖြစ်ရသနည်း? ဟု ကမ္မနိယာမမေးခွန်းမျိုးကို စဉ်းစားလျှင် ရှူးဖို့သာရှိမည်။ အဖြေကား ရမည်မဟုတ်။ သဘာဝကား သဘာဝပင်ဖြစ်သည်။

လွန်ခဲ့သော ဆယ်နှစ်ကျော်က–ကရင်ပြည်နယ်၊ မြိုင်ကြီးငူ တောတွင်း တစ်နေရာမှာ ရွက်ခတ်ဂမုန်းပင်ကို တွေ့ဖူးသည်။ ခါးစောင်းလောက် ပုပျပ်ပျပ်ပင်ငယ်မျိုး ဖြစ်သည်။ အရွက် အနည်းငယ်သွယ်သည်။ ပိလောရွက်သဏ္ဌာန်ရှိသည်။ အခက်အလက်ဝေဆာသည်။ စိမ်းရင့်ရင့်ကြီးတော့ မဟုတ်။ အဝါဘက်လုသော

စိမ်းနုဖျော့ရောင် ရှိသည်။ ရွက်ညှာရင်းမှာ အရှည် လက်မဝက်ခန့် နီးပြားငယ်အရွယ် ရွက်မြွှာကလေး နှစ်ခုစီရှိသည်။ မြိုင်ကြီးငှ ဆရာတော်က --

''အဲ့ဒီအပင်ကို ကြည့်နေ၊ ဘာထူးသလဲ လို့. . ''ဆိုသဖြင့် တိတ်ဆိတ် ငြိမ်သက်စွာ ကြည့်နေမိသည်။ တစ်မိနစ်ခန့်အကြာ မှာ ရွက်ညှာရင်းရှိ ရွက်မြွှာလေးနှစ်ခု လူ့လက်ဝါးနှစ်ဖက် ကပ်သလို ကပ်လိုက်ခွာလိုက် ဖြစ်နေသည်မှာ တစ်ပင်လုံးဖြစ်သည်။ စည်းချက် ညီ ယိမ်းတိုက်ထားသော ယိမ်းသမများ နှယ်ပင်ဖြစ်သည်။ (ရွက်ကြီးများတော့ မလှုပ်ပါ. . )

''ဟယ်-တယ်ဟုတ်ပါလား? ထူးဆန်းလိုက်တာ'' တအံ့ တသြ အသံထွက်လိုက်မိသည်။ လှုပ်ရှားကပ်ခွာလုပ်နေသော ရွက်မြွှာအားလုံး တိခနဲ ငြိမ်ကျသွားသည်။ မည်သည့်လှုပ်ရှားမှုမှ မရှိတော့ပေ။

''ခင်ဗျားအသံပေးလိုက်တာကိုး၊ ကဲ- တိတ်တိတ် ကလေးနေပြီး ပြန်ကြည့်အုံး''

တစ်မိနစ်အကြာမှာ ရွက်မြွှာကလေးများ စောစောကလို ပြန်လည်လှုပ်ရှားကြသည်။ ဤသည်ကို တပ်အပ်မျက်မြင် တွေ့ခဲ့ ရသည်။ အလားတူ ထူးဆန်းအံ့သြဖွယ်ကောင်းသော ဂမုန်းပင် အများကြီးရှိသည်။ ထိုတို့သည် ဘာ့ကြောင့်ဟု ဆိုမည်နည်း။ ဘာမှ မကြောင့်နှင့် တွေးလျှင် မောရုံသာရှိမည်။ သူ့ဗီဇ သဘာဝ ကိုက ဤသို့ပင်ဖြစ်သည်ဟု ဆိုရုံသာရှိသည်။

၂။ ဥတုနိယာမ။ ❀ ပန်းကုံကော် ရွှေစကား
ငွေသားနှ စံပယ်မှန်။

❀ မြတ်လေး ခတ္တာနှင့်၊
ရွှေယင်းမာ ကြာခဝဲ
ဖွဲ့စနှင်းလျှံ။
❀ သဇင်ကျံ၊
ခွာတံပေါက်လဲ။
❀ ပွင့်ဝတ်မှုန်ရွှေဖိမင်း
သင်းထုံနံ့ကဲ။

ဤပန်းဖွဲ့ကဗျာလေးကို ကလေးသူငယ်ကအစ ရကြသည်။ မြန်မာ့စကားလည်းရှိသည်။ "ရာသီမသိ ပန်းနှင့်ညှိ" တဲ့၊ ဘယ်လ, ဘယ်ရာသီမှာ ဘာပန်းတွေပွင့်ကြစို့၊ ဘယ်ဥတု ဘယ်အချိန်ခါမှာ ဘာအသီးတွေ သီးကြစို့–ဟူ၍ သစ်ပင် အချင်းချင်း တစ်ပင်နှင့် တစ်ပင် ညှိထားခြင်းမရှိ။ သူ့လရာသီရောက်လျှင် သူ့အပွင့် သူပွင့်၍ သူ့အသီး သူသီးကြသည်မှာ ဘာကြောင့်ဟု စိစစ်ဖွယ်မရှိ၊ ဥတုနိယာမကြောင့် ဖြစ်သည်။

မျက်မြင်ထင်ရှား တွေ့မြင်နေကြရသော ဤဗီဇနိယာမ, ဥတုနိယာမတို့၏အဖြစ်ကို အံ့ဩကုန်နိုင်ဖွယ် တွေ့မြင်သိရှိကြရ သကဲ့သို့ မျက်မြင်မရှိသော်လည်း ကမ္မနိယာမ ကံ၏သဘာဝ ကံ၏ စွမ်းအင်ကို မှန်းဆကြံဆသောအားဖြင့် သိသင့်ပြီး ဖြစ်သည်။

၃။ စိတ္တနိယာမ။ ။စိတ်တို့၏ သဘာဝအလျောက် ဖြစ်စဉ် ဖြစ်သည်။ နာမ်သံသရာစက် လည်ပုံအခန်းမှာ ထင်ရှားပါမည်။

၄။ ကမ္မနိယာမ။ ။ သတ္တဝါမှန်သမျှ မိမိတို့ ပြုအပ်သော ကံ၏အကျိုးကို ရရှိခံစားခြင်း ဖြစ်သည်။ ဗီဇနိယာမ၊ ဥတုနိယာမ

တို့ကဲ့သို့ လက်တွေ့မျက်မြင် မဟုတ်သော်လည်း ကံတရား၏ ဆန်းကြယ်ပုံကား ပို၍ပို၍ အံ့ဩဖွယ်ရှိပါသည်။

၅။ ဓမ္မနိယာမ။ ။ ရုပ်နာမ်၊ သင်္ခါရတို့၏ သူ့သဘာဝ အလျောက် ဖြစ်ပျက်နေမှုများ၊ ကြောင်းကျိုးဆက်စပ်ဖြစ်ထွန်းနေမှု များသည် ဓမ္မနိယာမဖြစ်သည်။ အထက်ဖော်ပြပါ နိယာမတရား ၄–ပါးမှ ကြွင်းသော သဘာဝအလျောက် ဖြစ်ပေါ်နေမှု မှန်သမျှ သည် ဓမ္မနိယာမချည်းပင် ဖြစ်သည်။ အစဦးက ဖော်ပြခဲ့သော နယူတန်၏တွေးခေါ် သိမြင်ချက်သည်လည်း ဓမ္မနိယာမမှာပင် အကျုံးဝင်ပါသည်။ ဘုရားအလောင်းတော်တို့ ပဋိသန္ဓေ နေစဉ်၊ ဖွားမြင်စဉ်၊ ဘုရားဖြစ်တော်မူစဉ် စသော အခါတို့၌ မြေတုန်လှုပ်မှု စသည်တို့သည်လည်း ဓမ္မနိယာမသာ ဖြစ်သည်။

မီးသည် လောင်စာဟူသမျှကို ပူပြင်းလောင်မြိုက်စေတတ် သော သဘောရှိသည်။ သို့သော် နိရောဓသမာပတ် ဝင်စားနေသော အနာဂါမ်၊ ရဟန္တာ၊ ပစ္စေကဗုဒ္ဓါ၊ သဗ္ဗညုဘုရားရှင် တို့ကို ထင်းလှည်းပေါင်း အထောင်အသောင်းဖြင့် ရှို့သော်လည်း ထင်းသာကုန်မည်။ နိရောဓသမာပတ် ဝင်စားနေသူကို အပူငွေ့ ကလေးသော်မျှ မဟပ်နိုင်။ ဤအဖြစ်ကလည်း အံ့ဩကုန်နိုင်ဖွယ် ဓမ္မနိယာမပင် ဖြစ်သည်။

ဤသို့ သူ့သဘာဝအလျောက် ဖြစ်တတ်သော နိယာမ တရား ၅–ပါးအနက် ကမ္မနိယာမ ကံစွမ်းအင်ဖြင့် သတ္တဝါမှန်သမျှ ပဋိသန္ဓေနေကြရသည်။ ဘဝသစ်တစ်ခုကို ဖြစ်ထွန်းပေါ်ပေါက် စေသည်။ ယခုလည်း ပဋိသန္ဓေနေသည့် အချက် ၃ ချက် ပြည့်စုံ လျှင် အမိ၏သားအိမ်တွင်းမှာ သန္ဓေသားလောင်းသည်ကာ၊ ဘာ၊ ဝတ် ဟူသော ရုပ်ကလာပ်စည်း ၃–ခုဖြင့် လူသားဘဝကို ကမ္မနိယာမကဖြစ်စေလိုက်သည်။

ထိုရုပ်ကလာပ်စည်း ၃-ခုသည် ပဋိသန္ဓေ စိတ်ဖြစ်လျှင် ဖြစ်ချင်း စတင်ဖြစ်ပေါ်လာသည်။ ၎င်းကို ကျမ်းစာအခေါ် ကလလ ရေကြည်ဟု ဆိုသည်။ ကာရဇကာယဟုလည်း ဆိုသေးသည်။ သန္ဓေတည်စ ကလလရေကြည်သည် ပမာဏအားဖြင့် ယနေ့ဖွားစ သိုးငယ်၏အမွေးတစ်ပင်ကို ယူ၍ ဆီမှာနှစ်ပြီး ခါပစ်လိုက်ပါ။ ပြီးလျှင် အောက်သို့စိုက်ထားပါ။ ကျန်နေသောဆီများ အမွေးဖျားမှာ လာစုနေမည်။ ၎င်းစု၍နေသော ဆီပမာဏမျှ အရွယ်ရှိသည်။ မိဘလောင်းနှစ်ဦး၏ သုတ်ပိုးချင်း ပေါင်းစုံသော ရုပ်မှုန်ရုပ်စုကလေး ဖြစ်သည်။ ထိုကလလ ရေကြည်သည် သန္ဓေသားတည်းဟူသော အပင်ပေါက်ရန် မြေနှင့်တူသည်။ စုတေဆဲဖြစ်သော သတ္တဝါ၏ ကံတရားသည် ထိုမြေမှာပေါက်သည့် ဗီဇမျိုးစေ့နှင့်တူသည်။ (ရဟန္တာပုဂ္ဂိုလ်များမှာကား- ကံဟူသော မျိုးစေ့မရှိတော့သဖြင့် ပဋိသန္ဓေနေရခြင်းမရှိတော့ပါ။ ဘဝအသစ်ဖြစ်ထွန်းမှု မရှိတော့ပါ။)

စတင်ဖြစ်ပေါ်လာသော ကလလရေကြည်မှာ ကာယပသာဒ ကိုယ်လည်းရှိပြီး၊ ဖိုမလည်း ခွဲခြားရှိပြီ။ ရုပ်ကလာပ် ၃-ခုလုံးမှာ ဇီဝိတရုပ် ပါဝင်သဖြင့် အသက်လည်း ရှိနေနှင့်ပြီ။ အသက် ရှိပြီး ဖြစ်သောကြောင့်လည်း ထိုကလလရေကြည် ကလေးသည် တဖြည်းဖြည်း ကြီးထွားလာသည်။

ခုနှစ်ရက်ခန့်ရှိလျှင် အမြှုပ်ဖြစ်လာသည်။
နောက်ခုနှစ်ရက်မှာ အခဲဖြစ်လာသည်။
နောက်ခုနှစ်ရက်မှာ သားတစ်ဖြစ်လာသည်။

နောက်ခုနှစ်ရက်မှာ ခက်မငါးဖြာဟု ဆိုအပ်သော ခေါင်း၊ ခြေနှစ်ဖက်၊ လက်နှစ်ဖက် ဖြစ်ရန် သားတစ်မှာ အဖုကလေး ပေါက်လာသည်။ ထိုအတိုင်းတဖြည်းဖြည်း ကြီးရင့်လာပြီး

သန္ဓေတည်သည်မှ ၁၁ပတ်မြောက်အရောက်တွင် ဇင်္ဃပသာဒ ခုနှစ်ရက်ဖြစ်သည်။

ငင်းနောက် သောတပသာဒ ခုနှစ်ရက်၊

ငင်းနောက် ဃာနပသာဒ ခုနှစ်ရက်၊

ငင်းနောက် ဇိဝှါပသာဒ ခုနှစ်ရက်. တို့ဖြစ်ကြသည်။ တစ်ဘဝမှာ ဖြစ်သင့်ဖြစ်ထိုက်သော။ ရသင့်ရထိုက်သော ကမ္မဇရုပ်များ အပြည့်အစုံ ဖြစ်သည်။ ဤသည်မှာ အဘိ ဓမ္မာအဆို ဥပစယဟု ဆိုသည်။ တဖြည်းဖြည်း ဆက်လက် ကြီးထွားလာသည်ကို သန္တတိဟု ဆိုသည်။ [မျက်စိကန်းလာသူ, နားထိုင်းလာသူ စသူတို့ကား ဘဝပေးကံကြောင့် ငင်းစက္ခု၊ သောတတို့ ဖြစ်ချိန်တန်လျက် မဖြစ်ဘဲ ချို့ယွင်းလာသူများ ဖြစ်သည်]

ပြဆိုခဲ့သည်မှာ ကျမ်းဂန်လာအတိုင်း လူသား တစ်ဦးအမိဝမ်းတွင်း ပဋိသန္ဓေနေလာပုံအဆင့်ဆင့်ကို ပြဆိုခြင်း ဖြစ်သည်။ ထိုတက်နေသော ယနေ့ကာလတွင် သားသန္ဓေတည်နေသည်မှစ၍ အဆင့်ဆင့်ကြီးထွားနေပုံတို့ကို ဆေးသိပ္ပံပညာရှင်တို့၏ ဆောင်ရွက်မှုဖြင့် မျက်မြင်တွေ့ရှိနိုင်ကြပြီ ဖြစ်သည်။ မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသသော ဒစ်စကာဘာရီ အခန်းတွင် စာရှုသူများ မြင်တွေ့ဖူးပြီး ဖြစ်ပေလိမ့်မည်။

## ကမ္မဇစသော ရုပ်တို့ဆက်လက် ဖြစ်ပေါ်ပုံ

ကမ္မဇရုပ်တို့သည် ပဋိသန္ဓေနေလျှင်နေခြင်း၊ ပဋိသန္ဓေစိတ်၏ ဥပါဒ်ခဏမှစ၍ ဖော်ပြပါအတိုင်း ဖြစ်လာကြရာ မွေးဖွားလာပြီးသည်မှ သေခါနီး သည့်တိုင်အောင် ကံကြောင့်ဖြစ်သော

ကမ္မဇရုပ်များ စိတ်တို့၏ ခဏတိုင်း ခဏတိုင်းမှာ ဖြစ်နေကြသည်။ ဖြစ်သည်ဆိုသော်လည်း တစ်ဆက်တည်း ဖြစ်နေကြသည်မဟုတ်။ ဥပါဒ်၊ ဋ္ဌီ၊ ဘင် (ဖြစ်၊ တည်၊ ပျက်) သဘောဖြင့် ဖြစ်လိုက်၊ ပျက်လိုက်၊ ပြန်ဖြစ်လိုက်၊ ပြန်ပျက်လိုက်၊ အသစ်ထပ်ဖြစ်လိုက်၊ ထပ်ပျက်လိုက်ဖြင့် ဖြစ်ပျက်နေကြသည်။ ဖြစ်ပျက်မှုသည် မြန်လွန်းနေသဖြင့် ဒီရုပ်, ဒီရုပ်ဟုပင် မြင်နေထင်နေကြသည်။ အမှန်ကား ထိုထိုရုပ်ဟောင်းတို့ ပျက်ပြယ်သွားပြီး အသစ် အသစ်သောရုပ်တို့ ဖြစ်လာရခြင်းသာ ဖြစ်သည်။ ရုပ်တို့၏ ဖြစ်ပျက်မှုသည် မျက်စိတစ်မှိတ်ခန့် ကာလအတွင်းမှာ ကုဋေပေါင်းခုနစ်ထောင်ကျော် ဖြစ်ပျက်နေကြသည်ဟု အဆို ရှိသည်။

(မှတ်ချက်အထူး။ ။ ဝိပဿနာရှုရာမှာ ထိုဖြစ်ပျက်ကို မြင်အောင်ရှုကြရသည်။ သမာဓိ အားကောင်းလာလျှင် ထိုဖြစ်ပျက်ပုံကို ဉာဏ်မျက်စိမှာ အမှန်ပင် မြင်လာပါသည်။)

ရုပ်တို့ စက္ကန့်မစဲ တဖွဲဖွဲ ဖြစ်ပျက်နေသော်လည်း တစ်ဆက်တည်းအဖြစ် ထင်မြင်နေခြင်း အတွက် ထင်ရှားသော ဥပမာမှာ– တစ်ချောင်းတည်းသော တုတ်ကိုကိုင်၍ ပတ်ချာမွှေ့အောင် မြန်မြန်လှည့်လျှင် တုတ်ချက်မှာ တစ်ဆက်တည်း အဝိုင်းကြီး မြင်ရတွေ့ရသကဲ့သို့ဖြစ်သည်။ ပန်ကာဒလက်များလည်း ပုံမျိုးဖြစ်သည်။ ဒလက်သည် နှစ်ခုသော်လည်းကောင်း၊ သုံးခုသော်လည်းကောင်းဖြစ်မည်။ အမြန်လည်သောအခါ စက်ဝိုင်းကြီးအဖြစ် တွေ့မြင်ရသကဲ့သို့ပင်။

လင်းနေသော လျှပ်စစ်မီးလုံးကိုဖြစ်စေ၊ လျှပ်စစ်မီးချောင်းကိုဖြစ်စေ ကြည့်လိုက်လျှင် တစ်ဆက်တည်း လင်းနေသည်ဟု မြင်ကြရသည်။ ထင်နေကြသည်။ အမှန်မှာ မြန်မာနိုင်ငံသုံး အေစီ

လျှပ်စစ်သည် တစ်စက္ကန့်မှာ ဆိုင်ကယ်စက္ကန့် ငါးဆယ်ရှိသည်။ ဆိုလိုသည်မှာ လျှပ်စစ်ဓာတ်အား ထုတ်ပေးသော ဒိုင်နမိုမှ ထွက်လာသော လျှပ်စစ် ဓာတ်အားသည် ဆက်သွယ်ထားသော ကြိုးများအတိုင်း တစ်စက္ကန့်မှာ မိုင်ပေါင်း ၁၈၆၀၀၀ နှုန်းဖြင့် စီးလာပြီး မီးလုံး (သို့မဟုတ်) မီးချောင်းအတွင်း ရှိ တန်စတင်ကြိုး ကိုဖြတ်၍ မူလဒိုင်နမိုဆီသို့ ပြန်လာကြသည်။ ဤသို့ သွားလိုက် ပြန်လိုက်ဖြစ်နေသည်မှာ တစ်စက္ကန့်တွင် အကြိမ်ငါးဆယ်ဖြစ်သည်။ တစ်ကြိမ်ပြန်သွားလျှင် တစ်ကြိမ်မီးမှိတ်သည်။ အကြိမ်ငါးဆယ်ပြန် သွားလျှင် အကြိမ်ငါးဆယ် မီးမှိတ်သည်။ သို့သော် တစ်စက္ကန့် အတွင်း အကြိမ်ငါးဆယ် အသွားအပြန်ဆိုသည်မှာ အလွန်မှ မြန်ဆန်နေသဖြင့် မီးတစ်ဆက်တည်းလင်းနေသည်ဟု မြင်နေရခြင်း ဖြစ်သည်။ အမှန်မှာ တစ်စက္ကန့်အတွင်း အကြိမ်ငါးဆယ် လင်းလိုက် မှိတ်လိုက်ဖြစ်နေခြင်းဖြစ်သည်။

တစ်စက္ကန့်အတွင်း အကြိမ်ငါးဆယ် လင်းမှိတ်ဖြစ် နေသည် ကိုမှ မသိမမြင်နိုင်လျှင် အဆမတန်လျှင်မြန်လွန်းသော ရုပ်တရား တို့၏ ဖြစ်ပျက်မှုကို ဝိပဿနာဉာဏ်ကင်းသော လူဖျင်းတို့မှာကား သိမြင်ဖို့ရာ ဝေးလှပါတော့သည်။

အနောက်တိုင်း ဆေးသိပ္ပံဆရာတို့ စမ်းသပ် တွေ့ရှိမှု တစ်ခုမှာ အလွန်အားကောင်းသော မှန်ဘီလူးဖြင့် အသားမျှင် များကိုကြည့်ရာမှာ အသားမျှင်များသည် နာနိုစက္ကန့် (NANO SECOND) တစ်စက္ကန့်နှုန်းဖြင့် ခုန်နေသည်ကို တွေ့မြင်ကြရသည်။ နာနိုစက္ကန့် (NANO SECOND) ဟူသည်မှာ ပကတိ တစ်စက္ကန့်ကို အပုံတစ်သန်းပုံပြီးတစ်ပုံဟု ဆိုလိုသည်။ သူတို့အဆိုက သက်ရှိ ဇီဝရုပ်များ လှုပ်ရှားနေသည်ဟုဆိုသည်။ အမှန်မှာ ရုပ်တရားများ ဖြစ်လိုက်၊ ပျက်လိုက် ပြောင်းလဲနေခြင်း ဖြစ်သည်။

ကမ္မဇရုပ်စသော ရုပ်များ ဖြစ်ပျက်ပြောင်းလဲနေပုံနှင့် ပတ်သက်၍ အဘိဓမ္မာသင်္ဂြိုဟ်ကျမ်းမှာ–

ဒီပဇာလံ ဝိယ နဒီသောတော ဝိယစ
ယာဝတာယုက မဗ္ဗောစ္ဆိန္နံ ပဝတ္တတိ။

(ကမ္မဇရုပ်စသော ရုပ်များသည် ဆီမီးလျှံကဲ့သို့ လည်းကောင်း၊ မြစ်ရေအလျဉ်ကဲ့သို့လည်းကောင်း အသက် ရှင်သမျှကာလပတ်လုံး မပြတ် ဖြစ်ပျက်နေကြသည်)

ဆီမီးလျှံဥပမာ။ ။ ဖယောင်းတိုင်မီးမှာ မီးတောက်လောင်ဖို့အတွက် ဆီဟူသော ဖယောင်းက မီးစာကိုစို၊ စိုသော မီးစာကို မီးကလောင်၊ ပထမဆီနှင့် ပထမမီးစာများကို မီးကလောင်ပြီးသွား၍ ပထမမီး ငြိမ်းသွားသည်။ တစ်ဖန်အပူရှိန်ကြောင့် ဖယောင်းဆီပျော်/မီးစာစို၊ ၎င်းကို ဒုတိယမီးက ဆက်လောင်ပြီး ဒုတိယမီး ငြိမ်းသွားပြန်သည်။ နောက် တတိယမီး စသည်တို့လည်း ထိုနည်းတူသာဖြစ်သည်။ ပထမဆီနှင့် မီးစာကို မီးလောင်ပြီး၍ ငြိမ်းသွားသည်ကိုမမြင်။ ဒုတိယမီး ဆက်လက်တောက်လောင်နေသည်ကိုသာ မြင်ရသကဲ့သို့ ရုပ်တရားတို့သည်လည်း ရှေ့ဖြစ်သောရုပ်မှာ ဥပါဒ်၊ ဌီ၊ ဘင် (ဖြစ်၊ တည်၊ ပျက်) ပြီးနောက် ရုပ်တို့က တစ်ဖန် ဥပါဒ်၊ ဌီ၊ ဘင် (ဖြစ်၊ တည်၊ ပျက်) ကြပြန်သည်။ အလွန်မှကို လျင်မြန်စွာ ဖြစ်ပျက်နေကြသဖြင့် မီးငြိမ်းသည်ကို မမြင်၊ ဆက်လက်တောက်လောင်နေသည်ကိုသာ မြင်ကြရသကဲ့သို့ ရုပ်တရားတို့ကိုလည်း တစ်ဆက်တည်း ဖြစ်နေတည်နေသည်ဟု မြင်နေထင်နေကြရခြင်း ဖြစ်သည်။

မြစ်ရေအလျဉ်ဥပမာ။ ။တသွင်သွင်စီးဆင်းနေသော မြစ်ရေအလျဉ်ကို ကြည့်လိုက်လျှင် မြစ်ရေသည် အဆက်မပြတ် စီးဆင်း

နေသည်ကို တွေ့ကြရသည်။ အမှန်ကား ထိုသို့မဟုတ်။ ပထမ မြင်ရသော ရေစီးဆင်းသွားသည်။ ၎င်းနေရာသို့ ဒုတိယ မြစ်ရေ အစားထိုးစီးဝင်လာသည်။ ဒုတိယမြစ်ရေ စီးသွားပြန်သည်။ တတိယမြစ်ရေ အစားထိုးစီးဝင်လာပြန်သည်။ ဤသို့ ရှေးရှေးသော ရေ စီးသွားလေတိုင်း နောက်နောက်သောရေတို့ ရေတို့ စီးဝင်လာသည်ကို မဆင်ခြင်ဘဲကြည့်ပါက ''သည်ရေ-သည်ရေ''ဟုပင် ထင်ရမြင်ရသကဲ့သို့ ရုပ်တရားတို့သည်လည်း ရှေးရှေးသော ရုပ်ပျက်ပျက်သွားရာမှာ နောက်နောက်သောရုပ်တို့ ဖြစ်လာသည်။ ထိုထိုရုပ်တို့ ပျက်-ပျက်သွားပြန်ရာမှာ နောက်နောက်ရုပ်တို့ ဖြစ်လာကြပြန်သည်၊ ထိုကို ဝိပဿနာဉာဏ်အမြင်မရှိသူတို့က ''သည်ရုပ် သည်ရုပ်''ဟုပင် မြင်နေကြ ရသည်။

အနောက်တိုင်းဒဿနဆရာတို့ ဆိုစကားတစ်ခွန်းရှိခဲ့ဖူးသည်။ ''လူတစ်ယောက်သည် မြစ်တစ်မြစ်ထဲသို့ နှစ်ခါမဆင်းနိုင်ပါ''တဲ့။

မှန်ပါသည်။

မြစ်ထဲသို့ လူဆင်းသွားပြီးနောက် ထိုလူ ပြန်တက်လာစဉ်မှာ သူဆင်းသွားစဉ်က ရှိနေသော မြစ်ရေများ အောက်သို့ စီးဆင်းသွားပြီ ဖြစ်သည်။ နောက်တစ်ကြိမ် သူပြန်ဆင်းရာမှာ မူလမြစ်ရေများ မရှိတော့ဘဲ နောက်နောက်မှ ရောက်လာသော မြစ်ရေများသာ ရှိနေသောကြောင့် ဖြစ်သည်။

ဤသို့လျှင် ရုပ်တို့သည် ဆီမီးအလျှံ၊ မြစ်ရေ အလျဉ်တို့ကဲ့သို့ အသက်ရှင်သမျှ ကာလပတ်လုံး ဖြစ်ကာ ပျက်ကာ၊ ပြန်ဖြစ်ကာ ပြန်ပျက်ကာနှင့် မပြတ်ဖြစ်ပျက်လျက် ရှိနေပါသည်။

❖ ❖ ❖ ❖

## စိတ္တဇရုပ်အစဖြစ်ပုံ

လူသားတစ်ဦး ပဋိသန္ဓေနေပုံကို ကမ္မဇရုပ်များ အစစွာ ဖြစ်ပုံမှာ ပြဆိုခဲ့သည့်အတိုင်း ပဋိသန္ဓေစိတ် ဖြစ်လျှင်ဖြစ်ချင်း ကမ္မဇရုပ်များ ဖြစ်ပေါ်လာသည်။ ပဋိသန္ဓေနေသည်နှင့် ကမ္မဇဟု ဆိုအပ်သော၊ ရုပ်နှင့်ပဋိသန္ဓေစိတ်ဟု ဆိုအပ်သော နာမ်ပါ ပါဝင်ပြီး ဖြစ်သည်။ ကမ္မဇရုပ်မှာ ဇီဝိတဟု ဆိုအပ်သော ရုပ်သက် ပါသကဲ့သို့ ပဋိသန္ဓေ စိတ်နှင့်ယှဉ်သော စေတသိက်များတွင် ဇီဝိတိန္ဒြေစေတသိက်ဟု ဆိုအပ်သော နာမ်သက်လည်း ပါဝင်နေသည်။ ပဋိသန္ဓေစနေလျှင်နေချင်း အသက်ရှိပြီဟု ဆိုလိုသည်။

ထိုပဋိသန္ဓေစိတ်ချုပ်ပြီးနောက် ရှေးဦးစွာ ဖြစ်ပေါ်လာသော ပထမဘဝင်စိတ်၏ ဥပါဒ်မှစ၍ စိတ္တဇရုပ်များ စတင်ဖြစ်ပေါ် လာကြသည်။ ဤသည်မှစ၍ ဖြစ်တိုင်းဖြစ်တိုင်းသော စိတ်တို့၏ ဥပါဒ်ခဏတိုင်းမှာ စိတ္တဇရုပ်များသည် ဘဝတစ်သက်တာ ကုန်းဆုံးသည့် စုတိစိတ် (သေစိတ်) ဖြစ်သည့်တိုင်အောင် ဖြစ်သည်။

စိတ္တဇရုပ်များမှာ (၁၅)ပါး ရှိသည်။ အဝိနိဗ္ဘောဂရုပ် ၈ ပါး ကား ပါစမြဲ။ ထူးခြားသော ရုပ်များကိုသာ ပြဆိုတော့မည်။ စိတ္တဇရုပ်ဟူသည်မှာ စိတ်ကြောင့်ဖြစ်သော ရုပ်ကိုဆိုလိုသည်။ (အာကာသဓာတ်ရုပ်လည်း ပါစမြဲ)

ကိုယ်အမူအရာဖြင့် သိစေခြင်း ကာယဝိညတ်ရုပ်၊

နှုတ်အမူအရာဖြင့် ပြောဆိုသိစေခြင်း ဝစီဝိညတ်ရုပ်နှင့် အသံဟု ဆိုအပ်သော သဒ္ဒရုပ်တို့သည် စိတ်ကြောင့် ဖြစ်ကြသည်။

သွားလာပြုမူပြောဆိုမှုမှန်သမျှ စိတ်ကြောင့်ချည်းဖြစ်သော ရုပ်များဖြစ်ကြသည်။ အလုပ်တစ်ခုခုကို စိတ်ပါဝင်စားစွာ ပြုမူ ပြောဆိုလျှင် –

ရူပဿ လဟုတာ

ရူပဿ မုဒုတာ

ရူပဿ ကမ္မညတာ

ရုပ်များလည်း လိုက်ဖြစ်ကြသည်။

ရူပဿ လဟုတာရုပ်ဟူသည် ရုပ်များ ပေါ့ပါးရွှင်လန်းသည့် အဖြစ်ကို ဆိုလိုသည်။

ရူပဿ မုဒုတာရုပ်ဟူသည် ရုပ်များ အလုပ်ဖြစ်ရန် အဆင်သင့် နူးညံ့နေသည့်အဖြစ်ကို ဆိုလိုသည်။

ရူပဿ ကမ္မညတာရုပ်ဟူသည် ရုပ်များ အလုပ်ဖြစ်ရန် အလိုက်သင့် အနေတော်အဖြစ်ကို ဆိုလိုသည်။

အလုပ်တစ်ခုခုကို စိတ်ပါဝင်စားမှုရှိလျှင် တစ်ကိုယ်လုံး ပေါ့ပါးရွှင်လန်းတက်ကြွစွာ ဖြစ်နေမှုသည် ရူပဿ လဟုတာ စသော ရုပ်သုံးပါးဖြစ်သည်ဟု သိနိုင်သည်။ စိတ်ပါဝင်စားမှုမရှိလျှင် ၎င်းရုပ် ၃-ပါး မဖြစ်တော့ဘဲ လေးလံဖင့်နွဲ့ ထိုင်းမှိုင်းပျင်းရိနေသည်ကို သတိပြုမိကြပေသည်။

စိတ္တေန နီယျတေ လောကော-ဟူသည်နှင့်အညီ လောကကြီးတစ်ခုလုံးကို ဖန်တီးလုပ်ဆောင်နိုင်အောင် စိတ်က စွမ်းဆောင်နိုင်သည်။ စိတ်သည် ကြံစည်တတ်သော သဘာဝတရားတစ်ခု ဖြစ်သည်။ ထိုစိတ်ဖြင့် ကြံစည်တွေးတော၍ လုပ်ဆောင်ဖြစ်ပေါ်လာသော ကိုယ်ခန္ဓာရှိ ရုပ်ဟူသမျှ (ဝါ) လှုပ်ရှားမှုမှန်သမျှ စိတ်ကြောင့်ဖြစ်သော ရုပ်ချည်းသာ ဖြစ်သည်။

ကောင်းကင်မှာ ဗျာန်ပျံနေနိုင်ခြင်း၊ တန်ခိုး ဖန်ဆင်းခြင်း စသည်တို့သည်လည်း စိတ်စွမ်းအင်ကြောင့်ဖြစ်သော ရုပ်များသာ

ဖြစ်သည်။ ယုတ်စွအဆုံး ပြုံးရွှင်ရယ်မောခြင်း၊ စိတ်ဆိုးဒေါသထွက်ခြင်း၊ ပူဆွေးသောကရောက်ခြင်း၊ လွမ်းတ ပူဆွေးခြင်းစသည့်တို့သည့်လည်း စိတ်ကြောင့်ချည်း ဖြစ်သော ရုပ်များဖြစ်ကြောင်း ထင်ရှားသည်။

အချုပ်ဆိုရပါလျှင် လျောင်း၊ ထိုင်၊ ရပ်၊ သွား ဟူသော ဣရိယာပုထ်များ၊ ကိုယ်အမူအရာ၊ နှုတ်အမူအရာများ၊ ရယ်မောခြင်း၊ ငိုကြွေးခြင်း၊ ပူဆွေးခြင်း စသည်အားလုံးသည် စိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်များ ဖြစ်ကြပါသည်။ ထိုစိတ္တဇ ရုပ်များသည် ဘဝတစ်သက်တာအတွက် နောက်ဆုံးဖြစ်သော စုတိစိတ်တိုင်အောင် ဖြစ်ကြသည်။

❖ ❖ ❖ ❖

## ဥတုကြောင့်ရုပ်ဖြစ်ပုံ

ဥတုဟူသည် သီတဥတု(အအေး)နှင့် ဥဏှ ဥတု (အပူ)ဟူ၍ နှစ်မျိုးသာ ဖြစ်သည်။ အအေးအပူဟူသော ဥတုနှစ်ပါး ညီညွတ်မှုကြောင့် ကျန်းမာလန်းဆန်းခြင်း ဖြစ်ကြရသည်။ သန္ဓေသားငယ်အား ဥတုဇရုပ်တို့သည် ပဋိသန္ဓေစိတ်၏ ဌီခဏမှ စ၍ ဖြစ်ကြရသည်။

ဥတုကြောင့်ဖြစ်သော ဥတုဇရုပ်တို့သည် (၁၃)ပါး ရှိသည်။ ရုပ်ဟုဆိုသဖြင့် အဝိနိဗ္ဘောဂရုပ် ၈–ပါး ကားပါစမြဲ၊ ထူးသည်မှာ– ဥတုကြောင့်ဖြစ်သော ရုပ်မှာ အသံဟုဆိုအပ်သော သဒ္ဒရုပ် နှင့် ပြခဲ့သော လဟုတာ စသော ရုပ် ၃–ပါး ဖြစ်သည်။ ရုပ်နှစ်ခုမှစ၍ အာကာသဓာတ်ရုပ်ပါစမြဲ။ သို့ဖြစ်၍ ဥတုဇရုပ် ၁၃–ပါး ဖြစ်သည်။

အအေးအပူဟူသော ဥတုကြောင့်လည်း သက်မဲ့ပစ္စည်းတို့ အသံဖြစ်ပေါ်လာတတ်သည်။ ဥပမာ–မိုးချုန်းသံကဲ့သို့ ဖြစ်သည်။

အအေးအပူဟူသော ဥတုအပေါ် မှုတည်၍ ရူပဿလ ဟုတာစသော ရုပ် ၃–ပါး ဖြစ်နိုင်သည်။ ဥတုညီညွတ်မျှတလျှင် အလုပ်လုပ်ရန် ပေါ့ပါးရွှင်လန်းတက်ကြွနေသည်။ ။ ဥတုမညီမျှလျှင် အလုပ်လုပ်ရန် လေးလံဖင့်နွဲထိုင်မှိုင်းနေတတ်သည်။ ဥတုညီမျှ၍ ကျန်းမာခြင်း၊ ပေါ့ပါးရွှင်လန်းနေခြင်းသည် ရူပဿလဟုတာစသော ရုပ် ၃ ပါး ဖြစ်သည်ကိုလည်းကောင်း၊ ဥတုမညီမျှသဖြင့် (ခန္ဓာကိုယ်အပူအအေး မညီမျှသဖြင့်) ရူပဿလဟုသာ မဖြစ်ဘဲ လေးလံထိုင်မှိုင်းနေတတ်သည်ကို လည်းကောင်း ဤသည်ကား ဥတုကြောင့် ရုပ်ဖြစ်သော ဥတုဇရုပ်များ ဖြစ်သည်ဟု သိနိုင်သည်။

❖ ❖ ❖ ❖

## အာဟာရကြောင့် ရုပ်ဖြစ်ပုံ

မိခင်ဝမ်းတိုက်အတွင်းရှိ သန္ဓေသားငယ်ဟု ဆိုအပ်သည့် (ကာ၊ ဘာ၊ ဝတ်)ဟူသော ကမ္မဇ ရုပ်ကလာပ် ၃–ခုသည် အမိဖြစ်သူ၏ စားမျိုလိုက် သော အစာအာဟာရ မိခင်တစ်ကိုယ်လုံး ပျံ့နှံ့သွားရာမှ သားအိမ်တွင်းရှိ သန္ဓေသားငယ်ဆီ ရောက်သည့် အချိန်မှစ၍ အာဟာရကြောင့်ဖြစ်သော အာဟာရဇရုပ်များ စတင်ဖြစ်ပေါ်လာကြသည်။

မိခင်စားသုံးသော အာဟာရဓာတ်ဟူသမျှ သန္ဓေသားငယ်ဆီ ရောက်ရှိသည့်ဖြစ်၍ အာဟာရဇရုပ်များဖြစ်ကာ ဖြည်းဖြည်း

ချင်း ကြီးထွားလာကြရသည်။ မွေးဖွားပြီးသည့်မှနောက် မိခင်၏ နို့ရည်ကို သောက်စို့ခြင်းဖြင့်လည်းကောင်း၊ မိမိဘာသာ စားနိုင်လာသည့်အခါ စားသောက်ခြင်းဖြင့်လည်းကောင်း အာဟာရဇ ရုပ်များ ဖြစ်ကြသည်၊ အာဟာရ ဇရုပ်များ ဖြစ်ကြသဖြင့် လူသားတို့ ဖွံ့ဖြိုးကြီးထွားလာကြသည်။ ဤအာဟာရကြောင့် ရုပ်ဖြစ်ပုံကား ထင်ရှားသည်။

အာဟာရဇရုပ် ၁၂–ပါးရှိသည်။ အဝိနိဗ္ဘောဂရုပ် ၈–ပါးနှင့် အာကာသဓာတ် ၁–ပါးကား ပါစမြဲ၊ ထူးသည်မှာ ရူပဿလဟုတာ စသော ရုပ်–၃ပါးလည်း အာဟာရကြောင့်ဖြစ်သော ရုပ်အုပ်စုတွင် ပါဝင်သဖြင့် အာဟာရဇရုပ် ၁၂–ပါး ဖြစ်သည်။ စားသုံးသော အာဟာရအပေါ်မူတည်၍ ရုပ်တို့ ပေါ့ပါးရွှင်လန်း တက်ကြွခြင်း၊ အာဟာရချို့တဲ့မှုကြောင့် ရုပ်တို့ မကျန်းမမာဖြစ်ခြင်း၊ လေးလံ ထိုင်းမှိုင်းခြင်း စသည်တို့မှာ ထင်ရှားပြီးဖြစ်သည်။

ပြဆိုခဲ့ပြီးသည်တို့မှာ လူသားတစ်ဦးအတွက် ကံ၊ စိတ်၊ ဥတု၊ အာဟာရဟူသော အကြောင်းတရားလေးပါးကြောင့်ဖြစ်သော ရုပ်တရားများ စတင်ဖြစ်ပေါ်လာပုံနှင့် ဆက်လက် ဖြစ်တည်နေပုံကို သိသာရုံမျှပြဆိုခြင်း ဖြစ်သည်။

ဖြစ်တည်နေပုံဟုဆိုသော်လည်း ဖြစ်ပြီး၍ တည်နေသည်ဟု မဆိုလိုပါ။ ဓမ္မနိယာမအရ ဖြစ်ပြီးလျှင် ပျက်စမြဲ ဖြစ်သည်။ ပျက်သော်လည်း အသက်မသေသေးသမျှ ရုပ်များ အသစ်အသစ် ပြန်ပြန်၍ ဖြစ်နေတတ်သော သဘာဝရှိသည်။ ဤ၌မေးဖွယ် ရှိသည်။ ပျက်သွားသော ရုပ်ဟောင်း နေရာမှာ ရုပ်အသစ်များ ထပ်ထပ်ပြီး ပြန်ဖြစ်ပါလျက် အဘယ်ကြောင့် အိုမင်းရသနည်း?

အစိတ်စိတ်ပြဆိုရာ ရုပ် ၂၈ ပါးတွင် လက္ခဏာ ရုပ် ၄ ပါး ရှိသည်။

၁။ ရူပဿ ဥပစယ = ဖြစ်ထိုက်သော ရုပ်တို့ အစဖြစ်ခြင်း၊

၂။ ရူပဿ သန္တတိ = ဖြစ်ပြီးသောရုပ်တို့ တိုးပွားစည်ပင်ခြင်း၊

၃။ ရူပဿ ဇရတာ = ဖြစ်ပြီးသော ရုပ်တို့ ရင့်ကျက်အိုမင်းခြင်း၊

၄။ ရူပဿအနိစ္စတာ = ဖြစ်ပြီးသော ရုပ်တို့ ပျက်စီးချုပ်ဆုံးခြင်းတို့ ဖြစ်ကြသည်။

တစ်ဘဝအတွက် ရသင့်ရထိုက်သော ရှေးဦးအစ ဖြစ်ခြင်း ရူပဿဥပစယနှင့် ထိုရပြီးရုပ်တို့၏ တိုးပွားစည်ပင်ခြင်း ရူပဿသန္တတိတို့ကို ပြဆိုခဲ့ပြီ။

ရူပဿ ဇရတာကား–ထိုရပြီးဖြစ်ပြီးသော ရုပ်တို့၏ ရင့်ကျက်ခြင်း၊ ဆွေးမြည့်ယိုယွင်း အိုမင်းခြင်းသဘောဖြစ်သည်။ ရှေးရှေးရုပ်တို့ ချုပ်ပျက်ပြီးနောက် အသစ်အသစ်ဖြစ်သော ရုပ်များ ထပ်ထပ်ဖြစ်သည်ကား မှန်သည်။ သို့သော် ထိုရုပ်တို့မှာ ဇရတာဟူသော ရင့်ကျက်ခြင်းသဘော၊ ဆွေးမြည့်ယိုယွင်း အိုမင်းခြင်းသဘောပါနေသည်။ ထိုဇရတာဟူသော ရုပ်များသည်လည်း သဘာဝအရ ကိန်းအောင်းပါလာကြသည်ချည်း ဖြစ်သည်။

မုန့်ဖက်ထုပ်ဝယ်စားလျှင် မုန့်သာမက အတွင်းမှ အုန်းယိုသည်လည်း အလိုလိုပါပြီးဖြစ်သည်။ အုန်းယိုအတွက် သီးခြားငွေပေးစရာ မလိုသကဲ့သို့ ဇာတိဟူသော ရုပ်ဖြစ်သည်ဆိုလျှင်ပင် ဇရတာဟူသော ရုပ်သည်လည်း ပါပြီးသားဖြစ်သည်။

ထို့ကြောင့် ကံ၊ စိတ်၊ ဥတု၊ အာဟာရဟူသော အကြောင်းတရား လေးပါးကြောင့်ဖြစ်သော ရုပ်တို့သည် စတင်ဖြစ်ပေါ်လာပြီးနောက် ပျက်ခြင်းသို့ အမြဲရှေးရှု သွားနေကြသည်။ သွားနေရင်း စက္ကန့်မလပ် အိုမင်းနေကြသည်။ ဤသည်ကို သတိထားဆင်ခြင်ကြည့်လျှင် သိမြင်နိုင်ပါသည်။ စာရေးသူရော စာဖတ်သူပါ မွေးဖွားခဲ့သည်မှစ၍ ယခုစာကို ဖတ်နေသည့်အချိန်ထိ မည်မျှ ရင့်ကျက်နေပြီ၊ အိုမင်းနေပြီဖြစ်သည်ကို ပြန်လည်ဆင်ခြင်ကြည့်က ထင်ရှားသော သာဓက အဖြစ်တွေ့ရပါသည်။

ဖြစ်လာသော ရုပ်တိုင်းမှာ ဇရတာရုပ် နည်းနည်းစီပါရုံပဲ ပါသည်ထား၊ ရက်ပေါင်း၊ လပေါင်း၊ နှစ်ပေါင်းများလာသောအခါ အိုမင်းခြင်း ဇရတာ ရုပ်များ မည်မျှစုဆောင်းနေမိပြီဖြစ်သည်ကို ဆင်ခြင်နိုင်ပါသည်။ တစ်လုံးထက်တစ်လုံး အရွယ်မသိမသာကြီးသော ပုလဲလုံးများကို ကြိုးမှာ အစဉ်အတိုင်းသီထားရာ ပထမအလုံးနှင့် ဒုတိယအလုံး ကွာခြားမှန်းပင် မသိသော်လည်း ပထမအလုံးနှင့် နောက်ဆုံးအလုံးကို နှိုင်းယှဉ်ကြည့်ပါက လုံးဝကွာခြားနေသည့်အဖြစ်ကို မြင်ရမည်။ ဤကား ဇရတာ၏ သဘောပင် ဖြစ်သည်။ စက္ကန့်မလပ်အိုနေသည်။ တစ်နေ့ထက်တစ်နေ့ ပျို၍မလာ၊ အို၍သာလာနေသည်။ မနေ့က ပျိုခဲ့သည်။ ယနေ့အိုနေပြီ၊ နက်ဖြန်ခါဆို သည့်ထက် အိုပေဦးမည်။ ဇရတာသဘောကို ဤသို့ နားလည်ထားပါလျှင် စောစောက မေးခွန်း၏ အဖြေကို သဘာဝကျကျ နားလည်ပြီ ဖြစ်ပါမည်။

အနောက်တိုင်း ပုံပြင်ကလေးတစ်ပုဒ် ကြားဖူးသည်။

တိုင်းပြည်တစ်ပြည်မှာ မင်းသမီးလေးတစ်ပါးရှိသည်။ အလွန်အလွန် ချောမောလှပသည်။ လူမက နတ်တမျှကိုလှသည်။

လှပချောမောလွန်းသည့်မို့လည်း အလှမာန်ယစ်မူးကာ မည်သူ့ကိုမျှ တူသည့်တန်သည် မထင်ချေ။ မင်းသမီးလေး၏ အချောအလှဂုဏ်သတင်းကြောင့် တိုင်းပြည်အသီးသီးမှ မင်းသားများ စုလျားရစ်ပတ် ထိမ်းမြားခွင့်ရရန် အဖိုးတန်ပစ္စည်းများပုံပေး၍ ချစ်ရေးဆိုကြသည်။ အလှမာန်တက်နေသော မင်းသမီးကား အရေးသော်မျှ မလုပ်ချေ။

ထိုစဉ် ပညာဉာဏ်နှင့် ပြည့်စုံသော မင်းသားလေးတစ်ပါး ရောက်လာသည်။ ပထမနေ့တွင် မင်းသမီးအား ရွှေထည်ပစ္စည်းမျိုးစုံဖြင့်တင်၍ ချစ်ခွင့်ပန်သည်။ ထုံးစံအတိုင်း မာနရှင်မင်းသမီးက လှည့်မကြည့်ချေ။ ဒုတိယနေ့တွင် မင်းသားလေးက ငွေထည်ပစ္စည်းမျိုးစုံဖြင့်တင်၍ ချစ်ခွင့်ပန်သည်။ မာနရှင် မင်းသမီးစိတ်ထဲ အောင့်သက်သက် ဖြစ်သွားသည်။

". . . ရွှေထည်ပစ္စည်း တင်လာသည်ကိုမှ လက်သင့်မခံဘဲလျက် ငွေထည်ပစ္စည်း တင်လာရ ကောင်းလား? လူတော့လူထူးပဲ. . ."ဟုတော့ တွေးလိုက်မိသည်။

တတိယနေ့မှာ မင်းသားလေး ရောက်လာပြန်သည်။ သည်ယနေ့တော့ ကြေးထည်ပစ္စည်းများဖြင့်တင်၍ ချစ်ခွင့်ပန်သည်။ အလှမာနရှင်မိန်းကလေး ဒေါသူပုန်ထတော့သည်။ မတူမတန်ဟု ထင်ပြီးသားမို့ စကားမဆိုချင်သော်လည်း ဒေါသဖြစ်လွန်းသဖြင့် စကားပြောရတော့သည်။

"အသင်မင်းသား – ကုန်ရောင်းကုန်ဝယ် တတ်ပါသလော"

"တတ်ပါသည် မင်းသမီး"

''မိမိလိုချင်သည့်ပစ္စည်းကို ဝယ်လိုလျှင် ကြိုက်ဈေးပေး၍ ဝယ်ရမည်ကို မသိသလော''

''သိပါသည် မင်းသမီး''

''သိပါလျက် ယခုသင်မင်းသား ပြုမှုပုံကိုကြည့်ပါဦး၊ ပထမနေ့ ရွှေထည်ပစ္စည်းဖြင့် တင်လာသည်။ ကျွန်မက ကြိုက်ဈေးမရသဖြင့် မရောင်းသည်ကို ကြိုက်ဈေးအဖြစ် ရွှေထက် တန်ဖိုးကြီးသည့်အရာကို တင်သင့်သည်မဟုတ်ပါလော။ အဘယ့်ကြောင့် ဒုတိယနေ့မှာ ငွေထည်ဖြင့် တင်ရသနည်း။ သည့်တတိယနေ့မှာ ကျပြန်တော့ ဘာမှအသုံးမကျသည့် ကြေးထည်ပစ္စည်းဖြင့် တင်လာပြန်သည်။ သင်မင်းသား ရူး၍များ နေသလော''

''ကျွန်ုပ် မရူးပါ မင်းသမီး''

''မရူးပါဆိုလျှင် တစ်နေ့ထက်တစ်နေ့ တန်ဖိုးမြင့်မြင့်ပြီးသာ တင်သင့်သည် မဟုတ်ပါလော''

''ကျွန်ုပ်ပြောပါမည်၊ သင်မင်းသမီး သေသေချာချာ စဉ်းစားနားထောင်စေချင်သည်''

''ဆိုပါလေ – သင်မင်းသား''

''ပထမ ကျွန်ုပ် ရွှေထည်ပစ္စည်းတင်သည့်နေ့က သင်မင်းသမီး၏အလှသည် နုနယ်ပျိုမျစ် နေပါသည်၊ ထို့ကြောင့် ရွှေနှင့်တန်၍ ရွှေထည်ပစ္စည်းဖြင့်တင်ခဲ့သည်။ ဒုတိယနေ့ ရောက်လာသည့်အခါ သင်မင်းသမီးအလှသည် ပထမနေ့ကလောက် နုနယ်ပျိုမျစ်ခြင်း မရှိတော့ပါ။ တစ်ရက်စာ အိုမင်းခဲ့ပါပြီ။ ထို့ကြောင့် ငွေနှင့်သာ တန်တော့သဖြင့် ငွေထည် ပစ္စည်းဖြင့် တင်ရပါသည်။

သည် တတိယနေ့အရောက်မှာ သင်မင်းသမီး၏ အလှသည် နှစ်ရက်စာ အိုမင်းခြင်းသို့ ရောက်ခဲ့ပြီဖြစ်၍ ရွှေမဆိုထားဘိ၊ ငွေနှင့်သော်မှ မတန်တော့သည့်အတွက် သည်တတိယ နေ့မှာ ကြေးထည်ပစ္စည်းဖြင့် တင်ရခြင်းဖြစ်ပါသည် မင်းသမီး''

ဤကဲ့သို့ ရှင်းလင်းပြောပြလိုက်သည်ကို မင်းသမီး သဘောပေါက်သွားသည်။ မှန်၏။ သူမ၏ အလှသည် တစ်နေ့ထက်တစ်နေ့ တိုး၍ လှလာတော့မည်မဟုတ်၊ တစ်နေ့ထက်တစ်နေ့ တဖြည်းဖြည်း အိုမင်းလာနေသည်။ ''တင့်တယ် ရုပ်ဆင်း၊ လှပခြင်းကား၊ အိုမင်းနောက်ဆုံးရှိချေ၏'' ဆိုသော သဘောကို သိသွားသဖြင့် ပန်သူမဲ့ ပန်းအလှကလေး ဇရာဓမ္မဖြင့် ကြွေကျ မြေခရမှာကို စိုးရော့ထင့်၊ ထိုမင်းသားအား ချစ်ခွင့်ပေးလိုက်ရသည်''တဲ့၊ ကြားဖူးသောပုံပြင်လေး။

ဤမျှဆိုလျှင် ရုပ်တို့သည် ဖြစ်လာလျှင် ရင့်လာမည်၊ ရိရော်အိုမင်းလာမည်။ နောက်ဆုံး ပျက်စီးခြင်းဖြင့် အဆုံးသတ်ရမည်ကား မလွဲကေန်တည်းဟု သိမှတ်ထားကြရမည် ဖြစ်ပေသည်။

❖ ❖ ❖ ❖

## ကမ္မဇစသောရုပ်လေးပါတို့ နောက်ဆုံးချုပ်ပျက်ပုံ

ကမ္မဇရုပ်၊ စိတ္တဇရုပ်၊ ဥတုဇရုပ်၊ အာဟာရဇ ရုပ်တို့သည် စတင်ဖြစ်လာပြီးသည်မှ ဖြစ်ပြန်၊ ပျက်ပြန်၊ ထပ်ဖြစ်ပြန်၊ ထပ်ပျက်

ပြန်ဖြင့် အသက်ရှင်သမျှ ကာလပတ်လုံး ဆီးမီးလျှံ မြစ်ရေအလျဉ် ကဲ့သို့ ဖြစ်ပျက်နေခဲ့သည်။ နောက်ဆုံးလုံးဝ ပျက် စီးပြီးနောက် အသစ်တစ်ဖန်ရုပ်များ ပြန်မဖြစ်တော့သည်ကို စုတေသည်၊ သေသည်ဟု ဆိုကြသည်။

ထိုသည့်အခါ အစဉ်တစိုက် ဖြစ်လာခဲ့သော ကမ္မဇရုပ် စသော ရုပ်လေးပါးတို့မည်သို့ မည်ပုံချုပ်ဆုံးပုံကို အဘိဓမ္မာ ဤသို့ ဖေါ်ပြထားသည်။

ကမ္မဇရုပ်တို့သည် -

- စုတိစိတ်မှပြန်၍ ရေသည်ရှိသော် (၁၇) ချက်မြောက် သောစိတ်၏ ဥပါဒ်ခဏမှာ နောက်ဆုံးဖြစ်ပါသည်။
- ဌီခဏမှစ၍ ပြန်မဖြစ်တော့ဘဲ၊
- စုတိစိတ်၏ ဘင်ခဏမှာ နောက်ဆုံးချုပ်ပါသည်။(ဝါ) စုတိစိတ်နှင့်ပြိုင်၍ ချုပ်ပါ သည်။

စိတ္တဇရုပ်တို့သည် -

- စုတိစိတ်၏ ဥပါဒ်ခဏတိုင်အောင် နောက်ဆုံးဖြစ်ပါသည်။
- ဌီခဏမှစ၍ မဖြစ်တော့ဘဲ။
- စုတိစိတ်ချုပ်ပြီးနောက် ခဏငယ် ၄၉ချက် ခန့်အကြာတွင် စိတ္တဇရုပ် နောက်ဆုံးချုပ်ပါသည်။

အာဟာရဇရုပ်တို့သည် -

- စုတိစိတ်၏ ဘင်ခဏတိုင်အောင် နောက်ဆုံးဖြစ်ကြသည်။
- ထို့နောက်မဖြစ်တော့ဘဲ

❀ စုတိစိတ်ချုပ်ပြီးနောက် ခဏငယ် ၅၀ ခန့် အကြာတွင် အာဟာရဇရုပ် နောက်ဆုံးချုပ်ပါသည်။

ဥတုဇရုပ်တို့သည် –

❀ ချုပ်ခြင်းမရှိ၊ သေ၍အကောင်ပုပ်ဖြစ်သည့် တိုင်အောင် (ဝါ) ကမ္ဘာပျက်သည့်တိုင်အောင် မဟာဘုတ်အဆက်ဆက်ဖြစ်၍ တည်ကြပါသည်။

လူသားတစ်ဦးသည် ပဋိသန္ဓေနေသည်မှစ၍ ကံကြောင့် ဖြစ်သော ကမ္မဇရုပ်၊ ဥတုကြောင့် ဖြစ်သော ဥတုဇရုပ်၊ အာဟာရကြောင့်ဖြစ်သော အာဟာရဇရုပ်တို့ အသီးသီးဖြစ်လာကြပြီး မွေးဖွားသည်မှ သေဆုံးသည့်တိုင်အောင် ဖြစ်လိုက်ပျက်လိုက်ဖြင့် အစဉ်တစိုက် ဖြစ်လာခဲ့ကြသည်။ ထိုလူသားသေသည်နှင့် ကမ္မဇရုပ်၊ စိတ္တဇရုပ်၊အာဟာရဇရုပ်တို့သည် ချုပ်ပျက်ပြီးနောက် လုံးဝ ထပ်မဖြစ်တော့ပါ။ ဥတုဇရုပ်တို့ကား ချုပ်ခြင်းမရှိ၊ လူသေကောင်မှာ ကြွင်းကျန်နေသည်။ ထို့ကြောင့်လည်း လူသေကောင်ကို ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်ဟု ဆိုကြသည်။

ယင်းဥတုဇရုပ်ကလာပ်ကို မြေမြှုပ်သည် ဖြစ်စေ၊ မီးရှို့သည်ဖြစ်စေ၊ လက်ကျန်မဟာဘုတ်ရုပ်များသည် အခြားမဟာဘုတ်ရုပ်များနှင့် ပေါင်းမိပြီး၊ ဥတုဇရုပ်အဖြစ် ကမ္ဘာပျက်သည့်တိုင်အောင် တည်ရှိနေပေသည်။

ဤသို့ဖြင့် ကမ္မဇရုပ်၊ စိတ္တဇရုပ်၊ ဥတုဇရုပ်၊ အာဟာရဇရုပ်တို့သည် ယခုပစ္စုပ္ပန်ဘဝမှာ ပဋိသန္ဓေစိတ်၏ ဥပါဒ်ခဏမှစ၍ စတင်ဖြစ်ပေါ်လာပြီး၊ အသက်ရှင်သမျှကာလပတ်လုံး ဖြစ်ပျက်တည်ရှိနေကာ၊ နောက်ဆုံးစုတိစိတ်ဖြစ်ပြီး ချုပ်သွားကြသည်။

နောက်ဘဝသို့ ယခုဘဝမှ ရုပ်များ တစ်စုံတစ်ခုလိုက်ပါမသွားပေ။ သို့သော် နောက်ဘဝမှာ ပဋိသန္ဓေနေသည်နှင့်တစ်ပြိုက်နက် ပဋိသန္ဓေစိတ်၏ ဉပါဒ်ခဏမှစ၍ ကမ္မဇ-စသော ရုပ်လေးပါးတို့ အသီးသီးဖြစ်ပေါ်လာပြန်သည်။

ထိုရုပ်တို့သည်လည်း အသက်ရှင်သမျှ ကာလပတ်လုံး ဖြစ်ပျက်တည်ရှိနေပြီး စုတိစိတ်နှင့် အတူ ချုပ်ပြန်ရပြန်သည်။ ၎င်းနောက်ဖြစ်လာဦးမည့် နောက်ဘဝတစ်ခုမှာလည်း ပဋိသန္ဓေ စိတ်၏ ဉပါဒ်ခဏမှစ၍ ကမ္မဇစသော ရုပ်လေးပါးတို့ ဖြစ်လာရ ပြန်သည်။ ဘဝမဆုံးမချင်း(ဝါ) နိဗ္ဗာန် မရောက်ရသေးသမျှ ကာလ ပတ်လုံး ဤသို့လျှင် ကမ္မဇစသော ရုပ်လေးပါးတို့ လည်ပတ် ဖြစ်ပေါ်နေရသည်ကိုပင် ရုပ်သံသရာစက်လည်သည်ဟု ခေါ်လေ သည်။

❖ ❖ ❖ ❖

## နာမ်သံသရာစက်လည်ပုံ

လူသားတစ်ဦးဦးမှာ ရုပ်နှင့်နာမ် နှစ်ခုရှိသည်။ ရုပ်ဖြစ်ပုံနှင့် ရုပ်သံသရာစက်လည်ပုံကို ရှေ့အခန်းမှာ ပြဆိုခဲ့ပြီး ယခု နာမ် ဖြစ်ပုံနှင့် နာမ်သံသရာစက်လည်ပုံ ပြဆိုပါမည်။

နာမ်ဟူသည် စိတ်စေတသိက်နှစ်ပါးကို ဆိုလိုသည်၊ စိတ်နှင့် စေတသိက်တို့သည်ဖြစ်လျှင် တူတူဖြစ်ကြပြီး ချုပ်လျှင်လည်း တူတူပင်ချုပ်ကြသည်။ ယူသောအာရုံလည်း တူတူပင်ဖြစ်ကြ၍ မှီရာဝတ္ထုချင်းလည်း တူညီကြသည်။ စိတ်စေတသိက်နှစ်ပါးတွင် စိတ်သာလျှင် ဦးစီးခေါင်းဆောင်ဖြစ်သည်။ စိတ်ကိုဆိုလျှင်

စေတသိက်ကိုလည်း ဆိုပြီးဖြစ်သောကြောင့် နာမ်တရားဟု ဆိုရာမှာ စိတ်ကိုသာ အဓိကပြဆိုသွားပါမည်။ နာမ်တရားဟု ဆိုအပ်သော စိတ်ကား--အကျဉ်း (၈၉) ပါး။ အကျယ် (၁၂၀) ပါး ရှိသော်လည်း-

၁။ ပဋိသန္ဓေစိတ် = ဘဝဟောင်းနှင့် ဘဝသစ်ကို ဆက်စပ် ပေးသောစိတ်။

၂။ ဘဝင်စိတ် = ဘဝမပြတ်အောင် ဆက်ပေး သော စိတ် (ဝါ) မသိစိတ်။

၃။ ဝီထိစိတ် = အာရုံအကြောင်းအရာပေါ် မှု တည်၍ ဖြစ်ပေါ်လာသော စိတ် (ဝါ) သိစိတ်။

၄။ စုတိစိတ် = တစ်ဘဝ၏ အဆုံးဖြစ်သော စိတ် (ဝါ) သေစိတ်--

ဟူ၍ လေးမျိုး ခွဲခြား၍သာ ပြဆိုသွားပါမည်။

## ၁။ ပဋိသန္ဓေစိတ်

ဘဝဟောင်းနှင့် ဘဝသစ်ကို တစ်ဖန်ဆက်စပ်ပေးသော စိတ်ကို ပဋိသန္ဓေစိတ်ဟု ခေါ်သည်။ ယင်းပဋိသန္ဓေစိတ်သည် ငရဲတိရစ္ဆာန်၊ ပြိတ္တာ-ဟူသော အပါယ်ဒုဂ္ဂတိ ပဋိသန္ဓေစိတ်နှင့် လူနတ်ပြဟ္မာဟူသော သုဂတိပဋိသန္ဓေစိတ်ဟူ၍ အကျဉ်းအားဖြင့် နှစ်မျိုးရှိသည်။

ပဋိသန္ဓေစိတ် ဘာကြောင့် ဖြစ်ရသနည်း၊ တိုတို ကျဉ်းကျဉ်း ဆိုရလျှင် ကံကြောင့် ပဋိသန္ဓေစိတ် ဖြစ်ရပါသည်။ အကုသိုလ်ကံ

ကြောင့် ဒုဂ္ဂတိပဋိသန္ဓေစိတ်ဖြစ်၍ ကုသိုလ်ကံကြောင့် သုဂတိပဋိသန္ဓေစိတ်ဖြစ်သည်။ သုဂတိပဋိသန္ဓေဟူရာမှာလည်း လူ၊ နတ်၊ ဗြဟ္မာ–ဟူ၍ ကွဲပြားပြန်ရာ ဤ၌ လူ၏ ပဋိသန္ဓေစိတ်ကိုသာ ရေးသားပါမည်။

အလှူပေးခြင်းစသော ကုသိုလ်ကောင်းမှု ပြုလုပ်ခြင်း မဟာကုသိုလ်ကံ ၈–ပါးကြောင့်၊ မဟာဝိပါက် ၈–ပါး၊ အဟိတ်ကုသလဝိပါက် ဥပေက္ခာ သန္တီရဏ ၁–ပါးအားဖြင့် လူပဋိသန္ဓေစိတ် ၉–ပါး ရှိသည်။

ထိုတွင် ထက်မြက်သောသူတို့သည် မဟာဝိပါက်ဉာဏ်သမ္ပယုတ် ၄–ပါးတွင် တစ်ပါးပါးဖြင့် ပဋိသန္ဓေနေခဲ့ကြသော တိဟိတ်လူသားများ ဖြစ်ကြသည်။

သူသူငါငါ သာမန်သော သူတို့သည် မဟာ ဝိပါက်ဉာဏဝိပ္ပယုတ် ၄ပါးတွင် တစ်ပါးပါးဖြင့် ပဋိသန္ဓေနေခဲ့ကြသော ဒွိဟိတ်လူသားများ ဖြစ်ကြသည်။

လူချင်းတူပါလျက် အညံ့ဆုံး၊ အဖျင်းဆုံးသော သူတို့သည် အဟိတ်ကုသလဝိပါက်၊ ဥပေက္ခာသန္တီရဏစိတ်ဖြင့် ပဋိသန္ဓေနေခဲ့ကြသော အဟိတ်လူသားများ ဖြစ်ကြသည်။

မည်သည့်လူသားမဆို မိမိပြုခဲ့သော ကုသိုလ်ကံ အားလျော်စွာ ဘဝသစ်မှာ ဘဝဟောင်းနှင့် ဘဝသစ်ကို ဆက်စပ်ပေးသော ပဋိသန္ဓေစိတ် ဖြစ်ကြရသည်။ မည်သည့်ကုသိုလ်ကံကြောင့် မည်သည့်ပဋိသန္ဓေစိတ်ဖြစ်ပြီး မည်သည့်လူသားမျိုး ဖြစ်ကြရသည်ကို လာမည့်အခန်းများတွင် တွေ့ရှိရပါသည်။

အာသဝေါ ကုန်ခန်း၍ ရဟန္တာ မဖြစ်သေးသမျှ ဘဝသံသရာမဆုံးနိုင်ပဲ ကုသိုလ်၊ အကုသိုလ်ကံကြောင့် ဘဝသစ်

တစ်ခုခုမှာ ပဋိသန္ဓေနေကြရသည်။ ဘဝသစ်တစ်ခု ဆက်လက်ဖြစ်ပေါ်လာသည်။ ထိုဘဝသစ် ဖြစ်ပေါ်လာအောင် စတင်ဖြစ်ပေါ်လာသော စိတ်သည်ပင်လျှင် ဘဝဟောင်း နှင့် ဘဝသစ်ကိုဆက်စပ်ပေးသောကြောင့် ပဋိသန္ဓေစိတ် အမည်ရလေသည်။

❖ ❖ ❖ ❖

## ၂။ ဘဝင်စိတ်

နာမ်ဟုဆိုအပ်သော စိတ်တို့မည်သည် စိတ်တစ်ခုတစ်ခု ဖြစ်လေတိုင်းမှာ ဥပါဒ်၊ ဌီ၊ ဘင် (ဖြစ်၊ တည်၊ ပျက်)ဟု ခဏငယ် သုံးချက်မျှသာ အသက်ရှည်သည်။ လွန်စွာမှ တိုတောင်းလှသည်။ မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်း နာမ်တရားပေါင်း ကုဋေတစ်သိန်းမျှ ဖြစ်ပျက်နေကြသည်။ ဤကား နာမ်တရား၏သဘာဝဖြစ်သည်။

ပဋိသန္ဓေစိတ်သည်လည်း စဖြစ်ပြီးနောက် ဥပါဒ်၊ ဌီ၊ ဘင် (ဖြစ်၊ တည်၊ ပျက်)ခဏငယ် သုံးချက်မျှဖြင့် ချုပ်သွားသည်။ ပဋိသန္ဓေသည် စိတ်ချုပ်သွား၍ အခြားစိတ်ဆက်မဖြစ်လျှင် ထိုသန္ဓေသားသည် ဘဝသစ်မှာ ယခုပင် ပဋိသန္ဓေနေသည်။ ယခုပင်သေသည်ဖြစ်သွားမည်။ ထိုသို့မဖြစ်စေရန် မသေအောင် ဆက်လက်ရှင်သန်နေအောင် ဘဝကိုဆက်ပေးသော စိတ်တစ်ခုက ဆက်လက်ဖြစ်ပေါ်လာသည်။ ဘဝမဆုံးအောင်၊ ဘဝမပြတ်အောင် ဆက်လက်ဖြစ်ပေါ်လာသောစိတ် ဖြစ်သောကြောင့် ၎င်းစိတ်ကို ဘဝင်စိတ်ဟု ခေါ်သည်။ အပြင်အာရုံကို မသိနိုင်သော သဘောရှိသောကြောင့်(ဝါ)သိစရာမလိုဘဲ သူ့သဘာဝအလျောက်

ဘဝမပြတ်အောင် ဆက်စပ်ပေးတတ်သောကြောင့် မသိစိတ်ဟုလည်း ခေါ်သည်။ အိပ်မော ကျနေသော စိတ်မျိုးဖြစ်သည်။

မွေးဖွားလာပြီးနောက် အပြင်အာရုံတစ်ခုခုနှင့် တွေ့ဆုံလျှင် ဖြစ်သင့်သော ဝီထိစိတ် (ဝါ) သိစိတ် ဖြစ်ပေါ်လာသည်။ ထိုဝီထိစိတ်(ဝါ) သိစိတ်မဖြစ်ပေါ်လျှင် ဘဝင်စိတ်က ဖြစ်မြဲဖြစ်နေရသည်။ သို့မှသာ ထိုလူသား မသေဘဲရှိနိုင်မည်။ အိပ်ပျော် နေသောအခါများ (အိပ်မက်မြင်မက်နေသည်ကိုမဆိုလို) တကယ့်ကို နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေသောအခါများမှာ လူတို့သည် အသေကောင်ကဲ့သို့ သိစိတ်ကင်းမဲ့နေသည်။ မသိစိတ်သာရှိနေသည်။ ထိုလူသားသေမသွားဘဲ ဆက်လက် ရှင်သန်နေနိုင်သည်မှာ ဘဝင်စိတ် ရှိသောကြောင့်ဖြစ်သည်။ ထို့ကြောင့် ဘဝင်စိတ်သည် ဝီထိစိတ် (သိစိတ်) မဖြစ်သော အခါတိုင်းမှာ ဘဝဆက်လက်ရှင်သန်နေနိုင်အောင် ထိန်းကျောင်းပေးသွားသော စိတ်မျိုးဖြစ်သည်။

❖ ❖ ❖ ❖

## ၃။ ဝီထိစိတ် (ဝါ) သိစိတ်

လူသားများ နိုးကြားနေစဉ် အာရုံ ၆ပါး အကြောင်းအရာ ပေါ်မူတည်၍ စိတ်အစဉ်ဖြစ်ပေါ်လာသည်ကို ဝီထိစိတ်(ဝါ) သိစိတ်ဟု ခေါ်သည်။

လူသားတစ်ဦးမှာ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်ဟူ၍ ဒွါရခြောက်ပါး (တံခါးခြောက်ခု) ရှိသည်။ ဤကား ကိုယ်တွင်းမှာရှိသော အဇ္ဈတ္တတရားဖြစ်သည်။ အပြင်ဗဟိဒ္ဓ အာရုံအားဖြင့် အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ၊ အကြံ

အစည်––အားဖြင့် ၆ ပါး ရှိသည်။ ၎င်းတို့ကို အစဉ်အတိုင်းတွဲလျှင် –

စက္ခုဒွါရ (မျက်စိတံခါး)နှင့် အဆင်းရူပါရုံ။

သောတဒွါရ (နားတံခါး)နှင့် အသံသဒ္ဒါရုံ။

ဃာနဒွါရ (နှာခေါင်းတံခါး)နှင့် အနံ့ဂန္ဓာရုံ။

ဇိဝှါဒွါရ (လျှာတံခါး)နှင့် အရသာရသာရုံ။

ကာယဒွါရ (ကိုယ်တံခါး)နှင့် တွေ့ထိဖောဋ္ဌဗ္ဗာရုံ။

မနောဒွါရ (စိတ်တံခါး)နှင့် ကြံစည်တွေးခေါ်မှု ဓမ္မာရုံ ဟူ၍ ပေါင်းစပ်မိကြပြီး ဆိုင်ရာ စိတ်အစဉ်များ ဖြစ်ပေါ်လာသည်။ ယင်းကိုပင် ဝိထိစိတ် (ဝါ) သိစိတ် ဟုဆိုသည်။

ဝိထိစိတ် (ဝါ) သိစိတ်ဖြစ်ပေါ်လာပုံမှာ စိတ်ဝင်စားဖွယ်ကောင်းလှသည်။ စိတ်ဝင်စားဖွယ်ကောင်းသည်နှင့်အမျှ ဤကဲ့သို့သော သဘာဝတရားကို ထိုးထွင်း၍ သိမြင်တော်မူပြီး ထုတ်ဖော်ဟောကြားတော်မူခဲ့သော သဗ္ဗညုတဉာဏ်တော်သခင် ဘုရားရှင်၏ ဂုဏ်တော်ကို မှန်းဆကြည်ညိုနိုင်ပေသည်။

ဝိထိစိတ် (သိစိတ်) ဖြစ်စဉ်ကို လေ့လာကြည့်ကြပါစို့–

စက္ခုဒွါရ (မျက်စိတံခါး) မှာ အဆင်းရူပါရုံ ထင်လာသည်နှင့် ''ဤအရာပါ''ဟူ၍ မသိသေးချေ။

မျက်စိနှင့် အဆင်းရူပါရုံ မတွေ့မီက ဖြစ်ပေါ်နေသော ဘဝင်စိတ်အလျဉ်ကို ဖြတ်ပြီးနောက် မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ် ဟူသော ၅–ဒွါရအနက် မည်သည့်ဒွါရမှာ ဖြစ်ရမည်နည်းဟု ဆင်ခြင်သော ၅–ဒွါရမှာ ဆင်ခြင်သည့် ပဥ္စဒွါရာ ဝဇ္ဇန်းစိတ် ဖြစ်သည်။

ထို့နောက် ရူပါရုံကို မြင်သော မြင်သိစိတ် စက္ခုဝိညာဉ် စိတ်ဖြစ်သည်။ မြင်ရုံသာမြင်သည် မည်သည့်အရာဟူ၍ မသိသေး ဆက်လက်၍ အမြင်အာရုံကို လက်ခံသော သမ္ပဋိစ္ဆိုင်း စိတ်။

လက်ခံထားသောအာရုံကို ဖြူနီဝါပြာ စသည်ဖြင့် စုံစမ်း သော သန္တီရဏစိတ်။

စုံစမ်းထားသည့်အတိုင်း မှတ်ချက်ချသော ဝုဋ္ဌောစိတ်။

ထိုဝုဋ္ဌောစိတ် မှတ်ချက်ချပြီးကာမှ ''ဤအရာသည် ဤဟာပါ'' ဟုသိသော ဇောစိတ် ဖြစ်သည်။ ထိုအခါမှ ဖြူလျှင် ဖြူသည်။ ကြီးလျှင်ကြီးသည်။ လှလျှင်လှသည်-စသဖြင့် သိရှိ ရတော့သည်။

ထိုသိရှိထားသောအတိုင်း လက်ခံကျေနပ်နေမှုဖြစ်သော တဒါရုံစိတ်ဖြစ်ပြီး အမြင်ဝီထိစိတ်စဉ်တစ်ခု ပြီးဆုံးသည်။ ယင်း စိတ်တို့ကို အစဉ်အတိုင်း ပြန်ကြည့်လျှင်-

| | | |
|---|---|---|
| ဆင်ခြင်သောစိတ် | ပဉ္စဒွါရာဝဇ္ဇန်း | (ပဉ်း) |
| မြင်သောစိတ် | စက္ခုဝိညာဉ် | (စက်) |
| အမြင်ကိုလက်ခံသောစိတ် | သမ္ပဋိစ္ဆိုင်း | (သမ်) |
| လက်ခံသည်ကို စုံစမ်းသောစိတ် | သန္တီရဏ | (န္တီ) |
| စုံစမ်းထားသည်ကိုမှတ်ချက်ချသောစိတ် | ဝုဋ္ဌော | (ဝု) |
| မှတ်ချချက်သည့်အတိုင်းသိစိတ် | ဇော | (ဇ) |
| သိသည့်အတိုင်း ကျေနပ်စိတ် | တဒါရုံ | (ဒါ) |

''ပဉ်၊စက်၊သမ်၊န္တီ၊ဝု၊ဇဇဇဇဇဇဇ၊ဒါဒါ''ဟူ၍ အတိုမှတ် နိုင်သည်။ ''ဇောစိတ်''ခုနစ်ကြိမ်ဖြစ်သည်။ ''တဒါရုံစိတ်''နှစ်ခု

ဖြစ်နေသည်ကို ဆိုလိုသည်။ဤသို့သော စိတ်အစဉ်ဖြစ်မှုကိုပင် ဝိထိစိတ်(ဝါ)သိစိတ်ဟု ဆိုသည်။

ဝိထိ–ဟူသောစကားကို အစဉ်အတိုင်းဟူ၍ အဓိပ္ပာယ်ရသည်။ ပကတိသောလမ်းသည် ရှာစဉ်ကို မကျော်မူ၍ အစဉ်အတိုင်း သွားသကဲ့သို့ ဖော်ပြခဲ့သောစိတ်တို့သည် တစ်စိတ်နှင့်တစ်စိတ် အစဉ်မကျော်မူ၍ အစဉ်အတိုင်း ဖြစ်ခြင်းကိုပင် ဝိထိစဉ်(ဖြစ်သောစိတ်အစဉ်)ဟု ဆိုသည်။

ရူပါရုံကို မြင်လျှင်မြင်ချင်း မည်သည့်အရာဟူ၍ ချက်ချင်းသိနေကြသည်ဟု ထင်သည်။ ထင်လည်းထင်စရာ ဖြစ်သည်။ အကြောင်းမှာ ယင်းသို့ ရူပါရုံကိုတွေ့မြင်ရာဝယ်ဖြစ်သော စိတ်အစဉ်မှာ ဘဝင်စိတ်သုံးခုနှင့်ပါမှ စိတ္တက္ခဏ (၁၇)ခုသာ ရှိသည်။ မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်း ကုဋေတစ်သိန်းမျှ စိတ်တို့ဖြစ်ပျက်နေသည်မှာ မြန်လွန်းသဖြင့် (၁၇)ခုသော စိတ်တို့၏ဖြစ်ခြင်းသည် ဘာမှကြာသောအခိုက်အတန့်ကာလမဟုတ်ချေ။ ဤကား မမြင်ရသော နာမ်တရားကို ဗုဒ္ဓရှင်တော် ဟောဖော်ညွှန်ပြသည့်အတိုင်း ခန့်မှန်းကြည့်ခြင်း ဖြစ်သည်။

ပြီးခဲ့သောအခန်း ရုပ်တရားများ ဖြစ်ပျက်ပုံကို ပြခဲ့စဉ်က တစ်စက္ကန့်အတွင်း အကြိမ်(၅၀)လင်းချည် မှိတ်ချည် ဖြစ်နေသော လျှပ်စစ်မီးကိုမျှ မှိတ်သည်ကိုမမြင်၊ လင်းသည်ကိုသာ မြင်ရပါသည်ဆိုလျှင် တစ်စက္ကန့်အတွင်း ကုဋေတစ်သိန်းမျှ ဖြစ်ပျက်မြန်ဆန်နေသော နာမ်တရားသဘာဝအရ သာမန်လူသားတို့အဖို့ မျက်စိနှင့်အဆင်းရူပါရုံတို့ တွေ့လျှင်တွေ့ချင်း မြင်သည်ဟု ထင်မှတ်ကြသည်မှာ အဆိုးမဆိုသာချေ။ အမှန်မှာ ဖော်ပြပါ စိတ်အစဉ်အတိုင်း

အစဉ်မကျော်ဘဲ ဖြစ်လာပြီး ဇောစိတ်သို့ ရောက်ကာမှသာ မြင်သိခြင်း ဖြစ်သည်။

ဤစိတ်အစဉ်ဖြစ်ပုံကို ကျမ်းဂန်မှာ ဤသို့ ဥပမာဖြင့် ပြသည်။

လူတစ်ယောက် သရက်ပင်အောက်မှာ အိပ်ပျော်နေသည်။ အနားမှာ သရက်သီးကြွေကျ ၍ လန့်နိုးလာသည်။ ဘာပါလိမ့်မလဲ ဆင်ခြင်ကြည့်သောအခါ သရက်သီးကိုမြင်၍ လက်ဖြင့် ကောက်ယူပြီး နှိပ်နယ်ကြည့်သည်။ အနံ့ခံကြည့်ပြီးမှ မှည့်မှန်းသိ၍ ကိုက်စားပြီး မျိုချလိုက်သည်။–နှင့်တူသည်ဟု ပြသည်။

ဤဥပမာ၌–

အိပ်ပျော်နေခြင်းသည် ဘဝင်ကျသည်နှင့် တူသည်။

လန့်နိုးလာခြင်းသည် ဘဝင်အလျဉ်ကို ဖြတ်သည်နှင့် တူသည်။

ဘာပါလိမ့်–ဆင်ခြင်ခြင်းသည် ပဥ္စဒွါရာဝဇ္ဇန်း နှင့်တူသည်။

သရက်သီး မြင်တွေ့မှုသည် စက္ခုဝိညာဉ် နှင့်တူသည်။

ကောက်ယူခြင်းသည် သမ္ပဋိစ္ဆိုင်းနှင့် တူသည်။

မှည့်မမှည့် စုံစမ်းခြင်းသည် သန္တီရဏနှင့် တူသည်။

စားခြင်းသည် ဇောနှင့်တူသည်။

မျိုချလိုက်ခြင်းသည် တဒါရုံနှင့်တူသည်။

ထိုစိတ်အစဉ်ဖြစ်ပုံကို ခေတ်ဥပမာဖြင့် ဤသို့လည်း သိနိုင်သည်။

အလုပ်ဌာနသို့ အလုပ်လျှောက်သူရောက် လာသည်။ တံခါးဝမှ ဝင်လာသည်။ ဌာနလူကြီးက မြင်သည်။ စာရင်းသွင်း လက်ခံသည်။ စာရင်းသွင်းပြီး အမည်၊ နေရပ်၊ အသက်၊ ပညာ အရည်အချင်း စသည်မေးမြန်းသည်။ ပြောသည့်အတိုင်း မှတ် သည်။ အရည်အချင်းပြည့်မီသဘောကျ၍ ချက်ချင်း အလုပ်ခန့် လိုက်သည်။ အလုပ်ရသွားသည်။ ဥပမာ ဥပမေယျ နီးနော ပြရလျှင် –

မျက်စိသည် အလုပ်ဌာန၊

ရူပါရုံသည် အလုပ်လာလျှောက်သူ

ပဉ္စဒွါရာဝဇ္ဇန်းသည် တံခါးဝ

စက္ခုဝိညာဉ်သည် ဌာနလူကြီး

သမ္ပဋိစ္ဆိုင်းသည် စာရင်းသွင်းလက်ခံသည်။

သန္တီရဏသည် မေးမြန်းစုံစမ်းသည်။

ဝုဋ္ဌောသည် ပြောသည့်အတိုင်းမှတ်သည်။

ဇောသည် သဘောကျ၍ အလုပ်ခန့်သည်။

တဒါရုံသည် အလုပ်ရသွားသည် = ဤသို့လည်း ဥပမာ ပြနိုင်သည်။

ဤဥပမာနှစ်ရပ်ကို စဉ်းစားကြည့်လျှင် မျက်စိနှင့်အမြင် အာရုံဆုံခြင်းကြောင့် ဖြစ်ပေါ်လာသော ဝိထိစိတ်အစဉ်ကို နားလည် သဘောပေါက်ပြီး ဖြစ်သည်။

ပြဆိုခဲ့ပြီးသည့်အတိုင်း ဝိထိစိတ်အစဉ်တို့ မည်သည့် စိတ်ဖြစ်ပြီးမှ မည်သည့်စိတ်ဖြစ်ရသည်မှာ အကြောင်းတစ်ပါး

ရှာစရာမလို။ မည်သူကမှလည်း ဖန်တီးဖြစ်စေသည်။ ဖန်ဆင်းပေးသည် မဟုတ်။ စိတ္တနိယာမအရ စိတ်တို့၏ သဘာဝ ဖြစ်စဉ်ပင် ဖြစ်တော့သည်။ လုံလောက်သော အကြောင်းတို့ ပေါင်းဆုံမိလျှင် ဆိုင်ရာဝီတိစိတ် (သိစိတ်)တို့ ဖြစ်ပေါ်လာပြန်သည်သာ ဖြစ်သည်။ ဤ၌ထင်ရှားသော ဥပမာမှာ

မှန်ဘီလူး + နေပူ + လောင်စာ = မီး

ဤဥပမာ၌ မှန်ဘီလူး၊ နေပူ၊ လောင်စာ ဟူသော အကြောင်းသုံးပါးပေါင်းဆုံမှုကြောင့် နဂိုက ရှိမနေသော မီးဖြစ်ပေါ်လာသကဲ့သို့ မှတ်ရပါမည်။

အလားတူ

သောတဒွါရ (နား)နှင့် အသံသဒ္ဒါရုံ

ဃာန ဒွါရ (နှာခေါင်း)နှင့် အနံ့ဂန္ဓာရုံ

ဇိဝှါဒွါရ (လျှာ)နှင့် အရသာရသာရုံ

ကာယဒွါရ (ကိုယ်)နှင့် ထိတွေ့မှုဖောဋ္ဌဗ္ဗာရုံတို့ တွေ့ဆုံကြရာမှာလည်း အထက်ပါအတိုင်း ဝီထိစိတ်(ဝါ)သိစိတ် အစဉ်များ ဖြစ်ပေါ်လာကြသည်ကို ဉာဏ်အမြင်ဖြင့် ဆင်ခြင်ကြည့်ရှု သိမြင်နိုင်ပြီး ဖြစ်သည်။

မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်ဟူသော ဒွါရငါးပါးနှင့် အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့--ဟူသော အာရုံငါးပါးတို့ ပေါင်းဆုံ၍ ဖြစ်ပေါ်လာသော ဝီထိစိတ်အစဉ်ကို ပဉ္စဒွါရဝီထိစိတ် (ငါးဒွါရမှာ ဖြစ်သော ဝီထိစိတ်) ဟု ဆိုသည်။

❖ ❖ ❖ ❖

ပြီးခဲ့သည်မှာ ငါးဒွါရမှာ ဖြစ်သော ဝိထိစိတ် တို့ကို ပြဆိုခဲ့ခြင်း ဖြစ်သည်။ မနောဒွါရ–ဟူသော စိတ်တံခါးမှာ ဖြစ်သော ဝိထိစိတ်တို့ကို မဆိုရသေး။ယခု ယင်းမနောဒွါရ ဝိထိစိတ် (စိတ်မှာ ဖြစ်သော သိစိတ်) အကြောင်းကို ဆက်လက် ပြဆိုပါမည်။

ပဥ္စဒွါရဝိထိစိတ်တို့သည် ပစ္စုပ္ပန်တည့်တည့် ဖြစ်သော အာရုံကိုသာ အာရုံပြုနိုင်ကြသည်။ မနောဒွါရ တည်းဟူသော စိတ်တံခါးမှာ သိမြင်နိုင်သော အာရုံတို့ကား အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်ဖြစ်သော အာရုံနှင့် ကာလ ၃–ပါးမှ အလွတ်ဖြစ်သော နိဗ္ဗာန် ပညတ်တို့ကိုလည်း အာရုံပြုနိုင်၊ သိနိုင်စွမ်းရှိသည်။ မနော ဟူသောစိတ်သည် ဤမျှအစွမ်းထက်မြက်သည်။ စိတ်စွမ်းအင်နှင့် ပတ်သက်၍ အမရပူရ မဟာဂန္ဓာရုံဆရာတော်ကြီးက သင်္ဂြိုဟ် ဘာသာ ဋီကာကျမ်းမှာ အောက်ပါအတိုင်း စာချိုးထားခဲ့သည်။

## စိတ်စွမ်းအင်

○ တွေ့အကြား
နှစ်ပါးရယ်တဲ့ စပ်၍ကြဲ။
○ သဒ္ဒါယုံ ကိုယ်အကြိုက်ကယ်နှင့်၊
ခြင်းရာကို ကြံကာနှိုက်
ကိန်းဆိုက်အာရုံ။
○ ဉာဏ်အမှု
ကြံရှုတော့ နှစ်သက်ပုံ
ကံ အဟုန့်နှစ်သက်ပုံ
○ ဓာတ်ခေါ်ဘံ
နတ်များငယ်ဆော်ဖန်လို့၊

လျှော်ကန်တော်မှန်သိသောကြောင့်
ဘဝင်မှာ ထင်လာငြိရတယ်၊
ကျမ်းရှိလက်ရှိ။

မနောဟူသောစိတ်သည် ပစ္စုပ္ပန်ဆတ်ဆတ် တွေ့မြင်ကြားသိနေရသည်ကို မဆိုထား နှင့်၊ တွေ့ဖူး၊ မြင်ဖူး၊ ကြားဖူး၊ နမ်းဖူး၊ စားဖူး၊ တွေ့ထိဖူးသော အတိတ်အာရုံများကိုလည်း ပြန်လည်၍ ယခုပင် တွေ့ကြုံခံစားနေရသည့်နှယ် သိမြင်နိုင်စွမ်းသည်။

မတွေ့လာ၊ မကြုံလာသေးသော အာရုံများကိုလည်း ထွေးထင်မျှော်မှန်း၍ သိမြင်နိုင်သည်။ ဤသည်ကို လေထဲတိုက်အိမ်ဆောက်သည်။ စိတ်ကူးယဉ်သည်ဟု ဆိုကြသည်။

ကြားသိတွေ့ကြုံလာသော အရာဟူသမျှ ကို ယုံကြည်ထိုက်/မထိုက် အခြင်းအရာကို နှိုက်နှိုက်ချွတ်ချွတ် တွေးတောဆင်ခြင်နိုင်သည်။

နှစ်သက်ဖွယ်အာရုံမဟုတ်သော်လည်း နှစ်သက်ဖွယ်အာရုံအလား မိမိသဘောကျနှစ်ခြိုက် ဖွယ်ဖြစ်အောင် တွေးထင်ကြံဆနိုင်သည်။ ``ကိုယ်ထင် – ကုတင်ရွှေနန်း'' ``ထန်းပလပ်စုတ်ပေမယ့် နတ်ရုပ်ဟု ထင်သည်'' တို့သည်လည်းကောင်း၊ ``လူနေခြုံကြား စိတ်နေဘုံဖျား''ဟူသော စိတ်ကြီးဝင်မှုမျိုးသည်လည်းကောင်း၊ မိမိကို လှည့်စားသော စိတ်စွမ်းအင်တစ်မျိုးသာဖြစ်သည်။

သွေးလေချောက်ချားခြင်းကို ``ဓာတ်ခေါင်း'' ဟု ဆိုသည်။ သွေးလေချောက်ချားသဖြင့် အိပ်မက်ဆိုးများ မြင်မက်ခြင်းသည်လည်းကောင်း၊ ကုသိုလ်ကံတန်ခိုးကြောင့် ကောင်းသော

နိမိတ်အာရုံများ ထင်မြင်လာခြင်း၊ အိပ်မက်မြင်မက်ခြင်းသည် လည်းကောင်း စိတ်စွမ်းအင်ကြောင့်သာ ဖြစ်သည်။

တစ်ခါတစ်ရံ မိမိကို ကြည့်ရှုစောင်မလိုသော နတ်တစ်ပါးပါးက စေ့ဆော်ဖန်တီးနှိုးဆော်သဖြင့် မြင်မက်ရသော အိပ်မက်များမှာ စိတ်မှာ ထင်လာသော စွမ်းအင်တစ်မျိုးဖြစ်သည်။

ဖြစ်ရပ်လေးတစ်ခု ကြားဖူးသည်။

ကြာတော့ကြာခဲ့ပါပြီ။ မ,ကာရလောပ အကျော်ခင်ကြီးပျော်ဆရာတော်လက်ထက်တော်က ဖြစ်သည်။ ဒကာတစ်ဦး အိပ်မက်မြင်မက်သည်။ အိပ်မက်ထဲမှာ ဝတ်ဖြူစင်ကြယ်နှင့်လူကြီးတစ်ဦးက အိပ်နေသော သူ့ဦးခေါင်းကိုမ၍ အ၊ သု၊ ခ ဟူသော အက္ခရာသုံးလုံးကို ရွတ်ဆိုပြီး ပျောက်သွားသည်။ သုံးကြိမ်တိုင်တိုင် ယင်းသို့ချည်း မြင်မက်သဖြင့် ခင်ကြီးပျော်ဆရာတော်အား လျှောက်ကြားရာ ဆရာတော်က အ၊သု၊ခ –ဟူသော အက္ခရာသုံးလုံးကို–
–

အ = အမ္ဗမူလေ – သရက်ပင်ရင်းမှာ
သု = သုဝဏ္ဏံ – ရွှေအိုးကို
ခ = ခန – တူးယူပါ

ဟု အဓိပ္ပါယ် ဖွင့်ဆိုပေးလိုက်သည်။

ဒကာကြီးပြန်သွားသည်။ အိမ်ခြံတွင်းမှာ သရက်ပင်ဟူ၍မရှိ။ တွေးရကြံရ ကြပ်သွားသည်။ မိမိတို့ကိုးကွယ်သော ဆရာတော်ကလည်း–''မ, အက္ခရာ ကျေသည်၊ မသိ, မတတ်တာဟူ၍မရှိ၊ အားလုံးသိသည်၊ တတ်သည်ချည်း။ မဟုတ်တဲ့ဘဲနှင့်တော့ ဆရာတော် မမိန့်ကြားနိုင်'' ဟု ယုံကြည် ထားရင်းရှိသည်။ သို့ဖြင့် အိမ်ခြံတွင်းမှာ ရောင်းရန်စုပုံထားသော ဝါးပုံကြီးကို ဖယ်ရှား

ကြည့်ရာ သရက်ပင်ပေါက်စကလေး တစ်ပင်ကို တွေ့ရသည်။ ထိုသရက်ပင်ပေါက်အောက်ကိုတူးကြည့်ရာ အပုန်ပင် ရွှေအိုး တစ်အိုးကို ရသွားခဲ့လေသည်။ တဲ့-

ဤကား - နတ်များ နှိုးဆော်ဖန်တီးသဖြင့် စိတ်ဝယ် ထင်မြင်လာခြင်းမျိုး ဖြစ်သည်။

အိပ်မက်ဟူသည် နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေစဉ်မှာ မမက်တတ်၊ ပျော်တစ်ဝက် နိုးတစ်ဝက် ပျောက်မျှဉ်း အိပ်ပျော်စဉ်မှာသာ မက်တတ်သည်။ ထို့ကြောင့် အိပ်မက်ဟူသည်ကို မသိစိတ်ဟု မဆိုရပါ။ ထင်ထင်ရှားရှားကြီး မြင်မက်တတ်သော အိပ်မက်များကို အိပ်ရာမှထပြီးနောက်မှာသော် လည်းကောင်း၊ နောက်နေ့ရက်ပေါင်း များစွာမှာ သော်လည်းကောင်း ပြန်လည်သိရှိ နေကြလေ့ရှိသည်။ ထို့ကြောင့်ပင် အိပ်မက်ဟူသည်ကို မနောဒွါရဝီထိ (စိတ်မှာဖြစ်သော သိစိတ်) တစ်မျိုးဟုသာ ဆိုကြသည်။

စိတ်စွမ်းအင်မှာ ဤမျှသာမဟုတ်သေး။ တစ်ဖက်လူ ပြောဆိုသောစကားများ၊ ဖြစ်ရပ်များကို လျော်ကန်ခြင်းရှိ/မရှိ၊ သင့်မြတ်ခြင်းရှိ၊ မရှိ။ မှန်ကန်ခြင်းရှိ /မရှိ ခွဲခြမ်းစိတ်ဖြာ၍ သိနိုင်သည်။

စကားကုန်ပြောရလျှင် အလွန်သိမ်မွေ့ ခက်ခဲနက်နဲ လှသော တရားဓမ္မများကို ထိုးထွင်းကြံဆသိမြင်နိုင်သည်။ သစ္စာလေးပါးတရားမြတ်ကိုသော်မှ ပိုင်းခြားထင်ထင် သိမြင် နိုင်စွမ်းရှိသည်။

နတ်မျက်စိကဲ့သို့ မြင်နိုင်ခြင်း ဒိဗ္ဗစက္ခု အဘိညာဏ်၊ နတ်နားကဲ့သို့ ကြားနိုင်ခြင်း ဒိဗ္ဗ သောတဉာဏ်၊ တန်ခိုးအမျိုးမျိုးကို

ဖန်ဆင်းနိုင်ခြင်း ဣဒ္ဓိဝိဓအဘိညာဏ်၊ သူတစ်ပါး စိတ်ကို သိနိုင်ခြင်း၊ ပရစိတ္တဝိဇာနနအဘိညာဏ်၊ ရှေးဘဝကို သိနိုင်ခြင်း ပုဗ္ဗေနိဝါသာနုဿတိအဘိညာဏ်၊ နောက်ဘဝကို သိနိုင်ခြင်း အနာဂတံသအဘိညာဏ်၊ ကံအားလျော်စွာ လားရောက်ရမည့် ဘဝကို သိနိုင်ခြင်း ယထာကမ္မူပဂအဘိညာဏ်--ဟူသော အဘိညာဏ် (၇) ပါးလုံးကို သိမြင်နိုင်ခြင်းသည်လည်း ထက်မြက်သော စိတ်စွမ်းအင်ပင် ဖြစ်သည်။

ဤသည်တို့ကား ကျမ်းလာစကား စိတ်စွမ်းအင်ကို ပြဆိုခြင်းဖြစ်သည်။ စိတ်စွမ်းအင်နှင့် ပတ်သက်၍ ''စိတ်တန်ခိုး'' အမည်ဖြင့် ဆောင်းပါးတစ်ပုဒ်ကို ငယ်စဉ်က ဖတ်ခဲ့ဖူးသည်။ ယခုတိုင် အမှတ်ရသေးသည်။ ဖြစ်ရပ်နှစ်ခုဖော်ပြထားသည်။

တစ်ခုသော ဖြစ်ရပ်မှာ။ ။ စစ်မဖြစ်မီက အထက်အညာကျေးရွာကြီးတစ်ရွာမှာ ရွာသူကြီး တစ်ယောက်ရှိသည်။ တစ်နေ့မှာ သူကြီးသည် အခြားရွာတစ်ရွာသို့ အကြွေးတောင်းရန် အိမ်မှ ထွက်ခဲ့သည်။ ပုဆိုးကွက်တုံးနီရဲရဲကြီးနှင့် ပင်နီ တိုက်ပုံအင်္ကျီကို အကျဝတ်ထားသည်။ သွားလိုက်သည်မှာ တစ်နေ့လုံး ပြန်မရောက်ခဲ့၊ ညနေ နေဝင်ရီတရောအချိန်လောက်တွင် သမီးကြီးဖြစ်သူသည် ဘုရားသောက်တော်ရေ လဲလှယ်ဖို့ အိမ်ပေါ်ပြတင်းမှ သောက်တော်ရေဟောင်းကို လောင်းစွန့်နေစဉ် အိမ်ခြံဝဘက်မှာ လူရိပ်မြင်သဖြင့် ကြည့်လိုက်ရာ သူ့ဖခင်ကြီးဖြစ်နေသည်။ မနက်က ဝတ်သွားသော ပုဆိုးကွက်တုံးနီရဲရဲကြီးနှင့် တိုက်ပုံအင်္ကျီနှင့် အတိုင်းပင်။ သို့သော် ရင်ဝမှာ ဓားတန်းလန်းနှင့် သွေးကွက်ကြီးဖြစ်နေသည်ကို တွေ့လိုက်ရသည်။ ခြံဝမှဝင်လာပြီး ခြံတွင်းအရောက်မှာ လဲကျသွားသည်။ သမီးကြီးသည် သောက်တော်ရေခွက်ကိုချ၍-

''အဖေ-အဖေ -- ဘယ်လိုဖြစ်တာလဲ'' ဟု ခေါ်ခေါ် မေးမေးဖြင့် အိမ်ပေါ်မှ ပြေးဆင်းခဲ့သည်။ အိမ်အောက်သို့ ရောက်ရှိလာစဉ်တွင် ခြံဝမှာ ဘာမှ မတွေ့မမြင်ရချေ။

သမီးကြီးစိတ်ထဲ တစ်မျိုးကြီးမှ တစ်မျိုးကြီး ဖြစ်သွားသည်။ ''တစ်ခုခုတော့ တစ်ခုခုပဲ''ဟု တွေးမိပြီး စိတ်လေး နေခဲ့သည်။ အတော်လေးကြာသော် သတင်းတစ်ခု ရောက်လာသည်။ ''သူ့ဖခင်ကြီးသည် ထိုရွာမှာ ဓားဖြင့်ထိုးခံရ၍ သေလေပြီ'' ဟူသောသတင်းဖြစ်သည်။ တိုက်ဆိုင်သည်မှာ တိတိကျကျ ထပ်သိ ရသော သတင်းအရ ''သူ သောက်တော်ရေလဲနေစဉ် အိမ်ခြံဝတွင် သူ့ဖခင်ကို မြင်တွေ့ရသောအချိန်မှာ သူ့ဖခင် ဓားထိုးခံရကြောင်း'' သိရခြင်းပင်။

''သူ့ဖခင်သည် ဓားထိုးခံပြီး သေအံ့မူးမူးတွင်စိတ်က အိမ်ပြန်ချင်နေသည်။ သူ့ဖြစ်အင်ကို ပြောပြချင်သည်။ အခြေ အနေက အိမ်လည်း မပြန်နိုင်ပြီ။ ပြော၍လည်း မပြနိုင်ပြီ။ သည်သောအခါ သူ့ဖြစ်အင်ကို စိတ်စွမ်းအင်ဖြင့် အိမ်သားများကို သိစေလိုက်ခြင်းဖြစ်သည်'' ဟု ဆောင်းပါးရှင်က သုံးသပ်ပြ ထားသည်။ ထိုကိုရည်ရွယ်၍ ဆောင်းပါးကို ''စိတ်တန်ခိုး''ဟု အမည်ပေးထားပုံရသည်။

သေသူက သေခဲ့ပြီမို့ ဆောင်းပါးရှင် သုံးသပ်သလို မှန်/မမှန် မပြောနိုင်ပြီ၊ သို့သော် သမီးကြီးဖြစ်သူ မြင်လိုက်ရသော အာရုံကား စိတ်စွမ်းအင်ဖြင့် မြင်လိုက်ရခြင်းသာ ဖြစ်သည်ဟု ယူဆသည်။

အတိတ်နိမိတ်ကို ယုံကြည်လေ့ရှိသော မြန်မာတို့အဖို့ အဝေး ရောက်နေသော သားချင်းထဲမှ တစ်ယောက်ယောက် ဒုက္ခ

ရောက်နေလျှင်လည်းကောင်း၊ သေခြင်းဆိုးဖြင့် သေရလျှင် လည်းကောင်း မိသားစုမှာ ထူးခြားသောဖြစ်ရပ်များ တိုက်ဆိုင် ဆုံဆည်းလေ့ရှိသော သဘောပင် ဖြစ်သည်။

နောက်ဖြစ်ရပ်တစ်ခုမှာ ။ ။ မန္တလေး မြို့ကြီးပေါ်မှာ ဖြစ်သည်။ ကြာတော့ ကြာခဲ့ပါပြီ။ ဖခင်ဖြစ်သူက ဘုရားတရား အလွန်ကြည်ညိုသည်။ ကမ္မဋ္ဌာန်းဘာဝနာကို နေ့စဉ်ပွားများလေ့ ရှိသည်။ သို့သော် သားဖြစ်သူကား ဘာသာမဲ့ ကွန်မြူနစ်ဝါဒသမား ဖြစ်သည်။ တောပင်ခိုခဲ့ဖူးသည်။ နောင်အလင်းဝင်လာပြီး ဖခင်ကြီး အိမ်မှာပင်နေသည်။ ဖခင်ကြီး ဘုရားရှိခိုး ကမ္မဋ္ဌာန်းအားထုတ် သည်ကို "အလကားအလုပ်၊ အဓိပ္ပာယ်မရှိ" ဟု မကြာခဏ ပြောလေ့ရှိသည်။ သို့ဖြင့် တစ်နေ့မှာ–

"ငါ့သား–အဖေ့ကို ဒီလိုဝေဖန်တာ အဖေလုပ်တဲ့ အလုပ် မျိုးကို သားလက်တွေ့ လုပ်ကြည့်ဖူးပြီးလို့လား"

"လုပ်တော့မလုပ်ဖူးပါဘူး၊ ဒါပေမယ့် အလကား အချိန် ဖြုန်းနေတာတော့ မြင်နေသားပဲ"

"ငါ့သား မလုပ်ကြည့်သေးဘဲနဲ့ မပြောပါနှင့်၊ ငါ့သား အရင်လုပ်ကြည့်ပါဦး၊ အကျိုးထူးမရှိမှ ပြောပေါ့၊ လက်တွေ့ အရင်လုပ်ကြည့်လိုက်ဦး – ဟုတ်လား"

သားဖြစ်သူသည် လက်တွေ့သမားဖြစ်ရာ ဖခင်ကြီး ညွှန်ပြ သည့်အတိုင်း ဇွဲနှင့်အားထုတ်ကြည့်သည်။ တစ်ပတ်နှစ်ပတ် လောက်မှာ သူ့စိတ်ငြိမ်စပြုလာသည်။ သမာဓိ တည်လာသည်။ ထိုအခါ သူ့စိတ်ထဲမှာ အာရုံတစ်ခုထင်လာသည်။ "သူ့အိမ် ခေါင်တန်းပေါ်မှာ ဝတ်လစ်စားလစ်မိန်းမပျိုတစ်ဦး ဒန်းစီးနေသည်"

ကို မြင်ရသည်။ ``ဟင် -ဘာတွေ မြင်နေပါလိမ့်``ဆိုပြီး အာရုံ ဖြတ်ကာ ထလိုက်သည်။ နောက်နေ့မှာလည်း စိတ်ငြိမ်၍ သမာဓိ ရလာသည်နှင့် ထိုအာရုံပေါ်လာသည်။ နောက်ရက်မှာလည်း ထိုအတိုင်းဖြစ်ပြန်သည်။ သည်အတိုင်းနေ၍ ပဖြစ်တော့၊ ဖခင် ကြီးအား ပြောပြရတော့သည်။

``အေး-ဟုတ်တယ် သား-အဖေတို့ ဒီအိမ်ကိုပဝယ်ခင်က ဒီအိမ်မှာ မိန်းမပျိုလေးတစ်ယောက် ကြိုးဆွဲချပြီး သေဆုံးခဲ့တယ်လို့ သိထားရတယ်။ အခု-ငါ့သားကို ကိုယ်ထင်ပြတာက ငါ့သားနဲ့ ဘဝတစ်ခုခုက အကြောင်းဆက် မကင်းတာ ဖြစ်လို့ ငါ့သားဆီက အကူအညီ တောင်းခံတာ ဖြစ်တယ်``

``ဘာအကူအညီလဲ အဖေ``

``သူ့ခမျာ ခုလိုဘဝမျိုးနဲ့ မကျွတ်မလွတ် ဖြစ်နေရ တာကို သားက အလှူအတန်း လုပ်ပြီး အမျှပေးဝေစေချင်တဲ့ သဘောပဲ-သား``

သားဖြစ်သူက လက်တွေ့သမားမို့ ချက်ချင်း ပစ္စည်းဝယ်ပြီး အလှူအတန်းပြုလုပ်သည်။ သူမအားရည်စူး၍ အမျှအတန်း ပေးဝေလိုက်သည်။ ထိုနေ့မှစ၍ သားဖြစ်သူ စိတ်ထဲမှာ ထိုအာရုံ မထင်မမြင်လာတော့ပေ။ ကျွတ်လွတ်သွားဟန်ရှိသည်။ ဤဖြစ်ရပ် ဝယ် - သားဖြစ်သူ၏ စိတ်အာရုံမှာ ထင်မြင်လာသော ဖြစ်ရပ်မှန် အကြောင်းအရာကို ပြဆိုထားသဖြင့် စိတ်တန်ခိုးကား ဤသို့လည်း ရှိတတ်ပါသည်ဟု ဆောင်းပါးရှင်က ဆိုခဲ့သည်။

(ဆောင်းပါးရှင်၏အမည်ကို မေ့နေသဖြင့်မဖော်ပြနိုင်ပါ။)

ပနောဟု ဆိုအပ်သော စိတ်၌ထင်လာသော အာရုံတို့ သည် ပဥ္စဒွါရဝီထိတို့ကဲ့သို့ များများစားစားမရှိ။ ထင်ရှားသော

အာရုံ. မထင်ရှားသော အာရုံဟူ၍ နှစ်မျိုးသာရှိသည်။ တစ်စုံတစ်ရာကို ကြံစည်တွေးတောရာမှာ ထင်ထင်ရှားရှားဖြစ်လျှင် စိတ်အစဉ်သည် ဘဝင်အလျဉ်ကို ဖြတ်၍-

စိတ်ကို ဆင်ခြင်သော မနောဒွါရာ ဝဇ္ဇန်းစိတ်

ထင်ရှားသော အာရုံကိုသိသော ဇော-စိတ် (၇)ကြိမ်

ဇော၏ အာရုံအတိုင်း ဆက်ယူသော တဒါရုံစိတ် (၂)ကြိမ် ဖြစ်သည်။ ထင်ရှားသောအာရုံဖြစ်၍ ဝိဘူတာရုံဝီထိဟု ခေါ်သည်။ ဝီထိစိတ်အစဉ်ကို ``မ၊ဇ၊ဇ၊ဇ၊ဇ၊ဇ၊ဇ၊ဇ၊ဒါ၊ဒါ'' ဟု အတိုမှတ်နိုင်သည်။

တစ်စုံတစ်ရာကို ကြံစည်တွေးတောရာမှာ မထင်မရှား ဖြစ်နေလျှင် စိတ်အစဉ်သည် ဘဝအလျဉ်ကို ဖြတ်၍-

စိတ်ကို ဆင်ခြင်သော မနောဒွါရာဝဇ္ဇန်းစိတ်၊

မထင်ရှားသော အာရုံကိုသိသော ဇောစိတ်

(၇)ကြိမ် ဖြစ်သည်။ မထင်ရှားသည့်မို့ တဒါရုံစိတ် ဖြစ်ခွင့်မရှိပြီ။ မထင်ရှားသောအာရုံဖြစ်သော ကြောင့် အဝိဘူတာရုံဟု ခေါ်သည်။ အစဉ်ကို ``မ၊ ဇ ဇ ဇ ဇ ဇ ဇ ဇ'' ဟု အတိုမှတ်နိုင်သည်။

မနောဒွါရမှာဖြစ်သော ဝီထိစိတ်အစဉ်မှာ ဤနှစ်မျိုးသာ ဖြစ်သည်။ ထိုနှစ်ခုအနက် ဝိဘူတာရုံ ဝီထိဖြစ်သော စိတ်အစဉ်မှာ စွမ်းအင်ကြီးမားလွန်းသည်။

စိတ်ကို နိုင်နင်းအောင် ဆုံးမနိုင်သော သမထလုပ်ငန်း များလုပ်၍ ဈာန်တရားများ, အဘိညာဏ်တရားများ, မဂ်ဖိုလ် တရား များကိုရနိုင်သည်။ ဈာန်မဂ်ဖိုလ်အာရုံဆိုလျှင် ဝိဘူတာရုံပင် ဖြစ်သော်လည်း တဒါရုံ ဖြစ်ခွင့်မရှိချေ။ တဒါရုံ တို့မည်သည်

ကာမဓော၊ ကာမအာရုံ၊ ကာမသတ္တဝါတို့နောက်မှာသာ ကျင်ရိုး ဖြစ်ရိုးရှိသည်။

လူသာမန်တို့၏စိတ်သည် တောမျောက်ကဲ့သို့ အငြိမ်မနေ၊ အာရုံတစ်ခုမှ တစ်ခုသို့ ကူးပြီးရင်း. ကူးပြီးနေတတ်သော်လည်း ဈာန်ရရှိပြီး သူတို့သည် ဈာန်ဝင်စားလိုလျှင် သူ့စိတ်ကို ဈာန် အာရုံတစ်ခုတည်းမှာသာ၊ သတ်မှတ်ထားသော အချိန်ကြာအောင် ထားရှိနိုင်ခြင်းဖြင့် ဈာနဝိထိစိတ်များသာ ဖြစ်ပေါ်နေသည်။

မဂ်ဖိုလ် ရပြီးသူတို့သည်လည်း ဖိုလ်ဝင်စားလိုလျှင် သူ့ စိတ်ကို ဖိုလ်စိတ်အစဉ်ချည်း ဖြစ်အောင်ထားခြင်းဖြင့် ဖလသမာ ပတ္တိဝိထိစိတ်များ (ဖိုလ်စိတ်များ)ချည်း ဖြစ်ပေါ်နေသည်။

ထိုဈာန်စိတ်, ဖိုလ်စိတ်များကို ကျမ်းဂန်အခေါ် အပ္ပနာ ဇောဟုခေါ်သည်။ ဈာန်တရား,ဖိုလ်တရားထဲမှာ စိတ်အစဉ်တစ်ခု တည်းအဖြစ် နက်နက်ရှိုင်းရှိုင်းကြီး သက်ဝင် နှစ်မြုပ်နေခြင်းကို အပ္ပနာဇောဟုဆိုသည်။ ထိုအပ္ပနာဇောများသည် မိမိအလိုရှိသော ဣရိယာပုတ်အတိုင်း သတ်မှတ်ချိန်ကုန်ဆုံးသည့်တိုင်အောင် တည်တံ့နေစေရန် ထောက်ပံ့ထားနိုင်ကြသည်။ ကျမ်းလာသာဓက အများရှိသော်လည်း ခေတ်သာဓကတစ်ခုကို ထုတ်ပြလိုသည်။

လွန်ခဲ့သော ၁၀နှစ်ကျော်ကာလက ဖြစ်သည်။ မွန်ပြည် နယ်၊ မုဒုံမြို့နယ်တွင် တော်ကူးဟူသော မွန်ရွာရှိသည်။ ရွာဦး ကျောင်းတော်ကူးဆရာတော်ဘုရားသည် တရားအားထုတ်ရာမှာ ဖွဲ့ရှိလှသည်။ တရားပေါက်အောင်မြင်သည်ဟုလည်း ကျော်ကြား ခဲ့သည်။ထိုဆရာတော်သည် ခန္ဓာကိုယ်ဝဝဖိုင့်ဖိုင့်ကြီးဖြစ်သည်။ သက်တော် ရွယ်တော်ကြီးရင့်ပြီး ဖြစ်သဖြင့် သွားလာရာမှာ အကူရဟန်းတစ်ပါးပါးက တွဲပေးရသည်။

ဆရာတော်ကြီးသည် တရားအားထုတ်လျှင် မတ်တတ်ရပ်လျက် အားထုတ်လေ့ရှိသည်။ တရားအားထုတ်တော့မည်ဆိုလျှင် ရဟန်းနှစ်ပါးက တစ်ဖက်တစ်ချက်စီမှအစတွင် တွဲထူကူမ ပေးထားရသည်။ အတန်ကြာလျှင် ရဟန်းငယ်နှစ်ပါး အတွဲဖြုတ်လိုက်သည်။ ဆရာတော်ကြီးတစ်ပါးတည်း မတ်တတ်ရပ် ကျန်ရစ်သည်။ ဤသို့ ရပ်လျက်အတိုင်း ငြိမ်သက်စွာဖြင့် သုံးရက်မျှထိ နေနိုင်သည်။ ဤကာလအတွင်း လှုပ်ရှားခြင်း အလျှင်းမရှိ၊ စားသောက်ပေါက်ပါခြင်း လုံးဝမရှိပေ။ ဈာနဝီထိစိတ်အစဉ်ချည်တန်း၍ ဖြစ်နေခြင်းသော်လည်းကောင်း၊ ဖလသမာပတ္တိဝီထိစိတ် အစဉ်ချည်းတန်း၍ ဖြစ်နေခြင်းသော်လည်းကောင်းဖြစ်သည်။ ထိုကို အဘိဓမ္မာ သင်္ဂြိုဟ်ကျမ်းက–

"အပ္ပနာဇဝနံ ဣရိယာပထမ္ပိ သန္နာမေတိ"

(အပ္ပနာဇောသည် လျောင်းထိုင်ရပ်သွား ဣရိယာပုတ်လေးပါးကို ကြာရှည်နေနိုင်အောင် ထောက်ပံ့နိုင်စေသည်)ဟု ပြဆိုထားသည်။

ဤသို့လျှင် ဝီထိစိတ် (သိစိတ်)တို့သည်–

၁။ ငါးဒွါရမှာဖြစ်သော ပဉ္စဒွါရဝီထိစိတ်၊

၂။ မနောဒွါရမှာဖြစ်သော မနောဒွါရဝီထိစိတ်၊

၃။ ဈာနဝီထိစိတ်၊

၄။ မဂ္ဂဝီထိစိတ်၊

၅။ ဖလသမာပတ္တိဝီထိစိတ်–

စသည်ဖြင့် အများပင်ရှိသော်လည်း သာမန်လူသားတို့အဖို့ ပဉ္စဒွါရဝီထိစိတ်။ ကာမမနောဒွါရဝီထိစိတ်ဟူ၍ စိတ်အစဉ်နှစ်မျိုးသာ

အသက်ရှင် သမျှသော ကာလပတ်လုံး မပြတ်ဖြစ်၍နေကြပါသည်။ မပြတ် ဖြစ်သည်ဆိုသော်လည်း ဖြစ်လိုက်, ပျက်လိုက်၊ အသစ်ပြန်ဖြစ်လိုက်၊ ထပ်ပျက်လိုက် ဖြစ်နေခြင်းသာ ဖြစ်သည်။

❖ ❖ ❖ ❖

## ၄။ စုတိစိတ် (ဝါ) သေစိတ်

ဓာတိပဋိသန္ဓေနေ၍ မွေးဖွားခြင်းနှင့် စလာသော လူသားတစ်ယောက်သည် နောက်ဆုံးတစ်နေ့ သေရမည်ကောင်း ဖြစ်သည်။ ''အသက် ထင်လင်း၊ ရှိနေခြင်းကား၊ သေခြင်းနောက်ဆုံး ရှိချေ၏'' ဟူသည့်အတိုင်း၊ တစ်နေ့မှာ သေကိုသေရမည် ဖြစ်သည်။ ထိုသေစိတ်သည်ပင်လျှင် ဤဘဝဟောင်းမှ ရွေ့လျောစေတတ်သောကြောင့် စုတိစိတ် (ဝါ) သေစိတ်ဟု ဆိုပါသည်။

လူသားတို့၏ သေခြင်းသည်---

၁။ အာယုက္ခယမရဏ = သက်တမ်းကုန်၍ သေခြင်း။

၂။ ကမ္မက္ခယမရဏ = ကံကုန်၍ သေခြင်း။

၃။ ဥဘယက္ခယမရဏ = သက်တမ်း, ကံနှစ်ပါးစုံကုန်၍ သေခြင်း။

၄။ ဥပစ္ဆေဒကမရဏ = အသက်တမ်း, ကံနှစ်ပါးရှိသေးသော်လည်း ကပ်၍ဖြတ်တတ်သောကံကြောင့် လတ်တလောသေခြင်း

ဟူ၍ သေခြင်းလေးမျိုး ရှိသည်။

## ၁။ အာယုကပ္ပယမရဏ

လူတို့၏ သက်တမ်းသည် ရာတမ်း၊ ထောင်တမ်း စသဖြင့် ရှိသည်။ ကာလသမ္ပတ္တိကအခါက သက်တမ်းအသင်္ချေထိ ရှိခဲ့ကြသည်။ ကာလဝိပ္ပတ္တိမည်သော ယခုခေတ်ကာလမျိုး ကာလိယုဂ်ဆုတ်ခေတ်မှာ ရာတမ်းပြည့်ပြည့်ပင် မရှိတော့ပေ။ အလွန်အမင်း ရှိလှမှ ၉၀ နီးနားမျှသာ ရှိတော့သည်။ များသောအားဖြင့် ၈၀ ဝန်းကျင်မျှဖြင့်ပင် ယခုခေတ်လူတို့သက်တမ်း ဖြစ်သည်။ ထိုရောက်ဆဲသက်တမ်းကုန်၍ သေခြင်းမျိုးကို အာယုကပ္ပယမရဏဟု ဆိုပါသည်။

ဗုဒ္ဓရှင်တော်ဂေါတမမြတ်စွာဘုရားသည် သက်တမ်း ၁၀၀ တမ်းတွင် ပွင့်တော်မူခဲ့သည်။ သို့သော် သက်တော် ၈၀ မှာပင် ပရိနိဗ္ဗာန်စံဝင်ခဲ့သည်။ ထိုဗုဒ္ဓရှင်တော်မြတ်၏ ပရိနိဗ္ဗာန်စံဝင်ခြင်းသည် သေခြင်းလေးမျိုးတွင် မည်သည့်သေခြင်းမျိုး ဖြစ်ပါသနည်း။ မေးလေ့ရှိကြသည်။ အာယုကပ္ပယမရဏ သက်တမ်းကုန်၍ သေခြင်းမျိုးသာ ဖြစ်သည်ဟု ဖြေရာသည်။

အကြောင်းကား--

ဘုရားရှင်တို့မည်သည် ရောက်ဆဲသက်တမ်းကို ငါးပုံပုံ၍ တစ်ပုံချန်ထားကာ ပရိနိဗ္ဗာန်ပြုစမြဲ ဓမ္မနိယာမ သဘောရှိသော ကြောင့်တည်း။

သက်တမ်း ၁၀၀ ရှိပါလျက် ၈၀ ဖြင့် ပရိနိဗ္ဗာန်စံဝင်ခြင်းသည် သက်တမ်းကုန်၍သေခြင်းမဟုတ်။ ကံကုန်၍ သေခြင်းသာ ဖြစ်သည်ဟု မဆိုထိုက်။ အကြောင်းကား - ဗုဒ္ဓရှင်တော်သည် ဘုန်းတော်အနန္တ၊ ကံတော်အနန္တဉာဏ်တော်အနန္တရှိပြီးဖြစ်သောကြောင့် တည်း။ ဗုဒ္ဓရှင်တော်သည် ပရိနိဗ္ဗာန်မစံလွန်မီ ၃ လ ခန့်က စေတိယနတ်ကွန်း မှာ အရှင်အာနန္ဒာအား ဤသို့ မိန့်ကြားခဲ့သည်။

``ချစ်သားအာနန္ဒာ–ငါဘုရားသည် ဣဒ္ဓိပါဒ် လေးပါးကို ပြည့်ပြည့်စုံစုံလုံလုံလောက်လောက် ပွားများပြီးဖြစ်သောကြောင့် ရောက်ဆဲသက်တမ်း ပြည့်ပြည့်သော်လည်းကောင်း၊ ရောက်ဆဲသက်တမ်းထက် အနည်းငယ်ပိုလွန်း၍ နှစ်ဆယ်၊ သုံးဆယ်–– စသဖြင့်လည်းကောင်း နေပည်ဆိုက နေနိုင်ပေသည် အာနန္ဒာ``

ဗုဒ္ဓရှင်တော် ဤသို့မိန့်ကြားရခြင်းမှာ –ဘုရားရှင်တို့ ဓမ္မတာ အာယုကပ်ငါးပုံပုံ၍ တစ်ပုံ ချန်ထားကာ ပရိနိဗ္ဗာန်ပြုစမြဲ ဓမ္မနိယာမ ရှိရကား ညီတော်အာနန္ဒာက လျှောက်ထားတောင်းပန်လာလျှင် အာယုကပ် ကုန်ဆုံးသည့်တိုင်အောင်လည်းကောင်း၊ အာယုကပ်ထက် ပိုလွန်၍သော်လည်းကောင်း နေနိုင်သည့်အဖြစ်ကို သိစေတော်မူလိုသောကြောင့် ဖြစ်သည်။

ထိုစဉ်အခါက–မာရ်နတ် နှောင့်ယှက်ထားသဖြင့် လျှောက်ထား တောင်းပန်ရန် မေ့လျော့နေခဲ့သည်။ သုံးကြိမ်တိုင်အောင် မိန့်တော်မူသော်လည်း ညီတော်အာနန္ဒာထံမှစကားတုံ့ကိုမရသဖြင့်–

``ချစ်သားအာနန္ဒာ–သွားလေလော့၊ သင့်ရာဌာနမှာ နေချေလော့``–မိန့်ဆိုသဖြင့် အရှင်အာနန္ဒာ ထသွားပြီး တစ်နေရာမှာ နေခိုက် ဘုရားရှင်ထံ မာရ်နတ်မင်းရောက်လာပြီး ပရိနိဗ္ဗာန် ပြုပါတော့ရန် လျှောက်ထားသည်တွင်–

``ဟယ် မာရ်နတ်–ငါဘုရား၏ ပရိနိဗ္ဗာန် ပြုမှု မပြုမှု အတွက် သင့်ကြောင့်ကြမနေနှင့်၊ ဤနေ့မှစပြီး သုံးလ လွန်လျှင် ငါဘုရားပရိနိဗ္ဗာန်ပြုတော်မူမည်``ဟု မိန့်တော်မူကာ အာယုသင်္ခါရ လွှတ်တော်မူသည်။ ဤသို့ ဗုဒ္ဓရှင်တော်မြတ်သည် သက်တော် (၈၀)မှာ ပရိနိဗ္ဗာန်ပြုခဲ့သော်ငြား ဘုရားတို့ ဓမ္မတာအရ ပြုခြင်းမို့

အာယုက္ခယမရဏဖြင့်သာ ပရိနိဗ္ဗာန်ပြုတော်မူသည်ဟု သိမှတ်ရပါမည်။

## ၂။ ကမ္မက္ခယမရဏ

ရောက်ဆဲသက်တမ်းအထိ မနေရဘဲ အသက်တစ်ဝက် တစ်ပျက်ဖြင့် သေရခြင်းမျိုးသည် ကမ္မက္ခယမရဏ ကံကုန်၍ သေခြင်း ဖြစ်ပါသည်။

အချို့ အမိဝမ်းတွင်းမှာ ပဋိသန္ဓေနေလာပြီး လူသား သန္ဓေဖြစ်လာပြီးကာမှ မမွေးဖွားမီကပင် သေဆုံးရသည်။ အချို့မှာ မွေးဖွားလာပြီး မကြာမီမှာ သေဆုံးရသည်။ အချို့မှာ တစ်လ၊ နှစ်လ၊ တစ်နှစ်၊ ဆယ်နှစ်--စသည် နေပြီး သေဆုံးရသည်။ ဤသေဆုံးရခြင်းမျိုးသည် ကံကုန်၍ သေခြင်းဖြစ်ပါသည်။

ကံကုန်ခြင်းကြောင့် သေမည်အမှန်သိလျှင် ၎င်းကံကို ပြုပြင်နိုင်သည်။ ကံနိမ့်မှန်းသိလျှင် ကံမြှင့်ရသည်။ ကံပေါက်လျှင် ကံဖာရသည်။ ကံကျိုးလျှင် ကံဆည်ရသည်။ ကံကိုပြုပြင်ပေးခြင်းဖြင့် ကံဆက်ကာ သက်တမ်းစေ့ နေနိုင်ကြပါမည်။ ကျောင်းအိုကျောင်းပျက်၊ ဇရပ်အို၊ ဇရပ်ပျက်များကို ပြုပြင်ခြင်း၊ ရေတွင်း ရေကန်တူးဖော်လှူဒါန်းခြင်း၊ လမ်းတံတားများ ပြုပြင် ဆောက်လုပ်ခြင်း စသည်ဖြင့် နိမ့်နေသောကံကို မြှင့်တင်နိုင်သည်။ ပေါက်နေသောကံကို ဖာထေးနိုင်သည်။ ကျိုးနေသောကံကို ဆည်နိုင်သည်။ ပြတ်တော့မည့်ကံကို ဆက်စေနိုင်သည်။

ဘုရား၊ တရား၊ သံဃာ၊ ရတနာသုံးပါးကို ယုံကြည်စွာ ကိုးကွယ်ဆည်းကပ်ခြင်း၊ အသက်အားဖြင့်လည်းကောင်း၊ ဂုဏ်အားဖြင့်လည်းကောင်း၊ ကြီးကုန်သောသူတို့ကို ရှိခိုးပူဇော် မြတ်နိုး

တနာပြုခြင်း--စသည်ဖြင့် ကံဆက်ကာ အသက် ဆက်လက်ရှင်သန်နိုင်သည်။

ဗုဒ္ဓဘုရား သက်တော်ထင်ရှား ရှိတော်မူစဉ်က ဖြစ်သည်။ ဒီဃလံဂိကမြို့တွင် ပုဏ္ဏားလင်မယားမှာ သားတစ်ယောက် ဖွားမြင်လာသည်။ မိမိတို့ ကိုးကွယ်သော ဆရာရသေ့အား ဖူးမြော်ရာ လင်မယားနှစ်ဦးမှာ သားငယ်ကို တစ်လှည့်စီ ချီစေပြီး အသီးသီး ရှိခိုးကြသည်။

သူတို့ရှိခိုးစဉ်မှာ ဆရာရသေ့က ''အသက်ရှည်ပါစေသတည်း'' ဟု ဆုပေးသည်။ ကလေးငယ်ကို ရှိခိုးစေသည်ရှိသော် ရသေ့က ဘာမှမပြောဘဲ တိတ်တဆိတ်နေသည်။ မိဘတို့က- ''အရှင်ဘုရား-တပည့်တော်တို့ ရှိခိုးတုန်းက အသက်ရှည်ပါစေသတည်း''ဟု ဆုပေးသည်။ ဤကလေးငယ် ရှိခိုးသော အခါမှာ အဘယ်ကြောင့် ဆုမပေးပါသနည်း''

''ဒါယကာ ပုဏ္ဏား-ဤကလေးငယ်မှာ အသက်အန္တရာယ်ရှိသည်။ ထို့ကြောင့် ဆုမပေးပါ''

''အရှင်ဘုရား - ဤကလေးငယ်သည် အသက်မည်မျှရှည်မည်နည်း''

''ဒါယကာ ပုဏ္ဏား-ခုနစ်ရက်မျှသာ အသက်ရှည်ပေလိမ့်မည်''

''အရှင်ဘုရား-ထိုကျရောက်လာမည့် အသက်အန္တရာယ်ကို တားမြစ်နိုင်ပါသလော''

''ဒါယကာ - ငါကား တားမြစ်နိုင်မည့် အကြောင်းကို မသိနိုင်ပါ''

''အရှင်ဘုရား–အဘယ်သူ သိနိုင်ပါမည်နည်း''

''ရဟန်းဂေါတမ သိနိုင်ပေရာသည်။ ရဟန်းဂေါတမထံ သွားရောက်၍ မေးမြန်းပါလေ'' ဆိုသဖြင့် ဗုဒ္ဓရှင်တော်မြတ်ထံ ချဉ်းကပ် လျှောက်ထားကြသည်။

''ဘုန်းတော်ကြီးတော်မူလှသော မြတ်စွာဘုရား–ကလေး၏ အသက်အန္တရာယ်ကို တားမြစ်နိုင်သော အကြောင်း တစ်စုံတစ်ရာ ရှိကောင်းပါသလားဘုရား–''

''ရှိကောင်းပေသည် ပုဏ္ဏား''

''အရှင်ဘုရား–အသို့လျှင် ရှိနိုင်ပါသနည်း ဘုရား''

''ပုဏ္ဏား–သင့်အိမ်ရှေ့မှာ မဏ္ဍပ်တစ်ခု ဆောက်လုပ်ပါ။ မဏ္ဍပ်အလယ်မှာ ခုံယင်တစ်ခုထား။ ထိုခုံယင်ပေါ်မှာ သင့်ကလေးကို နေပါစေ။ ၎င်းခုံယင်ကို ဝန်းရံပြီး နေရာရှစ်ခုကို ခင်းထားပါ။ ထိုနေရာမှာ သံဃာတော်များ နေထိုင်ပြီး ခုနစ်ရက်ပတ်လုံး ပရိတ် အရံအတားပြုမည်ဆိုလျှင် ကလေး၏ အသက်အန္တရာယ်ကို တားမြစ်နိုင်ပေမည်''

ပုဏ္ဏားလင်မယားသည် မြတ်စွာဘုရား မိန့်ကြားတော်မူသည့်အတိုင်း ပြုလုပ်သည်။ မြတ်စွာဘုရားသခင်က သံဃာတော်များကိုစေလွှတ်၍ ပရိတ်ရွတ်ဖတ်စေသည်။ ခုနစ်ရက်မြောက်သော နေ့တွင် မြတ်စွာဘုရားသခင် ကိုယ်တော်တိုင် ကြွရောက် ချီးမြှင့်သည်။ မြတ်စွာဘုရားသခင် ကြွတော်မူလာသဖြင့် တန်ခိုးကြီးသော နတ်မင်းများလည်း လာရောက်ကြသည်။ တန်ခိုးကြီးသော နတ်မင်းများလာလျှင် တန်ခိုးငယ်သောနတ်များ နောက်ဆုတ်ပြီး နေရာဖယ်ပေးကြရသည်။ ဤသို့ဖြင့် ခုနစ်ရက်ပြည့်လျှင် ဤကလေး

ငယ်အား စားခွင့်ရသော အဝရဒ္ဒကဘီလူးသည် တစ်ဆယ့်နှစ်ယူဇနာ ဝေးကွာသောအရပ်သို့ ရောက်ရှိသွားပြီး ၎င်းရရှိထားသော အခွင့်ချိန်ခါ ကုန်လွန်သွားခဲ့ရသည်။ ဤသို့ဖြင့် ကလေးငယ်သည် အသက် ဆက်လက်ရှင်သန်ခဲ့ရာ အသက် တစ်ရာ့နှစ်ဆယ်တိုင်ခဲ့သည်။

ဤဖြစ်တော်စဉ်ကို အကြောင်းပြု၍ ယနေ့ကာလ ဘုရားကိုးဆူပူဇော်ပွဲ ဖြစ်ပေါ်လာသည်။

ဤ၌ စကားအလျဉ်းသင့်သဖြင့် အသက်ရှည်ခြင်း၏ အကြောင်းကံပြ–ဇာတ်တော်တစ်ခုကို ပြလိုပါသည်။ မဟာဓမ္မပါလ ဇာတ်တော်ဖြစ်သည်။

ရှေးတုန်းက ကာသိတိုင်းအတွင်းမှာ ဓမ္မပါလမည်သောရွာတစ်ရွာရှိသည်။ ရွာသူကြီးက မဟာဓမ္မပါလမည်သည်။ သူ၏သားက ဓမ္မပါလမည်သည်။ ဖခင်ကြီးသည် သားဖြစ်သူကို အတတ်ပညာသင်ယူရန် တက္ကသိုလ်ပြည်သို့ ပို့လွှတ်သင်ကြားစေသည်။ တစ်နေ့မှာ ဒိသာပါမောက္ခ ဆရာကြီး၏ သားအကြီးဖြစ်သူ သေဆုံးသဖြင့် တပည့်တို့က အသုဘလိုက်ပို့ ငိုကြွေးကြသည်။ နှမြောတသ လွမ်းဆွတ် ကြေကွဲဖွယ်စကား ပြောဆိုကြသည်။ မငိုသူဟူ၍ ဓမ္မပါလတစ်ဦးသာရှိသည်။ အဖော် တပည့်တို့အား ဓမ္မပါလ မေးသည်။

''အဆွေတို့–သင်တို့ပြောတော့ ဆရာကြီး၏ သားဟာ ငယ်ရွယ်နုနယ်ပျိုမျစ်သည်ဆို၊ဘာ့ကြောင့် သေရသနည်း–––''

''သတ္တဝါမှန်လျှင်သေကြရမြဲဓမ္မတာရှိသည်ကို သင်မသိသလော။အနိစ္စသဘောရှိသည်ကို မသိသလော''

''သိပါသည်။သို့သော်--သည်လိုငယ်ငယ်ရွယ်ဖြင့် သေလွန်သည်ကို ငါတို့မမြင်ဖူးပါ။ အိုမင်းကြီးရင့်မှသာ သေကြရသည်။ အဲဒီခါကျမှ အနိစ္စသဘောဖြစ်ရသည်''

''ဒါဆိုရင်-သင်တို့မျိုးရိုးစဉ်ဆက်မှာ ငယ်ရွယ်သူများ မသေဖူးသလော''

''မှန်ပါသည်။ ငါတို့မျိုးရိုးစဉ်ဆက်မှာ ငယ်ရွယ်သူများ မသေတတ်ကြပါ။ အိုမင်းကြီးရင့်မှသာ သေကြပါသည်''

၎င်းစကားကို ဆရာကြီးအားပြန်ပြောလျှင် ဆရာကြီးက ဓမ္မပါလကိုခေါ်၍ မှန်-မမှန်မေးသည်။ မှန်ကြောင်းပြောဆိုသဖြင့် စုံစမ်းရန် တက္ကသိုလ်ပြည်မှလာခဲ့သည်။ ဓမ္မပါလရွာသို့ရောက်လျှင် မဟာဓမ္မပါလအိမ်သို့ သွားရောက်ပြီး ယူလာသော အရိုးတို့ကို ပြလျက်-

''အဆွေမဟာဓမ္မပါလပုဏ္ဏားကြီး-သင်၏သား ဓမ္မပါလသည် ဉာဏ်ပညာထက်မြက်ပါသည်။ တော်လည်းတော်ပါပေသည်။ သို့သော် အကြောင်းတစ်စုံတစ်ရာကြောင့် သေလွန်ခဲ့ပါပြီ။ ယခု ဤအကြောင်းကိုလာပြောပြခြင်းဖြစ်သည်။ ဤအရိုးတို့ကား-သင်၏သား ဓမ္မပါလ၏ အရိုးတို့ပင် ဖြစ်ပေသည်''ဟုပြောဆိုလျှင် မဟာဓမ္မပါလ ပုဏ္ဏားကြီးက လက်ခုပ်လက်ဝါးတီးကာ အားရပါးရ ရယ်မောလေတော့သည်။

''ဆရာကြီးယခုယူလာပြသောအရိုးတို့သည် သိုး၏အရိုးတို့သော်လည်းကောင်း ခွေး၏ အရိုးတို့သော်လည်းကောင်း၊ တစ်ခုခု ဖြစ်ရမည်။ ကျွန်ုပ်၏သားသေသည်ဆိုခြင်းကား မဟုတ်နိုင်။ ကျွန်ုပ်တို့မျိုးရိုးစဉ်ဆက်မှာ ငယ်ငယ်ရွယ်ရွယ်ဖြင့် သေလွန်ရသည် မရှိ

စဖူးပါ'' ဟု ပြောပြလျှင် ဆရာကြီးသည် အသက်ရှည်ရခြင်း၏ အကြောင်းကို မေးမြန်းသဖြင့် မဟာဓမ္မပါလပုဏ္ဏားကြီးက ပြောပြသည်။ ''ဆရာကြီး–ကျွန်ုပ်တို့သည် အကုသိုလ်မကောင်းမှုကို မပြုမလုပ်ကြပါသည်။ မုသားမပြောကြပါ။ ဒုစရိုက်အမှုကို ပြုကျင့်ကြပါ။ သူတော်ကောင်းတရားကိုသာ နာကြားကြပါသည်။ သူယုတ်မာတို့၏စကားကို နားမထောင်ကြပါ။ ရဟန်းသံဃာတို့ကိုလည်းကောင်း၊ တောင်းရမ်းလာသူတို့ကိုလည်းကောင်း ကြည်ညိုသဒ္ဓါ ရှိစွာဖြင့် ပေးကမ်းလှူဒါန်းလေ့ရှိပါသည်။ လှူဒါန်းရာမှာလည်း စေတနာသုံးတန်ပြတ်သားစွာဖြင့် လှူဒါန်းကြပါသည်။ သူ့အသက်သတ်ခြင်း၊ သူ့ဥစ္စာခိုးခြင်း၊ သူ့သားမယားကို ပြစ်မှားခြင်း၊ အရက်သေစာသောက်စားခြင်းမှလည်း ရှောင်ကြဉ်ကြပါသည်။ ဤသို့သော အကြောင်းများဖြင့် အကျင့်ကောင်းသော မိဘနှစ်ပါးမှ မွေးလာသောကလေးတို့သည် ငယ်ငယ်ရွယ်ရွယ်ဖြင့် မသေရခြင်း ဖြစ်ပါသည် ဆရာကြီး. . .''

ဤသို့ရှင်းလင်းပြောပြသည်ကို သဘောကျသဖြင့် ဆရာကြီးသည် ''ဤအကျင့်တို့ကို သူတို့လည်း ကျင့်လိုပါသည်'' ဆို၍ စာဖြင့် ရေးမှတ်ကာ တက္ကသိုလ်ပြည်သို့ ပြန်သွားသည်။

ဆိုလိုသည်မှာ အသက်ရှည်ကြောင်း ကုသိုလ်ကံတို့ကို ဆည်းပူးပွားများလျှင် ကံကုန်ခြင်းကြောင့် မသေနိုင်(ဝါ) ကမ္မက္ခယမရဏအဖြစ်သို့ မရောက်နိုင်ပါ. . . ဟူလို။

ရှိစေဦး. . . ။

သေခြင်းတရားသည် အသက်တမ်း ကုန်သောကြောင့်လည်း သေတတ်သကဲ့သို့ အသက်တမ်းပင် မစေ့သေးသော်လည်း ကံကုန်သောကြောင့်လည်း သေတတ်ကြပါသေးသည်။

## ၃။ ဥဘယက္ခယမရဏ

အသက်တမ်းရော ကံပါ နှစ်ပါးစုံ ကုန်သဖြင့် သေလွန်ခြင်းသည် ဥဘက္ခယမရဏမည်ပါသည်။ သက်တမ်းပြည့်ပြည့် နေခဲ့ရပြီးကာမှ ရှင်သန်ခွင့်ကံလည်း ကုန်သဖြင့် သေခြင်းမျိုးဖြစ်သည်။ ဤသည်ကို အရပ်စကားဖြင့် ''မီးစာကုန် ဆီခန်း၍သေခြင်း''ဟု ဆိုကြသည်။

လူ့ဘဝရှင်သန်နေခြင်းကို ဆီမီး တောက်လောင်ပုံနှင့် တင်စားပြဆိုကြသည်။ တောက်လောင်နေသော မီးလျှံတစ်ခုမှာ ဆီနှင့်မီးစာတို့ကို စွဲလောင်နေသဖြင့် မီးလျှံဖြစ်လာသည်။ ထိုမီးလျှံသည်-

၁။ မီးစာရှိသေးသည်။ ဆီကုန်၍သော်လည်း ငြိမ်းတတ်သည်။

၂။ ဆီကားရှိသေးသည်။ မီးစာကုန်၍သော်လည်း ငြိမ်းတတ်သည်။

၃။ ဆီကော မီးစာနှစ်ခုစလုံးကုန်၍လည်း ငြိမ်းတတ်သည်။

၄။ ဆီလည်ရှိသေးသည်။ မီးစာလည်း မကုန်သေး။ သို့သော် လေတိုက်သဖြင့်သော်လည်းကောင်း၊ လူတို့ တမင်ငြိမ်းသဖြင့်သော်လည်းကောင်း ငြိမ်းတတ်ပါသည်။

ဤဥပမာအရ. . . .

၁။ ဆီကုန်၍မီးငြိမ်းခြင်းသည် သက်တမ်းကုန်၍ သေခြင်း အာယုက္ခယမရဏနှင့်တူသည်။

၂။ မီးစာကုန်၍ မီးငြိမ်းခြင်းသည် ကံကုန်၍ သေခြင်း ကမ္မက္ခယ မရဏာနှင့်တူသည်။
၃။ ဆီရော မီးစာပါကုန်၍ မီးငြိမ်းခြင်းသည် သက်တမ်း၊ ကံနှစ်ပါးစုံကုန်၍သေခြင်း ဥဘယက္ခယမရဏာနှင့် တူသည်။
၄။ အခြားအကြောင်းကြောင့် မီးငြိမ်းခြင်းသည် ဥပစ္ဆေဒက မရဏာနှင့်တူသည်။

## ၃။ ဥပစ္ဆေဒကမရဏာ

အသက်တမ်းလည်း ရှိသေးသည်။ ဆက်လက်ရှင်သန်ရန် ကံအခွင့်အလမ်းလည်း ရှိသေးသည်။ သို့သော် လတ်တလော ဖြစ်ပေါ်လာသော ကံကြောင့် (ဝါ) အကြောင်းတစ်စုံတစ်ရာကြောင့် သေခြင်းမျိုးသည် ဥပစ္ဆေဒကမရဏာမည်သည်။ မီးတောက်လောင်ရန် ဆီလည်းရှိသေးသည်။ မီးစာလည်းရှိသေးသည်။ သို့သော် လေတိုက်သဖြင့်သော်လည်းကောင်း၊ လူတို့ တမင်ငြိမ်းသတ်သဖြင့်သော်လည်းကောင်း ငြိမ်းသွားရသော မီးငြိမ်းပုံမျိုး ဖြစ်သည်။

စာအခေါ် ကပ်၍ဖြတ်တတ်သော ဥပဃာတကကံကြောင့် သေခြင်းဟုဆိုသည်။ အရပ်စကား အရမ္မ သေခြင်းဆိုးဖြင့် သေရခြင်း (ဝါ) အစိမ်းသေသေခြင်း ဖြစ်သည်။

အသက်ရှင်သန်ရန် အခွင့်အလမ်းများစွာပင် ရှိပါသေးသော်လည်း ပြုလိုက်သောကံက အပြစ်ကြီးလေးသော အကုသိုလ်ဂရုကံဖြစ်သဖြင့် သေဆုံးရခြင်းသည်လည်း ဥပစ္ဆေဒက မရဏာပင် ဖြစ်သည်။ ဗုဒ္ဓမြတ်စွာလက်ထက်တော်အခါက ကြီးလေးသော ဂရုကံကို ကျူးလွန်မိသဖြင့် အရှင်လတ်လတ်မြေမျိုခံရသူ ၅-ဦး ရှိသည်။

၁။ ရှင်ဒေဝတတ်
၂။ သုပ္ပဗုဒ္ဓမင်း
၃။ နန္ဒကဘီလူး
၄။ နန္ဒ–လုလင်
၅။ စိဉ္စမာဏာမိန်းမပျို–တို့ ဖြစ်သည်။

## ၁။ ရှင်ဒေဝဒတ်

ရှင်ဒေဝဒတ်သည် ရဟန်းဝတ်ခဲ့ပြီးနောက် လောကီအဘိညာဏ်ရပြီး တန်ခိုးအမျိုးမျိုးကို ဖန်ဆင်းနိုင်သော စွမ်းအင်ရှိလာသည်။ ဘုရားရှင်အား အန်တုဖက်ပြိုင်လို၍ အဇာတသတ်မင်းနှင့်ပေါင်းကာ ဘုရားရှင်အား လေးသမားတို့ကို စေလွှတ်၍ သတ်စေသည်။ မအောင်မြင်။ ဂိဇ္ဈကုဋ်တောင်စောင်းမှ ကျောက်မောင်းဆင်ကာ ကိုယ်တိုင်လှိမ့်ချ သတ်ဖြတ်ပြန်သည်။ ဘုရားရှင်၏ခြေမတော်ဦးမှာ သွေးစိမ်းတည်ရုံသာတည်ခဲ့သည်။ မအောင်မြင်။ နာဠာဂိရိဆင်ဆိုးကြီးဖြင့် အနင်းခိုင်းပြန်သည်။ အမျိုးမျိုး ကြိုးစားသော်လည်း မအောင်မြင်သဖြင့် ညီညွတ်နေသော သံဃာကိုသင်းခွဲကာ မိမိကိုယ်မိမိ ဘုရားသစ်လုပ်၍ တစ်စင်ထောင်ကာနေခဲ့သည်။ ယင်းသို့ အလွန်အပြစ်ကြီးလေးသော ဂရုကံတို့ကိုကျူးလွန်ခဲ့သဖြင့် ၉ လ–လုံးလုံး ရောဂါဝေဒနာခံစားရပြီး သေခါနီးမှာ နောင်တရ၍ ဘုရားရှင်အား ဝန်ချတောင်းပန်ရန်အလာဇေတဝန်ကျောင်းတော်၏ ရေကန်အနီးမှာ မြေမျိုခံရပြီး အဝီစိငရဲသို့ဒုတ်ဒုတ်ထိ ရောက်ခဲ့ရလေသည်။

## ၂။ သုပ္ပဗုဒ္ဓမင်း

သုပ္ပဗုဒ္ဓမင်းသည် ဒေဝဒဟပြည့်ရှင်ဖြစ်သည်။ ဒေဝဒတ်နှင့် ယသောဓရာတို့၏ ခမည်းတော်ဖြစ်သည်။ တစ်ခုသော နံနက်ခင်းမှာ ဗုဒ္ဓမြတ်စွာသည် ဒေဝဒဟမြို့တွင်းသို့ ဆွမ်းခံကြွဝင်တော်မူလာသည်။ သုပ္ပဗုဒ္ဓမင်းက ''. . . သိဒ္ဓတ္ထ မင်းသားသည် မိမိ၏ သမီးတော် ယသောဓရာကို သားတစ်ယောက်နှင့် ပစ်ထားပြီး တောထွက်ခဲ့သည်''ဟု မကျေမနပ်ဖြစ်နေခဲ့သည်။ ထိုနေ့ နံနက်တွင် အရက်မူးအောင်သောက်၍ ဗုဒ္ဓရှင်တော် ကြွလာမည့် လမ်းကို ပိတ်၍နေခဲ့သည်။ မည်သို့မှ ပြောမရသဖြင့် ပြန်လှည့်ခဲ့ ရသည်။ ကျောင်းတော်သို့ရောက်လျှင် ဗုဒ္ဓရှင်တော်က. . ''ဦးရီးတော် သုပ္ပဗုဒ္ဓသည် ဝန်လေးသောအမှုကို ပြုမိလေပြီ။ ဘုရားရှင်တို့သွားရာ လမ်းခရီးကိုပိတ်ဆို့ တားဆီးခဲ့သည်။ ၎င်းအကုသိုလ်ကံကြောင့် (၇)ရက်ကြာလျှင် မြေမျိုခြင်းခံရရှာပေလိမ့်မည်''ဟု မဟာကရုဏာတော်ဖြင့် မိန့်ကြားတော်မူသည်။

ထိုစကားကို သုပ္ပဗုဒ္ဓမင်းကြားသျှင် ''တူတော်ဘုရား စကားကို မှားစေမည်''ဆိုကာ ဘုံ(၇)ဆင့် ပြာသာဒ်ထက်မှာ တက်နေသည်။ လှေကားမှာ အားကောင်းမောင်းသန်တပ်မှူးကြီးများကိုထားပြီး ''သူ အကယ်၍ သတိမေ့လျော့ပြီး ဆင်းမိခဲ့လျှင် ချက်ချင်းအပေါ်သို့ ပြန်တင်ပေးရန်'' အထူးတာဝန်ဖြင့် အစောင့်ချထားသည်။

(၇)ရက်မြောက်သော နံနက်တွင် သူ၏စီးတော်မြင်းသည် လှသူအကပ်မခံဘဲ သောင်းကျန်ခုန်ပေါက်နေကြောင်း လျှောက်တင်လာသည်။ သူ့မြင်းသည် မြင်းကြမ်းဖြစ်၍ ယခင်ကလည်း ဤသို့– ဤနှယ်ဖြစ်ခဲ့လျှင် သူသာလျှင် ကိုင်တွယ်၍ရသည်။ ယခုလည်း

သူ့မြင်းကို ချော့မော့ကိုင်တွယ်ရန် ဘုံ(ဂ)ဆင့်မှ ဆင်းခဲ့သည်။ မြေမျိုခံရမည့်အရေးကို မေ့လျော့သွားသည်။ လှေကားစောင့် တပ်မှူးကြီးများကလည်း ''သူဆင်းလာမိလျှင် အပေါ်သို့ ပြန်တင်ပေးပါရန်''မှာထားပါလျက် သူတို့လည်း မေ့လျော့ပြီး အောက်သို့ ချည်း ပစ်ချမိကြသည်။ သို့ဖြင့် အောက်ဆုံးအဆင့်သို့ရောက်ပြီး မြင်းရှိရာသို့သွားမည်ဟု လှေကားမှ အဆင်း၊ မြေပေါ်သို့ ခြေချမိသည်နှင့် မြေမျိုခြင်း ခံရလေတော့သည်။

## ၃။ နန္ဒကဘီလူး

တစ်ခုသော လပြည့်နေ့၏ ညအချိန်မှာ ဖြစ်သည်။ အရှင်သာရိပုတ္တရာမထေရ်သည် ထိုနေ့ ရိတ်ပြီးစ ဦးပြည်းသစ်ဖြင့် လွင်တီးခေါင်တစ်ခုမှာထိုင်၍ နိရောဓသမာပတ်ဝင်စားနေခဲ့သည်။ နန္ဒကဘီလူးနှင့် အဖော်ဘီလူးတစ်ဦးတို့ အစာရှာရင်း ထိုနေရာသို့ ရောက်လာသည်။ အရှင်မြတ်၏ ဦးခေါင်းတော်သည် အသစ်စက်စက် ရိတ်ပြီးစဖြစ်သဖြင့် ပြည့်ရွှန်းသော လရောင်အောက်ဝယ် တလက်လက်တောက်ပနေသည်။ ထိုကို နန္ဒကဘီလူးမြင်၍ ကိုင်ထားသော တင်းပုတ်ဖြင့် တအားထုချင်လောက်အောင် စိတ်ဖြစ်လာသည်၊ လက်က ယားလာသည်၊ အဖော်ဖြစ်သူအား ပြောပြသည်။ အဖော်က''မသင့်တော်ကြောင်း၊ မပြုလုပ်သင့်ကြောင်း'' အတန်တန်တားနေရင်းကြားမှ ကိုင်ထားသော တင်းပုတ်ဖြင့် နန္ဒကဘီလူးသည် အရှင်မြတ်၏ ဦးခေါင်းကို တအားရိုက်ထည့်လိုက်သည်။ နိရောဓသမာပတ်ဝင်စားနေသော အရှင်မြတ်မှာ ဘာမှန်းလည်းမသိ၊ ဘာမှလည်း မဖြစ်သော်လည်း နန္ဒကဘီလူးမှာမူ ရိုက်ပြီးလျှင်ပြီးချင်း စုပ်စုပ်မြုပ် မြေမျိုခံခဲ့ရလေတော့သည်။

## ၄။ နန္ဒလုလင်

သာဝတ္ထိပြည်မှာ နန္ဒလုလင်ပျိုသည် ဥပ္ပလဝဏ်ထေရီမ လူဖြစ်စဉ်အပျိုဘဝကပင် တစ်ဖက်သတ်ကျိတ်ပိုးပိုးနေခဲ့သည်။ သူမသိကိုယ်ပိုးရှိစဉ်မှာပင် ဥပ္ပလဝဏ်သည် ဘိက္ခုနီမ ဝတ်ခဲ့သည်။ တရားအားထုတ်သဖြင့် ရဟန္တာမအဖြစ်သို့ပင် ရောက်ခဲ့ပြီးဖြစ်သည်။ တစ်နေ့မှာ ဆင်ကြံကြံနေသော နန္ဒလုလင်သည် ဥပ္ပလဝဏ်ထေရီမ မရှိခိုက် ထေရီမ၏ တစ်ပါးနေကျောင်းခန်း တွင်းသို့ဝင်၍ ပုန်းနေလိုက်သည်။ ထေရီမ အပြင်မှပြန်ရောက်၍ ကျောင်းခန်း တွင်းသို့ ဝင်လာလျှင်ပင် အဓမ္မပြုကျင့်လေသည်။ ရဟန္တာဖြစ်ပြီးသော ဘိက္ခုနီမအား ယင်းသို့ မတော်မရော်ပြုကျင့်သည့်အကုသိုလ်ကံကြောင့် နန္ဒလုလင် ထိုကျောင်းမှအပြန် ထေရီမ၏မျက်ကွယ်သို့ ရောက်သည်ဆိုကာမျှ၌ မြေကြီးသည် နှစ်ဖြာကွဲ၍ ဟင်းလင်း အဖြစ်ကိုပေးသဖြင့် နန္ဒလုလင်သည် အဝီစိသို့တိုင်အောင် ထုတ်ချင်းပေါက် ရောက်သွားခဲ့ရလေတော့သည်။

## ၅။ စိဉ္စမာဏာမိန်းမပျို

သာဝတ္ထိပြည်မှာပင်ဖြစ်သည်။ ဗုဒ္ဓရှင်တော်ပွင့်ထွန်းပေါ်ခဲ့သဖြင့် တိတ္ထိတို့အား လာဘ်ပူဇော် သက္ကာရ နည်းပါးလာသည်။ ဗုဒ္ဓရှင်တော်မြတ်အား မကျေမနပ်ဖြစ်ပြီး အပုပ်ချ သတင်းဖြင့် ဖြုတ်ချ ရှင်းပစ်ရန် ကြံစည်ကြသည်။ မိမိတို့၏ တပည့်မဖြစ်သော စိဉ္စမာဏာမိန်းမပျိုလေးအား တာဝန်ပေးသည်။ စိဉ္စမာဏာလည်း တိတ္ထိတို့အကြံပေးသည့်အတိုင်း ဇေတဝန်ကျောင်းတော်သို့ ညချမ်းအခါမှာ အများနှင့်အတူ လိုက်လာ၍ တော်ရာနေရာမှာ ညအိပ်ပြီး၊ နံနက်စောစောမှာ ရှက်ကိုးရှက်ကန်းသော အမူအရာဖြင့် ပြန်ခြင်း

အမှုကို ပြုလုပ်သည်။ ထိုသို့ ပြုလာခဲ့ပြီးနောက် အချိန်ကျလောက်ပြီဟု တွက်ချက်၍ သူ့ဗိုက်ကို ပျဉ်ချပ်များ အဝတ်များဖြင့် ထုတ်ပတ်၍ ဗိုက်ကြီးသည့်ဟန် ပြုလုပ်သည်။ ထို့နောက် ပရိသတ်များအား တရားဟောတော်မူနေသော ဘုရားရှင်ထံတော်သို့ လာကာ၊ လူပုံအလယ်မှာ မဟုတ်မတရား စွပ်စွဲသည်။ ဖြေရှင်းရခက်သော ပြဿနာမို့ သိကြားမင်းက ဝိသကြုံနတ်သားကိုလွှတ်၍ ကြွက်ဖန်ဆင်းစေကာ ချည်ထားသော ကြိုးကိုကိုက်ဖြတ်စေသည်။ ခံထားသော ပျဉ်ချပ်များအဝတ်များ ထွက်ကျသွားပြီး အလိမ်ပေါ်သွားသည်။ စိဉ္စမာဏလည်း ရုက်ရုက်ဖြင့် ပြန်ထွက်လာရာ ဗုဒ္ဓရှင်တော် မမြင်တော်မူရာ မျက်ကွယ်ရာသို့ ရောက်ကာမျှ၌ပင် မြေမျိုခြင်း ခံရလေတော့သည်။

ပြဆိုခဲ့သည်တို့မှာ ကြီးလေးသော အကုသိုလ်ဂရုကံ အမှုကြောင့် သက်တမ်းလည်း ရှိသေးသည်။ ရှင်သန်ရမည့် ကံအခွင့်အလမ်းလည်း ရှိသေးပါလျက် သေဆုံးရခြင်း ဥပစ္ဆေဒက မရဏပင်ဖြစ်သည်။ ဤသည်တို့ကား ကျမ်းလာသာဓကများကို သိမှတ်ဖွယ်အဖြစ်ဖော်ပြလိုက်ခြင်း ဖြစ်သည်။

ယင်းသို့သော အဖြစ်ဆိုးမျိုးကိုသာ ဥပစ္ဆေဒက မရဏဟုခေါ်သည်မဟုတ်။ စစ်ဖြစ်သဖြင့် လက်နက်အမျိုးမျိုးဖြင့် သေကျေပျက်စီးရခြင်း၊ ရောဂါနှိပ်စက်သဖြင့် သေရခြင်း၊ ကားမှောက် ရထားမှောက်၊ သင်္ဘောမြုပ်၊ လေယာဉ်ပျံပျက်ကျ၍ သေရခြင်း၊ သဘာဝဘေးအန္တရာယ်ဖြစ်သော မီးဘေး၊ ရေဘေးလေဘေးသင့်သဖြင့်သေရခြင်း . . . စသည်တို့သည်လည်း လတ်တလောသေရခြင်း ဥပစ္ဆေဒက မရဏပင်ဖြစ်သည်။

သေခြင်းလေးမျိုးရှိရာ များသောအားဖြင့် ဥပစ္ဆေဒက မရဏကြောင့် သေကြရသည်ကသာများသည်။ လူသားတစ်ဦး

အသက်ရှင်သန်နိုင်ရန် ကံ၊ စိတ်၊ ဥတု၊ အာဟာရဟူသော အကြောင်းတရားလေးပါးတို့က အဓိကအကျဆုံးဖြစ်သည်။ အတိတ်ကံဆိုသည်မှာ မမြင်တွေ့ရသောအရာမို့ ရှိစေဦး။ ဖော်ပြခဲ့သော အကုသိုလ် ဂရုကံမျိုး မပြုမိအောင် ရှောင်ရှားကြရမည်။

ကြွင်းသော စိတ်၊ ဥတု၊ အာဟာရအကြောင်း သုံးပါးကိုကား အသက်ရှင်သန်လိုသော လူသားတိုင်း အသက်ရှည်ရှည် သက်တမ်းစေ့စေ့နေလိုသူတိုင်း မိမိဘာသာ မိမိပြုပြင်နိုင်သည်။

လောဘ၊ ဒေါသစိတ်များ၊ သောကစိတ်များကို နည်းပါးစေ၊ အအေးအပူ ဥတုကိုလည်း ညီညွတ်မျှတစေ။ စားသောက်သည့် အာဟာရကိုလည်း ချင့်ချိန်ဆင်ခြင်စားသုံးလျှင် ရောဂါဖြစ်၍ သက်တမ်းမမီသောအဖြစ်မှ ကင်းလွတ်နိုင်ပြီး သက်တမ်းစေ့စေ့ နေနိုင်ကြပါသည်။

## စုတိစိတ် (သေစိတ်) ဖြစ်ပုံ

ဖော်ပြခဲ့သော သေခြင်းလေးမျိုးအနက် တစ်မျိုးမျိုးဖြင့် သတ္တဝါတို့ သေကြရစမြဲဖြစ်သည်။ မည်သည့်သေခြင်းမျိုးဖြင့်ပဲ သေသေ ကံ၊ ကမ္မ နိမိတ်၊ ဂတိနိမိတ် နိမိတ် ၃-ပါးတွင် တစ်ပါးပါး ထင်ပြီးမှ သေကြသည်။

ကံနိမိတ်ထင်ပုံ။ ။အသက်ရှင်စဉ်ကာလက ပြုလုပ်ခဲ့သော ကံ အသီးသီး (ကုသိုလ်၊ အကုသိုလ် ကံတို့) ရှိကြရာမှာ နောက်ဘဝ ပဋိသန္ဓေအကျိုးကိုပေးမည့် ကံတစ်ပါးပါးသည် ကံများစွာအနက်မှ ရှေးရှု ထွက်ပြူလာသည်။ စိတ်မှာ ထင်မြင်လာသည်။

တချို့မှာ ကမ္ဘာများစွာက ပြုခဲ့သော ကံပင် ဖြစ်စေကာမူ အကျိုးပေးအလှည့်ကြုံပြီဆိုလျှင် ထိုအတိတ်ကံသည် ယခု ပြုနေရသကဲ့သို့ ထင်လာသည်။

ယင်းကံနိမိတ်သည် အသေတလျှင် ရှောင်တခင်သေကြရသူများ၌ များသောအားဖြင့် ထင်တတ်ကြသည်။ အေးအေးဆေးဆေး နေ့နေ့ကွေးကွေးသေကြရသူများမှာ ကမ္မနိမိတ်သော်လည်းကောင်း၊ ဂတိနိမိတ်သော်လည်းကောင်း ထင်တတ်ကြသည်။

**ကမ္မနိမိတ်ထင်ပုံ။** ။သေခါနီးဖြစ်သောသူအား ကံများစွာ အနက်မှ ကံတစ်ပါးပါးက ကမ္မနိမိတ်အဖြစ် ထင်ပုံမှာ ထိုကံပြုစဉ် ကာလက ပြုမူပြောဆို လုပ်ကိုင်ခဲ့သော အရာဝတ္ထုများ၊ အမူအရာများသည် ယခုပင်ပြုနေရသကဲ့သို့ ထင်လာသည်။

**ဥပမာ** ။ ။ ဆွမ်းအလှူဒါနပြုသော ကုသိုလ်ကံသည် ကမ္မနိမိတ်အဖြစ် ထင်ပါလျှင် ရဟန်းသံဃာတော်များအား ဆွမ်းဆက်ကပ်နေပုံ၊ အလှူအတန်းပြုလုပ်နေပုံများ ထင်လာတတ်သည်။ ဘုရားကို ဖူးမြော်ကြည်ညိုမှုများ၊ တရားနာယူမှုများစသော ကုသိုလ်ကံများ ထင်လာလျှင်လည်း–ယခုပင် ဖူးမြော်ကြည်ညိုနေရပုံ၊ တရားနာယူနေပုံများ ထင်လာတတ်သည်။ ။ဤကား ကုသိုလ်အရာ ကမ္မနိမိတ်ထင်ပုံ ဖြစ်သည်။

ပါဏာတိပါတ စသော ပြုခဲ့သည့် အကုသိုလ်ကံသည် ကမ္မနိမိတ်အဖြစ် ထင်လာလျှင် မိမိသတ်ဖြတ်ခဲ့သော သတ္တဝါ၊ ၎င်းကို သတ်ဖြတ်စဉ်က အသုံးပြုခဲ့သော လက်နက်ကိရိယာများ ထင်လာတတ်သည်။

ဘုရားရှင်လက်ထက်တော်ကပင် ဖြစ်သည်။ စုန္ဒ ဝက်သတ်သမားသည် ငါးဆယ့်ငါးနှစ်တို့လုံးလုံး ဝက်သတ်ပြီး အသက်မွေးခဲ့သည်။ သူဝက်သတ်ပုံမှာ သတ်မည့်ဝက်ကို မလှုပ်နိုင်အောင် ပက်လပ်လှန် ငုတ်တိုင်မှာချည်ပြီး ဝက်ပါးစပ်ကို ကလန့်ဖွင့်၍ ပွက်ပွက်ဆူနေသော ရေပူကို လောင်းထည့်သည်။ ရေပူသည် အစဉ်အတိုင်းဝင်ပြီး ဝမ်းဗိုက်တွင်းမှ မစင်များကို သယ်ဆောင်ကာ စအိုဝမှထွက်သည်။ မစင်မကုန်မချင်း ဤသို့ ပွက်ပွက်ဆူသော ရေပူကိုလောင်းထည့်သည်၊ မစင်ကုန်ကာမှ ဦးခေါင်းကို ဖြတ်သည်။

စုန္ဒ၏ လုပ်ရပ်သည် အဘယ်မျှ ရက်စက်သနည်း။ အပြုခံရသော ဝက်အဘယ်မျှ ပူလောင်ပြင်းပြခံရမည်နည်း။ စဉ်စားချင့်တွက်၍သာ ကြည့်ပါဘိ။

စုန္ဒသည် ယင်းအကုသိုလ်ကံကို ပြုခဲ့သည့်အတွက် မသေမီ (၇)ရက်လုံးလုံး ပူလောင်ပြင်းပြသော အပူကိုခံစားရသဖြင့် အသတ်ခံရခါနီးဝက် အော်မြည်သံကဲ့သို့ မရှိမဆံ့ (၇)ရက်လုံးလုံး အော်မြည်ကား သေဆုံးခဲ့ရသည်။ ဤဖြစ်ရပ်မှာ စုန္ဒသေခါနီးမှာ တင်မဟုတ် အကုသိုလ်ကြီးမားသဖြင့် မသေမီ (၇)ရက်ကပင် ကမ္မနိမိတ် ထင်ခြင်း ဖြစ်သည်။

ကုသိုလ်ကံအများပင် ပြုခဲ့သော်လည်း အနည်းငယ် ပြုမိသော အကုသိုလ်ကံသည်လည်း သေခါနီးမှာ ကမ္မနိမိတ် မဖြစ် ထင်လာတတ်သည်။

မလ္လိကာမိဖုရားကြီးဆိုလျှင် ကောသလပြည့်ရှင်၏ မိဖုရားခေါင်ကြီးဟု လူတိုင်းသိကြသည်။ မိဖုရားကြီးသည် ပညာလည်းရှိသည်။ ဆင်ခြင်ဉာဏ်နှင့်လည်း ပြည့်စုံသည်။ ကောသလမင်းကြီးနှင့်အတူ အသဒိသဒါန (သူမတူသော အလှူကြီး)ကိုလည်း ပေးလှူခဲ့သည်၊ သို့သော် သေခါနီးနိမိတ် ထင်ရာဝယ် ထိုအသဒိသဒါနကုသိုလ်ကံကြီးသည် ကမ္မနိမိတ်အဖြစ် မထင်မူ၍ တစ်နေ့သော အခါမှာ မတော်တရော် ပြုမိခဲ့သော် အကုသိုလ်ကံက ကမ္မနိမိတ်အဖြစ် ထင်လာပြီး စုတေခဲ့ရာမှာ ငရဲမှာ (၇)ရက် ဖြစ်ရသေးသည်။

ကြွင်းကုသိုလ်ကံ၊ အကုသိုလ်ကံများ ကမ္မနိမိတ်ထင်ပုံကို နည်းတူသိရာသည်။ အတိုမှတ်ရန်မှာ အကျိုးပေးမည့်ကံသည် ထိုကံပြုစဉ်ကအတိုင်း ပြုမှု–မှုများ ထင်လာတတ်သည်–ဟူလို။

ဂတိနိမိတ်ထင်ပုံ။ ။အချို့သောသူတို့အား မိမိလာရောက်ရမည့် ဘုံဘဝမှာ ရရှိခံစားရမည့် အာရုံများ ထင်လာတတ်သည်။ ယင်းကို ဂတိနိမိတ် ထင်သည်ဟု ဆိုသည်။

ငရဲဘုံသို့ လားရောက်ရမည့်သူဖြစ်လျှင် ငရဲသူ ငရဲသားများ ငရဲအိုး, ငရဲထိန်း, ငရဲမီးလျှံများ ထင်လာတတ်သည်။

တိရစ္ဆာန်ဘုံ,ပြိတ္တာဘုံသို့ လားရောက်ရမည့် သူလျှင် တောတောင်၊ မြစ်ကမ်း၊ ချောက်၊ မြောင်၊ လှိုဏ်စသည့်အာရုံများ ထင်လာတတ်သည်။

လူ့ဘုံလူ့ဘဝသို့ လားရောက်ရမည့်သူဖြစ်လျှင် အမိဝမ်းရေးအဆင်၊လူသားများ၊ လူ့အသုံးအဆောင်ပစ္စည်း အာရုံများ ထင်လာတတ်သည်။

နတ်ဘုံနတ်ဘဝသို့ လားရောက်ရမည့်သူဖြစ်လျှင် နတ်သမီး၊ နတ်ဗိမာန်၊ နတ်တို့၏ အသုံးအဆောင်ဖြစ်သော ဥယျာဉ်ပဒေသာပင် စသည့်အာရုံများ ထင်လာတတ်သည်။

ဤဂတိနိမိတ်ထင်ပုံ သာမကပေါင်းများစွာရှိသည်။ ဗုဒ္ဓမြတ်စွာ သက်တော်ထင်ရှားရှိစဉ်က ဖြစ်ခဲ့သော မဟာဓမ္မိက ဥပါသကာကြီး၏ ဖြစ်ရပ်က ပို၍ပီပြင်သည်။

သာဝတ္ထိပြည်မှာဖြစ်သည်။ မဟာဓမ္မိက ဥပါသကာကြီးသည် သေရာညောင်စောင်းထက်မှာလျောင်း၍ ရဟန်း သံဃာတော်များသာ မဟာသတိပဋ္ဌာနသုတ်ဒေသနာတော် ရွတ်ဖတ်သရဇ္ဈာယ်နေသည်ကို နာယူနေစဉ် နတ်ပြည် ၆ ထပ်မှ နတ်ရထား ၆ စီး ရောက်လာပြီး သူ့ရထားပေါ်လာပါ–ငါ့ရထားပေါ်လာပါ–စသည်ဖြင့် ခေါ်ကြသည်။ မဟာဓမ္မိက ဥပါသကာကြီးက နာယူနေသော တရားတော် အနှောင့်အယှက်ဖြစ်မည် စိုးသဖြင့် ''နေကြပါအုံး–နေကြပါအုံး''ဟု ပြောသည်။ ရဟန်းတော်များက သူတို့ကို ပြောသည်အထင်ဖြင့် ရွတ်ဆိုနေဆဲမှ ရပ်တန့်၍ ကျောင်းသို့ပြန်သွားကြသည်။ သားသမီးများ ငိုကြွေးကြလေပြီ။ ''––ကုသိုလ်ကောင်းမှု အများကြီးလုပ်ခဲ့သော ငါတို့ ဖခင်ကြီးသည် သေခါနီးမှာ စိတ်မထိန်းနိုင်ဘဲ ရောက်တတ်ရာရာ ယောင်ယမ်းမြည်တမ်းနေချေပြီ၊ လားရာဂတိ ကောင်းမည်မပေါ်'' ဟု ထင်မြင်ပြောဆိုကြသည်။ အတန်ငယ်ကြာလျှင် ဥပါသကာကြီး သတိရလာ၍ ငိုနေသော သားသမီးများကို ကြည့်ကာ. . .

''သင်တို့ ဘာကြောင့် ငိုကြသနည်း''မေးရာ သားသမီးတို့က ရဟန်းတော်များ ပြန်သွားပုံမှစ၍ ပြောပြကြသည်။

''သားနှင့်သမီးတို့-'နေကြပါအုံး၊ နေကြပါအုံး' ငါပြော သည်မှာ ရဟန်းတော်များကို ဆိုခြင်းမဟုတ်၊ နတ်ရထား ၆ စီးပေါ်မှ အလုအယက် ခေါ်ငင်နေသော နတ်သားများကို ပြောခြင်းသာ ဖြစ်သည်။''.

''နတ်ရထား ၆ စီးကို သားသမီးတို့ မမြင်ရပါလား''

''သင်တို့မှာ ပန်းကုံးရှိသလား''

''ရှိပါသည် ဖခင်''

''အဲဒီပန်းကုံးကို တုသိတာနတ်ရထားမှာ ချိတ်နေစေ သတည်း-လို့ အဓိဋ္ဌာန်ပြုပြီး ပစ်တင်လိုက်ပါ'' ဆိုသဖြင့် သားသမီး များက ပန်းကုံးကိုပစ်တင်လိုက်ရာ တုသိတာ နတ်ရထားဦးမှာ ချိတ်နေသည်။ ရထားဦးမှာ ချိတ်၍နေသည့် အဖြစ်ကိုကား ဥပါသကာကြီးသာ မြင်တွေ့ရသည်။ ဘေးမှ သားသမီးများကမူ ကောင်းကင်မှာ အငြိအတွယ်မဲ့ တွဲရရွဲ ဆွဲနေသော ပန်းကုံးကိုသာ မြင်ကြရသည်။

''သားတို့သမီးတို့-အဲသည်ပန်းကုံးတင် ချိတ်နေသော ရထားသည် တုသိတာနတ်ရထားပင်ဖြစ်သည်။ ထိုနတ်ရထားဖြင့် နတ်ပြည်သို့ ငါလိုက်သွားတော့မည်။ ငါ့အတွက် မပူဆွေး ရစ်ကြနှင့်။ ငါကဲ့သို့ ကောင်းသောဘုံသို့ ရောက်လိုလျှင် ငါပြုခဲ့ သော ကုသိုလ်ကောင်းမှုများကို အတုယူကာ ပွားများဆည်းပူး ကြပါ'' ဟု မှာကြားပြီး စုတိစိတ်ကျသွားလေသည်။

ကောင်းသောဂတိနိမိတ်၊ မကောင်းသော ဂတိနိမိတ်ထင်ပုံ သာဓကတစ်ခုလည်း ရှိသေးသည်။

ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန်စံဝင်တော်မူပြီးနောက် သီဟိုဠ်ကျွန်း (ယခုသီရိလင်္ကာနိုင်ငံ) မှာ သာသနာ ထွန်းလင်းစဉ်က ဖြစ်သည်။ အရှင်သောဏမထေရ်၏ ဖခင်ကြီးသည် ငယ်ရွယ်စဉ်က မုဆိုးဘဝဖြင့် တောဝမြိုင်ခြေမှာ ခွေးတွေနှင့် သွားလာခဲ့သည်။ အသက်ကြီးသောအခါ အရှင်သောဏမထေရ်က ဖခင်ကြီးအား ရဟန်းဝတ်ပြီး နေစေခဲ့သည်။ ထိုရဟန်းကြီး သေခါနီးမှာ ခွေးများက သူ့ကို လိုက်ကိုက်သည်ဟု နိမိတ် ထင်လာသည်။ ထိုအခါ–

''ချစ်သားသောဏ – ငါ့ကို ခွေးတွေ လိုက်ကိုက်နေပြီ။ မောင်းပါဟဲ့၊ မောင်းပါဟဲ့''ဟု ရေရွတ်မြည်တမ်းသည်။ အရှင်သောဏမထေရ်က–

''. . . ဩော်––ငါ့ဖခင်ကြီး မကောင်းသော ဂတိနိမိတ် ထင်နေပါပေါ့လား. . .''ဟု သိရှိပြီး သာမဏေများအား ပန်းများ ရှုးစေကာ ဘုရားထံမှာ ဆက်ကပ်၍–

''ဖခင်ကြီး–ဖခင်ကြီးအတွက် ရည်စူးပြီး ဘုရားမှာ ပန်းဆက်ကပ်လှူဒါန်းထားသည်။ အာရုံယူပါ'' ပြောလျှင် ဖခင်ရဟန်းကြီးက သားပြောသည့်အတိုင်း ဘုရားအာရုံယူလိုက်သည် ဆိုလျှင်ပင် စောစောကထင်နေသော နိမိတ်အာရုံများ ကွယ်ပျောက်သွားပြီး နတ်သမီးအာရုံများ ထင်လာသည်။ ထိုကို ဖခင်ကြီးက–

''ချစ်သားသောဏ – ဖယ်, ဖယ်––ဟိုမှာ နင့်မိထွေးတွေ လာနေတယ်'' ဟု ရေရွတ်မြည်တမ်းသည်။ အရှင်သောဏမထေရ်ကသိလိုက်ပြီ ''ဖခင်ကြီးအတွက် ကောင်းသော ဂတိနိမိတ် ထင်လေပြီ''ဟု။ ထိုအာရုံဖြင့်ပင် ဖခင်ရဟန်းကြီး စုတိစိတ်ကျခဲ့လေသည်။

ပြဆိုခဲ့သည်တို့မှာ ကျမ်းဂန်တို့၌ အတိအကျ ပြဆိုထားသော ဂတိနိမိတ်ထင်ပုံ သာဓကများ ဖြစ်သည်။

အလားတူ ကောင်းသောဂတိနိမိတ် ထင်သည်ဟူ၍ မှန်းယူရလောက်သည့်ဖြစ်ရပ် မြန်မာနိုင်ငံမှာလည်း ရှိခဲ့ဖူးသည်။ မတ္တရာဆရာတော်ကြီးဖြစ်သည်။ မင်းတုန်းမင်းလက်ထက်တော်က ဖြစ်သည်။ မတ္တရာဆရာတော်ကြီး၏ သီလ၊ သမာဓိ ပညာဂုဏ်များအပြင် ကြီးမားသော ခမဂုဏ် (သည်းခံခြင်းဂုဏ်) ကို ကြည်ညိုလေးစားသဖြင့် နေပြည်တော်သို့ ပင့်ဆောင်ကာ ရွှေကျောင်းကြီးဆောက်၍ လှူဒါန်းခဲ့သည်။

ဆရာတော်ကြီးသည် အပဗဟိဒ္ဓဖြစ်သော အရာရာကိုယောနိသောမနသိကာရ အကြောင်းခံ၍ သည်းခံတော်မူသည်သာမက ခန္ဓာကိုယ်တွင်း အဇ္ဈတ္တသန္တာန်မှာလည်း သူမတူအောင်သည်းညည်းခံတော်မူသည်။

မတ္တရာဆရာတော်ကြီးအား– ည ညမှာ တပည့်ရဟန်းများက နှိပ်ပေးခြင်းဖြင့် ဝတ်ဖြည့်လေ့ရှိသည်။ တစ်ညမှာ ယင်းသို့ဝတ်ဖြည့်ပေးနေစဉ် ခြေသလုံးကိုနှိပ်ပေးရာ တစ်နေရာသို့ အရောက်တွင် ဆရာတော်ကြီးက ခြေထောက်ကို ဆတ်ခနဲဆတ်ခနဲ တွန့်တွန့်သွားသည်။ ထူးပါသည်ဆိုပြီး သင်္ကန်းကို အသာလှပ်ကြည့်ရာမှာခြေသလုံးတွင် လက်သီးဆုပ်လောက် အရွယ် အနာကြီးတစ်ခုရောင်ကိုင်းနေသည်ကို တွေ့ရှိရသည်။ လောက်များသော်မှရွရွထိုးနေသည်။

''ဆရာတော်ဘုရား– ခြေသလုံးမှာ အနာကြီးပေါက်နေပါတယ်၊ လောက်ကောင်တွေတောင် တွယ်နေပါပြီဘုရား၊ ဆေးကုမှဖြစ်ပါမယ်ဘုရား''

''ဟေ– မောင်ပဥ္စင်းတို့– မလုပ်ကြနဲ့။ မင်းတို့လုပ်လိုက်ရင် သူတို့အိမ်ရာနဲ့အတူ သေကျေပျက်စီးကုန်မှာပေါ့''ဟု တားမြစ်သည်။

လျှောက်ထားသည်ကို လက်သင့်မခံသဖြင့် နန်းတော်သို့ စာသွင်းကြသည်။ နန်းတော်မှ သမားတော်ကြီးများရောက်လာပြီး ဆေးကုသမှုခံယူရန် လျှောက်ထားသည်ကိုလည်း ရှေးနည်းတူ ပယ်ပြီး လုံးဝလက်မခံချေ။ လောက်ကိုက်နာကို ညည်းညူခြင်းသော်မှ မပြုဘဲ သည်းညည်းခံတော်မူကာ နောက်ဆုံးတွင် ထိုအနာဖြင့်ပင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့သည်။ ဆရာတော်ဘုရားကြီး၏ ဘဝနိဂုံးချုပ်ဆုံးသောအချိန် ညသန်းခေါင်ယံတွင် နန်းတော်အပေါ် ကောင်းကင်ထက်မှ အလွန်သာယာငြိမ့်ညောင်းသော ပဥ္စင်းတူရိယာသံများ ဖြတ်သွားသည်ကို နန်းတော်တွင်းရှိလူအများ အားလုံးကြားကြရသည်။

နံနက်လင်းသော် နန်းတော်တွင်းသို့ ''မတ္တရာဆရာတော်ဘုရားကြီးသည် ဤအချိန် ဤအခါမှာ ပျံလွန်တော်မူကြောင်း'' စာသွင်းလာသည်။ မှန်းဆ၍ သိကြရသည်မှာ မတ္တရာဆရာတော်ဘုရားကြီးသည် နတ်ဘုံနတ်နန်းသို့ ရွှေ့ပြောင်း ကျောင်းထိုင်တော်မူသည်ဟူ၍တည်း။။

ဤသည်တို့ကား– သေခါနီး ဂတိနိမိတ် ထင်ပုံ သာဓကအချို့ဖြစ်ပါသည်။

သေခါနီး သတ္တဝါတို့အား ဖော်ပြပါ ကံ နိမိတ်၊ ကမ္မနိမိတ်၊ ဂတိနိမိတ် (၃)ပါးအနက် တစ်ပါးပါးသော နိမိတ်ထင်ပြီး မရဏာသန္နဇော (၅)ကြိမ်စော၍ စုတိစိတ်(ဝါ) သေစိတ်ဖြစ်ကာ သေဆုံး

ကွယ်လွန်ကြရသည်။ အချို့သူတို့အား မရဏာသန္နဇော (၅) ကြိမ်အပြင် တဒါရုံ (၂) ကြိမ်နှင့် ဘဝင်စိတ်များဖြစ်ပြီးမှလည်း စုတိကျကာ သေဆုံးကွယ်လွန်ကြရသည်။

## နာမ်သံသရာလည်ပုံ

စုတိစိတ်ကျပြီးသည်နှင့် (ဝါ)သေပြီးသည်နှင့် တစ်ပြိုင်နက် ခဏာငယ်သော်မှ မခြားဘဲ လာရောက် မည့်ဘုံဘဝမှာ ပဋိသန္ဓေစိတ် တစ်ဖန်ဖြစ်ပြန်သည် မှစ၍ ထိုဘဝ တသက်တာ အတွက် စတင်အခြေပျိုးကာ ဆက်လက်ရှင်သန်ရပြန်သည်။ ထိုရှင်သန် နေရသော ဘဝမှာလည်း-

၁။ ဘဝနိဒါန်းဖြစ်သောစိတ်ကားပဋိသန္ဓေစိတ်၊

၂။ ထို့နောက် ဘဝင်စိတ် (မသိစိတ်)

၃။ ထို့နောက် အကြောင်းအရာပေါ် မူတည်၍ဖြစ်ပေါ်လာသောဝီထိစိတ် (သိစိတ်)တို့ဖြစ်ပြီး၊

၄။ ဘဝနိဂုံးမှာ စုတိစိတ် (သေစိတ်) ဖြစ်ကာ ထိုဘဝ အတွက် သေဆုံးကွယ်လွန်ရပြန်သည်။ အာသဝေါကုန်ခန်း၍- ရဟန္တာမဖြစ်သေးသမျှ ဘဝမဆုံးသေးဘဲ နောက်ထပ် ဘဝတစ်ခု အတွက် ပဋိသန္ဓေစိတ် စတင်ဖြစ်ပေါ်လာသည်မှစ၍ ဘဝင်စိတ်၊ ဝီထိစိတ်၊ စုတိစိတ်- တို့ဟူ၍ နာမ်တရားများ သံသရာလည်ပတ် ဖြစ်ပေါ်နေပေတော့သည်။

ဆိုခဲ့ပြီးသည်တို့ကို ပြန်လည်၍ အကျဉ်းချုပ် ပြဆိုရလျှင်-

ယခု ပစ္စုပ္ပန်ဘဝအစနိဒါန်းမှာ ပဋိသန္ဓေစိတ် ဖြစ်သည်။ ထို့နောက် ဘဝင်စိတ်၊ ဝီထိစိတ်တို့ဖြစ်ပြီး ဘဝနိဂုံးမှာ စုတိစိတ် ဖြစ်ကာ ပစ္စုပ္ပန်ဘဝ အဆုံးသတ်သည်။

တစ်ဖန် ထိုစုတိစိတ်၏ အခြားမဲ့မှာ ခဏာငယ်မခြားဘဲ အနာဂတ်အတွက် ပဋိသန္ဓေစိတ် စတင်ဖြစ်ပေါ်ပြီး ဘဝနိဒါန်း စသည်။ ထို့နောက် ဘဝင်စိတ်၊ ဝီထိစိတ်များဖြစ်ပြီး စုတိစိတ်ဖြင့် အနာဂတ်ဘဝနိဂုံး အဲဆုံးသတ်သည်။

ထို့နောက်–ဒုတိယ အနာဂတ်ဘဝမှာ ပဋိသန္ဓေစိတ်၊ ဘဝင်စိတ်၊ ဝီထိစိတ်၊ စုတိစိတ်တို့ ဖြစ်ပြန်သည်။ ထို့နောက် တတိယ အနာဂတ် ဘဝအတွက် ပဋိသန္ဓေစိတ်၊ ဘဝင်စိတ်၊ ဝီထိစိတ်၊ စုတိစိတ်တို့ ဖြစ်ကြပြန်လေသည်။ ဤသို့ဘဝမဆုံး သေးသမျှကာလပတ်လုံး ဖော်ပြပါအတိုင်း စိတ်(၄)မျိုးတို့ အပြန်ပြန်အလီလီ အဆက်မပြတ်လည် ပတ်၍ဖြစ်နေသည်ကိုပင် နာမ်သံသရာစက်လည်သည်ဟု ခေါ်လေသည်။

❖ ❖ ❖ ❖

## ဘဝသံသရာစက်လည်ပုံ

လူတို့သည် လူ့ဘဝအစ ပဋိသန္ဓေနေသည်မှစ၍ သေဆုံးသည်အထိ ဤကာလအတွင်းမှာ ရုပ်တရားများ အစဖြစ်ပုံ၊ တိုးပွားပုံ၊ ဆက်လက် ဖြစ်ပေါ်နေပုံ၊ နောက်ဆုံးချုပ်ပျက်ပုံတို့ကို ရုပ်သံသရာစက်လည်ပုံမှာ ပြဆိုခဲ့ပြီးဖြစ်သည်။

အလားတူ နာမ်သံသရာစက်လည်ပုံမှာလည်း၊ ပဋိသန္ဓေစိတ် (ဘဝအစ၊ နာမ်တရား) ဖြစ်ပုံ၊ ဘဝင်စိတ်၊ ဝီထိစိတ်၊ စုတိစိတ်တို့ ဖြစ်ပေါ်ချုပ်ပျက်ပုံတို့ကို ပြဆိုခဲ့ပြီးဖြစ်သည်။

သတ္တဝါမှန်သမျှ နိဗ္ဗာန်သို့ မရောက်သေးသမျှ ကာလပတ်လုံး ဖေါ်ပြပါ ရုပ်သံသရာနှင့် နာမ်သံသရာတို့ လည်ပတ်

ဖြစ်ပေါ်နေကြသည်မှာ ဓမ္မနိယာမတစ်ခုပင် ဖြစ်သည်။ ၎င်းကိုပင် ''ဘဝ သံသရာစက်လည်သည်''ဟု ဆိုပါသည်။

ယခု ဘဝသံသရာစက်လည်ပုံကို ဆက်လက်ပြဆိုပါမည်။ ဘဝသံသရာစက်လည်ပုံ ဟူသည်မှာ ဗုဒ္ဓဘာသာဝင်များ အများသိအသုံးအနှုန်းဖြင့် ဆိုရပါလျှင် ''ပဋိစ္စ၊ သမုပ္ပါဒ် စက်ရဟတ်လည်ခြင်း'' ပင်ဖြစ်သည်။ ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်လည်ပုံအကြောင်း၊ ပဋိသစ္စသမုပါဒ်စက်ရဟတ်မှ ထွက်ပုံအကြောင်းကို ကျမ်းတတ်အကျော်အမော်ဆရာတော် ဘုရားကြီးများက နည်းမျိုးစုံဖြင့် အသီးသီးသွန်သင်ပြသ ဟောပြခဲ့ပြီးဖြစ်သည်။ ကျမ်းစာစာအုပ်များအဖြစ်ဖြင့်လည်း အသီးသီး ပြုစုရေးသားတော်မူခဲ့ကြပြီးဖြစ်သည်။

ထိုကျမ်းစာအသီးသီးတို့မှာ သိမ်မွေ့ခက်ခဲ နက်နဲသော တရားအဆီအနှစ်များကို ပြုစုရေး သားထားတော်မူကြသည် ဖြစ်၍ သာမန်လူတို့အဖို့ သာမန်ဖတ်ရှုရုံမျှဖြင့် နားလည်ရန် အခက်အခဲရှိသဖြင့် ပဋိစ္စသမုပ္ပါဒ်လည်ပုံ (ဝါ) ဘဝသံသရာ စက်လည်ပုံကို သာမန်လူများ နားလည်လွယ်စေရန် အရပ်စကားဖြင့် ကြိုးစားရေးသားပါမည်။

❖ ❖ ❖ ❖

## အကြောင်းကြောင့်အကျိုးဖြစ်

လောကမှာ အကြောင်းအကျိုးဟူသည် ရှိစမြဲ ဖြစ်သည်။ အကြောင်းကင်းသော အကျိုးတရားသည်လည်းကောင်း၊ အကျိုးမရှိသော အကြောင်းတရားသည်လည်းကောင်း မရှိချေ။

အကြောင်းရှိလျှင် အကျိုးတရားဖြစ်လာမည်။ ဖြစ်လာသော အကျိုးတရားတိုင်းလည်း အကြောင်းနှင့်မကင်းချေ။ ထိုအကျိုးတရားကို ဖြစ်ပေါ်စေသော အကြောင်းတရားဟူသမျှ ပဋိစ္စသမုပ္ပာဒ်ချည်း ဖြစ်သည်။

အကြောင်းတစ်ခုကြောင့် အကျိုးတရား ဖြစ်လာသည်။ ထိုအကျိုးတရားသည် အခြား အကျိုးတရားတစ်ခု ဖြစ်ဖို့အတွက် အကြောင်း တရား တစ်ရပ်ဖြစ်ရပြန်သည်။ ဆိုလိုသည်မှာ အရာရာသည် အကြောင်းတရားလည်း ဖြစ်နိုင်သလို အကျိုးတရားလည်း ဖြစ်သည်။ အများ သိသာထင်ရှားသော ''ပေါက်ပင်ဘာကြောင့်ကိုင်း''ဥပမာမှာပို၍ သိသာထင်ရှားသည်။

| | |
|---|---|
| ပေါက်ပင်ဘာကြောင့်ကိုင်း | (အကြောင်း) |
| ဗျိုင်းနားလို့ကိုင်း | ( အကျိုး ) |
| ဗျိုင်းဘာလို့နား | (အကြောင်း) |
| ငါးပေါ်လို့နား | ( အကျိုး ) |
| ငါးဘာလို့ပေါ် | (အကြောင်း) |
| ကျွဲလူးလို့ပေါ် | ( အကျိုး ) |

စသဖြင့်အရာတစ်ခုသည် အကျိုးလည်း ဖြစ်နိုင်သည်။ အကြောင်းလည်း ဖြစ်နိုင်သည်။ ဤသို့ ကြောင်းကျိုးစဉ်ဆက် ဖြစ်သည်ကိုပင် ပဋိစ္စ သမုပ္ပါဒ်ဖြစ်စဉ်ဟု အလွယ်မှတ်ယူနိုင်သည်။

မြတ်စွာဘုရားသည် ဟောကြားတော်မူသော ပဋိစ္စ သမုပ္ပါဒ်မှာ အင်္ဂါ (၁၂)ရပ်ပါရှိသည်။ ၎င်း (၁၂)ရပ်ထဲမှ မည်သည့် အင်္ဂါရပ်ကိုဘဲ ဆွဲထုတ်၍ဆိုဆို ကြောင်းကျိုးစဉ်ဆက် ဖြစ်သွားရသည် ချည်းသာဖြစ်သည်။ ပဋိစ္စသမုပ္ပါဒ်အင်္ဂါ (၁၂)ရပ်ကို ဟောစဉ် ပါဠိတော်အတိုင်း ရှေးဦးပြဆိုပါမည်။

## ပဋိစ္စသမုပ္ပါဒ်ပါဠိတော်

အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ၊
သင်္ခါရ ပစ္စယာ ဝိညာဏံ၊
ဝိညာဏ ပစ္စယာ နာမရူပံ၊
နာမရူပ ပစ္စယာ သဠာယတနံ၊
သဠာယတန ပစ္စယာ ဖဿော၊
ဖဿ ပစ္စယာ ဝေဒနာ၊
ဝေဒနာ ပစ္စယာ တဏှာ၊
တဏှာ ပစ္စယာ ဥပါဒါနံ၊
ဥပါဒါန ပစ္စယာ ဘဝေါ၊
ဘဝ ပစ္စယာ ဇာတိ။

ဇာတိ ပစ္စယာ ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿု ပါယာသာ သမ္ဘဝန္တိ။ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။

### မြန်မာပြန်

မသိမှု(အဝိဇ္ဇာ)၊ အကြောင်းကြောင့် ပြုပြင်စီရင်မှု ကုသိုလ် အကုသိုလ်ကံ (သင်္ခါရ) ဖြစ်သည်။

ပြုပြင်စီရင်မှုကုသိုလ်၊ အကုသိုလ်ကံ (သင်္ခါရ)အကြောင့် ပဋိသန္ဓေစိတ် (ဝိညာဉ်) ဖြစ်သည်။

ပဋိသန္ဓေစိတ် (ဝိညာဉ်)အကြောင်းကြောင့် စေတသိက် နာမ်နှင့် ကမ္မဇရုပ် (နာမ်ရုပ်)ဖြစ်သည်။

နာမ်ရုပ်အကြောင်းကြောင့် မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ် (အာယတန) ၆ ပါး ဖြစ်သည်။

(အာယတန) ၆ ပါး အကြောင်းကြောင့် တွေ့ထိမှု (ဖဿ) ၆ပါး ဖြစ်သည်။

တွေ့ထိမှု (ဖဿ)အကြောင်းကြောင့် ခံစားမှု (ဝေဒနာ) ၆ပါး ဖြစ်သည်။

ခံစားမှု (ဝေဒနာ) ၆ ပါး အကြောင်းကြောင့် တပ်မက်မှု (တဏှာ) ဖြစ်သည်။

တပ်မက်မှု (တဏှာ) အကြောင်းကြောင့် စွဲလန်းမှု (ဥပါဒါန်) ဖြစ်သည်။

စွဲလန်းမှု (ဥပါဒါန်)အကြောင်းကြောင့် ပြုလုပ်မှု ဖြစ်တည်မှု (ဘဝ)ဖြစ်သည်။

ပြုလုပ်မှု (ဘဝ)အကြောင်းကြောင့် ပဋိသန္ဓေနေမှု (ဇာတိ) ဖြစ်သည်။

ပဋိသန္ဓေနေမှု (ဇာတိ)အကြောင်းကြောင့် အိုခြင်း(ဇရာ)၊ သေခြင်း(မရဏ)၊ စိုးရိမ်ပူဆွေးခြင်း (သောက)၊ ငိုကြွေးခြင်း (ပရိဒေဝ)၊ ကိုယ်ဆင်းရဲခြင်း (ဒုက္ခ)၊ စိတ်ဆင်းရဲခြင်း (ဒေါမနဿ) ပြင်းစွာ ပင်ပန်းခြင်း (ဥပါယာသ) တို့ ဖြစ်ကြသည်။ ဤသို့လျှင် သုခမဖက် သက်သက်သော ဒုက္ခဆင်းရဲ အစုဖြစ်ခြင်း ဖြစ်လေသည်။

တိုတိုကျဉ်းကျဉ်းနားလည်လွယ်ရန်မှာ--

မသိမှုကြောင့် ကုသိုလ်၊ အကုသိုလ်ကံ ဖြစ်သည်။

ကုသိုလ်အကုသိုလ်ကံကြောင့် ပဋိသန္ဓေစိတ် ဝိညာဉ် ဖြစ်သည်။

ပဋိသန္ဓေစိတ်ကြောင့် နာမ်ရုပ်ဖြစ်သည်။

နာမ်ရုပ်ကြောင့် မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်ဖြစ်သည်။

မျက်စိ၊ နား၊ နှာ၊ ကိုယ်၊ စိတ်ကြောင့် တွေ့ထိမှု ဖြစ်သည်။

တွေ့ထိမှုကြောင့်ခံစားခြင်း ဝေဒနာဖြစ်သည်။
ခံစားခြင်းဝေဒနာကြောင့် တပ်မက်မှုတဏှာဖြစ်သည်။
တဏှာကြောင့် စွဲလန်းခြင်း ဥပါဒါန်ဖြစ်သည်။
ဥပါဒါန်ကြောင့် ကု/အကုသံ (ဘဝ)ဖြစ်သည်။
ထိုဘဝ ကု၊ အကုသံကြောင့် နောက်ဘဝမှာဇာတိပဋိသန္ဓေဖြစ်သည်။
ဇာတိပဋိသန္ဓေကြောင့် အိုခြင်း၊သေခြင်း၊စိုးရိမ်ခြင်း စသည်တို့ဖြစ်သည်။

ဤသို့ဖြင့် ဘဝမဆုံးမခြင်း(ဝါ) နိဗ္ဗာန် မရောက်သေးသမျှ၊ အကြောင်းကြောင့် အကျိုးဖြစ်၊ ထိုအကျိုးသည်ပင် အကြောင်းပြန်ဖြစ်သည်။ ထိုအကြောင်းတရားကြောင့် အကျိုးတရားတွေ ဆက်ဖြစ်ကာ မဆုံးနိုင်အောင် လည်ပတ် ဖြစ်နေသည်ကိုပင် ''ကရွတ်ကင်းလျှောက်သလို'' ဘဝသံသရာလည်သည်ဟု ဆိုသည်။

❖ ❖ ❖ ❖

## အဝိဇ္ဇာဟူသည်အဘယ်နည်း

မသိမှုဟူရာဝယ်-မသိဟု ဆိုလေတိုင်းကို အဝိဇ္ဇာဟု မဆိုပါ။

၁။ ဆင်းရဲအမှန်(ဒုက္ခသစ္စာ)ကို မသိခြင်း၊
၂။ ဆင်းရဲခြင်းအကြောင်း (သမုဒယသစ္စာ)ကို မသိခြင်း၊
၃။ ဆင်းရဲချုပ်ရာ နိဗ္ဗာန်(နိရောဓသစ္စာ)ကို မသိခြင်း၊
၄။ နိဗ္ဗာရောက်ကြောင်း (မဂ္ဂသစ္စာ)ကို မသိခြင်း၊

၅။ ရှေးဘဝကို မသိခြင်း၊
၆။ နောက်ဘဝကို မသိခြင်း၊
၇။ ရှေးဘဝ၊ နောက်ဘဝကို မသိခြင်း၊
၈။ ကြောင်းကျိုးဆက်သွယ်မှု ပဋိစ္စသမုပ္ပါဒ်ကို မသိခြင်း

ဤအရာဌာန ၈မျိုးမှာ မသိခြင်းကိုသာ မသိမှု အဝိဇ္ဇာဟု ဆိုပါသည်။

## ၁။ ဆင်းရဲအမှန်(ဒုက္ခသစ္စာ)ကို မသိခြင်း

ဗုဒ္ဓမြတ်စွာသည် တရားဦး ဓမ္မစကြာဒေသနာတော်မှာ ဆင်းရဲဒုက္ခ ၈–မျိုးကို ဤသို့ ဟောပြတော်မူခဲ့သည်။

၁။ ပဋိသန္ဓေနေခြင်းဆင်းရဲ၊
၂။ အိုရခြင်းဆင်းရဲ၊
၃။ နာရခြင်းဆင်းရဲ၊
၄။ သေရခြင်းဆင်းရဲ၊
၅။ မတည့်အတူနေရခြင်းဆင်းရဲ၊
၆။ ချစ်သူနှင့် ကွေကွင်းရခြင်းဆင်းရဲ၊
၇။ လိုတာမရခြင်း ဆင်းရဲ၊
၈။ အတိုချုံးပြောရလျှင် ဤခန္ဓာ ၅–ပါး ရထားသည် ကပင် ဆင်းရဲခြင်းဖြစ်သည်ဟု ဟောပြတော်မူခဲ့သည်။

သူသူငါငါသည် သည်အသက်သည် အရွယ်ထိ ရောက်ရှိလာခဲ့ပြီးဖြစ်သည်။ လွန်ခဲ့သော အမိဝမ်းတွင်းမှာ ပဋိသန္ဓေ နေခဲ့ကြရသည်ကို သိလည်းမသိခဲ့။ မည်မျှဆင်းရဲကျပ်တည်းစွာ နေခဲ့ရသည်ကိုလည်း သိမထားခဲ့ကြ။ ထို့ပြင် နေ့တရူဝ မွေးဖွားနေကြသည်ကို မြင်ရဖန်များသဖြင့် ရိုးနေပြီဖြစ်၍ ဇာတိဒုက္ခကို

မဆန်းသောတရားဟု ဆိုကောင်းဆိုပေမည်။ ဝိပဿနာ ဉာဏ်နုံ့နဲ့သူ၊ ပုထုဇဉ်များအဖို့ ဒုက္ခဟု မထင်မြင်တတ်ကြပေ။

အိုခြင်းဆင်းရဲကိုကား ဇာတိဒုက္ခထက်စာလျှင် နည်းနည်း လေးသိသလို ရှိလာသည်။ အိုလာပြီဆိုမှဖြင့် စိတ်သွားတိုင်း ကိုယ်မပါ။ လိုရာဆန္ဒတွေ ပြီးစီးအောင် မဆောင်ရွက်နိုင်ကြတော့ သည်ကို မျက်မြင်တွေ့နေကြသဖြင့် အိုခြင်းဒုက္ခသဘောကို အနည်းငယ်သိသလို ရှိလာသည်။ အိုခြင်း ဒုက္ခနှင့်လက်တွေ့ တွေ့ကြုံရသူတို့ကား ပို၍ သိကြသည်။ သို့သော် ''အိုပြီးကိုးကွာ– ဒါလောက်တော့ရှိမပေါ့''ဟူသော အတွေးစိတ်က ဖြေသိမ့် လိုက်သဖြင့် သိချင်သလိုရှိလာသော အိုခြင်းဆင်းရဲကို အမှန် တကယ် မသိပြန်တော့ပေ။

နာခြင်းဆင်းရဲကို လက်ပေါ် မီးခဲကျသကဲ့သို့ ကိုယ်တိုင် ခံစားရသည့်အခါများမှာ သိသလို ရှိလာသည်။ သို့သော် ခေတ်မီ ဆေးဝါးတို့ဖြင့် ကုစား၍ ပျောက်ကင်းသွားသောအခါမှာ နာခြင်း ဆင်းရဲကို မသိပြန်တော့ပေ။ အမှန်မှာ ''ရူပံ ဝုစ္စတိ ရောဂေါစ'' ဟု ဟောတော်မူခဲ့သည့်အတိုင်း ''ရုပ်တရားကို ရထားခြင်း သည်ပင် ပူလိုက်၊ မောလိုက်၊ ပန်းလိုက်၊ ဆာလောင်လိုက်၊ မွတ်သိပ်လိုက် စသည်ဖြင့် ဖြစ်တာတွေ မှန်သမျှ လောက အမြင်မှာ ရောဂါဟု မထင်ရသော်လည်း၊ အမှန်မှာ ရောဂါ (ဗျာဓိ) အသေးစားများကလေးပင်ဖြစ်သည်။ ဤသည်ကို နည်းအမျိုးမျိုး ဖြင့် ဖြည့်ဆည်းလိုက်သဖြင့် ပြေပျောက်သွားလျှင် ဆင်းရဲဒုက္ခဟု မထင်တတ်ကြသည်မှာ ပုထုဇဉ်လူသာမန်တို့၏ သဘာဝပင် ဖြစ်သည်။

သေခြင်းဆင်းရဲ လူတိုင်းတစ်ဘဝမှာ တစ်ခါသာ သေရသဖြင့် သေခြင်းဆင်းရဲကို သိလိုက်ဖို့မရှိပြီ။ သေခဲ့ရပုံကို ပြန်မပြောနိုင်ပြီ။ သို့သော် နေချင်သေးပါလျက် မနေရဘဲ

အရာရာ နှင့်ခွဲခွာပြီးသွားရမှာကိုတော့ ကြောက်ကြသည်။ ဘဝ နိကန္တိကတဏှာ (မိမိဖြစ်ရာဘဝမှာ တွယ်တာနှစ်သက်နေမှု)ကြောင့် သေရမှာ ကြောက်ကြခြင်းသာဖြစ်သည်။ အမှန်မှာ နိဗ္ဗာန်မရောက် သေးသမျှ ဘဝပေါင်းများစွာမှာ အကြိမ်ကြိမ် သေရမည်ကို ဉာဏ် အမြင်ဖြင့် ဆန်ခွေး၍ ကြောက်ကြရမည်ဖြစ်ပါလျက် ကြောက် ရမှန်း မသိမှုသည်ပင် သေခြင်းဆင်းရဲကိုမသိခြင်း အဝိဇ္ဇာဖြစ်သည်။

မတည့်အတူနေရခြင်းဆင်းရဲ။ ။ မိမိနှင့်အယူအဆ သဘာဝ၊ အမူအကျင့် စရိုက်ချင်း စသည်မတူ ညီသောသူတို့နှင့်အတူ နေထိုင်ရခြင်းကြောင့်ဖြစ်သော ဆင်းရဲကို လူတိုင်းကြုံဖူးကြသည်။ ကြုံကြရလင့်ကစား အကြောင်း ကြောင်းကို ထောက်ထားပြီး ''မချစ်သော်လည်း၊ အောင့်ကာနမ်း၊ နမ်းပါသော်လည်း ပင့်သက်မရှူ၊ ရှူပြန်သော်မှ မဝံ့ရဲ၊ ဝံ့ရဲသော်မှ တိတ်တခိုး''ဖြင့် ဟန်ဆောင်နေကြရသည့် ဆင်းရဲကို ကြုံဖူးသူတိုင်း ခံစားဖူးကြသည်။ သို့သော် မျှော်လင့်ချက်လေးထား၍ ဆင်းရဲဒုက္ခ ဟု မထင်တတ်ကြ။

ချစ်သောသူနှင့် ကွေကွင်းရခြင်းဆင်းရဲ။ ။ဤဆင်းရဲသည် လည်း လူတိုင်း ကြုံဆုံရလေ့ရှိသော သဘောရှိသည်။ ကွေကွင်းခြင်း ၃-မျိုးရှိသည်။

၁။ နာနာဘာဝ = ရှင်ကွဲကွဲခြင်း၊ အကြောင်းကြောင်း ကြောင့် အရပ်တစ်ပါးသို့ သွားရောက်ရသဖြင့် ကွဲကွာကြရသည်။

၂။ ဝိနာဘာဝ = သေကွဲကွဲခြင်း၊ ချစ်ခင် ကြင်နာမြတ်နိုး ပါလျက် မရဏာရှင် သေမင်းလက်တွင်းသို့ သက်ဆင်းကြရသဖြင့် ကွဲကွာကြရသည်။

၃။ အညထာဘာဝ = ဘဝတစ်ခုစီ ခြားသွား၍ ကွဲကွာရခြင်း။ ။ သေကွဲတော့သေကွဲပင် ဖြစ်သည်။ ဝိနာဘာဝ သေကွဲကား ဘယ်ဘဝရောက်မှန်းမသိဘဲ ခွဲခွာသွားရခြင်းဖြစ်သည်။ အညထာ ဘာဝသေကွဲမှာ သေပြီးနောက် ဘဝတစ်ခုမှာ သွားဖြစ်သည်။ ဘဝဟောင်းကို ပြန်သိနေသည်။ ပြန်လာချင်သည်၊ လာလို့မရ။ ပြန်ပေါင်းချင်သည်၊ ပေါင်းလို့မရဖြစ်၍ ဘဝချင်းခြားပြီး ကွဲကွာရခြင်းဖြစ်သည်။

မည်သို့သော ကွဲကွာရခြင်းမျိုးဖြင့် ခွဲခွာရစေကာမူ လူသားတွေက အလိုက်သင့်ဖြေဆည်ယူကြသည်။ "ကံဆုံရင်စား၊ ကံကုန်တော့လည်း သွားပေမပေါ့" ဟူ၍လည်းကောင်း၊ "သေပြီးသူကြာရင်မေ့"ဟူ၍လည်းကောင်း တလွဲဆံပင်ကောင်းလုပ်ကာ ဖြေဆည်ယူကြသည်။ အမှန်မှာ ရုပ်နာမ်ခန္ဓာရှိသော သတ္တဝါ ဖြစ်လေသမျှ ဤသို့ အကြိမ်ဖန်များစွာ ကြုံရချေမည်ဟူသော အမှန်တရားကို မသိခြင်းသည်လည်း မသိမှုအဝိဇ္ဇာပင်ဖြစ်သည်။

လိုတာမရခြင်းဆင်းရဲ။ ။ထင်ရှားပါသည်။ လူသာမန်တိုင်း ဆုံတွေ့ရသော ဒုက္ခမျိုးဖြစ်သည်။

လောကဓံ ၈–ပါး အနက်၊ မကောင်းသော လောကဓံ ၄–ပါးနှင့် ကြုံလေတိုင်း ဖြစ်တတ်သော ဆင်းရဲမျိုးဖြစ်သည်။ စိတ်ဆင်းရဲရသည်။ ကိုယ်ဆင်းရဲရသည်။ အချို့အသက်သော်မှ သေကြရသည်ထိ ဖြစ်သည်။ ကောင်းသော လောကဓံ ၄–ပါးနှင့် ကြုံရသူတို့မှာလည်း ဝိသမလောဘဖြင့် ရှိသည်ထက်ပို၍ လိုချင်ကြသည်။ လိုချင်တိုင်း မရပြန်လျှင်လည်း ဆင်းရဲခြင်း၊ တစ်မျိုးခံစားရပြန်သည်။ လောဘကို မထိန်းချုပ်နိုင်လေ၊ ဖြစ်လေသော ဆင်းရဲမျိုးပင်။

ခန္ဓာငါးပါးဆင်းရဲ။ ။အချုပ်ပြောရလျှင် ရုပ်နာမ်ဟု ဆိုအပ်သော ဤခန္ဓာငါးပါးကို ရထားသည်ကပင် ဆင်းရဲခြင်း အမှန်ဖြစ်သည်။ စေ့စေ့တွေးလေ သေးထွက်အောင်မှန်လေ ဖြစ်သည်။ မသိတတ်သေးသော ကလေးဘဝမှစ၍ တစ်ပါးသူတို့က ဤခန္ဓာကိုယ်ကြီးကို အစာကျွေးရ၊ ရေတိုက်ရ၊ ရေမိုးချိုးပေးရ၊ အလှပြင်ပေးရ၊ ကုန်ကုန်ပြောရလျှင် ပါပေးရ၊ ပေါက်ရသည်။ သိတတ်လာသည့်အချိန်မှာဆိုလျှင်ကား–ပြောဖို့မလိုပြီ။ အများနှင့်တူဖို့၊ တတ်ဖို့၊ ချမ်းသာဖို့၊ အဆင့်အတန်းမီဖို့၊ လူရာဝင်ဖို့၊ ထင်ရှားကျော်ကြားဖို့၊ ဂုဏ်မြင့်မားဖို့––စသဖြင့် ဖို့ပေါင်းများစွာ ပြုလုပ်ချက်မှန်သမျှ–ဤခန္ဓာကိုယ်ကြီး ရှိသောကြောင့်ဖြစ်သည်။ ဤခန္ဓာကိုယ်ကြီးကြောင့် ကြိုးစားပြုလုပ်ကြရသော ဆင်းရဲ ပင်ပန်းခြင်း ဖြစ်သည်။

ပြဆိုခဲ့ပြီးသော အထက်ပါ ဆင်းရဲ(၇)မျိုးသည်လည်း ဤခန္ဓာကိုယ်ကြီး ရှိသောကြောင့်သာ ဖြစ်သည်။ ထို့ကြောင့် ဗုဒ္ဓမြတ်စွာက ''အချုပ်ပြောရလျှင် ဤခန္ဓာငါးပါးကို ရ.ထားသည်ကပင် ဆင်းရဲခြင်းဖြစ်သည်''ဟု ဟောတော်မူသည်။

ဤသည်မှာ ဝိပဿနာဉာဏ်အမြင် အမှန်သိမြင်ခြင်း မရှိသော ပုထုဇဉ်လူသာမန်များက ''ဟို့ကွေ့ရောက်ရင် ဟိုတက်ဖြင့်လော့၊ ဒီကွေ့ရောက်ရင် ဒီတက်ဖြင့်လော့'' ကာ ဒုက္ခအစစ်ကို ဒုက္ခအဖြစ် မမြင်ဘဲ ရှိနေခြင်းကိုပင် ဆင်းရဲအမှန်ကို မသိသော မသိမှုအဝိဇ္ဇာတစ်မျိုးဟု ဆိုပါသည်။

❖ ❖ ❖ ❖

## ၂။ ဆင်းရဲကြောင်းမှန် (သမုဒယသစ္စာ) ကိုမသိခြင်း

ဒုက္ခသစ္စာပါ ဆင်းရဲဒုက္ခအမျိုးမျိုးသည် ဘာကြောင့် ဖြစ်ရသနည်း။ အကြောင်းရှာသော် လောဘ(တဏှာ) ဟူသော အကြောင်းရင်းကို တွေ့ကြရသည်။

ဘဝအစ ဇာတိဟုဆိုအပ်သော ပဋိသန္ဓေစိတ် ဖြစ်ပြီးနောက် ဖြစ်ရာဘဝမှာ တွယ်တာကပ်ငြိတတ်သော ဘဝနိကန္တိက တဏှာ လောဘဇောဖြစ်ခဲ့သည်။ ထိုလောဘတဏှာသည်ပင်လျှင် ယခုဘဝ အတွက် စတင်အခြေပျိုးသည့် ရေသောက်မြစ်ဖြစ်သည်။ ယင်းမှ အခြေတည်ကာ ဘဝပင်စည်ကြီး တဖြည်းဖြည်းကြီးထွားလာသည်။ တစ်နည်းဆိုသော် ဒုက္ခပင်စည်ကြီး ကြီးပွားနိုင်ဖြိုးလာသည်။ မွေးဖွားလာသည်မှစ၍ သေသည်အထိ ဒုက္ခသစ္စာပါ ဆင်းရဲခြင်း အမျိုးမျိုး ဝေဆာပွင့်သီးကြသည်။ ဤကား ဘဝတစ်ခုလုံးကိုခြုံ၍ ပြောခြင်း ဖြစ်သည်။

ထင်ရှားသိလွယ်သော လောကဥပမာအနေဖြင့် အိမ်ထောင်ရေး ဒုက္ခတွေ ဘာကြောင့်ဖြစ်သနည်း။ အကြောင်းရှာလျှင် အိမ်ထောင်ပြုချင်သော လောဘ (တဏှာ) ကြောင့်သာ ဖြစ်ရသည်ကို တွေ့ရသည်။ အိမ်ထောင်မပြုခဲ့လျှင် အိမ်ထောင် ရေး ဒုက္ခဟူသည် ရှိမည်မဟုတ်ပေ။ အလားတူ မည်သည့်ကိစ္စမျိုးမဆို လိုချင် တပ်မက်မှု လောဘရှေးရှုလျက် ပြုလုပ်သည်မှန်သမျှ ဖြစ်လာသော ကိုယ်စိတ်ဆင်းရဲခြင်းတို့သည် လောဘတည်းဟူသော တဏှာ သမုဒယကြောင့် ဖြစ်သည်။

ဆင်းရဲဒုက္ခ၏ အကြောင်းမှန်ဖြစ်သော တဏှာ၊ သမုဒယ နှင့် ပတ်သက်၍ ဗုဒ္ဓမြတ်စွာ ဟောကြားတော်မူခဲ့သည်ကား–

တဏှာ= လောသည်

ပေါနောဗ္ဘဝိကာ = ဘဝသစ်ကို ဖြစ်စေတတ်သည်

နိန္ဒိရာဂသဟဂတာ = ထိုထိုအာရုံတွေမှာ လွန်လွန်ကဲကဲ နှစ်သက်လေ့ရှိသည် ဟူ၍ ဟောတော်မူခဲ့သည်။ တဏှာအပြား နှင့် ပတ်သက်၍

၁။ ကာမတဏှာ။ ။ ကာမဂုဏ် အာရုံ တရား ၅ပါးမှာ တပ်မက်တွယ်တာ ဆာလောင်မွတ်သိပ်ခြင်း။

၂။ ဘဝတဏှာ။ ။ ဘဝသည်မြဲ၏ဟု ယူဆတပ်မက် စွဲလန်းခြင်း။

၃။ ဝိဘဝတဏှာ။ ။ ဒီဘဝပြီးလျှင် ပြီးဆုံးပြီ၊ ဘဝပြတ်ပြီး ဘာမှ မဖြစ်တော့ဟု ယူဆတပ်မက်စွဲလန်းခြင်းဟူ၍ ၃-ပါး ရှိပါသည်။

တဏှာဟူသော ဝေါဟာရကို လူတိုင်းကြားဖူးပြီး ဖြစ်သည်။ ပြောဆို၍လည်း နေကြသည်။

တဏှာဟူသည်မှာ လောဘပင်ဖြစ်သည်။ လောဘသော်မှ မည်ကာမတ္တလောဘကလေးမဟုတ်။ တပ်တပ်မက်မက် လိုလို ချင်ချင် သဘောမျိုး၊ လောဘမျိုးကို ဆိုလိုသည်။ ဆရာအဆူဆူ တို့က တဏှာဟူသည်ကို ''မွတ်သိပ်ဆာလောင်ခြင်း''ဟု ဖွင့်ဆို ကြသည်။ မည်မျှလောက် မွတ်သိပ်ဆာလောင်သနည်း ဟူမူ- သုံးလေးရက် ထမင်းမစားရသူ၏ ဆာလောင်မွတ်သိပ်ပုံမျိုးနှင့် တူသည်ဟု ဆိုကြသည်။ သုံးလေးရက် ထမင်းမစားရသူသည် ထမင်းကိုမြင်လျှင် အငမ်းမရ ဖြစ်တတ်ကြသည်။ လမ်းဘေးမှာ ပစ်ထားသော ထမင်းခဲကို မြင်သော်မှ ပြေးဟပ်ပြီး စားချင်သည်ထိ ဖြစ်တတ်သည်ဟု အငတ်ခံဖူးသူက ဆိုသည်။

F 7

တဏှာကို ရာဂဟုလည်း သုံးစွဲလေ့ရှိသည်။ တဏှာရာဂဟုလည်း တွဲ၍သုံးကြသည်။ ရာဂဟူသည်မှာ တပ်စွဲခြင်း အဓိပ္ပာယ်ရသည်။ဖြူစင်သော အဝတ်ကို အရောင်ဆိုးလျှင်၊ ဆိုးလိုက်သော အရောင်အတိုင်း အဝတ်ဖြူမှာ စွဲနေသည်။ စွန်းထင်၍နေသည်။ ဤသည်ကိုပင် တပ်စွဲသည် တပ်စွန်းသည်ဟု ဆိုသည်။ တဏှာဟု ဆိုအပ်သော လောဘ(ရာဂ)ဖြစ်လာလျှင်လည်း အဝတ်မှာ အရောင်စွဲနေသကဲ့သို့ စွန်းပေနေသကဲ့သို့ စိတ်ထဲမှာ တဏှာ ရာဂ လောဘတရားစွဲထင်နေသည်ဟု ဆိုလိုသည်။

## ၁။ ကာမတဏှာ

အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့ ဟူသော ကာမဂုဏ်အာရုံ ၅-ပါးမှာ တပ်မက်စွဲလန်းနေမှုမျိုးကို ကာမတဏှာဟု ဆိုသည်။

အဆင်းဟူသော ရူပါရုံကို တပ်မက်စွဲလန်း မှုတဏှာဖြစ်လျှင် ထိုရူပါရုံသည် စိတ်ထဲမှာ တဝဲလည်လည်ထင်မြင် နေတတ်သည်။ နဖူးပေါ်လက်တင် ဆင်ခြင်ကာ တွေးလိုက်ရင် ရေးရေးမက ပြက်ပြက်ထင်ထင် မြင်နေတတ်ကြသည်။အောက်ပါ ကဗျာလေးကို ဖတ်ကြည့်ပါ -

❀ ကဗျာစပ်ရာ၊ မင်းမျက်နှာသည်
ရှေ့မှာလာဝဲ၊ ဖျောက်ရခဲမို့
လွဲမှားကာရန် - အတန်တန်တည်း။

❀ ပန်းချီဆွဲရာ၊ မင်းမျက်နှာသည်
ရှေ့မှာလာဝဲ၊ ဖျောက်ရခဲမို့
လွဲမှားစုတ်ချက်-အပျက်ပျက်တည်း။

❀ စာကျက်လေရာ၊ မင်းမျက်နှာသည်
ရှေ့မှာလာဝဲ၊ ဖျောက်ရခဲမို့
လွဲမှားစိတ်ကူး၊ ရင်မှာမြူး၍
ကြည်နူးမိကာ၊ စာမှုခွာသည်-
ငါ့မှာ အောင်ဖို့ -ဝေးပြီတည်း။

ဆယ်ကျော်သက်လူငယ်လေးတစ်ဦး၏ ရင့်ဖွင့်ကဗျာလေးဖြစ်သည်။ အဆင်းရူပါရုံ တည်းဟူသော ကာမဂုဏ်အာရုံမှာ မွတ်သိပ်ဆာလောင်မှု တဏှာဖြစ်ပုံ ထင်ရှားပါသည်။

အလားတူ---

အသံသဒ္ဒါရုံတည်းဟူသော ကာမဂုဏ်အာရုံနှင့် ပတ်သက်၍လည်း ''သူ့အသံကလေး နားထဲမှာ ခုပင် ကြားယောင်နေတယ်။ နားထဲက ဘယ်လိုမှမထွက်ဘူး။ နားထဲမှာစွဲနေတယ်''ဟု ဆိုလေ့ရှိကြသည်။ သဒ္ဒတဏှာ ဖြစ်ပါသည်။

အနံ့ဂန္ဓာရုံတည်းဟူသော ကာမဂုဏ်အာရုံနှင့် ပတ်သက်၍လည်း ''ဘယ်အနံ့နံ့မှ မတူဘူးကွာ၊ ခုပြန်စဉ်းစားရင်တောင် အဲဒီအနံ့ကို ရနေသေးတယ်''ဟု ဆိုတတ်ကြသည်။ ဂန္ဓတဏှာဖြစ်ပါသည်။

အရသာ ရသာရုံကာမဂုဏ်နှင့် ပတ်သက်၍ကား- ရူပါရုံကဲ့သို့ ထင်ရှားသိသာပါသည်။ ''အသီးမှာ သရက်၊ အရွက်မှာ လဖက်၊ အသား မှာဝက်''ဟုပင် ဆိုထုံးပြုထားကြသည်။ သို့သော် အသားတကာ့ အသားထဲမှာ လူသားသည် အနူးညံ့ဆုံး၊ အရသာအရှိဆုံးဖြစ်သဖြင့် ပေါရိသာဒဟူသော လူသားစား ဇာတ်လမ်းဖြစ်ပေါ်ခဲ့သည်။ ကျားရဲတိရစ္ဆာန်များသည်လည်း လူသားစားမိဖူးပြီဆိုလျှင် အခြားအသားကို မစားလိုတော့သည်အထိ ဖြစ်သည်ဟုဆိုကြသည်။ ဤကား ရသတဏှာ ဖြစ်ပါသည်။

အတွေ့ဟူသော ဖောဋ္ဌဗ္ဗာရုံတဏှာ ဖြစ်ပုံမှာလည်း လူသားတို့အတွက် သိသာထင်ရှားလှပါသည်။ ထင်ရှားသော သာဓကမှာ အိမ်ထောင်သည်များဖြစ်သည်။ ယောက်ျားသည် မိန်းမ၏ အတွေ့အာရုံ၊ မိန်းမသည် ယောက်ျား၏အတွေ့အာရုံမှာ တပ်မက်စွဲလမ်းကြသည်ဖြစ်၍ အချင်းချင်းပေါင်းသင်းဆက်ဆံကာ လူ့ဘောင်လူ့လောကကို ထူထောင်ခဲ့ကြသည်။ ဤအတွေ့ အာရုံကြောင့်ပင် မခွဲနိုင် မခွာရက် သက်ထက်ဆုံးတိုင် အရိုးပြာ မြေမှာမွေ့စေတော့၊ ဘယ်မုန်းမေ့ပါတော့နိုင်– ဖြစ်ကြရပေသည်။ ဤကား ဖောဋ္ဌဗ္ဗတဏှာ ဖြစ်ပါသည်။

ဤသို့လျှင် အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့ဟူသော ကာမဂုဏ် အာရုံ ၅ ပါးမှာ တပ်မက်စွဲလန်း နေမှုမျိုးသည် ကာမတဏှာ မည်ပါသည်။

❖ ❖ ❖ ❖

## ၂။ ဘဝတဏှာ

ကာမတဏှာနှင့် ပတ်သက်၍ ဖော်ပြခဲ့သည်မှာ သူသူငါငါ အများစု တွေ့ကြုံမြဲ ဓမ္မတာမို့ သိလွယ်ထင်ရှားပါသည်၊ ဆက်လက်ပြဆိုမည့် ဘဝတဏှာနှင့် ဝိဘဝတဏှာကား အတွေးအခေါ် အယူအဆများ ပါလာသည်။

ဘဝတဏှာကို သဿတဒိဋ္ဌိဟု ဆရာတော်ကြီးများက အဓိပ္ပာယ်ဖွင့်ဆိုကြသည်။ ဘဝမြဲသည် ဟု ဆိုလိုသည်။ ဤဘဝမှာ မောင်ဘသည် နောက်ဘဝ နောက်ဘဝမှာလည်း မောင်ဘပင် ဖြစ်သည်။ ဤဘဝမှာ မောင်ဘသေဆုံးပြီဆိုလျှင် မောင်ဘ၏

ရုပ်အလောင်းကား နောက်ဘဝသို့ မကူးနိုင်ဘဲ ပက်လက်ကျန်ရစ်သည်။ သို့သော် ယောင်ဘ၏ ဝိညာဉ် (ဝါ) လိပ်ပြာ (ဝါ) အတ္တ (ဝါ) အတ္တာကား ဘဝဟောင်းက ယောင်ဘရုပ်အလောင်းမှ ထွက်ခွာပြီး နောက်ဘဝရုပ်တစ်ခုခုမှာ ဝင်ရောက်နေသည်။ ထို့ကြောင့် နောက်ဘဝမှာ ရှင်သန်လာသူလည်း ယောင်ဘပင် ဖြစ်သည်ဟု (ဝါ) ဘဝမြဲသည်ဟု ယူဆသော သဿတဒိဋ္ဌိအယူကို ဘဝတဏှာဟု ဆိုပါသည်။

ဤသဿတဒိဋ္ဌိအယူသည် အချို့သော ဗုဒ္ဓဘာသာဝင်တို့မှာလည်း ရှိသည်။ မိရိုးဖလာ အစဉ်အလာအရ အရိုးစွဲနေပြီဖြစ်သည်။ လူတစ်ယောက်သေလျှင် သေသူနှင့် ပတ်သက်သော လုပ်ဆောင်ဖွယ်ကိစ္စရပ်များကို လုပ်ဆောင်ကြရာမှာ ''အသက်ဝိညာဉ်''ဟူသော အယူအစွဲမျိုးဖြင့် ရပ်တကာ နယ်တကာအနှံ့ သမားရိုးကျလုပ်ဆောင်နေကြသည်။ အမှန်မှာ ရုပ်လည်း နောက်ဘဝသို့ မကူးသလို နာမ်လည်း မတူပေ။ သည်ဘဝမှာပင် ချုပ်ပျောက်ပြီးဖြစ်သည်။ သို့သော် နောက်ဘဝမှာကား ဘဝတစ်ခုမှာ အနေဖြင့် ဖြစ်ရသည်။

## ၂။ ဝိဘဝတဏှာ

ဤဘဝမှာ သေလျှင် ပြီးပြတ်ပြီ။ နောက်ထပ်ဘာမှ မဖြစ်တော့ပြီ။ ဘဝမရှိတော့ပြီ–ဟု တပ်မက်စွဲလမ်းသောတဏှာသည် ဝိဘဝတဏှာမည်ပါသည်။ ဤသည်ဆရာတော်ကြီးများသာ ဉစ္ဆေဒဒိဋ္ဌိဟု အဓိပ္ပာယ်ဖွင့်ဆိုကြသည်။

အချို့သော သူတို့သည် နောက်ဘဝဆိုတာမရှိပြီ၊ သေလျှင် ပြီးသည်။ ဘာဆိုဘာမှ မဖြစ်တော့ဟု တပ်မက်စွဲလမ်းစွာ

ယူကြသည်။ လက်ရှိပစ္စုပ္ပန်ဘဝမှာ ဘယ်သူသေသေ ငတေမာရင် ပြီးရော သဘောထားကြသည်။ ငါ့လှေငါထိုး ပဲခူးရောက်ရောက်၊ ငါ့မြင်း ငါစိုင်း–စစ်ကိုင်းရောက်ရောက် ငါတကော ကောလှေ့ရှိကြ သည်။ ပစ္စုပ္ပန်ဘဝသက် သက်အတွက်သာ ချမ်းသာရေးကို အလေးပေးကြသည်။ ထိုအယူဝါဒသည် ယခုခေတ်မှ ပေါ်လာ သည်မဟုတ်၊ ဗုဒ္ဓမြတ်စွာလက်ထက်တော် အခါကပင် ရှိခဲ့သည်။

လက်ထက်တော်အခါက တိတ္ထိဆရာကြီး ၆ဦး အနက် အဇိတကေသမ္ဗလ ဆရာကြီးက–

''––ကောင်းတာလုပ်လုပ်၊ မကောင်းတာ လုပ်လုပ်၊ အကျိုး လည်းမရှိ။ မိုက်သူလျှ၍–လိမ္မာသူ စားသည်။ တမလွန် ဘဝမရှိ။ မိဘကျေးဇူးမရှိ။ သူတော်ကောင်း သူယုတ်မာမရှိ။ လူလူချင်း အတူတူချည်း။ ဓာတ် ၄ ပါး အစုချည်းဖြစ်၍ သေလျှင်ပြီးပြီ၊ ဘာမှ မဖြစ်တော့။ ပထဝီဓာတ်က မြေနှင့်ပေါင်းသည်။ အာပေါဓာတ်က ရေနှင့်ပေါင်းသည်။ တေဇောဓာတ်က မီးနှင့်ပေါင်းသည်။ ဝါယော ဓာတ်က လေနှင့်ပေါင်းသည်''

ဤကဲ့သို့ ယူဆဟောပြောသည်။ ဥစ္ဆေဒဒိဋ္ဌိ ထိပ်ခေါင် တင်ကြီးပင်ဖြစ်သည်။ သံသရာအနေဖြင့် ကြည့်ပါမူ သံသရာ သစ်ငုတ်ဖြစ်မည့်သူမျိုးဟု ဆိုနိုင်သည်။ အဘယ်ကြောင့်ဆိုသော် နောက်ဘဝမရှိ–ဟု ယူဆထားပြီးဖြစ်သဖြင့် တစ်ကိုယ်ကောင်း ဆန်စွာ ပြုမူလုပ်ကိုင်မည်မှာ မလွဲဖြစ်သည်။ မဟုတ်မှန်သမျှ ကိုလည်း လက်မနှေးစတမ်း ပြုလုပ်ကြမည်သာ ဖြစ်သည်။

အကုသိုလ်ဒုစရိုက်ပြုလုပ်လျှင် ဘေးကြီးလေးပါးနှင့် ဆုံတွေ့ ရမည်ဟု ဘုရားဟောရှိသည်။

၁။ အတ္တာနုဝါဒဘေး = မိမိကိုယ်ကို မိမိကဲ့ရဲ့ခြင်း၊
၂။ ပရာနုဝါဒဘေး = ပတ်ဝန်းကျင်က ကဲ့ရဲ့ရှုတ်ချခြင်း၊
၃။ ဒဏ္ဍဘေး = ရာဇဝတ် ပြစ်ဒဏ်ခံရခြင်း၊
၄။ ဒုဂ္ဂတိဘေး = နောက်ဘဝမှာ အပါယ်ဒုဂ္ဂတိသို့ ရောက်ရခြင်းတို့

တို့ ဖြစ်သည်။

ထိုဥစ္စဒိဋ္ဌိ အယူရှိသူသည် ဖော်ပြပါ ဘေး၄ မျိုး အနက် ဒဏ္ဍဘေးတစ်ခုကိုသာ မတတ်သာ၍ စိုးရွံ့ဖွယ်ရှိသည်။ကျန်ဘေး ၃–ခုကိုကား စိတ်ကူးထဲသော်မှ ထည့်မည့်သူများ မဟုတ်ပေ။ ထို့ကြောင့် သံသရာဝဋ်မှ ကျွတ်နိုင်မည့်သူများ မဟုတ်သဖြင့် သံသရာသင်္ဂဟ်ဖြစ်မည့်သူများဆိုသည်မှာ မှားလိမ့်မည်မထင်။

ဤသို့ သဘောရှိသော ဥစ္ဆေဒဒိဋ္ဌိမျိုးကိုမှ တပ်တပ်မက်မက်ယူမွဲလျှင် ဝိဘဝတဏှာ ဖြစ်တော့သည်။

ပြဆိုခဲ့ပြီးသော ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာ–ဟူသော ဤတဏှာသုံးပါးသည် ဘဝဒုက္ခပေါင်းများစွာကို ဖြစ်ပေါ်စေသော ပင်မလက်သည် တရားခံကြီးဖြစ်သည်ကို မသိခြင်းသည် မသိမှုအဝိဇ္ဇာ တစ်မျိုးဖြစ်ပါသည်။

❖ ❖ ❖ ❖

## ၃။ ဆင်းရဲချုပ်ရာအမှန်(နိရောဓသစ္စာ)ကို မသိခြင်း

ဆင်းရဲခြင်းချုပ်ရာအမှန် နိဗ္ဗာန်သည် နိရောဓသစ္စာမည်သည်။ ဆင်းရဲခြင်းအပေါင်းမရှိရာသည် နိဗ္ဗာန်မည်သည်ကို လူတိုင်း

လိုလို သိကြပြီးဖြစ်သည်။ ဆက်လက်၍ မီးတစ်ဆယ့် တစ်ပါးတို့၏ ငြိမ်းအေးရာသည် နိဗ္ဗာန်၊ အာသဝေါတရားတို့၏ ကင်းရာကုန်ရာသည် နိဗ္ဗာန်မည်သည်ဟူ၍ အဓိပ္ပာယ်အသီးသီး ဖွင့်ဆိုနားလည်ထားကြပြီးဖြစ်သည်။ ဤကား အများနားလည် သိရှိထားကြသော အဓိပ္ပာယ်အနက် ဖြစ်သည်။

သဒ္ဒါအနက်အနေအားဖြင့်မူ ဘဝကြီး ဘဝငယ် အသွယ်သွယ်ကို ချုပ်စပ်ပေးတတ်သော တဏှာမှ ထွက်မြောက်ရာသည် နိဗ္ဗာန်မည်ပါသည်။ (ဝါ)ဝါနဟု ဆိုအပ်သော တဏှာ၏မရှိခြင်းသည်ပင်လျှင် နိဗ္ဗာန်မည်ပါသည်။

တဏှာမှ မည်ကဲ့သို့ ထွက်မြောက်သနည်း?

တဏှာ၏ အာရုံပြုရာ နယ်ပယ်မဟုတ်သည်၏ အဖြစ်သည်ပင်လျှင် နိဗ္ဗာန်သည် တဏှာမှ ထွက်မြောက်သည်မည်ပါသည်။

ပူပူဆာဆာတဏှာ၏ အာရုံပြုရာမဟုတ်ဟု ဆိုသဖြင့် တဏှာမရှိသော(ဝါ)တဏှာ၏ ချုပ်ရာကို နိဗ္ဗာန်ဟု ဆိုလိုပါသည်။ ဗုဒ္ဓမြတ်စွာကလည်း--

တဿာယေဝ တဏှာယ-ထိုတဏှာ၏ပင်လျှင်-

အသေသဝိရာဂနိရောဓော-အကြွင်းမဲ့ ချုပ်ငြိမ်းခြင်းသည်ပင် နိဗ္ဗာန်မည်၏ဟု နိရောဓသစ္စာ အဖွင့်မှာ ဟောကြားတော်မူခဲ့ပါသည်။

ဆင်းရဲဒုက္ခဟူသမျှသည် တဏှာတည်းဟူသော အကြောင်းကြောင့် ဖြစ်လာရသည်။ တဏှာဟူသော အကြောင်းမရှိလျှင် မည်သည့်ဒုက္ခမှ ဖြစ်ပေါ်လာနိုင်စရာ ရှိတော့မည် မဟုတ်ပေ။

အကြောင်းတဏှာချုပ်ငြိမ်းပြီးဖြစ်သောကြောင့် အကျိုးဆင်းရဲဒုက္ခများလည်း ဖြစ်ပေါ်လာခြင်းမရှိတော့ဘဲ အလိုလို ချုပ်ငြိမ်းပြီးဖြစ်တော့သည်။ ထိုသို့ အကြောင်းရောအကျိုးပါ ချုပ်ငြိမ်းခြင်းအမှန်သည်ပင်လျှင် နိဗ္ဗာန်မည်ပါသည်။

ဤကား နိ+ဝါန = နိဝါန(နိဗ္ဗာန)ဟူသော သဒ္ဒါ၏ အနက်ဖြစ်သည်။

နိဗ္ဗာန်၏ သဘောသဘာဝ နိဗ္ဗာန်၏ သန္တိသုခကို မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ရရှိပြီးသော အရိယာ သူတော်စင်တို့သာ အမှန်တကယ် သိမြင်နိုင်ကြသည်။ မျက်မှောက်ထင်ထင် အာရုံပြုနိုင်ကြသည်။ ကလျာဏပုထုဇဉ်တို့အဖို့မူ မှန်းဆသော အနုမာနနည်းဖြင့်သာ အာရုံပြုနိုင်ကြသည်။

ဉပမာ။ ။ သောကသည် စိတ်ကို ညစ်နွမ်းပူလောင်စေတတ်သည်။ သောကကြီးလျှင်ကြီးသည်နှင့်အမျှ စိတ်ကို လောင်ကျွမ်းစေသည်။ ထိုပူလောင်စေသော သောကတရားမျိုး တစ်ခါတရံဆိုသလို မရှိခိုက်ကြုံကြိုက်ပါလျှင် စိတ်သည် အေးချမ်း၍နေလေသည်။ တစ်ခါတစ်ရံမျှသာ မဟုတ်ဘဲ၊ အမြဲတမ်းသောက ငြိမ်းနေပါလျှင် အဘယ်မျှ အေးငြိမ်း နေနိုင်ပါမည်နည်း။ ဤသို့သာ မှန်းဆ၍ သိနိုင်ပါသည်။

ပူလောင်စေတတ်သော တရားမရှိလျှင် အေးချမ်းသော သဘာဝရှိသည်။ ထိုအေးငြိမ်းချမ်းသာသော သဘောလက္ခဏာသည်ပင် နိဗ္ဗာန်မည်ပါသည်။ ထို့ကြောင့် –

နိဗ္ဗာနံ – နိဗ္ဗာန်သည်၊

သန္တိသုခလက္ခဏံ – အေးငြိမ်းချမ်းသာခြင်း၊ လက္ခဏာရှိသည်ဟူ၍ ဟောတော်မူပါသည်။ နိဗ္ဗာန်နှင့်ပတ်သက်၍ အရိယာ

သူတော်စင်တို့မှအပ ကျန်လူများမှာ အထက်ပါအတိုင်း မှန်းဆ၍သာ အာရုံပြုနိုင်ကြပါသည်။ ကျမ်းစာတတ် အကျော်အမော် ဆရာတော်ဘုရားကြီးများသည် ပိုမို၍ နိဗ္ဗာန်အကြောင်းကို ဟောဖေါ်ညွှန်ပြနိုင်ကြပေမည်။ စာရေးသူကား – ဤမျှသာ သဘောပေါက်ပါသည်။ သည်ထက်ပိုရေးလျှင် ကြားဖူးထားသော ပုံပြင် ကလေးတစ်ပုဒ်နှယ် ဖြစ်သွားနိုင်ပါသည်။

မွေးကတည်းက ပျက်စီကန်းလာသူတစ်ဦးနှင့် ကြီးမှ ကန်းသွားသူတစ်ဦးတို့ တစ်နေ့မှာ စကားပြောဆိုနေကြသည်။

ကြီးမှကန်းသွားသူ ။ ။``ကွာ–– ဆာလိုက်တာနို့လေး တစ်ခွက်လောက် သောက်ရရင် ကောင်းမယ်``

မွေးကတည်းက ကန်းလာသူ။ ။``နို့ဆိုတာ ဘာလဲကွ``

ကြီးကန်း ။ ။``နို့ဆိုတာ –ဟိုလေ–ဟိုအဖြူ အဖြူ အဖြူရောင်``

မွေးကန်း ။ ။``အဖြူဆိုတာကော ဘာလဲ?``

ကြီးကန်း ။ ။``အဖြူဆိုတာ ဗျိုင်းလိုကွ– ဗျိုင်းလို``

မွေးကန်း ။ ။ ``ဗျိုင်းဆိုတာကကော?``

ကြီးကန်း ။ ။ ``အိုကွာ–မင်းကလဲ ––ဗျိုင်း ဆိုတာ''

ဟောဒီလို + ဟောဒီလို––``ဆိုပြီး တစ်ထောင်ဆစ် ကို ထောင်၍ . ဗျိုင်းငါးစောင့်နေပုံလုပ်ပြသည်။ မွေးကန်းက မွေးကတည်းက ကန်းလာသူမို့ ဗျိုင်းကိုလည်း မမြင်ဖူးသဖြင့် ကြီးကန်းလုပ်ပြသောလက်ကို ဖြည်းဖြည်းချင်းစမ်းကြည့်ပြီး––

မွေးကန်း ။ ။"အော် --ဖျင်းဆိုတာ ဒီလိုကောက်ကောက်လား"

ကြီးကန် ။ ။"အေးဟုတ်တယ်–အဲသလို ကောက်ကောက်ပေါ့"

မွေးကန်း ။ ။"ဒါဆိုရင် – နို့ဆိုတာလဲ ဒီလိုပဲ ကောက်ကောက်ဘဲလား?" (သွားရော)

ကြားဖူးသော ပုံပြင်ကလေး။ ဖျင်းကိုလည်း မမြင်ဖူး မတွေ့ဖူးသော မွေးကန်းအဖို့ နို့ဆိုသည်မှာ "ကောက်ကောက်ကြီး" သဘောပေါက်သွားသည်သို့ ရှိချေတော့မည်မို့။ နိဗ္ဗာန်ကို မမြင်ဖူးသေးသူချင်း ရှင်းလေရှုပ်လေ၊ အဝိပ္ပါယ်ကောက်လွဲလေ ဖြစ်ချေတော့မည်။

ထို့ကြောင့် နိရောဓသစ္စာမည်သော နိဗ္ဗာန်ဟူသည် ဒုက္ခခပ်သိမ်း၏ကင်းငြိမ်းရာ အမှန်ဟုသာ မှတ်ထားလိုက်သည်က ပို၍ကောင်းပါမည်။

ထိုဒုက္ခ၏ချုပ်ရာ နိဗ္ဗာန်ကို မသိခြင်းသည်လည်း မသိမှုအဝိဇ္ဇာတစ်မျိုးဖြစ်သည်။

❖ ❖ ❖ ❖

## ၂။ နိဗ္ဗာန်ရောက်ကြောင်း(မဂ္ဂသစ္စာ)ကို မသိခြင်း

ဒုက္ခခပ်သိမ်းတို့၏ ချုပ်ငြိမ်းရာ နိဗ္ဗာန်ဆိုသည်ကား ရှိသည်။ ထိုနိဗ္ဗာန်သို့ရောက်အောင် မည်သို့ ကျင့်ကြံရမည်။ ကြိုးစားရမည်ကို မသိခြင်းသည်လည်း မသိမှုအဝိဇ္ဇာတစ်မျိုး ဖြစ်သည်။

အရှင်သာရိပုတ္တရာအလောင်း ဥပတိဿနှင့် အရှင်မောဂ္ဂလာန်အလောင်းကောလိတတို့သည် ပွဲကြည့်ရင်း စဉ်းစားကြသည်။

``. . . ယခုပွဲကြည့်နေကြသူတွေရော–ကပြနေကြသူတွေပါ။ သိဆိုတီးမှုတ်နေသူအားလုံး၊ နောင်အနှစ် ၁၀၀ လောက်ဆိုလျှင် မည်သူမျှ ရှိကြတော့ မည်မဟုတ်၊ အားလုံးသေကြရမည်။ ဒီတော့သေရာရှိသလို၊ မသေရာလည်း ရှိမည်သာ၊ ထိုမသေရာကား အဘယ်နည်း။ ဘယ်လိုလုပ်မည်နည်း. .'' ဟု စဉ်းစားတိုင်ပင်ပြီး မသေရာနည်းလမ်းကို ရှာကြံကြသည်။ သိဥ္စည်းဆရာကြီး အပါအဝင်ကြားသိရသမျှ ပညာရှိသည်ဆိုသူတို့ထံသွားရောက်ဆည်းကပ်မေးမြန်းသည်။ ဘာမှသိမလာခဲ့ရ။ နောက်ဆုံးမှာ အရှင်အဿဇိမထေရ်နှင့်တွေ့၍ တရားတော်နာကြားရမှ နည်းလမ်းကို သိကြရသည်။

ထိုနည်းလမ်းကား အဘယ်နည်း။ မဂ္ဂင် ၈ ပါးဟု ဆိုအပ်သော မဂ္ဂသစ္စာဖြစ်သည်။ ကျမ်းအခေါ်ကား ဒုက္ခနိရောဓ ပဋိပဒါ ဒုက္ခ၏ချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်းအကျင့်ဖြစ်သည်။ ၎င်းတို့မှာ–

၁။ သမ္မာဒိဋ္ဌိ = အမှန်သိခြင်း၊
၂။ သမ္မာသင်္ကပ္ပ = အမှန်ကြံခြင်း၊
၃။ သမ္မာဝါစာ = အမှန်ပြောခြင်း၊
၄။ သမ္မာကမ္မန္တ = အမှန်ပြုခြင်း၊
၅။ သမ္မာအာဇီဝ = အသက်မွေးမှုမှန်ခြင်း၊
၆။ သမ္မာဝါယာမ = မှန်စွာအားထုတ်ခြင်း၊
၇။ သမ္မာသတိ = မှန်စွာအောက်မေ့ခြင်း၊
၈။ သမ္မာသမာဓိ = မှန်သောတည်ကြည်ခြင်းတို့ဖြစ်သည်။

| | | |
|---|---|---|
| ၎င်းကို | ။ | ။သိမှန်-ကြံမှန်၊ ပြောပြုမှန်နှင့် ကောင်းမှန်သက်မွေး၊ ဖြူစင်ဖွေး၍ မှန်ရေးကြိုးစား၊ မှန်ငြားသတိ၊ မှန်ဘိတည်ကြည် ဤရှစ်လီ ခေါ်မည်မဂ္ဂင်။ ။ဟု အတိုမှတ်နိုင်သည်။ |
| ၁။ သမ္မာဒိဋ္ဌိ | ။ | ။သစ္စာလေးပါးကို ပိုင်းခြားထင်ထင် သိမြင်ခြင်း။ |
| ၂။ သမ္မာသင်္ကပ္ပ | ။ | ။ကာမဂုဏ်မှ လွတ်မြောက်ရာကို ကြံစည်ခြင်း၊ သတ္တဝါ ကောင်းစားရေးကို ကြံစည်ခြင်း၊ သတ္တဝါတို့ ချမ်းသာရေးကို ကြံစည်ခြင်း။ |
| ၃။ သမ္မာဝါစာ။ | ။ | ဝစီဒုစရိုက် ၄-ပါးမှ ရှောင်ကြဉ်ခြင်း။ |
| ၄။ သမ္မာကမ္မန္တ။ | ။ | ကာယဒုစရိုက် ၃-ပါးမှ ရှောင်ကြဉ်ခြင်း။ |
| ၅။ သမ္မာအာဇီဝ။ | ။ | အသက်မွေးမှုနှင့် ပတ်သက်သော ဝစီဒုစရိုက် ၄ပါး၊ ကာယဒုစရိုက် ၃-ပါးမှ ရှောင်ကြဉ်ခြင်း။ |
| ၆။ သမ္မာဝါယာမ | ။ ❀ | ။မဖြစ်သေးသော အကုသိုလ်ကို မဖြစ်ပေါ်စေရန် အားထုတ်ခြင်း။ |
| | ❀ | ဖြစ်ပြီးသော အကုသိုလ်တို့ကို ဆက်လက်မဖြစ်ပေါ်စေရန် အားထုတ်ခြင်း။ |
| | ❀ | မဖြစ်သေးသော ကုသိုလ်တရားတို့ကို ဖြစ်ပေါ်စေရန် အားထုတ်ခြင်း။ |

❀ ဖြစ်ပြီးသော ကုသိုလ်တရားတို့ကို ပြန့်ပွားစေရန် အားထုတ်ခြင်း။

၇။ သမ္မာသတိ ။ ။သတိပဋ္ဌာန် တရားလေးပါးကို အကြိမ်ကြိမ် ရှုမှတ် အောက်မေ့ခြင်း။

၈။ သမ္မာသတိ ။ ။သမထဘာဝနာပွားများမှု၊ ဝိပဿနာရှုမှတ်မှုတို့ဖြင့် ဖြစ်ပေါ်လာသော စိတ်တည်ကြည်ငြိမ်သက်ခြင်း။

ဤမဂ္ဂင်–၈ပါးကို မဇ္ဈိမပဋိပဒါဟုလည်း ခေါ်ပါသည်။ နိဗ္ဗာန်ကို ရောက်စေတတ်သော မဂ္ဂင် ၈–ပါးဟု ဆိုအပ်သည့် ဤမဇ္ဈိမပဋိပဒါကို မသိခြင်းသည်လည်း မသိမှုအဝိဇ္ဇာတစ်မျိုးဖြစ်သည်။

အဝိဇ္ဇာ မသိမှုမှာ အဓိကအားဖြင့် ဖော်ပြပါ သစ္စာ ၄ ပါးကို ဝိပဿနာဉာဏ်အမြင်ဖြင့် ကိုယ်တိုင်ထိုးထွင်း၍ မသိခြင်းကိုသာ ဆိုလိုသည်။ သစ္စာလေးပါးကို ထိုးထွင်း၍သိလျှင်ကား အနိမ့်ဆုံး အဆင့် သောတာပန်ဖြစ်လေပြီ။ အလွန်ဆုံး ခုနစ်ဘဝမျှသာ ဘုံဘဝမှာ ကျင်လည်ကြရတော့သည်။

❖ ❖ ❖ ❖

## ၅။ ရှေးဘဝကိုမသိခြင်း

အချို့သည် သမထဘာဝနာအားထုတ်မှုဖြင့် အဘိဉာဏ်ဖြစ်လာသောအခါ အနာဂတံအဘိဉာဏ်ရ၍ နောက်ဘဝမှာ ဘာဖြစ်လိမ့်မည် သိသော်လည်း ပုဗ္ဗေနိဝါသာနုဿတိ အဘိဉာဏ်ကို မရသဖြင့် ရှေးရှေးဘဝကဖြစ်ခဲ့ဖူးသောဘဝကို မသိခြင်းသည်လည်း မသိမှု အဝိဇ္ဇာတစ်မျိုးဖြစ်သည်။

❖ ❖ ❖ ❖

## ၆။ နောက်ဘဝကို မသိခြင်း

အချို့သည် သမထဘာဝနာ အားထုတ်မှုဖြင့် အဘိဉာဏ် ရလာသောအခါ၊ ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ်ဖြင့် ရှေးရှေး ဘဝက ဘာတွေဖြစ်ခဲ့သည်ကို ပြန်ပြောင်းသိရှိသော်လည်း အနာဂတံသ အဘိဉာဏ်မရသဖြင့် နောက်ဘဝဘာဖြစ်လိမ့်မည် ကို မသိခြင်းသည်လည်း မသိမှုအဝိဇ္ဇာ တစ်မျိုးပင်ဖြစ်သည်။

အချို့က အဘိဉာဏ်မရသော်လည်း ဇာတိဿရဉာဏ် ရရှိတတ်ကြသည်။ ထိုဇာတိဿရဉာဏ်ဖြင့် ဘဝချင်းနီးလွန်းလျှင် ရှေးဘဝဖြစ်စဉ်ကို ပြန် လည်ပြောပြတတ်ကြသည်။ ဤသူမျိုး အရပ်ရပ် အနယ်နယ်မှာ ရှိတတ်ကြသည်။ ထိုသူတို့သည်လည်း ရှေးဘဝကိုသာ သိနိုင်ကြပြီး နောက်ဘဝဘာဖြစ်မည်ကို မသိနိုင်ကြပေ။

⁘ ⁘ ⁘ ⁘

## ၇။ ရှေးဘဝ၊ နောက်ဘဝကို မသိခြင်း

များစွာကုန်သော သူတို့သည် မေ့မေ့လျော့လျော့ ပေါ့ပေါ့ ဆန်ဆန်ဖြင့် ပေါ့ပေါ့နေ–ပေါ့ပေါ့စားပြီး သမထဘာဝနာကို ရှုမှတ် လေ့မရှိသဖြင့် ရှေးရှေးဘဝကလည်း ဘာတွေဖြစ်ခဲ့ မှန်းမသိ။ နောက်ဘဝမှာလည်း ဘာတွေဖြစ်လာမည် မသိသော မသိခြင်းမျိုး သည်လည်း မသိမှုအဝိဇ္ဇာတစ်မျိုးဖြစ်သည်။ များစွာကုန်သော စာရေးသူအပါအဝင်သူသူငါငါတို့ မသိခြင်းမျိုးဖြစ်သည်။

ဤမသိခြင်းကို သတိထားမိသူနှင့် သတိမထားမိသူဟူ၍ နှစ်မျိုးဖြစ်သည်။ သတိထားမိသူကား အလွန်ရှားသည်။ အားလုံး လိုလိုက သတိမထားမိကြသည်ကသာ များသည်။

မြတ်စွာဘုရားသခင်သည် အာဠဝီပြည်သို့ ဒေသစာရီ လှည့်လည်၍ ကြွရောက်ခိုက်မှာ မရဏာဿတိကမ္မဋ္ဌာန်းကို ဟောကြားတော်မူသည်။ ဆယ့်ခြောက်နှစ်ရွယ် ရက်ကန်းသည် မလေးတစ်ယောက်သည် ထိုတရားကိုနာရ၍ သုံးနှစ်လုံးလုံး မရဏာ ဿတိကမ္မဋ္ဌာန်းကို အစဉ်ပွားများနေခဲ့သည်။

သုံးနှစ်မြောက်သောနေ့တွင် ဗုဒ္ဓမြတ်စွာသည် သာဝတ္ထိ ပြည် ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးတော်မူရင်း၊ မဟာ ကရုဏာသမာပတ်ဖြင့် ဆင်ခြင်ရာ ရက်ကန်းသည်မလေး၏ ကျွတ်တန်းဝင်မည့်အဖြစ်ကို သိမြင်တော်မူ၍ အာဠဝီပြည်သို့ တစ်ဖန် ကြွတော်မူပါသည်။ အာဠဝီပြည် အဂ္ဂါဠဝကျောင်းတော်မှာ ပရိသတ်အား တရားဟောတော်မူနေစဉ် ရက်ကန်းသည်မလေး သည် ရက်ကန်းခတ်နေသော ဖခင်ရှိရာသို့ ရက်ဖောက်လုံးပို့ရန် ထွက်ခွာလာခဲ့သည်။ တရားပွဲနှင့် ကြုံကြိုက်သည်မို့ ပရိသတ် အစွန်မှာရပ်လျက် ဘုရားရှင်ကို ဖူးမြော်နေသည်။

ဗုဒ္ဓမြတ်စွာသည် ပရိသတ်အစွန်မှာရှိသော ရက်ကန်း သည်မလေးကို ကြည့်ရှုတော်မူလျှင် ရက်ကန်းသည်မလေးသည် ရက်ဖောက်တောင်းကိုချ၍ ဗုဒ္ဓမြတ်စွာထံမှောက်ဝင်ရောက်၍ ရှိခိုးနေသည်။ ဗုဒ္ဓမြတ်စွာက–

''သတိုးသမီးငယ်–သင်အဘယ်မှ လာသနည်း'' မေးတော် မူသည်။

''ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ တပည့် တော်မ မသိပါဘုရား''

''သင်အဘယ်အရပ်သို့ သွားမည်နည်း''

''ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား–တပည့်တော်မ ဘယ်အရပ်သို့ သွားရမည် မသိပါဘုရား''

''သင် မသိသလော''

''ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား–သိပါသည်ဘုရား''

''သင် သိသလော''

''ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား–မသိပါဘုရား''

ပရိသတ်များက–

''သည်သူငယ်မ–အိမ်မှလာပြီး ရက်ကန်းရုံသို့ သွားမည်ဖြစ်ပါလျက် မသိပါလို့ချည်း ဖြေသည်။ ဘယ့်နှယ်ကောင်မလေးပါလိမ့်''ဟု ကဲ့ရဲ့ရှုတ်ချကြသည်။ ထိုအဖြစ်ကို သိတော်မူသဖြင့် လူအများ သံသယကင်းစေရန် ဗုဒ္ဓမြတ်စွာသည် ရက်ကန်းသမလေးနှင့် မေး–ဖြေပြုတော်မူသည်။

''သတို့သမီးငယ်–သင်အဘယ်မှလာသနည်းမေးသည်ကို မသိပါဘုရားဟု ဘာ့ကြောင့်ဖြေဘိသနည်း''

''ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား–တပည့်တော်မ အဘယ်ဘဝမှလာခဲ့၍ ဤဘဝမှာ ဖြစ်သည်ကို မသိပါဟု လျှောက်ထားရခြင်း ဖြစ်ပါသည်ဘုရား''

''အဘယ်မှာလာခဲ့သနည်း မေးသည်ကိုလည်း အဘယ်ကြောင့် မသိပါဟု ဖြေရသနည်း''

''ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား–တပည့်တော်မသည် ဤဘဝမှ သေလွန်သည်ရှိသော် အဘယ်ဘဝသို့ ရောက်ရမည်ကို မသိပါဘုရား လျှောက်ထားရခြင်း ဖြစ်ပါဘုရား. .''

''သင်မသိသလော–မေးသည်ကို အဘယ်ကြောင့် သိပါသည်–ဟု ဖြေဘိသနည်း''

''ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား–တပည့်တော်မသည် တစ်နေ့မှာ မလွဲကေန် သေရမည်ကို သိသဖြင့် သိပါသည်ဘုရားဟု လျှောက်ထားရပါသည်ဘုရား''

''သင်သိ၏လော–မေးသည်ကို အဘယ်ကြောင့် မသိပါဟု ဖြေရသနည်း''

''ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား–တပည့်တော်မသည် သေရမည်ကေန်သိပါသော်လည်း ဘယ်နေ့ ဘယ်အခါမှာ သေလိမ့်မည်ကို မသိသဖြင့် မသိပါဘုရား–ဟု လျှောက်ထား ဖြေဆိုရပါသည် ဘုရား. . .''

ထိုအခါ ဗုဒ္ဓမြတ်စွာက–

''သတို့သမီးငယ်သည် မေးအပ်သော အမေး ပုစ္ဆာကို ကောင်းစွာဖြေအပ်ပေသည်''ဟု ကောင်းချီး ပေးတော်မူသည်။

ရက်ကန်းသမလေး၏အဖြေကို ကြားရမှ တရားနာပရိသတ်ကြီးသည် ''သည်သူငယ်မ–ပြောတာ ဟုတ်ပေသား''ဟု ယခုမှ သတိပြုမိကြသည်။

ဤရက်ကန်းသမလေး လျှောက်ထား ဖြေဆိုသည့်အတိုင်း စာရေးသူအပါအဝင် သူသူငါငါ များစွာသော သူတို့သည် ရှေးဘဝက ဘာဖြစ်ခဲ့သည်ကိုလည်း မသိ။ နောက်ဘဝမှာ ဘာဖြစ်လိမ့်ဦးမည်ကိုလည်း မသိကြသူများ ဖြစ်ကြသည်။

ဤမသိခြင်းမျိုးသည်လည်း မသိမှု အဝိဇ္ဇာ တစ်မျိုးပင် ဖြစ်သည်။

❖ ❖ ❖ ❖

## ၈။ ကြောင်းကျိုးဆက်စပ်မှုကို မသိခြင်း

အကြောင်းကြောင့် အကျိုးဖြစ်သည်။ အကျိုးသည်လည်း အကြောင်းမရှိမှ ဖြစ်သည်။ အကြောင်းမရှိဘဲ အကျိုးမဖြစ်နိုင်၊ အကြောင်းကင်းသော အကျိုးတရားမည်သည်ကားမရှိ–ဟူ၍ ကြောင်းကျိုးဆက်စပ် တွေးခေါ်တတ်မှု ရှိရသည်။ ယင်းသို့ ဆက်စပ်တွေးခေါ်တတ်မှုမရှိသော မသိမှုမျိုးသည် ကြောင်းကျိုးမသိမှု အဝိဇ္ဇာတစ်မျိုးဖြစ်သည်။

ဗုဒ္ဓမြတ်စွာလက်ထက်တော်အခါက ဘုရားအမည်ခံ တိတ္ထိဂိုဏ်းဆရာကြီး ၆ ဦး ရှိခဲ့သည်။ ၎င်းတို့အနက်–

၁။ ပူရာဏကဿပဆရာကြီး။ ။ကောင်းမှု မကောင်းမှု ပြုသော်လည်း ပြုရာမရောက်၊ ပြုသည် မမည်။ ကောင်းကျိုး–ဆိုးပြစ်မရှိ။ သေလျှင်ဘာတစ်ခုမှ အကြွင်းမကျန်မရှိပြီ ဟူ၍ ပြုကြောင်းမရှိ ဟူသော အကိရိယဒိဋ္ဌိ အယူရှိသည်။ (အကြောင်းကို ပယ်သည်)

၂။ မက္ခလိဂေါသာလဆရာကြီး။ ။သတ္တဝါမှန်သမျှ အကြောင်းမဲ့ ဖြစ်နေကြသည်။ ညစ်နွမ်းစေမှု၊ စင်ကြယ်စေမှု အကြောင်းမရှိ။ လုပ်ယူ၍မရ။ အားထုတ်မှုမှန်သမျှ အလကားပင်။ ဖြစ်အောင် လုပ်၍လည်းမရ။ မဖြစ်အောင်လုပ်၍လည်းမရ။ သူ့သတ်မှတ်ချက် အတိုင်း သူဖြစ်နေသည်။ ကောင်းတာလုပ်လုပ်၊ မကောင်းတာ လုပ်လုပ်၊ မလုပ်ဘဲလည်းနေနေ၊ လူမိုက်ရောလူလိမ္မာပါ မဟာကပ်ရှစ်သန်း လေးသိန်းရှိလျှင် သံသရာအလည်ရပ်၍ သတ္တဝါ အာလုံး ဘဝပြတ်ပြီ။ အပ်ချည်လုံးသည် အပ်ချည်ရှိသလောက်သာ ပြေးသလိုဖြစ်သည်ဟု အယူရှိသည်။ အကြောင်းရော အကျိုးပါ ပယ်သော အဟေတုက ဒိဋ္ဌိ ဖြစ်သည်။

၃။ အဇိတကေသကမ္ဗလဆရာကြီး။ ။နိတ္ထိက ဒိဋ္ဌိ ဥစ္ဆေဒဝါဒ ဖြစ်သည်။ ဤအကြောင်း ရှေ့နားမှာပြခဲ့ပြီ။

၄။ ပကုဓကစ္စာယနဆရာကြီး။ ။ သတ္တဝါ မှန်သမျှ ဓာတ် အစုအဝေးမျှသာ ဖြစ်သည်။ ရေ၊ မြေ၊ လေ၊ မီး၊ သုခ၊ ဒုက္ခ၊ ဇီဝအသက်ဟူ၍ ထာဝရဓာတ် (၇)ပါး သီးခြားစီ တည်ရှိနေ ကြသည်။ တစ်ခုက တစ်ခုကို ပြုလုပ်ဖန်တီး ခြယ်လှယ်ခွင့်မရှိ။ ချမ်းသာအောင်လည်း လုပ်၍မရ။ ဆင်းရဲအောင်လည်း လုပ်ရမရ။ တစ်ယောက်က တစ်ယောက်ကို ဓားဖြင့် ခုတ်သတ်သော်လည်း သတ်ရာမရောက်။ စပါးပုံထဲ ထုတ်ထိုးထည့်လျှင် စပါးများ အကြားသို့ တုတ်တံတိုးဝင်သွားသကဲ့သို့ ဖြစ်သည်။ ဒါးသည် ထာဝရဓာတ်ကိုမထိ။ ဓာတ် (၇) ပါး ကြားက ဖြတ်သွားသည်ဟု ယူဆဟောပြောလေ့ရှိသည်။ အညောည ဝါဒ-မည်သည် အကိရိယဒိဋ္ဌိပင် ဖြစ်သည်။

ဤတိတ္ထိဆရာကြီး-လေးဦး၏အယူဝါဒကား အကြောင်း အကျိုးကို လုံးဝပယ်သည်ချည်းဖြစ်သည်။ အကြောင်းအကျိုးကို ဆက်စပ်တွေးခေါ်ဖို့ မဆိုထားဘိ။ ပစ်ပယ်၍ပင် ထားချေ သေးသည်။ သူတို့ ဝါဒအတိုင်းသာ လူသားများ လိုက်နာကျင့်သုံး ကြပါလျှင် လောကကြီးသည် လုံးဝပျက်စီးဖို့သာ ရှိချေတော့ မည်သာ ဖြစ်သည်။

ဤသို့ ကြောင်းကျိုးဆက်စပ်လျက်ရှိပုံကိုမျှ မတွေးတော မဆင်ခြင်တတ်ခြင်းသည်လည်း မသိမှု အဝိဇ္ဇာတစ်မျိုးပင် ဖြစ်ပေသည်။

ဆိုခဲ့ပြီးသည်တို့ ပြန်ချုပ်ခြင်း--

၁-၄။ သစ္စာလေးပါးကို မသိခြင်း၊

၅။ ရှေးဘဝကို မသိခြင်း၊

၆။ နောက်ဘဝကို မသိခြင်း၊

၇။ ရှေးဘဝ၊ နောက်ဘဝကို မသိခြင်း၊

၈။ ကြောင်းကျိုးဆက်စပ်မှုကို မသိခြင်း

အားဖြင့် အချက်ရှစ်ချက်မှာ မသိမှုမျိုးကိုသာ ဤ၌ မသိမှု အဝိဇ္ဇာဟု ဆိုပါသည်။

⁘ ⁘ ⁘ ⁘

## အဝိဇ္ဇာပစ္စယာ သင်္ခါရာ
## (မသိမှုကြောင့် ကုသိုလ်အကုသိုလ်သင်္ခါရဖြစ်ပုံ)

မသိမှုအဝိဇ္ဇာကြောင့် ပြုပြင်စီရင်မှုဟု ဆိုအပ်သော ကုသိုလ်၊ အကုသိုလ်သင်္ခါရကို ပြုမိကြ သည်။ ဤသည်ကို ''အဝိဇ္ဇာပစ္စယာသင်္ခါရာ''ဟု ဟောတော်မူပါသည်။ တိုတို ကျဉ်းကျဉ်းမှတ်ရန်မှာ ဒုက္ခအမှန်ကို မသိခြင်းကြောင့် ကုသိုလ်၊ အကုသိုလ်ကို ပြုမိကြသည် ဟူ၍တည်း။

ကုသိုလ်ဆိုတာ ဘာလဲ?

အကုသိုလ်ဆိုတာကကော ဘာလဲ?

ကောင်းသောအလုပ်ကို ကုသိုလ်ကံ

မကောင်းသော အလုပ်ကို အကုသိုလ်ကံ-ဆိုသည်ကို လူတိုင်းသိရှိနားလည်ကြသည်။

ကောင်းမကောင်းကို မည်သို့သတ်မှတ်မည်နည်း?

ကုသလာ အနဝဇ္ဇ သုခဝိပါက လက္ခဏာ = ကုသိုလ်သည် အပြစ်မရှိခြင်း၊ ကောင်းသောအကျိုးကို ပေးခြင်း လက္ခဏာရှိသည်။ အလုပ်တစ်ခုကို လုပ်ခြင်းဖြင့် မိမိရော၊ သူတစ်ပါးပါ အပြစ်လည်း မရှိဘူး။ ကောင်းသော အကျိုး ကိုလည်း ပေးသည် ဆိုလျှင် ထိုအလုပ်သည် ကောင်းသောအလုပ် (ကုသိုလ်ကံ)ဖြစ်ပါသည်။

အကုသလာသာဝဇ္ဇ ဒုက္ခဝိပါကလက္ခဏာ = အကုသိုလ်သည် အပြစ်နှင့်တကွဖြစ်ခြင်း, မကောင်း သောအကျိုးကိုပေးခြင်း လက္ခဏာရှိသည်။ အလုပ်တစ်ခုကို လုပ်လိုက်ခြင်းဖြင့် မိမိရော သူတစ်ပါးပါ အပြစ်နှင့်လည်း မကင်းဘူး။ မကောင်းသည့် အကျိုးကိုသာ ပေးမည်ဆိုလျှင် ထိုအလုပ်သည် မကောင်း သောအလုပ် (အကုသိုလ်ကံ)ဖြစ်ပါသည်။

ကံဆိုသည်မှာ ကမ္မသဒ္ဒါမှလာသည်။ အလုပ်ဟု အဓိပ္ပာယ်ရသည်။ လူသားများအဖို့ ကောင်းသောအလုပ် ကုသိုလ်ကံနှင့် မကောင်းသောအလုပ် အကုသိုလ်ကံဟူ၍ အလုပ် ၂မျိုး(ကံ ၂မျိုး) သာ ရှိသည်။

ကံတစ်ခုခုပြုမိပြီဆိုလျှင် ကမ္မနိယာမအရ ၎င်းကံ၏ အကျိုးတစ်ခုခုကို မလွဲကေန် ခံစားရမည်။ ဤသို့ ကမ္မ၊ ကမ္မဖလ (ကံ၊ကံ၏ အကျိုးပေးမှု)ကို စွဲမှတ်သိရှိ ယုံကြည်သိရှိ ယုံကြည်ထားရမည်။ ယင်းကို ကမ္မဿကတာ ဉာဏ်ဟုဆိုသည်။ ကောင်းတာလုပ်လျှင် ကောင်းကျိုးခံစားရပြီး မကောင်းတာလုပ်လျှင် မကောင်းကျိုး ခံစားရမည်မှာ နိယာမတရားကြီး တစ်ခုပင်ဖြစ်သည်။

## အဝိဇ္ဇာကြောင့် အပုညာဘိသင်္ခါရဖြစ်ပုံ

ကြောင်းကျိုးဆက်စပ်မှုကိုလည်း မသိ။ မကောင်းတာလုပ်လျှင် မကောင်းကျိုးခံစားရမည်ကိုလည်း မသိသဖြင့် အပါယ်

ဒုဂ္ဂတိကို ရောက်စေတတ်သော မကောင်းမှုအကုသိုလ်ကို ပြုမိတတ်ကြသည်။ ထိုပြုမိသော အကုသိုလ်ကံသည် အပါယ် ဒုဂ္ဂတိဘုံသို့ လားရောက်ကြပြီး ဒုက္ခကြီးစွာ ဖြစ်ကြရသည်။

## အဝိဇ္ဇာကြောင့် ပုညာဘိသင်္ခါရဖြစ်ပုံ

ကြောင်းကျိုးဆက်စပ်မှုကို သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ၊ ကောင်းတာလုပ်လျှင် ကောင်းကျိုးခံစားရမည်ဟု သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ လူ့ရွာနတ်ရွာ သုဂတိသို့ ရောက်စေတတ်သော ကုသိုလ်ကံကို ပြုလုပ်မိပါလျှင် လူ့ရွာ နတ်ရွာ သုဂတိသို့ ရောက်ရပြီး စည်းစိမ်ချမ်းသာကို ရရှိခံစားရသည်။ ယင်းသို့ စည်းစိမ်ချမ်းသာကို ရရှိခံစားရရာမှာ လူနတ်စည်းစိမ်ကို ဒုက္ခတုံးဒုက္ခခဲအဖြစ် မသိမမြင်သော အဝိဇ္ဇာကြောင့် ကောင်းမှုဟု ဆိုအပ်သော ကုသိုလ်ပုညကို ပြုမိကြရခြင်း ဖြစ်သည်။

နတ်ဖြစ်၍ နတ်စည်းစိမ်ကို ခံစားကြရာမှာ လူတို့ကဲ့သို့ စိတ်သောကဖြစ်ဖွယ် မရှိစေကာမူ အို–သေရမည့် မလွဲမရှောင်သာသော ဒုက္ခကြီးကို မသိသော အဝိဇ္ဇာကြောင့် နတ်ဖြစ်စေသော ကောင်းမှု ပုညာဘိသင်္ခါရကို ပြုမိကြရသည်။

လူ့စည်းစိမ်သည် ရန်သူမျိုးငါးပါး ခြံရံပါနေသည်။ မရှိတောင့်တ–ရှိကြောင့်ကြ အမြဲဖြစ်နေရသည့် ဒုက္ခနှင့် အိုနာသေပူဆွေးငိုကြွေးစသော ဒုက္ခပေါင်းစုံကို မသိသော အဝိဇ္ဇာကြောင့် လူ့စည်းစိမ်ချမ်းသာကို တောင့်တ၍ ကောင်းမှုကုသိုလ် ပုညာဘိသင်္ခါရကို ပြုမိကြရလေသည်။

ရူပဗြဟ္မာ့စည်းစိမ်ချမ်းသာကို ရရှိခံစားနိုင် စေဖို့အတွက် ဈာန်ကုသိုလ်ကိုရရှိအောင် အားထုတ်ပြုလုပ်ကြသည်။ ရရှိလာ

သော ဈာန်အရ ထိုဗြဟ္မာ့ပြည်၌ ဖြစ်ကြရလေသည်။ ထိုဖြစ်သော ဗြဟ္မာတို့သည်လည်း အမြဲမတည်ကုန်။ အိုသေ ရမည်အမှန် ဖြစ်သေးသည်။ ထိုအိုနာသေရမည့် ဒုက္ခအမှန်ကို မသိသော အဝိဇ္ဇာကြောင့် ဗြဟ္မာ့ဘုံမှာ ဖြစ်စေသော ဈာန်ကုသိုလ် ပုညာဘိ သင်္ခါရကို ပြုမိကြသည်။

## အဝိဇ္ဇာကြောင့် အာနေဥ္စာဘိသင်္ခါရဖြစ်ပုံ

အရူပဗြဟ္မာ့ဘုံ ရောက်စေရန် ရူပကုသိုလ် ဈာန်ထက် များစွာစွမ်းအင်သတ္တိရှိသည်ဖြစ်၍ မတုန်လှုပ်မြဲနိုင်သည့် အာနေဥ္စ မည်သော အရူပကုသိုလ်ဈာန်ကို အားထုတ်ပြုလုပ်ကြသည်။ ထို အာနေဥ္စ အရူပကုသိုလ်ဈာန်ကြောင့် အရူပဗြဟ္မာ့ဘုံသို့ ရောက်ကြ ရသည်။ ထိုအရူပဗြဟ္မာတို့သည်လည်း သက်တမ်း အရသာ တည်ရှိကြရပြီး သက်တမ်းကုန်လျှင် စုတေကြရသေးသည်။ ဤသို့ အရူပဗြဟ္မာတို့သည်လည်း သက်တမ်းအရသာ တည်ရှိကြရပြီး သက်တမ်းကုန်လျှင် စုတေကြရသေးသည်။ ဤသို့ အရူပဗြဟ္မာ တို့သည်လည်း စုတေမနေသေရမည့် ဒုက္ခကိုမသိသော အဝိဇ္ဇာ ကြောင့် အရူပကုသိုလ် ဈာန်ရအောင် အားထုတ် ပြုလုပ်ကြသည်။

ဤသည်မှာ အဝိဇ္ဇာကြောင့် အာနေဥ္စာဘိ သင်္ခါရဖြစ်ပုံ ဖြစ်ပါသည်။

## သင်္ခါရ ပစ္စယာ ဝိညာဏံ
## (သင်္ခါရကြောင့် ဝိညာဉ်ဖြစ်ပုံ)

အကုသိုလ်ကံ ၁၂ ပါး ဟူသော အပုညာဘိ သင်္ခါရကြောင့် အပါယ်ဒုဂ္ဂတိ ပဋိသန္ဓေဝိညာဉ်စိတ်ဖြစ်ရပြီး အပါယ်ဘုံသား ဖြစ်ရ သည်။

သုစရိုက် ၁၀ ပါး၊ ပုညကြိယဝတ္ထု ၁၀ ပါးကို ပြုလုပ်ခြင်းတည်းဟူသော မဟာကုသိုလ်စိတ် ၈ ပါး ပုညာဘိသင်္ခါရကြောင့် ကာမသုဂတိ (၇) ဘုံမှာ လူ- နတ် ပဋိသန္ဓေဝိညာဉ်စိတ်ဖြစ်ရပြီး လူ-နတ်တို့ ဖြစ်ရသည်။

ရူပါဝစရကုသိုလ်ဈာန် ၅-ပါးဟူသော ပုညာဘိသင်္ခါရကြောင့် ရူပ-၁၆ ဘုံမှာ ရူပဗြဟ္မာ ပဋိသန္ဓေဝိညာဉ်စိတ်ဖြစ်ရပြီး ရူပဗြဟ္မာတို့ ဖြစ်ကြရသည်။

အရူပါဝစရ ကုသိုလ်ဈာန် ၄-ပါးဟူသော အာနေဉ္ဇာဘိသင်္ခါရကြောင့် အရူပ ၄-ဘုံမှာ အရူပဗြဟ္မာ ပဋိသန္ဓေစိတ်ဝိညာဉ်ဖြစ်ရပြီး အရူပဗြဟ္မာတို့ ဖြစ်ကြရသည်။

ဤကား-သင်္ခါရကြောင့် ဝိညာဉ်ဖြစ်ပုံ အကျဉ်း ဖြစ်ပါသည်။

ပဋိစ္စသမုပ္ပာဒ် အင်္ဂါ ၁၂ရပ်တွင် အဝိဇ္ဇာနှင့် သင်္ခါရနှစ်ပါးသည် အတိတ်ကာလဖြစ်သော အင်္ဂါရပ်ဖြစ်သည်၊ အတိတ်ဘဝက ဖြစ်ခဲ့သော အဝိဇ္ဇာနှင့်သင်္ခါရဖြစ်ပါသည်။ အတိတ်ဘဝတုန်းက မသိမှုအဝိဇ္ဇာကြောင့် (ဝါ) အဝိဇ္ဇာ မကင်းသောကြောင့် ကုသိုလ် အကုသိုလ်ဟု ဆိုအပ်သော ပြုပြင်စီရင်မှု သင်္ခါရကို ပြုမိခဲ့ကြသည်၊ ထိုအတိတ်ဘဝက ပြုမိခဲ့သော ကုသိုလ် အကုသိုလ်ကံ သင်္ခါရကြောင့် ယခုပစ္စုပ္ပန်ဘဝမှာ ပဋိသန္ဓေ ဝိညာဉ်စိတ် အသီးသီး ဖြစ်ကြရသည်။ ဤသည်ကို ''သင်္ခါရ ပစ္စယာ ဝိညာဏံ''ဟု ဟောတော်မူပါသည်။

အတိတ်ဘဝသင်္ခါရကြောင့် ပစ္စုပ္ပန်ဘဝ ပဋိသန္ဓေ ဝိညာဉ် ဖြစ်ပုံတို့တွင် လူသားနှင့်ပတ်သက်၍ လူသားတို့ဘဝကူးပုံကို

အနည်းငယ် ပြဆိုပါမည်။ ရုပ်သံသရာစက်လည်ပုံ ရေးခဲ့စဉ်က လည်း ပဲ့တင်သံ ဥပမာဖြင့် လူ့ဘဝကူးပုံကို ပြဆိုခဲ့ပြီး ဖြစ်သည်။

ဗုဒ္ဓအဘိဓမ္မာအရ ဘဝကူးပုံ၊ ဘဝသံသရာစက် လည်ပုံ ကို အခြားဘာသာတို့၏ ဘဝကူးပုံနှင့် ယှဉ်တွဲလေ့လာ တွေးခေါ်ပါမှ ပိုပြင်နိုင်မည်ဖြစ်သဖြင့် ရှေးဦးစွာ ဘာသာခြားတို့၏ ဘဝကူးပုံကို ပြဆိုပါမည်။

ဟိန္ဒူဗြာဟ္မဏတို့က လူတစ်ဦးတစ်ယောက်မှာ အတ္တဟု ဆိုအပ်သော (ဝါ)အတ္တာဟု ဆိုအပ်သော အရာရှိသည်။ အသက် ဝိညာဉ်လိပ်ပြာဟု အလွယ်မှတ်ယူနိုင်သည်။ လူတစ်ယောက်မှာ ရုပ်နှင့်အတ္တကောင်ဟု ဆိုအပ်သော အသက်ဝိညာဉ်ရှိသည်။ လူ သေသည်ဆိုသည်မှာ ရုပ်သာသေ၍ အတ္တကောင် ကားမသေ။ မှီရာ ရုပ်ဟောင်းကိုစွန့်၍ နောက်ဘဝမှာရှိသည့် ရုပ်ခန္ဓာအသစ်မှာ ဝင်ရောက်၍ ထို ရုပ်ခန္ဓာအသစ်ကို သက်ဝင် ကြီးထွား ဖွံ့ဖြိုးတိုးပွား လာစေသည်။ ထိုဘဝမှ တစ်ဖန် ရုပ်ခန္ဓာအသစ်က ဟောင်းနွမ်း၍ အိုမင်းသေဆုံးလျှင် အတ္တကောင် အသက်ဝိညာဉ်သည် အခြား နောက်ဘဝရှိ ရုပ်ခန္ဓာ အသစ်တစ်ခုကို ရှာဖွေ၍ ဘဝအသစ် ထူထောင်ပြန်သည်။ ၎င်းတို့ ယူဆထားသော ဘဝကူးပုံကား သိလွယ်ပါသည်။ ရုပ်သာသေ၍ အသက်ဝိညာဉ်က မသေဘဲ ဘဝတစ်ခုပြီးတစ်ခု ကူးသွားသည်''တဲ့။

ယင်းနှင့် ပတ်သက်၍ ဖတ်ဖူးသော ဂျပန် ဝတ္ထုတစ်ပုဒ်ကို သတိရမိသည်။ မြန်မာဘာသာပြန် ဝတ္ထုအမည်က ''လေလွင့် လိပ်ပြာ''ဖြစ်သည်။

ဂျပန်သူဌေးကြီးတစ်ဦးမှာ သမီး ၃ ယောက်နှင့် သား ၁ ယောက်ရှိသည်။ ဖခင်ကြီးသည် အိမ်ထောင်ကျသောသမီးများကို

လုပ်ငန်းအသီးသီး ခွဲပေးလိုက်သည်။ သားအငယ်ဆုံးမှာမူ ဘာမှလုပ်မှမလုပ်ဘဲ စာပေဝါသနာပါသူမို့ စာဖတ်လို့ချည်း နေသည်။ အိမ်ထောင်တော့ကျသည်။ဖခင်ကြီးသည် သားသမီးများအတွက် ပူပင်စရာမရှိတော့သဖြင့် ယုံကြည်ချက် ဘာသာတရားကို ကိုင်ရှိုင်းသည်။ ကျင့်ကြံစရာကိုလည်း ကြိုးစား ကျင့်ကြံ၍ချည်း နေခဲ့သည်။

ဤသို့ နေလာခဲ့ရာ နောက်ဆုံးမှာ ဖခင်ကြီး ကွယ်လွန်သည်။ ကျန်ရစ်သူသားသမီးများက ဝမ်းနည်းပူဆွေးစွာ ငိုကြွေးကြပြီး အသုဘကို သင်္ဂြိုဟ်လိုက်သည်။ ထိုအဖြစ်ကို သေဆုံးသွားသော ဖခင်ကြီးက ဝိညာဉ်လောကမှ ဝိညာဉ်အဖြစ်ဖြင့် တွေ့မြင်နေရသည်။ ငါ့သားသမီးတွေ ငါ့ကို ချစ်ကြပေသား''ဟု မှတ်ယူထားလိုက်သည်။ ဂျပန်တို့ ဓလေ့ထုံးစံမှာ သေပြီး ၄၉ ရက်တိုင်တိုင် ဝိညာဉ်အဖြစ်ဖြင့်နေပြီးမှ လူ့ဘဝသို့ ပြန်ကူးရသည်။ ထိုဝိညာဉ်သည် ထိုရက်အတွင်း ဝိညာဉ်လောကမှာ လျှောက်သွားနေစဉ် လူ့ဘဝတုန်းက မိတ်ဆွေဖြစ်ခဲ့သူများ၏ ဝိညာဉ်များနှင့် တွေ့ဆုံရသည်။ မိတ်ဆွေဝိညာဉ်က ပြောသည်။

''ဟာ--သူငယ်ချင်း မင်းလဲ ဒီရောက်လာပြီကိုး၊ လူ့ဘဝတုန်းက မင်းဟာ တို့အပေါ် ကျေးဇူးအများကြီးပြုခဲ့တယ်၊ ဝိညာဉ်လောကမှာ တို့နဲ့အတူတူ နေကြတာပေါ့၊ မင်းအတွက် တို့နေရာချန်ထားပါတယ်''

''ငါက မင်းတို့လို မဟုတ်ဘူး။ ငါ့မိသားစုထဲမှာ ပြန်ဝင်စားနိုင်အောင် ကျင့်ကြံအားထုတ်ခဲ့တာကွ။ ၄၉ ရက်ပြည့်ရင် ငါ့မိသားစုမှာ ပြန်ဝင်စားရမယ်၊ မင်းတို့နဲ့မနေနိုင်ဘူး--''

''အေးကွာ-ငါတို့တော့ မင်းလိုမကျင့်ကြံခဲ့လို့ ပြန် မဝင်စားနိုင်ပါဘူး၊ဝိညာဉ်လောကမှာပဲ နေရတော့မယ်''

''မင်းတို့က နေကြပေါ့ကွာ၊ ငါက ငါ့မိသားစုမှာ ပြန်ဝင်စားနိုင်ဖို့ ကျကျနန ကျင့်ကြံအားထုတ်ခဲ့တာ--''

''တို့က မင်းလို ကျင့်ကြံအားထုတ်ရမှန်းမသိလို့၊ ဝိညာဉ်လောကမှာပဲ နေရတော့မယ်၊ တို့နဲ့ အတူမနေချင်ဘူးဆိုလဲ သွားပေါ့သူငယ်ချင်း--''

ဝိညာဉ်သည် ထိုမှထွက်ခဲ့သည်။ ၄၅ ရက် ပြည့်သွားပြီ။ ဖခင်ကြီး၏ဝိညာဉ်သည် ပထမသမီးကြီးအိမ်သို့ သွားသည်။ သောက်ရေအိုးစင်နားမှာနေပြီး''သမီးကြီး ရေလာသောက်လျှင် ရေခွက်အတွင်းခုန်ဆင်းပြီး ရေနှင့်အတူ သမီးကြီး ဝမ်းထဲမှာ သန္ဓေနေမည်'' စိတ်ကူးနေသည်။ သမီးကြီးရေအိုးစင်သို့ ရောက်လာသည်။ ရေမသောက်မီ သမီးကြီး စကားတစ်ခွန်း ပြောသည်။

''ဒီဆေးကတ်ကုန်နေပြီ၊ ဆေးကတ်တစ်ခု ထပ်ဝယ်ရအုံးမယ်''တဲ့။

ဝိညာဉ်က ကြားသွားသည်။ သမီးကြီးမှာ သန္ဓေနေ၍ မရမှန်းသိလိုက်သည်။ သမီးကြီးသောက်သောဆေးက သန္ဓေတားဆေး ဖြစ်နေသည်ကိုး။

ဒုတိယသမီးထံသွားသည်။ အိမ်ထဲမှာ ဆူညံနေသည် ။ နားထောင်ကြည့်ရာ--

''ဒီလောက်များတဲ့ ကလေးတွေနဲ့ နေ့စာညစာ အလျင်မီဖို့ မနည်းလုံးပန်းနေရတာ ရှင်သိသားနဲ့''ဟူသော သမီးဖြစ်သူ၏ အသံကို ကြားလိုက်ရသည်။ ဟုတ်သည်။ ဒုတိယသမီးမှာ သားသမီးများသည်၊ မချောင်မလည်ဖြစ်နေသည်။ ''သူပါ ထပ်

ရောက်သွားရင် ဒုက္ခရောက်ရာမည်။ ဒုက္ခမပေးလို” စိတ်ကူး ပြီး ထွက်ခဲ့သည်။

တတိယသမီးထံ သွားပြန်သည်။ တတိယသမီးက အိမ်မှာမရှိ။ ဆေးရုံမှာဆိုလို့ ဆေးရုံထိ လိုက်ခဲ့တယ်။ သူတို့ ပြောသံဆိုသံအရ “တတိယသမီး ဆေးရုံတက်၍ သားကြော ဖြတ်သည်”တဲ့၊ သိရသည်။ သနွေနေ၍ မဖြစ်နိုင်တော့။

နောက်ဆုံး မျှော်လင့်ချက်ဖြင့် သားအငယ်ဆုံးအိမ်သို့ လာခဲ့သည်။ သားငယ်က ခရီးထွက်ဖို့ အသင့်ပြင်ထားပြီး သူ့ မယားကို မှာနေသည်။

“ငါ့အဖေ မှာခဲ့တဲ့အတိုင်း ငါဟာ လူ့အရင်းအမြစ်ဗီဇကို လေ့လာစုံစမ်းဖို့ ခရီးထွက်ခဲ့မယ်၊ ဘယ်လောက်ကြာမယ်တော့ မသိဘူး။ ငါပြန်မရောက်မချင်း မင်းက ငါ့အပေါ်မှာ သစ္စာရှိရှိနဲ့ မဖောက်မပြားဘဲ နေရစ်ပါ”

ဤမျှသာ ပြောပြီး ခရီးထွက်သွားသည်။ သနွေယူလာမည့် ဖခင်၏ဝိညာဉ်ကြီး ဘာလုပ်ရမှန်းမသိဖြစ်သွားသည်။ မိသားစုမှာ လူဝင်စားမည်ဟု လာခဲ့သည်။ ဘယ်သားသမီးမှ အခြေအနေမပေး။ ဝိညာဉ်လောကမှ မိတ်ဆွေဟောင်းဆီ ပြန် သွားသည်။ သူ့အတွက် ချန်ထားသောနေရာမှာ သူမနေဘူး ဆိုလို့ တစ်ခြားဝိညာဉ်ကို နေရာပေးခဲ့ပြီ။ သည့်အထဲ---ဝိညာဉ် ချုပ်အကြီးအကဲက “၄၅-ရက် ပြည့်ပြီမို့ ဆက်လက်နေထိုင်ခွင့် မရှိတော့”ဟု ပြောလာသည်။ ဝိညာဉ်လောကထဲမှာလည်း နေရာ မရှိ။ ဝင်စားဖို့ရာကလည်း အခြေအနေမပေးသည်မို့။ ဖခင် ဝိညာဉ်ကြီးခမျာ--ထောက်တည်ခိုနားရာ မရှိတော့သဖြင့် လေထဲ မှာပင် လွင့်ပါးပြီး နေရလေတော့မည်--တဲ့။

ဖတ်ခဲ့ဖူးသော ဝတ္ထုကလေး အမှန်က ဤဝတ္ထုသည် ခေတ်ကို သရော်ထားသော ဝတ္ထုတစ်ပုဒ်ဖြစ်သည်။ သို့သော် ဤ၌ ဆိုလိုသည်မှာ ဘဝကူးပုံနှင့် ပတ်သက်၍ သူတို့လည်း အတ္တဝါဒနည်းတူ ဝိညာဉ်ကူးသည်ဟု ယူဆကြသည်ကို ပြောလိုခြင်း ဖြစ်ပါသည်။

ဗုဒ္ဓအဘိဓမ္မာအရ ဘဝကူးပုံမှာ နက်နဲသိမ်မွေ့လှသည်။ ဘက်စုံတွေးခေါ်ဆင်ခြင်သုံးသပ်နိုင်ပါမှသာ သိရှိနိုင်သည်။

လူသားမှာ ရုပ်နှင့်နာမ်ရှိသည်။ သေဆုံးသည့်အခါ ရုပ်သံသရာစက်လည်ပုံမှာ ပြဆိုခဲ့သည့်အတိုင်း ရုပ်သည် ဘဝတစ်လျှောက်လုံးဖြစ်ပျက်၊ ဖြစ်ပျက်ဖြင့် ဖြစ်လာခဲ့ရာ နောက်ဆုံးပျက်ပြီးနောက် အသစ်ထပ်မဖြစ်တော့သည်ကို ရုပ်သေသည်ဟု ဆိုခဲ့သည်။

နာမ်သံသရာ စက်လည်ပုံမှာလည်း နာမ်တရားတို့သည်။ ဘဝတစ်လျှောက်လုံး ဖြစ်လိုက်ပျက်လိုက်ဖြင့် လာခဲ့ရာ နောက်ဆုံးပျက်ပြီးနောက် အသစ်ထပ်မဖြစ်တော့သည်ကို နာမ်သေဟု ဆိုခဲ့သည်။

လူသေသည်ဆိုရာမှာ ရုပ်လည်းသေသကဲ့သို့ပင် နာမ်(ဝိညာဉ်)လည်း သေသည်။ ရုပ်နာမ်နှစ်ပါးစလုံး သေသည်။ ယင်းသို့သေရာမှာ ရုပ်သည် အသေကောင်အဖြစ် တုံးလုံးပက်လက်ကျန်ရစ်သည်မို့ ရုပ်သည် တမလွန်ဘဝသို့ မကူးသည်မှာ ထင်ရှားသည်။ နာမ်တရားသေသည်ကို မျက်မြင်မတွေ့ရသဖြင့် မတွေ့ရသော နာမ်တရားကပင် အသက်ဝိညာဉ်အဖြစ် တမလွန်ဘဝသို့ ကူးသွားသလို ထင်မြင်ယူဆနေကြခြင်း ဖြစ်သည်။ မိမိတို့စိတ်ထဲထင်မြင်ချင်သလို ထင်မြင်ယူဆနေကြခြင်းသာ ဖြစ်သည်။

အမှန်မှာ ရုပ်လည်းသေ၍ ဟိုဘက်ဘဝသို့ မကူးနိုင်သကဲ့သို့ နာမ်(ဝိညာဉ်)သည်လည်း နောက်ဆုံးသေပျက်၍ ဟိုဘက်ဘဝသို့ မကူးသည်သာ ဖြစ်သည်။ ရုပ်လည်း မကူးသလို နာမ်လည်း မကူးဘဲသည် ဘက်ဘဝမှာပင် ရုပ်ကော နာမ်ပါ သေဆုံးသွားခဲ့ကြသည်။ ဟိုဘက်ဘဝသို့ ဘာမှလိုက်ပါကူးမသွားချေ။

ရုပ်ကောနာမ်ပါ သည်ဘက်ဘဝမှာပင် သေဆုံးသွားသောလူသားသည် နောက်ဘဝမှာ ဖြစ်သေးသလား? ဖြစ်ပါသည်။ ထိုသတ္တဝါသည် အခြားဘဝတစ်ခုသို့ ကူးသလား? ကူးပါသည်။

သည်ဘက်ဘဝမှာ ချုပ်ဆုံးသေပျက်သွားသော ရုပ်ကော နာမ်ပါ ဟိုဘက်ဘဝသို့ လိုက်ပါကူးသွားခြင်းမရှိဘဲ ဘဝသစ်တစ်ခုအနေဖြင့် ကမ္မနိယာမအရ ထိုသတ္တဝါပြုလုပ်ခဲ့သော ကံတရားက ကမ္မသတ္တိစွမ်းအင်ဖြင့် ဘဝသစ်မှာ ပဋိသန္ဓေဝိညာဉ်စိတ်ကို ဖြစ်စေခြင်းဖြင့် ဘဝတစ်ခုကို ထူထောင်ပေးလိုက်ခြင်းဖြင့် ကူးစေပါသည်။ ဤသည်ကို ရုပ်သံသရာစက်လည်ပုံမှာ ပဲတင်သံ ဥပမာဖြင့် ပြဆိုခဲ့ပြီး ဖြစ်ပါသည်။ဆက်လက်၍ ကျမ်းလာဥပမာနှစ်ခုဖြင့် ပြဆိုပါဦးမည်။

ဆီမီးဥပမာ ။ ။ ဆီမီးတိုင်တစ်ခုမှ အခြားဆီမီးတိုင်တစ်ခုသို့ မီးညှိထွန်းရာမှာ ဒုတိယမီးတိုင်မှာ တောက်လောင်သွားသော မီးသည် ပထမမီးတိုင်မှ မီးလော? မေး။

မဟုတ်ပါ။ ပထမတိုင်မှ မီးဆိုပါက ပထမတိုင်က မီးငြိမ်းသေပြီး ဒုတိယတိုင်သို့ ကူးပြောင်းလာရမည်။ ယခုပထမတိုင်ကလည်း မီးလည်းမငြိမ်း။ ဒုတိယတိုင်မှာလည်း မီးလင်းနေသည်။

ပထမတိုင်က မီးကူးပြောင်းလာခြင်း၊ မဟုတ်သည်မှာထင်ရှားသည်။ ဒုတိယတိုင် မီးလင်းဖို့ရာမှာ ပထမတိုင်မှ မီးနှင့်လည်း ကင်း၍မဖြစ်။ ပထမတိုင်မှ မီးမရှိပဲနှင့်လည်း ဒုတိယတိုင်မှာ မီးလင်းလာမည် မဟုတ်ချေ။

ဤအတူ ယခုဘဝမှာ ရုပ်နှင့်နာမ်သည် ဟိုဘက်ဘဝ တမလွန်သို့ မကူးပြောင်း။ ရုပ်နာမ်နှစ်ခုစလုံး သည်ဘဝမှာပင် သေဆုံးခဲ့ပြီးဖြစ်သည်။ သို့သော် ထိုရုပ်နာမ်တို့ ပြုလုပ်ခဲ့သော ကံတရားက ရှိသည်။ ထိုကံတရားပင် ကမ္မနိယာမအရ တမလွန်ဘဝမှာ ဘဝသစ်တစ်ခုအဖြစ် ပဋိသန္ဓေဝိညာဉ်စိတ်တစ်ခုကို ဖြစ်စေသည်။ ၎င်းကံမျိုးကို ဇနကကံ = ဘဝသစ်တစ်ခုကို ထူထောင်ပေးနိုင်သော ကံဟု ဆိုပါသည်။ ၎င်းကံက ဖြစ်စေလိုက်သော ပဋိသန္ဓေဝိညာဉ်စိတ်ဖြစ်ပြီဆိုမှတော့ ဘဝသစ်တစ်ခု အတွက် ဘဝနိဒါန်းအစပျိုးလေတော့သည်။

တံဆိပ်တုံးဥပမာ ။ ။ တံဆိပ်တုံးဖြင့် စာရွက်ပေါ်မှာ ရိုက်နှိပ်လိုက်သည်။ နှိပ်လိုက်သော တံဆိပ်အတိုင်း ထင်လာသည်။ ထင်လာသော တံဆိပ်သည် ထိုတံဆိပ်တုံးမှ တံဆိပ်လော? မေး။

မဟုတ်ပါ။ တံဆိပ်တုံးမှ တံဆိပ်ဆိုပါလျှင် တံဆိပ်တုံးမှ ကွာပြီး စာရွက်ပေါ်မှာ လာကပ်နေမည်။ ယခုကား – တံဆိပ်တုံးမှ တံဆိပ်သည် ထိုမှာပင်ကပ်လျက် ဖြစ်နေသည်။ စာရွက်ပေါ်မှာလည်း ထိုပုံအတိုင်းထင်နေသည်။ ဆိုလိုသည်မှာ တံဆိပ်တုံးမှ တံဆိပ်ပုံသည် ထိုမှကွာမထွက်မလာဘဲနှင့် စာရွက်ပေါ်မှာ ထိုပုံအတိုင်း ထင်နေသည်။ ထင်နေသော တံဆိပ်မှာ တံဆိပ်တုံးမှာကပ်နေသော တံဆိပ်မဟုတ်ကြောင်း ထင်ရှားသည်။ သို့

သော် စာရွက်ပေါ်ထင်သော ဒုတိယတံဆိပ်ပုံထင်ဖို့ရာမှာ ပထမတံဆိပ်တုံးမှ တံဆိပ်ပုံနှင့်လည်း ကင်း၍မဖြစ်နိုင်သကဲ့သို့--

အလားတူ–ဘဝကူးပြောင်းရာမှာလည်း ရုပ်နာမ်သည် ဟိုဘက်ဘဝသို့ ကူးပြောင်းသွားသည်မဟုတ်။ သို့သော် သည်ဘက်ဘဝ ရုပ်နာမ်နှင့်ကင်း၍လည်း ဟိုဘက်ဘဝမှာ ဘဝသစ်တစ်ခု မဖြစ်နိုင်။ သည်ဘက်ဘဝမှ ရုပ်နာမ်တို့ ပြုလုပ်လိုက်သော ကမ္မသတ္တိက နောင်ဘဝမှာ ဘဝသစ်တစ်ခုကို ထူထောင်ပေးလိုက်သည်။ ဤသို့ဖြင့် သတ္တဝါတို့သည် နိဗ္ဗာန်မရမချင်း တစ်ဘဝမှ တစ်ဘဝသို့ ကူးပြောင်းကျင်လည်ကြရသည်။ ဤနှင့်ပတ်သက်၍ ရုပ်သံသရာစက်လည်ပုံမှာ ပြဆိုခဲ့သော ပုံတင်သံဥပမာဖြင့် ဘဝကူးပုံကိုပါ ပြန်လည်၍ ကြည့်ရှု စေလိုပါသည်။

ဤကား သင်္ခါရကြောင့် ဝိညာဉ်ဖြစ်ပုံ ဖြစ်ပါသည်။

❖ ❖ ❖ ❖

## ဝိညာဏ ပစ္စယာ နာမရူပံ
## (ဝိညာဉ်ကြောင့် နာမ်ရုပ်ဖြစ်ပုံ)

ဘဝတစ်ခုမှာ ပဋိသန္ဓေဝိညာဉ်စိတ် ဖြစ်လျှင်ဖြစ်ချင်း ထိုစိတ်နှင့်ယှဉ်ဘက် စေတသိက် နာမ်တရားများနှင့် ကမ္မဇရုပ် (ကာ၊ဘာ၊ဝတ်)တို့ ဖြစ်ကြသည်။ ထို့နောက် စိတ္တဇရုပ်၊ ဥတုဇရုပ်၊ အာဟာရဇရုပ်များ ဖြစ်ကြသည်။ မည်သို့မည်ပုံ ဖြစ်ကြသည်ကို ရုပ်သံသရာစက်လည်ပုံအခန်းမှာ အပြည့်အစုံဖော်ပြပြီး ဖြစ်သည်။ လိုအပ်လျှင် ပြန်လည်၍ ကြည့်ရှုရာသည်။

ဘဝတစ်ခုကို အစပျိုးသောတရားသည် ပဋိသန္ဓေဝိညာဉ် စိတ် (နာမ်တရား) ဖြစ်သည်။ ထိုပဋိသန္ဓေဝိညာဉ်စိတ်ကို ဟိုဘက် ဘဝက ပြုခဲ့သော ဇနကကံက ကမ္မသတ္တိဖြင့် ကမ္မနိယာမအရ ဖြစ်စေလိုက်ခြင်း၊ ဘဝတစ်ခုကို ထူထောင်ပေးလိုက်ခြင်းဖြစ်သည်။

ကိလေသာ ကုန်ခန်းပြီးသော ရဟန္တာပုဂ္ဂိုလ်တို့မှာကား ကုသိုလ်အကုသိုလ်ကံကို အရဟတ္တမဂ်ဖြင့် အကြွင်းမဲ့ပယ်ပြီး ဖြစ်သောကြောင့် ကံတရားဟူ၍ မရှိပြီ။ ကံတရားမရှိပြီဆိုမှတော့ ထိုကံကဖြစ်စေအပ်သော ပဋိသန္ဓေဝိညာဉ်စိတ်လည်း မဖြစ်တော့ ပြီ။ ပဋိသန္ဓေဝိညာဉ်စိတ်မဖြစ်တော့လျှင် ဘဝသစ်လည်း ဖြစ် ခွင့်မရတော့ဘဲ ဘဝဇာတ်သိမ်း၍ အပြီးသတ်ချုပ်ငြိမ်းပြီး ဖြစ် လေတော့သည်။

ရဟန္တာပုဂ္ဂိုလ်တို့မှအပ ကျန်ပုဂ္ဂိုလ်များမှာ အနာဂါမ်ပုဂ္ဂိုလ် အထိဖြစ်သော အရိယာပုဂ္ဂိုလ်တို့အဖို့ ကုသိုလ်ကံရှိသေးသည်။ ထိုကံကသုဂတိဘဝသစ်တစ်ခုကို ထူထောင်ပေးသေးသည်။ လူသာမန်ပုထုဇဉ်များအဖို့ကား ကုသိုလ်အကုသိုလ်ကံတို့ မလွဲကေန် ဖြစ်ကြသေးရာ ထိုကံက သုဂတိဘဝ-ဒုဂ္ဂတိ ဘဝတစ်ခုခုကို ပဋိသန္ဓေဝိညာဉ်စိတ်အဖြစ် စတင်ထူထောင်ပေးလိုက်သည်။ ထိုပဋိ သန္ဓေစိတ်ဖြစ်လျှင် ယှဉ်သင့်ယှဉ်ထိုက်သော စေတသိက် နာမ် တရားနှင့် ကမ္မဇဖြစ်သော ရုပ်လေးပါးတို့ ဖြစ်စဉ်အတိုင်း သံသရာ လည်ပတ်၍ ဖြစ်လေတော့သည်။

ဤကား ဝိညာဉ်ကြောင့် နာမ်ရုပ်ဖြစ်ပုံ ဖြစ်ပါသည်။

❖ ❖ ❖ ❖

## နာမရူပ ပစ္စယာ သဠာယတနံ
## (နာမ်ရုပ်ကြောင့် အာယတန ၆ ပါး ဖြစ်ပုံ)

ပဋိသန္ဓေစိတ်ဖြစ်ပြီးနောက် တစ်ဘဝအတွက် ဖြစ်သင့်ဖြစ်ထိုက်သော နာမ်ရုပ်များ ဆက်လက်ဖြစ်ပေါ်လာကြသည်။ ထိုနာမ်ရုပ်များ ဆက်လက်ဖြစ်ပေါ်လာမှုကြောင့် မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်–ဟူသော အာယတန ၆–ပါး ဖြစ်လာသည်။

အာယတနဟူသည်မှာ သံသရာကို ကျယ်စေတတ်သော တရားသဘောကို ဆိုလိုသည်။ အာယတန ၆–ပါးမှာ–

၁။ စက္ခာယတန = မျက်စိ

၂။ သောတာယတန = နား

၃။ ဃာနာယတန = နှာခေါင်း

၄။ ဇိဝှါယတန = လျှာ

၅။ ကာယာယတန = ကိုယ်

၆။ မနာယတန = စိတ်–တို့ဖြစ်သည်။

ထိုအာယတန ၆ပါးတို့ သံသရာတို့ ကျယ်စေတတ်ပုံမှာ–

၁။ စက္ခာယတန (မျက်စိ)နှင့် ရူပါရုံအဆင်း အမြင်အာရုံ။

၂။ သောတာယတန(နား)နှင့်သဒ္ဒါရုံအသံ အကြားအာရုံ။

၃။ ဃာနာယတန(နှာခေါင်း)နှင့်ဂန္ဓာရုံအနံ့ အနံ့အာရုံ။

၄။ ဇိဝှါယတန(လျှာ)နှင့် ရသာရုံအရသာ အစားအာရုံ။

၅။ ကာယာယတန(ကိုယ်)နှင့် ဖောဋ္ဌဗ္ဗာရုံ အတွေ့အာရုံ။

၆။ မနာယတန(စိတ်)နှင့် ကြွင်းသော သိမှုအာရုံတို့ ဆုံ

စည်းမိကြလျှင်–

မြင်လျှင်လည်း မြင်သည့်အလျောက်

ကြားလျှင်လည်း ကြားသည့်အလျောက်

နံလျှင်လည်း နံသည့်အလျောက်

စားလျှင်လည်း စားသည့်အလျောက်

တွေ့ထိလျှင်လည်း တွေ့ထိသည့်အလျောက်–

ကိလေသာ မကောင်းလေသေးသမျှ တပ်မက်ခင်မင်လိုချင်မှု၊ နှစ်သက်စုံမက်မှု၊ ခုံမင်မြတ်နိုးမှုများ ဖြစ်လာကြကာ ဖြစ်သင့်တာရော မဖြစ်သင့်တာတွေပါဖြစ်လျက် ကုသိုလ်အကုသိုလ်ကံ ဖြစ်ကြသည်။ ကုသိုလ်အကုသိုလ်ကံ ဖြစ်ဖြစ်ပြီဆိုလျှင် မလွဲကေန် ကမ္မသတ္တိ ဖြစ်ထွန်းလာသည်။ ယင်းကမ္မသတ္တိကဆိုင်ရာ အကျိုးပေးတော့သည်။ အကျိုးပေးလျှင် သံသရာလည်း ရှည်လေတော့သည်။ ဤသို့ သံသရာကို ရှည်စေတတ်သောကြောင့် အာ ယတန ဟု ဆိုပါသည်။

မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်–ဟူသော အာယတန ၆ ပါးသည် နာမ်ရုပ်ရှိမှသာ ဖြစ်ပေါ်လာကြသည်။ နာမ်ရုပ်မရှိလျှင် ဖြစ်ပေါ်လာကြမည်မဟုတ်ပေ။

ဤသည်ပင်လျှင် နာမ်ရုပ်ကြောင့် အာယတန ၆ပါး ဖြစ်သည်ဟု ဆိုပါသည်။

❖ ❖ ❖ ❖

## သဠာယတန ပစ္စယာ ဖဿော
## (အာယတန ၆ပါးကြောင့် တွေ့ထိမှုဖဿဖြစ်ပုံ)

နာမ်ရုပ်ဖြစ်၍ ဖြစ်ပေါ်လာသော မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်ဟူသော အာယတန ၆ ပါး ရှိသောကြောင့် ထိုအာယတနများနှင့် အာရုံတို့ တွေ့ထိမှုဖဿ ဖြစ်ကြသည်။

၁။ မျက်စိနှင့် အဆင်းရူပါရုံ ဆုံစည်းလျှင် မြင်တွေ့မှုစက္ခုသမ္ဖဿဖြစ်သည်။

၂။ နားနှင့်အသံသဒ္ဒါရုံ ဆုံစည်းလျှင် ကြားမှုသောတသမ္ဖဿဖြစ်သည်။

၃။ နှာခေါင်းနှင့်အနံ့ဂန္ဓာရုံဆုံစည်းလျှင် နံမှု ဃာနသမ္ဖဿဖြစ်သည်။

၄။ လျှာနှင့်အရသာ ရသာရုံ ဆုံစည်းလျှင် စားမှု ဇိဝှါ သမ္ဖဿဖြစ်သည်။

၅။ ကိုယ်နှင့်အတွေ့ဖောဋ္ဌဗ္ဗာရုံဆုံစည်းလျှင် တွေ့ထိမှု ကာယသမ္ဖဿ ဖြစ်သည်။

မျက်စိရှိလျှင် အဆင်းရူပါရုံကို မြင်ရမည်။ မကြည့်ချင်မြင်လျက်သား ဖြစ်မည်။

နားရှိလျှင် အသံသဒ္ဒါရုံကို ကြားရမည်။ မကြားချင်ဘူးလို့မရ ကြားကို ကြားရမည်။

နှာခေါင်းရှိလျှင် အနံ့ဂန္ဓာရုံကို နံပေမည်။ မနံလို့မရ၊ နံကို နံရမည်။

လျှာရှိလျှင် အရသာရသာရုံ ချို၊ ချဉ်၊ ငန်၊ စပ်၊ ဖန်၊ ခါး အရသာ ၆–ပါးကို သိရမည်။ မသိလို့မရ။

ကိုယ်ရှိလျှင် အတွေ့ဖောဋ္ဌဗ္ဗာရုံ နူးညံ့၊ ပျော့၊ မာ၊ ပူအေး စသည်ကို သိရမည်။ မသိလို့မရ။

စိတ်ရှိလျှင် ကြံစရာတွေးစရာကို ကြံတွေးသိရမည်။ မသိလို့မရ––ဓမ္မနိယာမတရား ဖြစ်ပါသည်။

ဤကား အာယတန ၆ပါးကြောင့် တွေ့ထိမှုဖဿ ဖြစ်ပုံ ဖြစ်ပါသည်။

❖ ❖ ❖ ❖

## ဖဿ ပစ္စယာ ဝေဒနာ
## (တွေ့ထိမှုဖဿကြောင့် ခံစားမှုဝေဒနာဖြစ်ပုံ)

အာယတနနှင့်အာရုံတွေ့ထိမှုဖဿ ဖြစ်လျှင် ခံစားမှု ဝေဒနာတစ်မျိုးမျိုးဖြစ်ကို ဖြစ်လာရသည်။ ရှောင်လွှဲ၍ မရချေ။

မြင်တွေ့မှု စက္ခုသမ္ဖဿဖြစ်လျှင် အာရုံအလိုက်–
ကောင်းသောအာရုံဖြစ်လျှင် သုခဝေဒနာဖြစ်သည်။
မကောင်းသော အာရုံဖြစ်လျှင် ဒုက္ခဝေဒနာဖြစ်သည်။
တော်ရုံတန်ရုံအာရုံဖြစ်လျှင် ဥပေက္ခာဝေဒနာ ဖြစ်သည်–
အားဖြင့် စက္ခုသမ္ဖဿဇာ ဝေဒနာ ၃–ပါး။––
ကြားမှုသောတသမ္ဖဿဖြစ်လျှင် အာရုံအလိုက်–
ကောင်းသောအာရုံဖြစ်လျှင် သုခဝေဒနာဖြစ်သည်။

မကောင်းသော အာရုံဖြစ်လျှင် ဒုက္ခဝေဒနာဖြစ်သည်။

တော်ရုံတန်ရုံအာရုံဖြစ်လျှင် ဥပေက္ခာဝေဒနာ ဖြစ်သည် အားဖြင့် ဃာနသမ္ဖဿဇာ ဝေဒနာ ၃-ပါး။--

စားမှု ဇိဝှါသမ္ဖဿဖြစ်လျှင် အာရုံအလိုက်-

ကောင်းသော အာရုံဖြစ်လျှင် သုခဝေဒနာဖြစ်သည်။

မကောင်းသော အာရုံဖြစ်လျှင် ဒုက္ခဝေဒနာဖြစ်သည်။

တော်ရုံတန်ရုံအာရုံဖြစ်လျှင် ဥပေက္ခာဝေဒနာ ဖြစ်သည် အားဖြင့် ဇိဝှါသမ္ဖဿဇာ ဝေဒနာ ၃-ပါး။--

တွေ့ထိမှု ကာယသမ္ဖဿဖြစ်လျှင် အာရုံအလိုက်-

ကောင်းသောအာရုံဖြစ်လျှင် သုခဝေဒနာဖြစ်သည်။

မကောင်းသော အာရုံဖြစ်လျှင် ဒုက္ခဝေဒနာဖြစ်သည်။

တော်ရုံတန်ရုံအာရုံဖြစ်လျှင် ဥပေက္ခာဝေဒနာ ဖြစ်သည် အားဖြင့် ကာယသမ္ဖဿဇာ ဝေဒနာ ၃-ပါး။--

ကြံသိမှု မနောသမ္ဖဿဖြစ်လျှင် အာရုံအလိုက်-

ကောင်းသောအာရုံဖြစ်လျှင် သုခဝေဒနာဖြစ်သည်။

မကောင်းသော အာရုံဖြစ်လျှင် ဒုက္ခဝေဒနာဖြစ်သည်။

တော်ရုံတန်ရုံအာရုံဖြစ်လျှင် ဥပေက္ခာဝေဒနာ ဖြစ်သည် အားဖြင့် မနောသမ္ဖဿဇာ ဝေဒနာ ၃-ပါး။--

ဤခံစားချက် ဝေဒနာ ၁၈ပါး ဖြစ်ကြရသည်။ မဖြစ်လို့ မရ။ ဖြစ်ကို ဖြစ်ကြရသည်။

ဤကား တွေ့ထိမှုဖဿကြောင့် ခံစားမှုဝေဒနာဖြစ်ပုံ ဖြစ်ပါသည်။

❖ ❖ ❖ ❖

## ဝေဒနာ ပစ္စယာ တဏှာ
## (ဝေဒနာကြောင့် တဏှာဖြစ်ပုံ)

ခံစားမှုဝေဒနာကြောင့် လိုချင်တပ်မက်မှုတဏှာ ဖြစ်သည်။ (တဏှာအကြောင်းကို သမုဒယသစ္စာအခန်းမှာ အနည်းငယ်ရေး ခဲ့ပြီးဖြစ်သည်။)

သံသရာနယ်ပယ်ကို ချဲ့တတ်သော တရားမှာ ဒိဋ္ဌိ၊ မာန၊ တဏှာတို့ ဖြစ်သည်။ ဒိဋ္ဌိသည် သက္ကာယဒိဋ္ဌိဟု ဆိုအပ်သော အတ္တကောင်ရှိ၏။ အမြင်မှားနေသည်။ မာနသည် ဒိဋ္ဌိက အမြင် မှားထားသောအတ္တကိုပင် ''ငါ-ငါ'' ဟု လက်မတထောင် ထောင်ဖြင့် မာန်မူထောင်လွှားနေတတ်သည်။ ထိုဒိဋ္ဌိမာနတို့ အရင်းခံထားသောကြောင့် ဓာတ်သဘာဝဖြစ်ပေါ်လာသော ရုပ် တရား၊ နာမ်တရားတို့ကို တဏှာဖြင့် အားပါးတရ ကြိုက်နှစ်သက် တွယ်တာလေတော့သည်။ မိမိကိုယ်ဟုဆိုအပ်သော အဇ္ဈတ္တ အတွင်းသန္တာန်မှာသာမက မိမိမှအပဖြစ်သော ဗဟိဒ္ဓသန္တာန်ရှိ သက်ရှိသက်မဲ့အရာအားလုံးအပေါ်မှာ ကြိုက်နှစ်သက်၍ တပ်မက် တွယ်တာလေတော့သည်။

ယောက်ျား၊ မိန်းမ မည်သူမဆို မိမိကိုယ်ကို တပ်မက် တွယ်တာသောတဏှာ ရှိကြပြီးဖြစ်သည်။ ခန္ဓာကိုယ်အချိုးအစား ကျနပြေပြစ်အောင် လုပ်ဆောင်ကြသည်။ ယောက်ျားဖြစ်လျှင် ရင်အုပ်ကားကား၊ ကြွက်သားအဖုအထစ် ကျောက်ဆစ်ရုပ်ပမာ ကြားကြွားရှားရှား ဖြစ်အောင် ကြိုးစားကြသည်။ မိန်းမဖြစ်လျှင် ခါးသေးရင်ချီ၊ ပဒုမ္မနီအနေအထားဖြစ်အောင် လေ့ကျင့်ခန်း အမျိုးမျိုးယူ၍ ပြုပြင်ကြသည်။ ထို့နောက် လှအောင်ပအောင်

ပြင်ဆင်ခြယ်သကြသည်။ ယင်းသို့ ပြုလုပ်ဆောင်ရွက်ဟူသမျှမှာ ဓာတျာဟူသောတရားက မိမိကိုယ် မိမိပြန်ကြိုက်အောင် ပြုလုပ်ခြင်း ဖြစ်သည်။

မိမိကိုယ်မိမိ ပြန်ကြိုက်ပြီးနောက် လမ်းထွက်၍ အပြင်ထွက်၍ သူတစ်ပါးကို ကြိုက်စေပြန်သည်။ မိမိကလည်း မိမိလိုပင် ပြုပြင် ပြင်ဆင်ခြယ်သထားသူများကို ကြိုက်ပြန်သည်။ သက်ရှိများကိုသာမက နှစ်သက်ဖွယ်သက်မဲ့အရာဝတ္ထုများကိုလည်း ကြိုက်ပြန်သည်။ ဆိုချင်သည်မှာ–

ယောက်ျားဖြစ်ဖြစ်၊ မိန်းမဖြစ်ဖြစ် အလှပြင်ကြရာမှာ ရှေးဦးစွာ မိမိကိုယ်မိမိ ပြန်ကြိုက်အောင် မှန်ရှေ့မှာ အမျိုးမျိုး၊ အဖုံဖုံ ပြင်ကြသည်။ ပြီးမှ သူတစ်ပါးကြိုက်စေအောင် အပြင်ထွက်၍ ပြရင်း မိမိကလည်း အလားတူ မိမိလို ပြင်ဆင်ထားသူကို ကြိုက်တော့သည်။ ထိုအခါ တဏှာသည် မိမိ အတွင်းအဇ္ဈတ္တသန္တာန်မှာလည်း ဖြစ်သည်။ အပ ဗဟိဒ္ဓသန္တာန်မှာလည်း ဖြစ်တော့သည်။

ယင်းသို့ ကြိုက်နှစ်သက်မှုတဏှာ ဖြစ်ရာမှာ အာရုံ ၆ ပါးလုံးကို ဖြစ်သည်။

အတိတ်မှဖြစ်သော အာရုံ ၆–ပါး၊

ပစ္စုပ္ပန်မှာဖြစ်သော အာရုံ ၆–ပါး၊

အနာဂတ်မှာဖြစ်သော အာရုံ ၆–ပါးဟူသော ကာလ ၃ ပါးမှာ ဖြစ်သောအာရုံတို့ကို ပြန်လည်စဉ်းစား၍လည်းကောင်း၊ (အတိတ်အာရုံ)မျက်မြင်တွေ့မြင်၍လည်းကောင်း(ပစ္စုပ္ပန်အာရုံ)၊ တွေးတောမျှော်လင့်ကြံဆ၍လည်းကောင်း(အနာဂတ်အာရုံ)–ဤအာရုံတို့ကို ကြိုက်နှစ်သက် တပ်မက်ခင်မင်တွယ်တာကြသည်။

သို့ဖြစ်၍ တဏှာတရားသည် အပြား(၁၀၈)ပါး ရှိလေသည်။

တဏှာ ၃ ပါး (ကာမ၊ ဘဝ၊ ဝိဘဝ)
အာရုံ × ၆ ပါး (ရူပ၊ သဒ္ဒ၊ ဂန္ဓ၊ ရသ၊ ဖောဋ္ဌဗ္ဗ၊ ဓမ္မ)
၁၈
ကာလ × ၃ ပါး (အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်)
၅၄
သန္တာန် × ၂ ပါး (အဇ္ဈတ္တ၊ ဗဟိဒ္ဓ)
၁၀၈

တဏှာသုံးတန်၊ ထည့်ထားပြန်၊ အာ ကာ သန်နှင့်မြှောက်၊
တဏှာအစစ်၊ တစ်ရာ့ရှစ်၊ ဖြစ်၏လူမှာရောက်။

ဤကား တဏှာအစစ်၊ တစ်ရာ့ရှစ် ဖြစ်ပုံတည်း။

တဏှာ၏ အစွမ်းသတ္တိကား အလွန်ထက်မြက်သည်။ ဆင်းရဲဒုက္ခအမျိုးမျိုးနှင့် ပြည့်နှက်နေသော ဤလောကကြီးကိုပင် ပျော်ရွှင်ချမ်းမြေ့စရာအဖြစ် အမျိုးမျိုးဖန်တီးယူ၍ ဖြေသိမ့် တွယ်တာ တပ်မက်တတ်သော သဘောရှိသည်။ မည်မျှပင် ဆင်းရဲစေကာမူ မိမိစွမ်းအားအလျောက် နှစ်သက်ဖွယ်ဖြစ်အောင် စိတ်ကျေနပ်မှု ရအောင်ဖန်တီးယူကြသည်။ ချမ်းသာသူ များဆိုလျှင်ကား ပြောဖွယ် မလိုတော့ပြီ။ အမျိုးမျိုးသော အာရုံကို လိုက်စား ပျော်ပါးကာ တဏှာအင်ပါယာကြီးကို ချဲ့ချင်တိုင်း ချဲ့ကြလေသည်။

ယင်းသို့ တဏှာကိုယ်စီရှိကြသဖြင့် မိမိတို့တပ်မက်လိုချင် တွယ်တာမှုအတိုင်းအတာအရ ဆင်းရဲဒုက္ခအမျိုးမျိုးခံကာ နေ့မအား၊ ညမနား ရုန်းကန်လှုပ်ရှားကြသည်။ ဆင်းရဲဒုက္ခအမျိုး

မျိုးခံစေအောင် ပြုလုပ်သူကား အခြားမဟုတ်တဏှာပင် ဖြစ်သည်။ ယင်းတဏှာကို အဖော်ပြု၍ ဘဝတစ်သက်တာလုံးမှာလည်းကောင်း၊ သံသရာခရီးတစ်လျှောက်လုံးမှာလည်းကောင်း ပျော်ပျော်ပါးပါး နေထိုင်သွားလာကျင်လည်နေကြသည်။

ထို့ကြောင့် တဏှာကို ဘဝသံသရာစက် လည်စေသော မူလအရင်းခံတရားတစ်ပါးအဖြစ် ဗုဒ္ဓမြတ်စွာဟောဖော်ညွှန်ပြခဲ့လေသည်။ ထိုတဏှာသည် ဘာ့ကြောင့် ဖြစ်ရသနည်းဟု အနီးကပ်ဆုံးအကြောင်းရင်းကို ရှာကြည့်လျှင် ခံစားမှုဝေဒနာတို့ တွေ့ရသည်။ ခံစားမှုဝေဒနာကြောင့် တပ်မက်မှုတဏှာဖြစ်သည်။

လိုလားနှစ်သက်အပ်သည့် ကောင်းသောသုခဝေဒနာနှင့် ဆုံစည်းရလျှင် တပ်မက်လိုချင်မှုတဏှာဖြစ်သည်မှာ ထင်ရှားပါသည်။ ကောင်းလွန်းသည်နှင့်အမျှ တဏှာက ကြီးသထက်ကြီးမားနိုင်သည်၊ လောဘပင်လယ် ကျယ်သထက်ကျယ်နိုင်သည်။

မကောင်းသော မလိုလားအပ်သော ဒုက္ခဝေဒနာနှင့် ဆုံစည်းရလျှင် အဘယ်နည်း တပ်မက်လိုချင်မှုတဏှာ ဖြစ်နိုင်ပါမည်နည်း။ မေးဖွယ်ရှိပါသည်။ ဆင်းရဲလွန်းမက ဆင်းရဲနေသည်လျှင် ထိုဆင်းရဲ နေသည်မှ လွတ်ချင်စိတ်၊ အလျင်အမြန် ကျွတ်လွတ်ချင်သော ပြင်းထန်သော စိတ်သည်ပင်လျှင် တဏှာဖြစ်လေတော့သည်။ ရောဂါဝေဒနာကို ပြင်းပြင်းထန်ထန်ခံစားနေရလျှင် လူတိုင်းလိုလိုကပင် ထိုရောဂါဝေဒနာမှ ပျောက်ကင်းချင်သောစိတ် ဖြစ်ကြသည်ချည်း ဖြစ်သည်။ မဖြစ်မနေပျောက်ကို ပျောက်ချင်နေကြသည်။ ထိုအဖြစ်သည်ပင်လျှင် ဒုက္ခဝေဒနာကြောင့် တဏှာဖြစ်သည် မည်ပါသည်။

ဆင်းရဲလည်းမဟုတ်၊ ချမ်းသာလည်း မဟုတ်သော အဒုက္ခမသုခဝေဒနာ (ဥပေက္ခာဝေဒနာ)ကြောင့်လည်း တဏှာ ဖြစ်နိုင်ပါသည်။ စိတ်ချမ်းသာမှုလည်း ပေါ်ပေါ်ထင်ထင်မဖြစ်၊ စိတ်ဆင်းရဲမှုလည်း ထင်ထင်ရှားမဖြစ်သောအခါမျိုး ရှိတတ်သည်။ မသိလိုက်မသိဖာသာ ဖြစ်နေခြင်းကိုက သုခလည်းမဟုတ်။ ဒုက္ခ လည်း မဟုတ်သော ခံစားချက်တစ်မျိုးမျိုးကို ခံစားနေခြင်းဖြစ် သည်။ ပေါ်လွင်ထင်ရှားသော သုခ ဒုက္ခနှင့်စာလျှင် ခံစားချက်မဲ့ဟု ဆိုနိုင်သည်။ ထိုခံစားချက်မဲ့အနေအထားမျိုး သည်ပင်လျှင် ခံစားချက်တစ်မျိုးဖြစ်သည်။ အဒုက္ခမသုခဝေဒနာ (ဥပေက္ခာ ဝေဒနာ)ကို ခံစားနေခြင်းဖြစ်သည်၊ တစ်ကိုယ်တည်း အပူအပင်မရှိ၊ အေးအေးလူလူ နေထိုင်နေခြင်းမျိုးဖြစ်သည်။ အေးငြိမ်းခြင်းတစ်မျိုး ဖြစ်သည်။ ထိုအနေအထားမျိုးကို နှစ်သက် တပ်မက်တွယ်တာ သည် ဆိုလျှင် အဒုက္ခသုခဝေဒနာ (ဥပေက္ခာ ဝေဒနာ) ကြောင့် တဏှာဖြစ်သည်မည်ပါသည်။

ဤကား ဝေဒနာကြောင့် တဏှာဖြစ်ပုံ ဖြစ်လာသည်။

❖ ❖ ❖ ❖

## "တဏှာ ပစ္စယာ ဥပါဒါန်"
## (တဏှာကြောင့် ဥပါဒါန်ဖြစ်ပုံ)

လိုချင်တပ်မက်မှုတဏှာကြောင့် စွဲလန်းခြင်းဥပါဒါန် ဖြစ် သည်။

မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်–ဟူ အာယ တန ၆ ပါးနှင့် အဆင်း၊ အသံ–စသော အာရုံ ၆ ပါးနှင့်ဆုံလျှင်

မြင်တွေ့မှုဖြစ်လျှင် ခံစားမှုဝေဒနာဖြစ်သည်။ ခံစားမှုဝေဒနာကြောင့် လူသာမန်တို့အဖို့ တပ်မက်လိုချင်မှု တဏှာဖြစ်သည်။ ထိုတဏှာ ဖြစ်လျှင် မလွဲကေန် စွဲလမ်းခြင်း ဉပါဒါန်ဖြစ်လေတော့သည်။

ဉပါဒါန်ဟူသည် ဖားကို မြွေဖမ်းသကဲ့သို့ အာရုံကို စွဲစွဲ မြဲမြဲ ယူထားခြင်း ဖြစ်သည်။

စွဲလမ်းခြင်း ဉပါဒါန်သည်-

၁။ ကာမုပါဒါန် = ကာမဂုဏ်အာရုံငါးပါးမှာစွဲလန်းခြင်း

၂။ ဒိဋ္ဌုပါဒါန် = အယူမှားမှုမှာ စွဲလန်းခြင်း

၃။ အတ္တဝါဒုပါဒန် = အတ္တ(အသက်၊ ဝိညာဉ်၊ လိပ်ပြာ) ရှိသည်ဟု စွဲလန်းခြင်း။

၄။ သီလဗ္ဗတုပါဒါန် = ခွေးနွားတို့ အလေ့အကျင့်ကို ကျင့်လျှင် သံသရာမှ လွတ်မြောက်၏

ဟု ယူမှားစွဲလန်းခြင်းဟူ၍ ၄-မျိုး ရှိသည်။

## ၁။ ကာမုပါဒါန်ဖြစ်ပုံ

အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့ဟူသော အာရုံငါးပါး လိုချင်တပ်မက်ခြင်း တဏှာဖြစ်ပြီးနောက် ကိုယ်ပိုင်ရယူ ချင်လောက်အောင် စွဲလန်းနေမှုမျိုးသည် ကာမုပါဒါန်ဖြစ်သည်။ လူသာမန်တိုင်း ဖြစ်လေ့ရှိသည်။

❀ ဆွတ်ချူရန်ခက်ပါရဲ့၊
မျက်ပါနဲ့ သက်လယ်
အံ့ပုန်းမောင့်-မျက်နှာငယ်မှာ၊
အကွက်မလယ်နိုင်သေး။

❀ ရွှေငုံးမင်း အမြီးမျှော်သလို
ခရီးနော် နီးရက်နဲ့ဝေး

ဤတေးသွားသည် ကာမုပါဒါန်ကို ပေါ်လွင်စေသော စကားရပ်ဖြစ်သည်။

''မိန်းမကြိုက်တော့ မျှော်လိုက်တာ၊ ယောက်ျားကြိုက်တော့ စိုက်စိုက်လာ''

ဘာကြောင့် မျှော်သနည်း? ဘာကြောင့် လာသနည်း။ အဖြေကား ရှင်းရှင်းလေး၊ စွဲလန်းခံနေခြင်းကြောင့်ဖြစ်သည်။

## ၂။ ဒိဋ္ဌုပါဒါန်ဖြစ်ပုံ

လူသားတို့သည် ကြောက်ရွံ့ခြင်းမှ ကာကွယ်ရန် နည်းလမ်းရှာကြံရာမှာ အချို့က တောတောင်ရေမြေသစ်ပင်တို့ကို ကိုးကွယ်ကြသည်။ အချို့က နတ်မျိုးစုံကို ကိုးကွယ်ကြသည်။

အချို့တွေးခေါ်တတ်သူများက ဗုဒ္ဓမြတ်စွာ မပွင့်ထွန်းမီကာလနှင့် ပွင့်ထွန်းခါနီး ကာလတို့မှာ ကိလေသာကုန်ခန်း၍ ဘဝမှ လွတ်မြောက်ရန် နည်းမျိုးစုံကျင့်ကြံကြသည်။ ရေငုပ်မီးလှုံ၊ တုံးခုန်၊ ဇယ်ခတ်–ပြုလုပ်ကြသည်။ ဆူးများပေါ်မှာ အိပ်ကြသည်–စသည်ဖြင့် မိမိတို့နှစ်သက်ရာအယူကို စွဲစွဲလမ်းလမ်း ပြုလုပ်ကျင့်ကြံကြသည်။ ဘဝမှ လွတ်မြောက်ရန်ဟူသော ရည်ရွယ်ချက်ကောင်းသော်လည်း ကျင့်ပုံကျင့်နည်းကားမမှန် ဖြစ်သည်။

ဗုဒ္ဓမြတ်စွာပွင့်တော်မူလာပြီးနောက်မှာလည်း သာသနာပတိတ္ထိများရှိကြသည်။ လုံးဝအဝတ်မဝတ်သူများ၊ အထက်ပိုင်းမှာသာ ဝတ်သူ၊ ရှေ့ပိုင်းမှာသာ အဝတ်စယ်ဖြင့် ဖုံးထားသူ၊

မီးပူဇော်သူစသဖြင့် အယူဝါဒအသီးသီးရှိခဲ့သည်။ အယူဝါဒ ၆၂ မျိုး ထိရှိခဲ့သည်။ ထိုအယူဝါဒများကို စွဲစွဲလမ်းလမ်း သက်ဝင်ယုံကြည်နေမှုမျိုးသည် ဒိဋ္ဌုပါဒါန်ဖြစ်သည်။

## ၃။ အတ္တဝါဒုပါဒါန်ဖြစ်ပုံ

အတ္တဟူသည် ရှေ့နားမှ ပြဆိုခဲ့သော အသက်ဝိညာဉ် လိပ်ပြာကောင်ကို ဆိုလိုသည်။ ထိုအတ္တကပင် ဘဝတစ်ခုမှ တစ်ခုသို့ ကူးသည်။ အတ္တကပင် မြင်သည် ကြားသည် စားသည် စသဖြင့် စွဲစွဲလန်းလန်း ယူဆထားကြသော ဒိဋ္ဌိတစ်မျိုးဖြစ်သည်။ ထိုအတ္တဝါဒသည် သူသူငါငါ ပုထုဇဉ်ဟူသမျှမှာ ရှိတတ်ကြသည် ချည်း ဖြစ်သည်။

အတ္တဟူသော အသက်၊ ဝိညာဉ်၊ လိပ်ပြာရှိ၏ဟူသော ဝါဒသည် ဟိန္ဒူပြဟ္မာဏတို့၏ အယူဝါဒဖြစ်သည်။ ဟိန္ဒူအငွေ့ အသက် အယူဝါဒများ မြန်မာနိုင်ငံမှာ ရှေးပဝေသဏီကတည်းက လွှမ်းမိုး ခြင်းခံခဲ့ရသဖြင့် မြန်မာဗုဒ္ဓဘာသာတို့အတွင်းမှာ ယခုထိတိုင် မိရိုးဖလာအစဉ်အဆက် စွဲမြဲလျက်ရှိနေသည်။

လူတစ်ယောက်သေလျှင် အသက်ဝိညာဉ်၊ လိပ်ပြာက အိမ်မှာ (၇)ရက်နေသည်။ (၇)ရက်လွန်မှ အိမ်ပေါ်က ဆင်းသည်ဟု ယနေ့တိုင် ကျင့်သုံးနေကြဆဲ ဖြစ်သည်။ သေသူကို သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီး သေသူ၏နေရာမှာ အိပ်ရာ ပြင်ထားသည်။ နံနက်စာညစာ ပြင်ဆင်ပေးထားသည်။ ဆေးလိပ်သောက်တတ်သူဆိုလျှင် ဆေးလိပ်ကို မီးညှိ၍ပင် ထားပေးသည်။

(၇)ရက်စေ့၍ ရက်လည်ဆွမ်းပေးလှူ၊ အမျှအတန်းပေးဝေပြီးကာမှ ရပ်နားလိုက်သည်။ သူတို့ ဆိုသည်မှာ သေသူ၏ ဝိညာဉ်သည် (၇)ရက်အတွင်း အိမ်ထဲမှာပင် ရှိနေသည်။ ဤကာလတွင်းမှာ နောက်ဘဝတစ်ခုကိုရှာဖွေနေသည်။ ရှာဖွေနေစဉ် ဝိညာဉ်သည် မှီရာဘဝမရှိသေးသဖြင့် အိမ်ထဲမှာပင် နေရာပြင်ပေးခြင်း၊ အစားအစာပေးကျွေးခြင်း ပြုလုပ်ရသည်ဟု ဆိုကြသည်။ထိုအတိုင်းလည်းများစွာသောလူတို့က ယနေ့ထိတိုင် စဉ်လာမပျက် ပြုလုပ်နေကြသည်။

ထိုအယူဝါဒသည် ဗုဒ္ဓတရားတော်နှင့် ဖြောင့်ဖြောင့်ကြီးဆန့်ကျင်သည်။ သူတို့က အတ္တဝါဒ၊ဗုဒ္ဓမြတ်စွာက အနတ္တဝါဒဖြစ်သည်။ ဗုဒ္ဓအဘိဓမ္မာက သတ္တဝါတစ်ဦးတစ်ယောက် လူ၊ နတ်၊ တိရစ္ဆာန်–မည်သူပဲဖြစ်ဖြစ် သေလွန်လျှင် သေပြီးသည်၏ အခြားမဲ့မှ ခဏမခြားဘဲ ဖြစ်ရမည့်ဘဝမှာ ပဋိသန္ဓေစိတ်ဖြစ်၍ ဘဝသစ်တစ်ခုကို ထူထောင်ပြီးဖြစ်နေသည်ဟု ပြဆိုထားသည်။ (၇)ရက်မပြောနှင့် တစ်စက္ကန့်ကလေးသော်မျှမရှိချေ။ သတ္တဝါတို့၏ လားရာဂတိသည်–

| | | | |
|---|---|---|---|
| ၁။ | ဒေဝဂတိ | = | နတ်ဗြဟ္မာဘဝ |
| ၂။ | မနုဿဂတိ | = | လူ့ဘဝ |
| ၃။ | တိရစ္ဆာနဂတိ | = | တိရစ္ဆာန်ဘဝ |
| ၄။ | ပေတဂတိ | = | ပြိတ္တာဘဝ |
| ၅။ | နိရယဂတိ | = | ငရဲဘဝ |

ဟူ၍ ၅မျိုးရှိသည်။

သေသူသည် သေပြီးပြီးချင်း ဖော်ပြပါ လားရာဂတိ ၅-ခုအနက် မိမိလားရောက်ရမည့် ဘုံဘဝမှာ ပဋိသန္ဓေနေပြီး ဖြစ်တော့သည်။

စာဒကတက်စရာရှိသည်။ ကိုယ်တွေ့အရရော အများအပြောဖြင့်ပါ ဆိုကြသည်။ သေပြီးသူ၏အိမ်မှာ ချိုးချိုးချွတ်ချွတ် အသံတွေ ကြားရသည်။ ညည်းညူသံတွေ ကြားရတတ်သည်။ ခြောက်လှန့်တတ်သည်မဟုတ်ပါလော။ ၎င်းသည် အိမ်မှာ (၇)ရက်နေခြင်း မဟုတ်လား? မေးစရာရှိသည်။

ရှိလည်း ရှိဖူးပါသည်။ ရှိလည်းရှိတတ်ပါသည်။ ၎င်းအဖြစ်မျိုးသည်။ ကြားဘဝအဖြစ် ဝိညာဉ်အဖြစ်ဖြင့် အိမ်မှာ (၇)ရက်နေခြင်းမဟုတ်ပါ။ သေပြီးနောက် မိသားစုကိုသော်လည်းကောင်း၊ အိမ်ရှိပစ္စည်းဥစ္စာကိုသော်လည်းကောင်း စွဲလမ်းပြီး ပြိတ္တာဘဝရောက်နေသူများသာဖြစ်သည်။ သေသူကို ရည်စူး၍ ရဟန်းသံဃာတော်များအား ပင့်ဖိတ်လှူဒါန်း၍ အမျှအတန်းပေးဝေလျှင် ထိုအမျှကိုရရှိ၍ သာဓုခေါ်နိုင်ပါက ပြိတ္တာဘဝမှ လွတ်မြောက်သွားသော သဘာဝရှိသည်။

ဖြစ်ရပ်တစ်ခု ကြားဖူးသည်။

ဒုတိယကမ္ဘာစစ်မဖြစ်မီ စစ်ကိုင်းမြို့နယ်မှာ ဖြစ်သည်။ သစ်စက်ကုလားသူဌေးလင်မယားမှာ သမီးပျိုကလေးတစ်ယောက်ရှိသည်။ တစ်ဦးတည်းသောသမီးဖြစ်သဖြင့် တုန်နေအောင် ချစ်ကြသည်။ အလုပ်သမားများကလည်း အလုပ်ရှင်သမီးမို့ ချစ်ကြသည်။ သို့ဝိုင်းချစ်နေကြဆဲမှာ သမီးပျိုလေး ရုတ်တရက် ကွယ်လွန်ခဲ့သည်။ သူတို့ ထုံးစံအရ သေပြီးပြီးချင်း သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်လိုက်သည်။ ထိုနေ့ညနေစောင်းမှာ အိမ်ပေါ်မှ

''အမေ–သမီးကိုအဝတ်ပေးပါ၊ အမေ–သမီးကို အဝတ်ပေးပါ'' ဟူသော သေဆုံးသူသမီး၏အသံကို ကြားရသည်။ သမီးသေဆုံးခဲ့သည့်မှာ လောလောလတ်လတ်ပင် ဖြစ်နေသဖြင့် မိခင်ကြီးမှာ ရင်ကွဲမတတ်ခံစားရပြီး အဝတ်ဗီရိုများကိုဖွင့်ကာ''သမီးရေ–အဲဒီမှာ သမီးအဝတ်တွေပဲ ယူ–ယူအားလုံးယူ ''ဟု အရူးတစ်ယောက်ပမာ ငိုယိုပြောဆိုသည်။

နောက်နေ့ နောက်နေ့တွေမှာလည်း အချိန်ရောက်လျှင် သမီး၏အဝတ်တောင်းသံ ပေါ်လာသည်။ တစ်ဆင့်စကားဖြင့် အလုပ်သမားများပါ လာရောက်နားထောင်သဖြင့် ကြားကြရသည်။ သူတို့လည်း စိတ်မကောင်းကြ။ ဖခင်ကုလားသူဌေးက သူတို့ဘာသာဝလေ့ထုံးတမ်းအရ အမျိုးမျိုးပြုလုပ်သည်။ သို့သော် အချိန်ကျလျှင် အသံက ကြားရမြဲဖြစ်သည်။ ထိုအခါ သစ်စက် ဝိုင်းဆရာက–

''သူဌေးကြီး ဒီကိစ္စကို ကျွန်တော်တို့နည်း၊ ကျွန်တော်တို့ဟန်နဲ့ ဆောင်ရွက်ပါရစေ။ ငွေနည်းနည်း အကုန်ခံပါ''

''ဘယ်လောက်ကုန်မှာလဲ''

''မများပါဘူး၊ ကျပ် ၃၀၀ လောက်ပါ''

သူဌေးက ငွေပေးလိုက်သည်။ ဝိုင်းဆရာသည် လှူဖွယ်ပစ္စည်းများ ဝယ်ခြမ်း၍ သံဃာတော်များကို ပင့်ဖိတ်ကာ အလှူတစ်ခုပြုလုပ်သည်။ အလှူမှာ သင်္ကန်းပါထည့်လှူသည်။ သံဃာတော်များ တရားအနုမောဒနာပြုအပြီးမှာ သမီးငယ်ကို ရည်စူး၍ အမျှအတန်း ပေးဝေလိုက်သည်။

ထိုနေ့ညနေစောင်းကို အားလုံးက မျှော်လင့်နားစွင့်နေကြသည်။ အချိန်ရောက်လာသည်။ သမီးငယ်အသံပေါ်လာသည်။

ပေါ်လာသည့်အသံက ''အမေ-သမီး အဝတ်ရပြီ။ အမေ-သမီး အဝတ်ရပြီ။ သမီးသွားတော့မယ်''ဟူ၍ ဖြစ်သည်။ အိမ်ရှိလူ အားလုံးက ကြားလိုက်ရသည်။ ထိုနေ့ထိုအချိန်မှစ၍ ဘာသံမှ မကြားရတော့ပေ။ ထိုသမီးငယ်သည် ပြိတ္တာဘဝမှ ကျွတ်လွတ် သွားပုံရသည်။

ဤဖြစ်ရပ်မျိုး များစွာရှိသည်။ ကြားလည်းကြားဖူးကြပါ လိမ့်မည်။ သံယောဇဉ်အမျှင်တန်း မပြတ်နိုင်သဖြင့် အနီးအပါး မှာ ပြိတ္တာဖြစ်နေခြင်းသာ ဖြစ်သည်။ အတ္တ-ဆိုသော အသက် ဝိညာဉ်လိပ်ပြာ မဟုတ်ချေ။ သို့မဟုတ်သည်ကိုမှ အမှန်ယူဆပြီး စွဲလမ်းကျင့်ကြံနေခြင်းသည် အတ္တဝါဒုပါဒါန် ဖြစ်သည်။

❖ ❖ ❖ ❖

## ၄။ သီလဗ္ဗတုပါဒါန်ဖြစ်ပုံ

ဒိဋ္ဌိ-၆၂ ပါးတွင် အပါအဝင်ဖြစ်သော သီလဗ္ဗတပရာ မာသဒိဋ္ဌိပင် ဖြစ်သည်။

ဗုဒ္ဓမြတ်စွာ မပွင့်ပေါ်မီကာလနှင့် ပွင့်ပေါ်ပြီးကာလတွင် မှာလည်း ရှိနေသော အယူအကျင့်တစ်မျိုးဖြစ်သည်။ သူတို့ရည် ရွယ်သည်မှာ ကိလေသာ ကုန်ခန်းစေရန် ဖြစ်သည်။ ရည်ရွယ် ချက် ကောင်းပါသည်။ ကျင့်နည်းကသာ လွဲမှားနေသည်။ လွဲ မှားနေသည်ကမှ တကယ့်အစွန်းရောက် လွဲမှားနည်းမျိုးဖြစ်သည်။

ခံယူချက်မှ စတင်၍ လွဲမှားသည်။ သတ္တဝါတို့သည် ဘဝ များစွာသံသရာမှ အကုသိုလ်တွေကို ပြုခဲ့ကြသည်။ ထိုပြစ်မှု

အကုသိုလ်တွေ ကုန်သွားအောင် မိမိကိုယ်ကို ပြစ်ဒဏ်ကျခံပေးဆပ်ခြင်းဖြင့် မကောင်းမှုအကုသိုလ်များ ကုန်စင်မည်ဟု ခံယူထားသည်။ မျက်မှောက်လောကမှာ ပြစ်မှုကျူးလွန်မိသူသည် ပြဋ္ဌာန်းထားသော ပြစ်ဒဏ်ကို ကျခံပြီးလျှင် ပြေပျောက်သည်ကို တုပခံယူထားခြင်း ဖြစ်သည်။

ထိုခံယူချက်အတိုင်း ခွေးတို့၏အလေ့ အမူအရာ အကျင့်စရိုက်ကိုပြုမူကာ မိမိကိုယ်မိမိက ဒဏ်ပေး၍ ပြစ်ဒဏ်ကျခံ ကျင့်ကြံကြသည်။ အချို့က နွားတို့၏အလေ့အမူအရာ အကျင့်စရိုက်ကို ပြုမူကား မိမိကိုယ်မိမိက ဒဏ်ပေး၍ ပြစ်ဒဏ်ကျခံကျင့်ကြံသည်။

ဤသို့ ပြစ်ဒဏ်ကျခံကျင့်ကြံခြင်းဖြင့် ဘဝများစွာက ပြုခဲ့မိသော အကုသိုလ်အပြစ်များ ပြေပျောက်၍ ကိလေသာကုန်ခန်းပြီး ဘဝငြိမ်းချမ်းမှုကို ရရှိမည်ဟု ယူဆသော ဝါဒဖြစ်သည်။ ထိုလွဲမှားသော အယူဝါဒကိုပင် သဘောကျနှစ်သက်သည်ဖြစ်၍ စွဲစွဲလမ်းလမ်း ကျင့်ကြံကြသည်။

ဤသည်ပင်လျှင် သီလဗ္ဗတုပါဒါန်ဖြစ်သည်။

❖ ❖ ❖ ❖

## ဥပါဒါန ပစ္စယာ ဘဝေါ
## (ဥပါဒါန်ကြောင့် ဘဝဖြစ်ပုံ)

စွဲလမ်းခြင်းဥပါဒါန်ကြောင့် ဘဝဖြစ်သည်။ ဘဝဟူသည် မှာဖြစ်ခြင်း, ဖြစ်တည်ခြင်းကို ဆိုသည်။

၁။ ကမ္မဘဝ = ကုသိုလ်ကံ၊ အကုသိုလ်ကံ တစ်ခုခု ဖြစ်ခြင်း။

၂။ ဥပပတ္တိဘဝ= ကံကြောင့် ရအပ်သော ဘုံဘဝမှာ ဖြစ်တည်ခြင်း

ဟူ၍ ၂-မျိုးဖြစ်သည်။

ကာမဂုဏ် ငါးပါးမှာ စွဲလမ်းခြင်း ဥပါဒါန်ဖြစ်လျှင် ``ထိုင်နေလို့ ဘာမှဖြစ်မလာ'' စကားအတိုင်း စွဲလမ်းသော ကာမဂုဏ်ကိုရဖို့ အလုပ်(ကမ္မ)တစ်ခုခုလုပ်ကြရသည်။ ထိုအလုပ်သည် ကောင်းသောအလုပ် (ကမ္မ) ဖြစ်လျှင် ကုသိုလ်ကံဖြစ်၍ ကောင်းသော ဘုံဘဝမှာဖြစ်ပြီး ကောင်းကျိုးခံစားရသည်။ မကောင်းသောအလုပ် (ကမ္မ)ဖြစ်လျှင် အကုသိုလ်ကံဖြစ်၍ မကောင်းသောဘုံဘဝမှာဖြစ်ပြီး မကောင်းကျိုးခံစားရသည်။

❀ မမလေးကို ချစ်လိုက်ပါတဲ့အာရုံ
ရွှေမြင်းမိုရ်တစ်တောင်လုံး
တုံးမှတ်လို့ခုန်
ဟူသော စကားသည်လည်း ကောင်း၊

❀ မမလေးကို မောင်ခိုးမယ်လို့
လူဆိုးတွေနဲ့ မောင်တိုင်ပင်။
ဟိုရှေ့ဆို ညောင်ပင်ရင်းမှာ

မြင်းကိုယ်စီပြင်---ဟူသော စကားသည်လည်းကောင်း ကာမဂုဏ်မှာ စွဲလမ်းမှု (ကာမုပါဒါန်)ကြောင့် အလုပ် (ကမ္မ)တစ်ခု လုပ်ပုံပြခြင်းဖြစ်သည်။

ကာမနှင့် ပတ်သက်သော မည်သည့်အရာကိုမဆို မဖြစ်မနေ လုပ်ဆောင်ကြခြင်းမှာ ကာမုပါဒါန်ကြောင့် ကမ္မဘဝဖြစ်ခြင်းပင် ဖြစ်သည်။

စားဝတ်နေရေးအတွက် တစ်နယ်တစ်ကျေးသို့လည်းကောင်း၊ တိုင်းတစ်ပါးသို့လည်းကောင်း သွားရောက်အလုပ်လုပ်ကြသည်။ ခိုးဆိုးတိုက်ခိုက်ကြသည်။ လိမ်ညာလှည့်ဖြားယူကြသည်။ ရသာလျှင် ဘနှဖူး သိုက်ပင်တူးကြသည်။ အားလုံးကာမုပါဒါန်ကြောင့်ဖြစ်သည်။

ကောင်းသောဘက်ကို ကြည့်လျှင်လည်း လူ့စည်းစိမ်၊ နတ်စည်းစိမ်ကို လိုချင်သဖြင့် လှူဒါန်းပေးကမ်းစွန့်ကြဲကြသည်။ သီလဆောက်တည်ကြသည်။ ကောင်းမှုကုသိုလ်သုစရိုက်များကို ပြုလုပ်ကြသည်။

ပြုလုပ်ကြသော အကုသိုလ်ကံ၊ ကုသိုလ်ကံတို့သည် ဥပါဒါန်ကြောင့်ဖြစ်သော ကမ္မဘဝပင်ဖြစ်သည်။ ကမ္မဘဝ–ကံဖြစ်ပြီဆိုမှတော့ ဘုံဘဝတစ်ခုခုမှာ ပဋိသန္ဓေနေရပြီး ဘဝသစ်တစ်ခုကို ရစေသည်။ ယင်းသည်ပင်လျှင် ဥပပတ္တိဘဝဖြစ်သည်။ ဥပပတ္တိဘဝ ၉ ပါး ရှိသည်။

❀ ကာမဘဝ၊ ရူပဘဝ၊ အရူပဘဝ။

သညီဘဝ၊ အသညီဘဝ၊ နေဝသညီနာသညီဘဝ။

ဧကဝေါကာရဘဝ၊ စတုဝေါကာရဘဝ၊ ပဉ္စ ဝေါကာရဘဝတို့ ဖြစ်သည်။

ဤမျှအထိ ပြီးခဲ့သမျှ ပဋိစ္စသမုပ္ပါဒ် ကြောင်းကျိုးစဉ်ဆက်ဖြစ်ပုံကို ပြန်ကြည့်လျှင်–

အတိတ်ဘဝက သစ္စာလေးပါးကို မသိမှု အဝိဇ္ဇာကြောင့် ကုသိုလ်၊ အကုသိုလ်ကံဟူသော ပြုပြင်မှုသင်္ခါရကို ပြုမိခဲ့ကြသည်။

(အတိတ်ဘဝမှာ အဝိဇ္ဇာနှင့် သင်္ခါရ–၂ပါး)

အတိတ်ဘဝက သင်္ခါရကြောင့် ပစ္စုပ္ပန်ဘဝမှာ ပဋိသန္ဓေ ဝိညာဉ်စိတ်ဖြစ်သည်။

ပဋိသန္ဓေဝိညာဉ်ကြောင့် နာမ်ရုပ်ဖြစ်သည်။

နာမ်ရုပ်ကြောင့် အာယတန ၆–ပါး ဖြစ်သည်။

အာယတန ၆–ပါးကြောင့် ဖဿ ၆–ပါးဖြစ်သည်။

ဖဿ ၆–ပါးကြောင့် ဝေဒနာ ၁၈–ပါးဖြစ်သည်။

ဝေဒနာ ၁၈–ပါးကြောင့် တဏှာ ၁၀၈–ပါးဖြစ်သည်။

ဥပါဒါန် ၄–ပါးကြောင့် ကုသိုလ်၊ အကုသိုလ်ကမ္မဘဝ ဖြစ်သည်။

(ပစ္စုပ္ပန်ဘဝမှာ ဝိညာဉ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝဟူ၍ ပဋိစ္စသမုပ္ပါဒ် အင်္ဂါ ၈–ပါး ဖြစ်သည်။

## ဘဝ ပစ္စယာ ဇာတိ
## (ဘဝကြောင့်ဇာတိဖြစ်ပုံ)

ပစ္စုပ္ပန်ဘဝက ကုသိုလ်အကုသိုလ်ကံ ကမ္မဘဝကြောင့် အနာဂတ် ဥပပတ္တိဘဝဟု ဆိုအပ်သော ဘဝကြီး ၉–ပါးမှာ ဇာတိဟူသော ပဋိသန္ဓေနေခြင်း ဖြစ်သည်။

အကုသိုလ်ကံ ကမ္မဘဝကြောင့်–

နိရယဂတိ ပေတာဂတိ တိရစ္ဆာနဂတိ–ဟူသော ဒုဂ္ဂတိဘုံဘဝမှာ ဇာတိပဋိသန္ဓေဟူ၍ ဘဝသစ်တစ်ခု အစပျိုးသည်။

ကုသိုလ်ကံဟူသော ကမ္မဘဝကြောင့် မနုဿဂတိ၊

ဒေဝဂတိဟူသော သုဂတိဘုံဘဝမှာ ဇာတိပဋိသန္ဓေနေ၍ ဘဝသစ်တစ်ခု အစပျိုးသည်။

ထို့နောက် နာမ်ရုပ်၊ သဠာယတနာ၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝတို့ ဖြစ်ကြသည်။

❖ ❖ ❖ ❖

## ဇာတိပစ္စယာ ဇရာမရဏ
## (ဇာတိကြောင့် အိုခြင်းသေခြင်းဖြစ်ပုံ)

ဇာတိပဋိသန္ဓေ စလိုက်သည်နှင့်တစ်ပြိုင်နက် အိုခြင်းသေခြင်းတို့နှင့် မလွဲကေန် တွေ့ကြုံရမည်သာ ဖြစ်သည်။ မည်သည့်နည်းနှင့်မျှ ရှောင်လွှဲ၍ မရချေ။ ထို့ကြောင့် အိုခြင်းသေခြင်းသည် ဇာတိ၏ မုချအကျိုးဖြစ်သည်။

ဇာတိပဋိသန္ဓေကြောင့် အိုခြင်းသေခြင်းသာမက စိုးရိမ်ပူဆွေးခြင်း သောက၊ ငိုကြွေးမြည်တမ်းခြင်း ပရိဒေဝ၊ ကိုယ်ဆင်းရဲခြင်း ဒုက္ခ၊ စိတ်ဆင်းရဲခြင်း ဒေါမနဿ၊ ပြင်းထန်စွာ ပင်ပန်းခြင်း ဥပါယာသတို့လည်း ဖြစ်ကြပါသေးသည်။ သို့သော် ဤ ၅ပါးသည် အချို့သော သတ္တဝါ နတ်ပြဟ္မာတို့မှာ မဖြစ်သဖြင့် ဇာတိ၏ မုချအကျိုးဟု မဆိုနိုင်၊ အကျိုးဆက်မျှသာ ဖြစ်သည်။

အသက်အရွယ်ကြီးရင့်ယိုယွင်း အိုမင်းခြင်းဒုက္ခနှင့် ပတ်သက်၍ အပျားမျက်မြင်ထင်ရှားပြီးဖြစ်သည်။ အိုမင်းမစွမ်းဟူ၍လည်း ဆိုကြသည်။ ထိုစကားကို ဆရာ့ဆရာကြီးများက "အိုနေပြီမင်းမစွမ်းနိုင်တော့ဘူး"ဟု အဓိပ္ပာယ်ဖွင့်ကြသည်၊ တချို့က "လူအိုလူမင်း"ဟုလည်း ဆိုကြသည်၊ "လူဟာ အိုလာရင် လူမင်းအလိုလိုဖြစ်လာတယ်"ဟု ဆိုသည်။ အဓိပ္ပာယ်မှာ အသက်အရွယ်ကြီးရင့်လို့ အိုလာပြီဆိုရင် ဘဝခရီးလမ်းကို နှုန်ကြမ်းကြမ်း ဖြောင့်ဖြောင့်ကောက်ကောက် လျှောက်လှမ်းခဲ့ရပြီးဖြစ်သဖြင့် အတွေ့အကြုံကရင့်ကျက်နေပြီးဖြစ်သည်။ လူငယ် လူရွယ်များ လုပ်ကိုင်သည်ကိုဘဝင်မကျ ဖြစ်နေတတ်သည်။ ထိုအခါ အလိုလို ဩဇာ–အာဏာတွေပေးနေမိရက် သားဖြစ်နေသည်။ ထိုကိုရည်ရွယ်၍ လူဟာအိုလာရင် လူမင်းဖြစ်လာသည်ဟု ဆိုကြသည်။ မည်သို့ ဆိုစေ၊ အိုမင်းကြီးရင့်လာပြီဆိုမှဖြင့် အလိုလိုဝိုင်းပယ်ခြင်းခံရသည့် အဖြစ်ဇရာဒုက္ခကို စာဆိုတော်ကြီးများက ရသမြောက်စွာ ဖော်ကျူးခဲ့ကြသည်။

ဇရာဒုဗ္ဗလဘွဲ့
(တေးထပ်)

❀ တည်သန္ဓေ လက်ရင်ကြောင့်
ခက်ခြင်းကြီးခက်ချေ။
ပျက်ယွင်းပြီး ပျက်ကြွေသည်၊
ကျက်သရေ မဲ့ရေး။
❀ · ဝဋ္ဋဓာတိ ဘဝလာလျှင်
ဇရာတာ ဆိုက်ရောက်မည့်ဘေး။

❀ သွားကျိုးလို့ ပါးပိန်ပိန်
အားအရှိန် ပျက်သေး။
စားမမြိန် စက်မမှေးနိုင်ဘူး
အခက်ရေးအတန်တန်။
❀ ဆံပင်ဖြူ ရုပ်ပွေစွရယ်နှင့်
ဒုက္ခေန ဒုက္ခတရဲ။
❀ တုန်ချည့်ချည့် ခါးကိုင်းဟန်
နားထိုင်းပြန် ယိုယွင်းလို့
အိုမင်းမှု ကုန်းကွဇရာ၊
သုံးမကျပါ။
❀ ရှင်သေမင်း မယူလာတောင်၊
လူအရာ ဝင်ဘူးကွဲ့လေး။ ။

(လယ်တီပဏ္ဍိတ–ဦးမောင်ကြီး)

အိုမင်းလာပြီဆိုလျှင် ဘဝနိဂုံးအဆုံးသတ်ဖို့နီးနေပြီ။ ဘဝနေဝင်တော့မည်။ ထိုကိုဘဝဆည်းဆာအဖြစ်တင်စား၍ ဇရာသဘောကို ကာရံနှော လျှက် ရေးဖွဲ့ထားပုံမှာ

ဘဝဆည်းဆာ

(လေးချိုး)

❀ အများမုန်းစရာပ၊
ခါးကုန်းလို့ ဆံကေဖြူ။
❀ အသက်ကြီး ပြန်တော့
ပျက်စီးရန် ကိုယ်ခန္ဓာက
အိုဒဏ်နာ ရန်ရှာချက်ကယ်ကြောင့်
ခွေယိုင်ကာ နေထိုင်ခက်လှတယ်
နှောက်ယှက် ဘေးထူ။

🏵 မကြားပါ နားပါဝေးတဲ့ပြင်
အားမပါ သွားလာနေးပါဘိ၊
ဝါတောင်ပေးရယ်က ဖေးတွယ်ကူ
ရှေးငယ်မူနှင့် လွန်ကွာဝေး။

🏵 အရိုးပဒေသာ
အဖိုးဝေဒနာက၊
လေအလာ ကြွေကာသက်ရှာမယ့်၊
နွေအခါ ရွှေဝါရွက်လိုပ
မြေအလွှာ ခွေကာစက်ရတော့မည်ထင့်
ချောင်းတဟက်ဟက်ကယ်နှင့်၊
အစောင်းရခက်ပါဘိ၊
(အိုကွယ်----)
စောင်းလျက်နှင့်မိုတ်မေ့။

ဒေါက်တာ-အုန်းမောင်(မိုးကုတ်)
ဝိုးတဝါးဆည်းဆာ၊ဝတ္ထုတိုမှ
(၁၉၈၃-ငြိုလရှုမဝမဂ္ဂဇင်း)

အိုခြင်းဇရာကိုဘဝဆည်းဆာဟုဆိုလျှင် သေခြင်းမရဏသည် ဘဝနေဝင်ခြင်း ဖြစ်ပေတော့သည်။ သေခြင်းသည် မလိုလားအပ်ဆုံးသော ဒုက္ခတစ်မျိုးမှန်းသိကြသည်။ အိုပုံဟာ ဘယ်သို့ဘယ်ပုံဟု စာပန်းချီခြယ်မှုန်းထားကြသော်လည်း သေပုံဟာ ဘယ်သို့ဘယ်နှယ်ဟူ၍ ကာရန်မနှဲ့ စာမဖွဲ့ခဲ့ကြချေ။ (မတွေ့ဖူးသေးသော်လည်း ဖြစ်ပါမည်)။ တစ်ဘဝမှာ တစ်ခါသာ သေရသည်မို့ သေရပုံဒုက္ခကို ပြန်လည်မပြောပြနိုင်သောကြောင့် ရေးမဖွဲ့ကြတာလည်း ဖြစ်နိုင်သည်။ သေခြင်းသည် အိုခြင်းထက်

အဆပေါင်းများစွာ ဆင်းရဲဒုက္ခဖြစ်ကြောင်းကိုဖြင့် ရိပ်စားမိကြသည်။ အိုခြင်းသော်မှ ဤမျှဆိုလျှင် အရာရာကို စွန့်ပစ်ပြီး သေမင်းလက်တွင်းမှာ ဇက်စင်းခံရမည့်အဖြစ်ကို ဆရာဦးမောင်ကြီး၏ လေသံအတိုင်း ရေးဖွဲ့ရလျှင် ဤသို့ရေးဖွဲ့ရလိမ့်မည်ထင်သည်။

မရဏာဘွဲ့
(တေးထပ်)

❀ တည်သန္ဓေ လက်ရင်းကြောင့်
ခက်ခြင်းကြီး ခက်ချေ၊
ပျက်ယွင်းပြီး ပျက်ကြွေသည်
အသက်သေမည့်ဘေး။
❀ ဝဋ္ဋဇာတိ အစလာလျှင်
မရဏာတာ ဆိုက်ရောက်ခုတွေး။
❀ သမီးပစ်လို့ သွားမပါတယ်
မယားပါ စွန့်သေး။
ထားစရာတွေ စွန့်ပြေးလို့၊
တမလွန်အရေးကူးရန်၊
❀ ပင့်သက်ကို ဖိုကာလိုက်သည်မို့
ငိုကာရှိုက် တွေးဆလေရပြန်။
❀ ခင်သူအားလုံး ထားရစ်ချန်တယ်၊
အားသစ်ရန် ဘယ်လိုငြင်းသော်လည်း။
ရှင်သေမင်း လက်တွင်းမှာသာ
ဇက်စင်းရရှာ။
❀ ဘယ်သူဝိုင်းလို့ ကူမပါတယ်၊
လူမသာ ဖြစ်ရရှင့်လေး။

(စာရေးသူ)

ဤသို့လျှင် သတ္တဝါတို့သည်-

တစ်နေ့ဝင်လျှို၊ တစ်မိုးချုပ်သော်၊ တစ်နေပေါ်၍ နေ့ သံသရာလည်သကဲ့သို့၊ သေခြင်းမရဏဖြင့် ဘဝနိဂုံးအဆုံးသတ်၍ ဘဝနေဝင်ပြီးသော် ဖြစ်ရာဘဝတစ်ခုခုမှာ ဘဝနိဒါန်း ဇာတိခန်းမှစ၍ ဝဲသြဃသံသရာချာချာလည်မဆုံး ဒုက္ခတွေ တရှုန်းရှုန်းနှင့် ထွေးလုံးရစ်ပတ် အတောမသတ်နိုင်ဘဲ ရှိချေတော့သည်။

❖ ❖ ❖ ❖

ဖော်ပြခဲ့ပြီးသည်တို့မှာ ပဋိစ္စသမုပ္ပါဒ်အင်္ဂါ ၁၂ရပ်ကို ကြောင်းကျိုးဆက်စပ်လျက်ရှိပုံကို လူသာမန်တို့ နားလည်လွယ်စေရန် ချဲ့တန်သမျှချဲ့ကာ ရေးသားခဲ့ခြင်းဖြစ်သည်။ ဤသို့ တစ်ပါးစီ၏ အကြောင်းခြင်းရာ အဓိပ္ပာယ်ကို သိရှိပြီးနောက် ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်မည်သို့လည်သည်၊ ဘဝသံသရာမည်သို့လည်သည်ကို ကြောင်းကျိုးဆက်စပ်ကြည့်လျှင် အောက်ပါတိုင်း တွေ့ရသည်။

## ပဋိစ္စသမုပ္ပါဒ်လည်ပုံ(ဝါ)ဘဝသံသရာလည်ပုံ

အတိတ်ဘဝက သစ္စာလေးပါး မသိမှုအဝိဇ္ဇာကြောင့် အတိတ်ဘဝမှာတုန်းက ကုသိုလ်၊ အကုသိုလ်သင်္ခါရကို ပြုမိခဲ့ကြသည်။

ထိုအတိတ်ဘဝက ကုသိုလ်သင်္ခါရကြောင့် ပစ္စုပ္ပန်ဘဝမှာ ပဋိသန္ဓေဝိညာဉ်စိတ်ဖြစ်သည်။

ပဋိသန္ဓေဝိညာဉ်ကြောင့် စေတသိက်နာမ်တရားနှင့် ကမ္မဇ စသောရုပ်တို့ ဖြစ်ကြသည်။

နာမ်ရုပ်ကြောင့် အာယတန ၆–ပါး ဖြစ်သည်။

အာယတန ၆–ပါးကြောင့် တွေ့ထိမှုဖဿဖြစ်သည်။

တွေ့ထိမှုဖဿကြောင့် ခံစားမှုဝေဒနာဖြစ်သည်။

ခံစားမှုဝေဒနာကြောင့် တပ်မက်မှုတဏှာဖြစ်သည်။

တပ်မက်မှုတဏှာကြောင့် စွဲလမ်းမှုဥပါဒါန်ဖြစ်သည်။

စွဲလမ်းမှုဥပါဒါန်ကြောင့် ကုသိုလ်အကုသိုလ်ကံ ကမ္မဘဝ ဖြစ်သည်။

ပစ္စုပ္ပန်ဘဝက ကမ္မဘဝကြောင့် အနာဂတ်ဘဝမှာ ဇာတိ ပဋိသန္ဓေဟူ၍ ဘဝသစ်တစ်ခုဖြစ်ပြန်သည်။

ဇာတိပဋိသန္ဓေကြောင့် အိုခြင်း၊ သေခြင်း၊ စိုးရိမ်ပူဆွေးခြင်း စသော ဒုက္ခအစုတွေ ဖြစ်ကြရသည်။

၎င်းတို့ကို ကျိုးကြောင်းပြန်လှန်၍ ဆက်စပ်လျှင် အောက်ပါအတိုင်း တွေ့ရမည်။

အိုခြင်း၊ သေခြင်း၊ စိုးရိမ်ခြင်းစသော ဒုက္ခအစုတွေ ဘာကြောင့်ဖြစ်။ ဇာတိကြောင့်ဖြစ်သည်။

ဇာတိဘာ့ကြောင့်ဖြစ် – ကမ္မဘဝကြောင့်ဖြစ်သည်။

ကမ္မဘဝဘာကြောင့်ဖြစ် – ဥပါဒါန်ကြောင့် ဖြစ်သည်။

ဥပါဒါန်ဘာ့ကြောင့်ဖြစ် – တဏှာကြောင့် ဖြစ်သည်။

တဏှာဘာ့ကြောင့်ဖြစ် – ဝေဒနာကြောင့် ဖြစ်သည်။

ဝေဒနာဘာ့ကြောင့်ဖြစ် – ဖဿကြောင့်ဖြစ်သည်။

ဖဿဘာ့ကြောင့်ဖြစ် – အာယတနကြောင့်ဖြစ်သည်။

အာယတနဘာ့ကြောင့်ဖြစ် – ဝိညာဉ်ကြောင့်ဖြစ်သည်။

နာမ်ရုပ်ဘာ့ကြောင့်ဖြစ် – ဝိညာဉ်ကြောင့် ဖြစ်သည်။

ဝိညာဉ်ဘာ့ကြောင့်ဖြစ် – သင်္ခါရကြောင့် ဖြစ်သည်။

သင်္ခါရဘာ့ကြောင့်ဖြစ် – အဝိဇ္ဇာကြောင့် ဖြစ်သည်။

ဤသည်မှာ အကျိုး၏ အကြောင်းတရားများ ဖြစ်သည်။ သို့သော် အဝိဇ္ဇာဖြစ်ကြောင်းတရားကား မပါပေ။ အဝိဇ္ဇာသည် အကြောင်းမရှိဘဲ ဖြစ်သလော။ မဟုတ်ပါ။ အာသဝလေးပါး ဟူသော အကြောင်းကြောင့် အဝိဇ္ဇာဖြစ်ပါသည်။ အာသဝကော ဘာ့ကြောင့်ဖြစ်သနည်း ဆက်မေးလျှင် အာသဝဟူသည်ကို ရှာကြည့်သော် ဤသို့ တွေ့ရပါမည်။

အာသဝသည် ကာမာသဝ

ဘဝါသဝ

ဒိဋ္ဌာသဝ

အဝိဇ္ဇာသဝ ဟူ၍ လေးပါးရှိသည်။

တရားကိုယ်ကောက်လျှင် ကာမာသဝနှင့် ဘဝါသဝသည် လောဘ၊ ဒိဋ္ဌာသဝသည် ဒိဋ္ဌိ။ အဝိဇ္ဇာသဝသည် မောဟဖြစ်သည်။ လောဘသည် အင်္ဂါ၁၂–ရပ်ထဲမှာ တဏှာဖြစ်သည်။ ယင်းတဏှာ(လောဘ)၏ အကြောင်းကား ဝေဒနာဖြစ်သည်။ ဒိဋ္ဌိသည် ဥပါဒါန်လေးပါးထဲမှာပါသည်။ ၎င်းဒိဋ္ဌိအကြောင်းကား တဏှာဖြစ်သည်။

ဤသို့ ပဋိစ္စသမုပ္ပါဒ်တရားများအားလုံး ကြောင်းကျိုး ဆက်စပ်နေကြခြင်း ဖြစ်သည်။ အကြောင်းကင်းသော အကျိုး တရား။ အကျိုးမဖြစ်သော အကြောင်းတရားဟူ၍ လောကီနယ်

ထဲမှာ မရှိဖြစ်လေသည်။ ကိလေသာမကုန်သေးသော ရုပ်နာမ် ရှိသည့် သတ္တဝါတိုင်းမှာ ထိုပဋိစ္စသမုပ္ပါဒ်တရားများ ကြောင်းကျိုး ဆက်စပ်လျက် ရှိသည်ချည်းဖြစ်သည်။

ယင်းပဋိစ္စသမုပ္ပါဒ်စက်ရဟတ်လည်ရာမှာ (ဝါ)ဘဝ သံသရာစက်လည်ရာမှာ အဝိဇ္ဇာနှင့်တဏှာသည် မူလအကြောင်း တရားကြီးနှစ်ရပ်ဖြစ်သည်။ သတ္တဝါတို့သန္တာန်မှာ ထိုအဝိဇ္ဇာနှင့် တဏှာဟူသော အဓိကမူလအကြောင်းတရားကြီးနှစ်ရပ်ရှိနေ သေးသရွေ့ ဘဝတစ်ခုမှာ တစ်ခုသို့ ပြောင်းရွှေ့ဖြစ်ပေါ်နေကြ ရမည်။ ဘဝသံသရာလည်နေကြမည် ဖြစ်လေတော့သည်။

သတ္တဝါတို့သည် ကောင်းမှုကုသိုလ်ပြုလျှင် ကောင်းရာ ဘုံ(သုဂတိဘဝ)သို့ ရောက်လိုက်၊ မကောင်းမှုအကုသိုလ်ကို ပြု မိလျှင် မကောင်းရာဘုံ (ဒုဂ္ဂတိဘဝ)သို့ ရောက်လိုက်ဖြင့် ဘဝ သံသရာမှာ အဆုံးမသတ်နိုင်အောင် ချာချာလည် ဖြစ်နေတော့ သည်။ ကရွတ်ကင်းလျှောက်သည့်နှယ် ဆုံးစမထင် ဖြစ်၍နေပေ တော့သည်။

ဤသည်ပင်လျှင် ဘဝသံသရာစက်လည်ပုံ ဖြစ်ပါသည်။

ဤသို့ဘဝသံသရာစက်မှာ လည်နေကြရသော သူသူ ငါငါတို့သည် မည်သို့သော ဘဝသံသရာခရီးကို မည်သို့မည်ပုံ ရွေးချယ်သွားသင့်ကို ဆက်လက်ဖော်ပြပါဦးမည်။

❖ ❖ ❖ ❖

# ဇာခန်းဆီး နောက်ကွယ်မှာ

ဘဝသံသရာကြီးတစ်ခုလုံးကို ဇာတ်ခုံတစ်ခုအဖြစ် သဘောထားကြည့်လျှင် မျက်မှောက်ပစ္စုပ္ပန်ဘဝသည် ကန့်လန့်ကာရှေ့ ဇာတ်ခုံဖြစ်သည်။ ပတ်ဝန်းကျင်အခြေအနေအထွေထွေနှင့် ဖြစ်ပေါ်နေသော အကြောင်းအရာမျိုးစုံတို့က အားကောင်းသော မီးဆလိုက်ကြီးများ၊ ရောင်စုံမီးမောင်းကြီးများဖြစ်သည်။ ဇာတ်ခုံရှေ့ပိုင်းကို လင်းလင်းချင်းချင်းတစ်မျိုး၊ မလင်းတလင်းတစ်ဖုံ၊ မှောင်ရီရိုးတဝါး တစ်နည်းဖြင့် အမျိုးမျိုးအဖုံဖုံ မီးမောင်းထိုးပြထားသည်။

လူသားများသည် ထိုမီးရောင်အောက်ဝယ် မီးဆင်ထားသည်ကို ကြည့်၍ ကံဇာတ်ဆရာအလိုကျ ကနည်းစုံစွာဖြင့် ကပြအသုံးတော်ခံနေကြရသည်။ အဆိုအငိုအပြော အလွမ်းအသောနှင့် အကြမ်းအရမ်းတွေစုံလင် မဟားတရားအခန်းတွေ အပါအဝင်ဖြင့် တင်ဆက်ကပြနေကြသူများဖြစ်သည်။

ပကတိဇာတ်ခုံမှာ မိမိဆိုင်ရာ အခန်းကဏ္ဍကို ကပြအသုံးတော်ခံပြီးလျှင် ကန့်လန့်ကာတွင်းနောက်ပိုင်းသို့ ဝင်ရောက်အပန်းဖြေနိုင်သည်။ ဘဝသံသရာဇာတ်ခုံမှာက ထိုသို့မဟုတ်၊ ဇာတ်ခုံရှေ့ပိုင်းမီးရောင်အောက်မှာ ဘဝတစ်ခုမဆုံးမချင်း တစ်ဦးချင်းအလိုက် ကဏ္ဍမျိုးစုံကို လှုပ်ရှားကပြနေကြရသည်။ ဘဝဇာတ်လမ်းတစ်ခုလုံး ဆုံးပြီဆိုတော့မှ ကံဇာတ်ဆရာက ကန့်လန့်ကာနောက်သို့ ဝင်ရောက်ခွင့် ပြုသည်။

ပကတိဇာတ်ခုံမှာ မိမိအခန်းကဏ္ဍလုံးဝပြီးဆုံး၍ ကန့်လန့်ကာ အတွင်းသို့ ဝင်ခဲ့ပြီဆိုလျှင် အနားယူအိပ်စက်နိုင်ပြီဖြစ်သည်။ သံသရာဇာတ်ခုံကြီးမှာကား–ကန့်လန့်ကာနောက်ကွယ်မှာ ကံ

ဇာတ်ဆရာတစ်ဦးက အသင့်စောင့်နေသည်။ ရှေ့ပိုင်းဇာတ်ခုံမှာ မိမိအခန်းပြီးစီး၍ ဝင်လာသူကို တစ်ဖန်ဆက်လက် ကခိုင်းပြန်သည်။ ဇာတ်ဆရာအလိုကျ ကပြအသုံးတော်ခံရပြန်သည်။ နားနေခြင်းဝေါဟာရသည် သံသရာဇာတ်ခုံပေါ်မှာ မရှိသော ဝေါဟာရဖြစ်သည်။ နောက်ထပ်ကန့်လန့်ကာပေါင်းများစွာက ကြီးမားကျယ်ပြန့်ရှည်လျားသော ဘဝဇာတ်ခုံကြီးအပြည့် တစ်ခုပြီးတစ်ခု တပ်ဆင်ထားသည်။ မိမိအခန်းကဏ္ဍ ပြီးဆုံး၍ ဝင်လာသူတိုင်းကို ကံဇာတ်ဆရာအသီးသီးတို့က ဆက်လက်ကပြစေပြန်သည်။ ဇာခန်းဆီးရှိသမျှ မဆုံးစတမ်း ကပြကြရသည်မှာ သတ္တဝါတိုင်း၏ မဆုံးနိုင်သည့် ကချေသည်လုပ်ငန်းကြီးဖြစ်သည်။

အနားယူချင်ပါသော်မှ ယူခွင့်မရှိ။ အနားယူချင်သည် ဆိုလျှင်တော့ ထိုဘဝဇာတ်ခုံပေါ်မှ ရုန်းထွက်ခုန်ဆင်းနိုင်ပါမှ ဖြစ်မည်။ ရုန်းထွက်ခုန်ဆင်းဖို့ ဆိုသည်က တော်ရုံတန်ရုံအင်အားနှင့် မလုံလောက်နိုင်။ ပါရမီလည်း ရင့်သန်ပါမှ၊ အသိဉာဏ်လည်း ပြည့်စုံပါမှ၊ ကြိုးစားအားထုတ်မှုလည်းရှိပါမှ၊ ဘဝဇာတ်ခုံကြီးကိုလည်း တကယ်တမ်း မုန်းတီးငြီးငွေ့ပါမှ ဖြစ်နိုင်သည်။

ပြောသာပြောရသည်။ ဘဝဇာတ်ခုံပေါ်မှ ဆင်းနိုင်ဖို့ မလွယ်ကူလှချေ။ သံယောဇဉ်နှောင်ကြိုး ၁၀-ချောင်းက ဘဝဇာတ်ခုံတစ်ခုလုံးကို အထပ်ထပ်ဝန်းပတ်ရံကာ ထားသည်။ အဆင်းရူပါရုံက ကြည့်မဝရှုမဆုံး၊ မျက်လုံးမျက်တောင်သော်မှ မခတ်ဝံ့သည်ထိ စွဲငြိစေသည်။ အသံသဒ္ဒါရုံက နားဝင်ငြိမ့်ညောင်းဆီထိဝွမ်းဝါ၊ ခွေကာပျောင်းသည့်နှယ်၊ အနံ့ဂန္ဓာရုံက တစ်သက်မကွာစေဖို့ ရမ္မက်တွေဖြာဝေစေသည်။ အရသာဂန္ဓာရုံက အကြောတစ်ထောင်စိမ့်၍ ဖိမ့်ဖိမ့်ပြည့်လျှမ်း ပီတိတွေ လွှမ်းစေသည်။

အတွေ့ဖောဋ္ဌဗ္ဗာရုံက အတွေ့ထူးမှာ၊ မေ့မူးမတတ်၊ အရှူးလက်ညှိုး၊ နွားကိုချည်းထိုးသည့်နှယ် ဖြစ်စေသည်။

ဤသို့သော ငါးပါးအာရုံ ကာမဂုဏ်တွေက ဘဝဇာတ်ခုံပေါ်မှ ရုန်းမထွက်နိုင်အောင် ဆွဲဆောင်ထားလေတော့ အနုသယဇာတ်ခုံနှင့် သမုဒယအထပ်ထပ်မံထားသူ လူသားတို့အဖို့ ပစ္စမ်းရင်းကရှိသမို့ ကန့်စွန်းခင်းထဲ ဗိုင်းကနဲလဲရသော အဖြစ်သို့ ရောက်ရပြီး ဘဝဇာတ်ခုံပေါ်မှာ ကန့်လန့်ကာ တစ်ခုပြီးတစ်ခု၏ နောက်သို့ ဝင်ရောက်ပြီး မမောစတမ်းကပြနေမိကြရလေတော့သည်။

ပကတိဇာတ်ခုံမှာ ပြည်ဖုံးကား ကန့်လန့်ကာကို အဝတ်ထူထူကြီးများ အသုံးပြုလျက် အကန့်ခြားထားသည်။ ဘဝဇာတ်ခုံကိုမူ မရဏာခန်းဆီပါးပါးလေးဖြင့် ပိုင်းခြားရုံမျှ ကာဆီးထားသည်။ ကြည့်တတ်လျှင် ဇာခန်းဆီ နောက်ကွယ်ရှိ မြင်ကွင်းကို ဝိုးတဝါးမြင်နိုင်သည်။ ဝိုးတဝါးမြင်နေရသော မည်သည့်ဇာတ်ကွက်ဇာတ်လမ်းမှာ သက်သောင့်သက်သာစွာ ဝင်ရောက်ကပြနိုင်ပါမည်။

သို့ဆိုပါလျှင် –

မရဏာ ဇာခန်းဆီးပါးပါးကလေး၏အတွင်းဘက်ကို လှမ်း၍ ကြိုးစားမျှော်ကြည့်ကြပါစို့။

❖ ❖ ❖ ❖

ဗုဒ္ဓမြတ်စွာလက်ထက်တော်အခါက ဖြစ်သည်။

ရာဇဂြိုဟ်ပြည်မှာ ဝင်္ဂီသမည်သော ပုဏ္ဏားတစ်ဦးရှိသည်။ သူသည် ပုဏ္ဏားတို့ တပ်အပ်သော ဗေဒင်သုံးပုံအပြင် ဆဝသီသ

မည်သော မန္တာန်ထူးကိုလည်း သင်ကြားတတ်မြောက်ထားသည်။ ၎င်းမန္တာန်ကိုရွတ်ဆို၍ သေသူ၏ ဦးခေါင်းခွံကို တီးခေါက်လျှင် သေသူသည် မည်သည့်ဘုံဘဝမှာ ရောက်ရှိနေသည်ကို သိနိုင်သည်။

ထိုစဉ်ကာလမှာ မြတ်စွာဘုရားသခင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးနေသည်။ ဝင်္ဂီသပုဏ္ဏား သည် အခြားပုဏ္ဏားတို့နှင့်အတူ ရပ်တကာလှည့်၍ အခကြေးငွေ ယူကာ မေးမြန်းလိုသူတို့အား ဟောပြောရင်း သာဝတ္ထိပြည်သို့ ရောက်လာသည်။ သာဝတ္ထိပြည်သူတို့သည် ပန်းနံ့သာလက်စွဲ လျက် ဇေတဝန်ကျောင်းတော်သို့ ဘုရားဖူးတရားနာသွားရောက် ကြသည်ကို ပုဏ္ဏားတို့မြင်လျှင် မေးမြန်းကြသည်။

''သင်တို့ ဘယ်သွားကြမလဲ''

''ဘုရားရှင်ထံတော်သို့သွား၍ တရားနာမလို့ပါ''

''သင်တို့ အဲဒီကို သွားလို့ ဘာအကျိုးထူးမလဲ၊ လောက မှာ ငါတို့ဆရာ ဝင်္ဂီသနှင့်တူသောသူ မရှိဘူး၊ ဝင်္ဂီသဟာ သေပြီး သူတို့ရဲ့ ဦးခေါင်းခွံကို တီးခေါက်ပြီးမေးရင် သေသူဟာ ဘယ် ဘဝမှာ ရောက်နေတာကို ဟောပြောနိုင်တယ်၊ ငါတို့ဆရာ ဝင်္ဂီသ ထံလာပြီး မေးကြပါလား''

''သင်တို့ဆရာ ဝင်္ဂီသရဲ့ ထူးခြားချက်ဟာ မပြောပလောက် ပါဘူး။ ငါတို့၏ဆရာ မြတ်စွာဘုရားသခင်က လောကမှာ အတု မရှိ တစ်ဆူတည်းသောဘုရားဖြစ်ပေတယ်''

ဤသို့ ငြင်းခုံကြပြီး မည်သူကပို၍ အံ့သြဖွယ်ကောင်း ကြောင်း တွေ့တွေ့ဆိုင်ဆိုင် ယှဉ်ပြိုင်ရန် ကျောင်းတော်သို့ လာ ခဲ့ကြသည်။

ဗုဒ္ဓမြတ်စွာသည် သူတို့လာသောအဖြစ်ကို သိတော်မူနှင့်ပြီးဖြစ်၍ ငရဲဘုံ၊ တိရစ္ဆာန်ဘုံ၊ လူ့ဘုံ၊ နတ်ဘုံသို့ လားရောက်ကုန်သော သူတို့၏ ဦးခေါင်းခွံလေးခုနှင့် ရဟန္တာပုဂ္ဂိုလ်၏ ဦးခေါင်းခွံတစ်ခု ပေါင်း ငါးခုကို ယူဆောင်၍ အစဉ်အတိုင်း ထားစေပြီး အသင့်စောင့်နေသည်။ ဝင်္ဂီသတို့လူစု ရောက်လာသည့်အခါ ဗုဒ္ဓမြတ်စွာက မေးတော်မူသည်။

''အချင်း ဝင်္ဂီသ–သင်သည် ဦးခေါင်းခွံကို တီးခေါက်ပြီး မန္တန်ရွတ်လျှင် သေသူတို့၏ လားရာဘုံဘဝကို သိနိုင်သလော''

''သိနိုင်ပါသည် အရှင်ဘုရား''

''သိနိုင်လျှင် ဤဦးခေါင်းခွံပိုင်ရှင်သည် အဘယ်ဘုံဘဝသို့ ရောက်နေသနည်း''ဟု အမှတ် (၁) ဦးခေါင်းခွံကို ညွှန်ပြတော်မူသည်။ ဝင်္ဂီသသည် ဦးခေါင်းခွံကို တီးခေါက်၍ မန္တန်ရွတ်ပြီး–

''အရှင်ဘုရား–ဤဦးခေါင်းခွံပိုင်ရှင်သည် ငရဲဘုံမှာ ဖြစ်နေပါသည်ဘုရား''လျှောက်လျှင် ဗုဒ္ဓမြတ်စွာက–

''မှန်ပေသည် ဝင်္ဂီသ၊ မှန်ပေသည်''ဟု ကောင်းချီးပေးတော်မူသည်။ ထို့နောက် အစဉ်အတိုင်း မေးတော်မူရာ––

အမှတ် (၂)–ဦးခေါင်းခွံသည် တိရစ္ဆာန်ဘုံ၌လည်းကောင်း၊

အမှတ် (၃)–ဦးခေါင်းခွံသည် လူ့ဘုံ၌လည်းကောင်း၊

အမှတ် (၄)–ဦးခေါင်းခွံသည် နတ်ဘုံ၌လည်းကောင်း၊ ဖြစ်နေပါသည်ဟု ဖြေနိုင်သဖြင့် ဗုဒ္ဓမြတ်စွာက ကောင်းချီးပေးတော်မူသည်။ ဝင်္ဂီသသည် အမှတ် (၅)–ဦးခေါင်းခွံကို မန္တန်အကြိမ်ကြိမ်ရွတ်၍ တီးခေါက်ပါသော်လည်း လားရောက်ရာဘုံဘဝကို မသိနိုင် ဖြစ်နေသည်။

''ဝဂီသ-အသို့နည်း၊ မသိနိုင်တော့ပြီလော့''

''မှန်ပါအရှင်ဘုရား၊ မသိနိုင်တော့ပါဘုရား''

''ဝဂီသ-ငါကားသိပေသည်။ ဤဦးခေါင်းခွံပိုင်ရှင်သည် လားရောက်ရာ ဘုံဘဝမရှိတော့ပြီ။ အဘယ့်ကြောင့်ဆိုသော် အသ ဝေါကုန်ခန်း ရဟန္တာဖြစ်ပြီးသောကြောင့်တည်း။ ရဟန္တာ ပုဂ္ဂိုလ်တို့သည် နောင်တမလွန်ဘဝမှာ ဘဝသစ်တစ်ဖန် မဖြစ် တော့ပြီ၊ ထိုကြောင့် သင်မသိနိုင်ခြင်းဖြစ်သည်'' ဟု ရှင်းပြ တော်မူရာ ဝဂီသက-

''ထိုအဖြစ်ကို သိနိုင်သော မန္တ နကို တပည့်တော်အား သင်ကြားပေးသနားတော်မူပါဘုရား''

''ဝဂီသ- ရဟန်းမပြုသူအား ငါသင်ကြားပေးခြင်း မပြု နိုင်''မိန့်တော်မူသဖြင့် မန္တာန်သင်ချင်သော ဝဂီသသည် ရဟန်း ပြုလိုက်သည်။ သင်ကြားပေးသော ဒွတ္တိံသာကာရကမ္မဋ္ဌာန်းကို စီးဖြန်းပွားများလေရာ သုံးရက်မြောက်သောနေ့မှာပင် ရဟန္တာ အဖြစ်သို့ ရောက်လေသည်။

ဖြစ်တော်စဉ်အထောက်အထားအရ မရဏဇာခန်းဆီး နောက်ကွယ်မှာ ဖြစ်ရာဘုံဘဝအသီးသီး ရှိသည်၏အဖြစ်ကို လည်းကောင်း၊ ရဟန္တာပုဂ္ဂိုလ်တို့အဖို့ ဘုံဘဝတို့မှာ ဖြစ်ရခြင်း မရှိတော့သည်ကိုလည်းကောင်း သိနိုင်သည်။ ဤသည်မှာ ဝိုးတ ဝါးသော မရဏဇာခန်းဆီးပါးပါးကလေး၏ အတွင်းဘက်ကို သတိ ထားလှမ်းမျှော်ကြည့်လျှင် မြင်ရမည်ဖြစ်သော ဝိုးတဝါးမြင်ကွင်း ဖြစ်သည်။

လူသားသည် မွေးဖွားလာသူတိုင်း သေရမည်အမှန် အနေးနှင့် အမြန်သာကွာသည်။ သေရမည်ကို လူတိုင်းသိပြီး ဖြစ်သော်လည်း သေခြင်းနှင့်ပတ်သက်၍ မသိသေးသောအရာ ၅-ခု ရှိသည်။

၁။ မည်သည့်အသက်အရွယ်မှာ သေမည်နည်း။

၂။ မည်သည့်ရောဂါနှင့်သေမည်နည်း။

၃။ မည်သည့်အချိန်အခါမှာ သေမည်နည်း။

၄။ မည်သည့်သုသာန်မှာ သင်္ဂြိုဟ်မည်နည်း။

၅။ မည်သည့်ဘုံဘဝသို့ လားရောက်ရမည်နည်း ဟု မသိနိုင်သောအရာ ၅-ခု ရှိသည်။ မသိသော်လည်း မရဏနိဂုံးဖြင့် လက်ရှိဘဝကို အဆုံးသတ်ကြရမည်သာ ဖြစ်သည်။

ဖြစ်ရာဘဝကို ခြုံကြည့်လျှင် ဘဝအစ နိဒါန်းသည် ဇာတိပဋိသန္ဓေ၊ ဘဝနိဂုံးသည် မရဏဖြစ်သည်။ ဘဝသည် ဤမျှနှင့်ရပ်သည်မဟုတ်။ ရဟန္တာမဖြစ်လေသေးသမျှ ဘဝနိဂုံးမရဏ၏အခြားမဲ့မှာ ဘဝသစ်တစ်ခု အစပျိုးရန် ဇာတိပဋိသန္ဓေဟူသော နိဒါန်းက အဆင်သင့်ရှိနေသည်။ ဤအတူ ဇာတိဟူသော နိဒါန်းပေါင်းများစွာ၊ မရဏဟူသော နိဂုံးပေါင်းများစွာ မျှော်ခေါ်မဆုံးနိုင်အောင် တန်းစီပြီး စောင့်နေသည်။ ဤသည်ပင်လျှင် ရှည်လျားစွာသော ဘဝသံသရာ ခရီးရှည်ကြီး ဖြစ်ပေတော့သည်။

## သံသရာခရီး

ခရီးသွားမည့်သူသည် မိမိသွားရောက်ရမည့်နေရာဌာန အခြေအနေအထွေထွေကို မေးမြန်းသိရှိထားရသည်။ လေ့လာစုံစမ်းထားရသည်။ သို့မှသာ မိမိကိုယ်တိုင် ရောက်ရှိသွားသည့်အခါ

အလိုက်သင့်နေသွားနိုင်သည်။ သွားရမည့် ခရီးရှည်လျှင် ရှည်သည်နှင့်အမျှ ကြားမှာ ခေတ္တနားနေရမည့် စခန်းအသီးသီး အခြေအနေကိုလည်း ကြိုတင်လေ့လာထားတတ်ကြသည်။

ဤအတူ ရှည်လျားစွာသော သံသရာခရီးကြီးကို သွားမည့်သံသရာ ခရီးသည်များသည်လည်း -- မိမိသွားရောက်ရမည့်ခရီးနှင့် စခန်းထောက်နားနေရမည့်ဘုံဌာနအခြေအနေကို သိထားသင့်ကြသည်။

သံသရာခရီးမှာ စခန်းထောက် နားနေရမည့်ဘုံဌာနအဖြစ် ၃၁ ဘုံရှိကြောင်း လူတိုင်းသိရှိထားပြီးဖြစ်သည်။ ထို့အနက်မှ မကောင်းသော လားရာအပါယ်ဒုဂ္ဂတိ ၄–ဘုံနှင့် ကောင်းသော လားရာ သုဂတိ ၂၇–ဘုံအဖြစ် ကွဲပြားသည်။

ကောင်းတာလေးတွေကိုမှ လိုချင်တတ်သော လူ့သဘာဝအရ မကောင်းသောလားရာ ဒုဂ္ဂတိ ၄–ဘုံမှာ စခန်းထောက်နားလိုကြမည်မဟုတ်သည့်အတွက် မရေးလို့ပြီ။ သုဂတိ ၂၇ဘုံကိုသာ အကြမ်းဖျင်းရေးပါမည်။

၂၇ဘုံမှာ ဗြဟ္မာဘုံ ၂၀
နတ် ၆ ဘုံ
လူ့ပြည် ၁ ဘုံတို့ ဖြစ်ကြသည်။

ဗြဟ္မာဘုံ ၂၀ထဲမှာလည်း အရူပဗြဟ္မာ ၄ ဘုံသည် နာမ်တရားချည်းသက်သက်ရှိသောဘုံ ဖြစ်သည်။

လူသားတစ်ဦးသည် သမထဘာဝနာကို စီးဖြန်းအားထုတ်၍ စတုတ္ထဈာန်ရပြီးနောက် အတွေးတစ်မျိုး ပေါ်လာသည်။

''သတ္တဝါတို့အား ရုပ်နာမ်နှစ်ရပ်ရှိရာမှာ ဒီရုပ်ကြီးရှိနေလို့ စားသောက်ပေးရ၊ ရေမိုးချိုးပေးရ၊ ပါပေးရ၊ ပေါက်ပေးရ၊ အအေး အပူမျှတအောင် နေပေးရ၊ နာဖျားလျှင် ကုပေးရ'' စသဖြင့် ရုပ်အပေါ်မှာ အပြစ်မြင်ပြီး ဆက်လက်အားထုတ်သွားရာ အရူပ ဈာန်များ ရရှိပြီး သေလွန်ခဲ့သော် သူ့ဆန္ဒအတိုင်း ရုပ်မရှိသော အရူပဗြဟ္မာဘုံသို့ ရောက်ရသည်။

(ဤ၌ အလွယ်မှတ်နိုင်ရန် စတုက္ကနည်းဖြင့်ပြသော စတုက္က ဈာန်ကို ပြဆိုထားသည်။)

## အသညသတ်ရူပဗြဟ္မာ့ဘုံ ၁–
## (ရုပ်သက်သက်သာရှိသော ဗြဟ္မာ)

စတုတ္ထဈာန်ရရှိအောင် အားထုတ်ပြီးသော ဈာန်ရပုဂ္ဂိုလ် အား ဤသို့ အတွေးပေါ်သည်။

''ရုပ်နှင့်နာမ် ၂ခုရှိရာမှာ နာမ်တရား(စိတ်)က ခိုင်းနေလို့ ဒီရုပ်ကြီးက သွားလာလုပ်ကိုင်ပြုမူနေကြရသည်။ စိတ်သွားချင် ပြီဆို ရုပ်က သွားပေးရ။ လာချင်ပြီ လာပေးရ။ ထိုင်ချင်ပြီဆို ထိုင်ပေးရ။ အိပ်ချင်ပြီဆို အိပ်ပေးရ၊ စားချင်ပြီဆိုတော့လည်း ဒီ ရုပ်က စားပေးရသည်။ စိတ်ကခိုင်းတိုင်း လိုက်လုပ်ပေးနေရ သည်''စသဖြင့် နာမ်တရား(စိတ်) အပေါ်မှာ အပြစ်မြင်မုန်းတီး နေရကား ထိုဈာန်နှင့်ပင် သေလွန်ပြီးနောက်မှာ သူ့ဆန္ဒအတိုင်း နာမ်မရှိ–ရုပ်သက်သက်သာရှိသော အသညသတ် ရူပဗြဟ္မာဘုံ၌ ဖြစ် ရသည်။

ရုပ်နာမ် ၂-ပါးစုံ ရှုပဗြဟ္မာဘုံ ၁၅

စတုတ္ထစျာန်ကို ရရှိထားပြီးသော အနာဂါမ်အရိယာပုဂ္ဂိုလ်တို့သည် သုဒ္ဓါဝါသ ၅ဘုံမှာ သီးသန့်ဖြစ်ကြရသည်။ လူသာမန်များ လုံးဝ အနားသီခွင့်မရှိသော ဘုံဖြစ်သည်။

စတုတ္ထစျာန်ကို ရရှိထားသူများမှာ ဝေဟပ္ဖိုလ်ဘုံ ဖြစ်ကြရသည်။

တတိယစျာန်ရလျှင် တတိယစျာန် ၃ဘုံ၊

ဒုတိယစျာန်ရလျှင် ဒုတိယစျာန် ၃ဘုံ၊

ပထမစျာန်ရလျှင် ပထမစျာန် ၃ဘုံ၌ ဖြစ်ကြရသည်။

ထိုဗြဟ္မာတို့သည် ကာမရာဂနှင့် ဗျာပါဒ(ဒေါသ)ကို စျာန်၏အာနုဘော်အစွမ်းဖြင့် ဖယ်ခွာထားနိုင်ကြသဖြင့် ကာမဂုဏ်မှာ တပ်မက်ခြင်း၊ စိတ်ဆင်းရဲခြင်းတို့ မရှိကြဘဲ ရိပ်သာတွင်းရှိ သူတော်စင်များအသွင်ဖြင့် မိမိရရှိထားသော စျာန်အာရုံများဖြင့်သာ ငြိမ်သက်အေးချမ်းစွာ နေကြသည်။ အစာစားခြင်းသော်မျှ မရှိ။ ပီတိဟူသော နှစ်သက်မှုသည်သာ ဗြဟ္မာတို့အစာအာဟာရ ဖြစ်သည်။

ဟိုဟာလိုချင် သည်ဟာလိုချင်။ ဟိုဟာအလိုမကျ။ သည်ဟာ အလိုမကျဖြစ်နေသော လူ့ဘုံလောကနှင့်စာလျှင် ဗြဟ္မာဘုံသည် ပကတိအေးငြိမ်းလွန်းပါသည်။ သို့သော် လောကီဘုံသား သခါရနယ်သားတွေမို့ သေခြင်းနှင့်ကား မကင်းနိုင်ကြ။ သတ်မှတ်သက်တမ်းကုန်ဆုံးလျှင် မည်မျှအသက်ရှည်သော ဗြဟ္မာကြီးပင်ဖြစ်စေကာမူ ဗြဟ္မာအဖြစ်မှ စုတေကြရသည်။ လူ

သော်လည်းကောင်း၊ နတ်သော်လည်းကောင်း ဖြစ်ကြရသည်။ ထိုမှတစ်ဆင့် တိရစ္ဆာန်ဘဝသို့ပင် ရောက်ကြလေသေးသည်။ ထို့ကြောင့် ''ဗြဟ္မာပြည်မှာ တဝင်းဝင်း၊ ဝက်စားကျင်မှာ တမြုံ့မြုံ့'' ဟု ဆိုထုံးပြုထားကြသည်။

## ဗြဟ္မာ့သက်တမ်း

လူတို့၏သက်တမ်းသည် အတိုးအဆုတ်ရှိသည်။ လောဘ၊ ဒေါသ၊ မောဟနည်းပါးလျှင် အသက်ရှည်ကြသည်။ လောဘ၊ ဒေါသ၊ မောဟထူပြောလျှင် သက်တမ်းတိုသည်။ လူတို့ သက်တမ်း အတိုးအဆုတ် ၁ စုံသည် အန္တရကပ် ၁-ကပ်မည်သည်။

အန္တရကပ် - ၆၄-ကပ်သည် အသင်္ချေယျကပ် ၁ကပ်၊

အသင်္ချေယျကပ် ၄-ကပ်သည် မဟာကပ် ၁ကပ်မည်သည်။ အနိမ့်ဆုံး ပထမဈာန်ဗြဟ္မာဘုံသည် အသင်္ချေယျကပ် ၃ပုံ ၁ပုံ ရှိသည်။ အမြင့်ဆုံး အရူပဗြဟ္မာကား မဟာကပ် ၈ သောင်း ၄ထောင် အသက်ရှည်သည်။

❖ ❖ ❖ ❖

# နတ် ၆ ဘုံ

စတုမဟာရာဇ် တာဝတိံသာစသော နတ်ပြည် ၆ထပ် မှာ နတ်ဖြစ်ရသူတို့သည် ဥပပါတ်ပဋိသန္ဓေဖြင့်ကိုယ်ထင်ရှားဖြစ်ကြရသည်။လူတို့ကဲ့သို့ ကိုယ်ဝန်ဆောင်ခြင်း၊မွေးဖွားခြင်း၊နို့တိုက်ရခြင်းစသည်တို့မရှိပေ။ ကိုယ်ထင်ရှားဖြစ်သည်နှင့်နတ်သားဖြစ်က ၁၈–၂၀အရွယ်။နတ်သမီးဖြစ်က၁၆။၁၈–အရွယ်။အရွယ်တော်များဖြစ်ကြသည်။ လူသားတို့ကဲ့သို့ အိုမင်းရွတ်တွ အသုံးမကျသော အဖြစ်မျိုးမရှိချေ။ စားစရာအသင့် ဝတ်စရာအသင့် ပဒေသာပင် နေစရာအသင့်ဘုံဗိမာန်က–ကုသိုလ်ကံအလျောက်အလိုလိုပေါ်ပေါက်လာသည်။ စားဝတ်နေရေးအတွက် ပူပန်လှုပ်ရှားရုန်းကန်ဖို့မလိုချေ။ ကာမဂုဏ်စည်းစိမ်ကို အချိန်ပြည့်ခံစားစံစားနေနိုင်ကြသည်။

နတ်နှင့်လူသည် ကာမဘုံသားချင်းတူသော်လည်းအခြေအနေချင်းကကွာခြားလှသည်။ လူသားများကအသက်တစ်ချောင်းရှင်သန်ဖို့အရေး အပြေးအလွှား ကြိုးစားရှာဖွေရုန်းကန်နိုင်မှ တန်ကာကျသည်။ နတ်တို့မှာကား ထိုသို့မဟုတ် ဆည်းပူးပြုစုခဲ့သော ကုသိုလ်ကံ၏အကျိုးကို အသင့်ခံစားနေနိုင်ကြသည်း

ဆိုခဲ့သည့်နတ်များမှာ ဘုန်းကံကြီးမား ကံကုသိုလ်များကြသော ဘုံးကြီးသားနတ်များဖြစ်သည်။ နတ်သာမန်မျှဖြစ်သော ရုက္ခစိုး၊ ဘုမ္မစိုးနတ်တို့ကား နတ်ဟူ၍သာ နတ်လိုက်ရသည်။ အချို့မှာ လူလောက်သော်မှ ကုသိုလ်ကံက မမြင့်ကြရာပေ။

## နတ်သက်တမ်း

လူသားတို့ အနှစ်ငါးဆယ်သည် စတုမဟာရာဇ် နတ်ပြည်မှာ တစ်ရက်ဖြစ်သည်။ ၎င်းရက်သုံးဆယ်သည် တစ်လ၊

ငင်းဆယ့်နှစ်လသည် စတုမဟာရာဇ်နတ်သက် တစ်နှစ်၊ ဤနည်းဖြင့် စတုမဟာရာဇ်နတ်သက်သည် နတ်သက်တမ်းဖြင့် နှစ် (၅၀၀)၊ လူ့သက်တမ်းဖြင့် နှစ် (၉) သန်း ဖြစ်သည်။ ကျန်နတ်တို့သက်တမ်းသည် ဆတိုးချည်းဖြစ်ကြသည်။ လူ့သက်တမ်းဖြင့် ဆိုပါမူ (၄) ဆ ချည်းဖြစ်သည်။ ဘုမ္မစိုး ရုက္ခစိုး နတ်တို့ကား သက်တမ်းအမြဲမရှိ။ အချို့တို၍ အချို့ရှည်ကြသည်။

## လူ့ဘုံ ၁

အထူးပြောစရာမလိုပြီ။ လူသားတိုင်းဒုက္ခ၊ လူသားတိုင်း အပူကို လူသားတိုင်းသိကြသည်။ ဒုက္ခတွေ ပွေရှုပ်သည့် အမယ်ဘုတ်ကဲ့သို့ချည်ခင် ဖြစ်နေသည်။ မီး (၁၁)ပါး လုံးတဟုန်းဟုန်း တောက်လောင်နေသည်။ ဒုက္ခမျိုးစုံပြည့်နှက်ရောပွမ်းနေသည်။ သုခတစ်ပဲသားနှင့် ဒုက္ခတွေလော်ရီကားတစ်စီးတိုက် ရောထားသော ဘုံဖြစ်သည်။ ဗြဟ္မာ့ဘုံကိုမဆိုထားနှင့်၊ နတ်ဘုံနှင့် နှိုင်းစာသော်မှ တုမရမယှဉ်သာဖြစ်သည်။

သို့သော်ထိုဗြဟ္မာ့ဘုံ၊နတ်ဘုံတို့ထက် လူ့ဘုံကမြတ်သည်။ အကြောင်းကား ဘုရားရှင်တို့မည်သည် ဤလူ့ဘုံ၌သာ ပွင့်တော်မူမြဲဖြစ်သောကြောင့်တည်း။ ဘုရားရှင် တို့၏မည်သည် ဤလူ့ဘုံ၌သာ ပွင့်တော်မူမြဲ ဖြစ်သောကြောင့်တည်း။ ဗြဟ္မာ့ဘုံ၊ နတ်ဘုံတို့မှာ ဒုက္ခဟူသည် လူနှင့်စာလျှင် ပြောပလောက် အောင်မရှိပေ။ ဒုက္ခမရှိလျှင် တရားသိဖို့ မလွယ်သဖြင့် ထိုဘုံများမှာ ဘုရားရှင်တို့ ပွင့်တော်မမူခြင်း ဖြစ်သည်။ သတ္တဝါတို့ မည်သည်ကား ခလုတ်ထိမှ အမိတတကြသူတွေ ဖြစ်သည်။ဒုက္ခတွေ့မှ တရားသိကြသူတွေ ဖြစ်သည်။ ဒုက္ခများမြောင်သော ဤလူ့ဘုံမှာသာ ဒုက္ခတွေပြပြီး

တရားရစေနိုင်သည်။ ထို့ ကြောင့် ဘုရားရှင်များ ပွင့်တော်မူကြရခြင်းဖြစ်သည်။

မြတ်သော လူ့ဘုံမှာ ဖြစ်ရသည်နှင့် စိတ်ကြီးဝင်ရမည်ဟု မဆိုသာပေ။ လူချင်းတူသော်လည်း အသက်ရှူခြင်းကွာသေးသည်။ လူအမျိုးမျိုး စရိုက်အထွေထွေရှိသည်။

ထက်မြက်သောတိဟိတ်လူသား

သာမန်ဖြစ်သောဒွိဟိတ်လူသား

အညံ့ဆုံးသောအဟိတ်လူသား

ဟူ၍ အဘိဓမ္မာအမြင်အရ ကွာခြားချက်ရှိသည်။ မိမိပြုခဲ့သောကံပေါ်မူတည်၍ လူချင်းမတူ၊ သူချင်းမမျှ ကွာခြားရခြင်းဖြစ်သည်။ ကွာခြားသည်နှင့်အမျှ အရေးပါအရာရောက်ခြင်း,အကျိုးခံစားခွင့်ရရှိခြင်း ကွဲပြားလေသည်။ မိမိသည် အဘယ်လူသားမျိုး ဖြစ်ချင်သနည်း။ မိမိဘာသာ ရွေးချယ်စီမံနိုင်သည်။ ရွေးချယ်စီမံပုံကို ရှေ့အခန်းမှာ တွေ့မည်။

လူ့သက်တမ်းကား မမြဲချေ။

❖ ❖ ❖ ❖

## အပါယ် ၄ ဘုံ

သံသရာခရီးသည်များ မည်သူမှ ရောက်လိုသောဘုံများ မဟုတ်ကြ။ သို့သော် အသွားမတော်တစ်လှမ်း --ဟူသကဲ့ သို့ သွားရင်းသွားရင်းဖြင့် လမ်းမှားပြီးရောက်သွားတတ်သည်။

မရောက်ချင်သော်လည်း ရောက်စေတတ်သောကံကို ပြုမိလျှင် သဘာဝတရားက မျက်နှာကြီးငယ်မလိုက် ရောက်အောင်ပို့မည် သာဖြစ်သည်။ ရောက်ကြရမည်ဆိုမှဖြင့် ပြုခဲ့သောကံအဟုန် မကုန်မချင်း လောကပြစ်ဒဏ်ခံပေရော့၊ ကံအရှိန်ကုန်မှသာ ကင်း လွတ်ခွင့်ရှိသည်။

❖ ❖ ❖ ❖

## သံသရာခရီး ဘယ်လိုသွားမလဲ

ခရီးသွားမည့်သူများသည် မိမိသွားရောက်ရမည့်အလုပ် ဒေသအခြေအနေအထွေထွေကို လေ့လာစုံစမ်းပြီးနောက် လမ်းခရီးအတွက် ရိက္ခာစုဆောင်းကြသည်။ ပြီးလျှင် လေယာဉ်ပျံ၊ ကား၊ ရထားစသည် လက်မှတ်ကလေးတစ်ခုခုတော့ ရအောင် ဖြစ်သည့်နည်းနှင့် ယူရသည်။ သွားရမည့်ခရီးတာ ဝေးကွာသည် နှင့်အမျှ နေရာကောင်းလက်မှတ် ထိုင်ခုံလက်မှတ်ကလေး တစ်ခု တော့ ရယူထားမှဖြစ်သည်။ မသွားမဖြစ်သွားရမည်မို့ လက်မှတ် မဲ့ဖြင့် ဖြစ်သလိုလိုက်ရလျှင် ကသိကအောက်ဖြင့် ဆင်းရဲဒုက္ခ မျိုးစုံကြုံရသည်။ ခြေညောင်းလက်ဆန့်သော်မှ မပြုသာပေ။ ထို့ကြောင့် ခရီးသွားလိုသူတိုင်း ထိုင်ခုံရလက်မှတ်ကလေးတစ်ခု လောက်တော့ ရသည့်နည်းနှင့် ယူထားကြရသည်။ ဝယ်ထားကြ ရသည်။ သို့မှသာ သက်သောင့်သက်သာစွာ သွားနိုင်မည် မဟုတ် ပါလား?

တစ်နေ့တာခရီး သို့မဟုတ် တစ်ညတာခရီးကလေးကို သော်မှ ထိုင်ခုံရကလေးအရယူပြီးမှ သွားရပါသေးလျှင် ဘယ်

သောအခါမှ ဆုံးမှန်းမသိသော သံသရာခရီးရှည်ကြီးကို သွားရမည့်သူများမှာ သံသရာရိက္ခာထုပ်နှင့်အတူ သံသရာခရီးသွားလက်မှတ်ကလေးပါဖို့တော့ အမှန်တကယ် လိုအပ်သည်သာပင်။

အလှူဒါနပြုခြင်းနှင့် သီလစောင့်ထိန်းခြင်းသည် သံသရာရိက္ခာထုပ်စုဆောင်းခြင်းနှင့် လူ့ရွာနတ်ရွာရောက်စေသည့် ဒုတိယတန်း သံသရာခရီးသွားလက်မှတ် ရယူခြင်းဖြစ်သည်။

သမထဘာဝနာ ပွားများအားထုတ်မှုသည် ဗြဟ္မာ့ရွာသို့ ရောက်စေနိုင်သည့် ပထမတန်း သံသရာခရီးသွားလက်မှတ်ရယူခြင်းဖြစ်သည်။

အကုသိုလ်ကံကြောင့် အပါယ်ဘုံသို့ ရောက်ရခြင်းသည် လက်မှတ်မဲ့ဖြင့် သံသရာခရီးသွားခြင်းဖြစ်သည်။

သံသရာခရီးမှာ ဗြဟ္မာအဖြစ်ဖြင့် ခရီးတစ်ထောက်နား၍ သွားခြင်းသည် ပူပင်သောကမရှိ အေးချမ်းစွာဖြင့် နိဗ္ဗာန်လက်မှတ်ရယူပြီး နိဗ္ဗာန်နန်းသို့ စံမြန်းဝင်ခိုနိုင်သည်။ သို့ပါမှလည်း ရုပ်သံသရာစက်ဝန်းမှ နာမ်သံသရာစက်ဝန်း, ဘဝသံသရာစက်ဝန်းမှ ကင်းလွတ်နိုင်သည်။ ဘဝဇာတ်ခုံပေါ်မှ ဆင်းသက်၍ အနားယူနိုင်ပေမည်။ ပထမတန်းသံသရာလက်မှတ်ရယူဖို့ ကြိုးစားရန်သာလိုသည်။ ဗုဒ္ဓဘာသာဝင်များပီပီ နိဗ္ဗာန်လက်မှတ်ကိုပါ ရယူနိုင်ဖို့အတွက် ပထမတန်းသံသရာလက်မှတ်ကိုပင် ရွေးချယ်တတ်ဖို့လည်း လိုပါသေးသည်။

ဗြဟ္မာဘုံ ၂၀ရှိသော်လည်း အရူပဗြဟ္မာ ၄ဘုံသည် နာမ်ချည်းသက်သက်ဖြစ်သည်။ အသညသတ်ရူပဗြဟ္မာဘုံသည် ရုပ်ချည်းသက်သက်ဖြစ်သည်။ ဘုရားရှင်သာသနာနှင့် ဆုံကြုံပြန်

သော်မှ ဘုရားလည်း မဖူးနိုင်။ တရားလည်း မနာနိုင်ကြသဖြင့် ထို–၅ဘုံကို ရပ်ပြစ် ၈–ပါးထဲမှာ ထည့်ထားသည်။ မနေကောင်း အရပ်အဖြစ် သတ်မှတ်ထားသည်။ နိဗ္ဗာန်လက်မှတ်ကိုပါ မျှော် မှန်းပါလျှင် ထိုဘုံသို့ ရောက်နိုင်သည့် ပထမတန်းသံသရာ လက်မှတ်ကို မယူသင့်ပေ။

သုဒ္ဓါဝါသရူပပြဟ္မာ –၅ဘုံသည် အနာဂါမ်အရိယာပုဂ္ဂိုလ် များသာ ရောက်ထိုက်သည့် သီးသန့်ဘုံဖြစ်သည်။ ပုထုဇဉ်များ အဖို့ အနားမျှမသိနိုင် ထိုဘုံအတွက် လက်မှတ်ကိုလည်း ရယူနိုင်မည် မဟုတ်ချေ။

ကျန်သော – ပထမစျာန် –၃ဘုံ၊ ဒုတိယစျာန် ၃ဘုံ၊ တတိယစျာန် ၃–ဘုံနှင့် စတုတ္ထစျာန်–ဝေဟပ္ဖိုလ် ၁ဘုံ၊ ဤရူပ ပြဟ္မာဘုံ (၁၀)ဘုံမှာသာ သံသရာခရီးတစ်ထောက်နား၍ နိဗ္ဗာန် လက်မှတ်ကိုပါ ရယူနိုင်ပေသည်။ ထိုပြဟ္မာ (၁၀)ဘုံသို့ ရောက် ရန် ပထမတန်းလက်မှတ်ကို ရယူဖို့သင့်သည်။ ပြဟ္မာဘုံသို့ရောက် ရန်မှာ အလှူဒါနပြုရုံ–သီလဆောက်တည်ရုံ–ကုသိုလ်ကောင်းမှု လုပ်ရုံမျှဖြင့် မလုံလောက်ပါ။ သတ်မှတ်ထားသော စံမီအောင် စျာန်ရအောင် အားထုတ်ရသည်။

သမထကမ္မဋ္ဌာန်း (၄၀)ရှိသည့်အနက် ရူပပြဟ္မာဘုံသို့ ရောက်နိုင်သော သမထကမ္မဋ္ဌာန်းမှာ–

❀ အာနာပါန၊ ဆယ်ကသိဏာ၊ ပဉ္စကစျာန်ကိုရ။
ကာယဂတာ၊ အသုဘာ၊ ပထမာစျာန်သာရ။
မေတ္တာစသည်၊ သုံးခုညီ၊ ရပြီစျာန်စတုက္က။
ကမ္မဋ္ဌာန်း၊ ဥပေက္ခာ၊ ပဉ္စမာစျာန်သာရ––ဟူသော

လက်ာအရ–

❀ အာနာပါနာနုဿတိကမ္မဋ္ဌာန်းနှင့် ကသိုဏ်း–၁၀ပါးအားဖြင့် ၁၁ပါးသော ကမ္မဋ္ဌာန်းသည် ဈာန် ၅ပါးလုံးကို ရစေနိုင်သည်။

❀ ကာယဂတာသတိကမ္မဋ္ဌာန်းနှင့် အသုဘကမ္မဋ္ဌာန်း ၁၀ပါး အားဖြင့် ပထမဈာန်ကိုသာ ရစေနိုင်သည်။

❀ မေတ္တာ၊ ကရုဏာ၊ မုဒိတာ –၃ပါးသည် ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထဈာန်တို့ကို ရစေနိုင်သည်။

❀ ဥပေက္ခာကမ္မဋ္ဌာန်းသည် ပဥ္စမဈာန်ကိုသာ ရစေနိုင်သည်။ [ဥပေက္ခာကမ္မဋ္ဌာန်းပွားများရုံဖြင့် ပဥ္စမဈာန်ကို တိုက်ရိုက်ရသည် မဟုတ်ပါ။ မေတ္တာ၊ ကရုဏာ၊ မုဒိတာ ၃ပါးဖြင့် စတုတ္ထဈာန် တိုင်အောင် အားထုတ်ပြီးမှ ဥပေက္ခာကမ္မဋ္ဌာန်း ပွားများ၍ ပဥ္စမ ဈာန်ကို ရရှိစေနိုင်ပါသည်။ ဈာန်တို့မည်သည် ခုန်ကျော်၍ ဖြစ် ရိုးမရှိ။ ပ၊ ဒု၊ တ၊ စ+ပဉ်–ဟု အစဉ်အတိုင်းသာ ဖြစ်ကြရသည်။ ဤ၌ ဈာန်ကို ပဥ္စကနည်းအရ ပြဆိုထားပါသည်။

ယင်းသို့ စံသတ်မှတ်ချက်ရှိသဖြင့် မိမိသွားရောက်လိုသော ဗြဟ္မာ့ပြည်အတွက် ပထမတန်းလက်မှတ်ရဖို့ သတ်မှတ်ချက်စံ ပြည့်မီအောင် ဈာန်ရအောင် အားထုတ်ရန်သာ လိုပေတော့သည်။

စံမီအောင်ကြိုးစားအားထုတ်နိုင်လျှင် သတ်မှတ်ထားသော ဗြဟ္မာ့ဘုံသို့ရောက်၍ အေးချမ်းစွာ သံသရာခရီးတစ်ထောက်နား ရင်း နိဗ္ဗာန်လက်မှတ်ကို ဆက်လက်ရယူနိုင်ပေသည်။

❖ ❖ ❖ ❖

ခရီးသွားသူတိုင်း ပထမတန်းလက်မှတ်ဖြင့် သက်သောင့်သက်သာစွာ သွားလိုသူချည်း ဖြစ်သည်။ ခက်သည်က ပထမတန်းလက်မှတ်ကို အကန့်အသတ်ဖြင့်ရောင်းသည်။ သတ်မှတ်ချက်ရှိသည်။ သတ်မှတ်ချက်နှင့် ကိုက်ညီပါမှ ဝယ်ယူနိုင်သကဲ့သို့ ပထမတန်းလက်မှတ်ဖြင့် သံသရာခရီးသွားချင်ကြသော်လည်း လူတိုင်းသည် သတ်မှတ်ချက် စံမီအောင် စွမ်းဆောင်နိုင်ကြသည်မဟုတ်ပေ။

သည်သောအခါ ပေါပေါလောလောရသော ဒုတိယတန်းလက်မှတ်ဖြင့်သာ သံသရာခရီး သွားဖို့ရှိတော့သည်။ ပထမတန်းလောက် မကောင်းသော်လည်း လက်မှတ်မဲ့သွားရသည်ထက်တော်သေးသည်။ ကုန်းကြောင်းသွားရသည်ထက် အများကြီးကိုကောင်းပါသေးသည်။ ဒုတိယတန်းလက်မှတ်ရဖို့အတွက် သတ်မှတ်ချက်သိပ်မရှိလှ။ ဒါနအမှုပြု၍ သံသရာခရီးလက်မှတ်ကိုရယူနိုင်ပေသည်။ ကုသလကမ္မပထတရားခေါ် သုစရိုက် ၁၀ပါးနှင့် ပုညကြိယဝတ္ထု ၁၀ပါး ကောင်းမှုကုသိုလ်ပြုခြင်းပင် ဖြစ်သည်။

ဒုတိယတန်းလက်မှတ်ဖြင့် လူ့ရွာ၊ နတ်ရွာမှ ခရီးတစ်ထောက်နား၍ နိဗ္ဗာန်လက်မှတ်ကို ရယူနိုင်သည်။ သို့သော် လူတိုင်းနတ်တိုင်းတော့ရမည်မဟုတ်။ အဓိကသတ်မှတ်ချက်တစ်ခုတည်းသာရှိသည်။ ထက်မြက်သော တိဟိတ်ပုဂ္ဂိုလ်ဖြစ်ပါမှသာ တစ်ဆင့်ထက်လှမ်း၍ နိဗ္ဗာန်စခန်းသို့ မြန်းနိုင်ပြီး သံသရာဝဋ်စက်မှလွတ်ထွက်နိုင်သည်။

ပုဂ္ဂိုလ်သည် အရိယာပုဂ္ဂိုလ်နှင့် ပုထုဇဉ်ပုဂ္ဂိုလ်ဟူ၍ နှစ်မျိုးရှိသည်။ အရိယာပုဂ္ဂိုလ်တို့သည် နိဗ္ဗာန်လက်မှတ်ရပြီးသူများ

ဖြစ်သည်။ အနေးနှင့်အမြန် နိဗ္ဗာန်စခန်း မြန်းရုံသာရှိသည်။ ပုထုဇဉ် ပုဂ္ဂိုလ်တို့မှာ နိဗ္ဗာန်လက်မှတ်ရထိုက်သူနှင့်မရထိုက်သူ ဟူ၍ ခွဲခြားရပြန်သည်။ ပုထုဇဉ်ပုဂ္ဂိုလ်တို့သည်–

၁။ တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်

၂။ ဒွိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်

၃။ သုဂတိအဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်

၄။ ဒုဂ္ဂတိအဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်

ဟူ၍ ၄ယောက်ရှိရာ တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ် ၁ယောက်သော နိဗ္ဗာန်လက်မှတ်ရထိုက်သူ ဖြစ်သည်။

ဒွိဟိတ်ပုထုဇဉ်နှင့် သုဂတိအဟိတ်ပုထုဇဉ်တို့မှာ ပဋိသန္ဓေ စတင်နေစဉ်က အမောဟဟိတ် (ဝိဇ္ဇာဉာဏ်)မပါသဖြင့် နိဗ္ဗာန် လက်မှတ် မရယူနိုင်ပေ။

ဒုဂ္ဂတိအဟိတ်ပုထုဇဉ်တို့မှာ အပါယ်ဘုံသားဖြစ်၍ နိဗ္ဗာန် နှင့်အများကြီး အလှမ်းကွာလျက်ရှိသည်။ ရွှေပြည်တော် မျှော် လေတိုင်း ဝေးသူများဖြစ်သည်။

လူ့ရွာ၊ နတ်ရွာတို့မှာ ဒုတိယတန်းလက်မှတ်ဖြင့် သံသရာ ခရီးတစ်ထောက်နားခွင့်ရ၍ ဘုံဌာနနေရာဒေသအားဖြင့် သင့် လျော်ပါသည်။ သို့သော် ဖြစ်လာရသောသူတိုင်း နိဗ္ဗာန်လက်မှတ် မရယူနိုင်ပေ။ နိဗ္ဗာန်ကိုရယူချင်ပါသော် ထက်မြက်သော တိဟိတ် ပုဂ္ဂိုလ်ဖြစ်ရန် အဓိကလိုသည်။ တိဟိတ်ပုဂ္ဂိုလ်ဖြစ်ရန်မှာ ခက် ခက်ခဲခဲကြီး ကြိုးပမ်းဖို့မလိုပါ။ ကုသိုလ်ကောင်းမှုပြုစဉ်မှာ စိတ် ထားတတ်ရုံမျှဖြင့် တိဟိတ်ပုဂ္ဂိုဟ်ဖြစ်နိုင်သည်။ ကုသိုလ်ကောင်းမှု ပြုရာမှာ စိတ်ထားကလေး ကွာခြားမှုအရ–

ထက်မြက်သော တိဟိတ်လူ၊ နတ်

သာမန်ဖြစ်သော ဒွိဟိတ်လူနတ်

အညံ့ဆုံးဖြစ်သော အဟိတ်လူ၊ နတ်--

ဟူ၍ ကွဲပြားသွားသည်။ စိတ်ထားကွာခြား၍ ပုဂ္ဂိုလ်ကွဲပြားသွားရပုံကို အဘိဓမ္မာက ဤသို့ပြဆိုထားသည်။

၁။ ကုသိုလ်ကောင်းမှုပြုရာမှာ ကံ၊ ကံ၏အကျိုး ယုံကြည်သိမြင်သော ကမ္မဿကတာဉာဏ်နှင့်ယှဉ်လျှင် တိဟိတ်ကုသိုလ်ဖြစ်သည်။ ၎င်းဉာဏ်နှင့်မယှဉ်လျှင် ဒွိဟိတ်ကုသိုလ်ဖြစ်သည်။

ဤသို့သော ကောင်းမှုကုသိုလ်ကံကို ပြုလုပ်လျှင် ဤမည်သော အကျိုးကို မုချခံစားရမည်ဟု ယုံကြည်သိမြင်လျက် ဒါနအမှု သီလအမှု စသည်ပြုခြင်းသည် တိဟိတ်ကုသိုလ်ဖြစ်သည်။

ဤကံကိုပြုလျှင် ဤအကျိုးခံစားရမည်ဟု မသိသော်လည်း သူများကို အတုလိုက်၍ အမောင်တောင်မှန်းမြောက်မှန်းမသိဘဲ သူများလုပ်သလို လိုက်လုပ်သော ကုသိုလ်သည် ဒွိဟိတ်ကုသိုလ်ဖြစ်သည်။

၂။ ကုသိုလ်ကောင်းမှုမပြုမီ ရှေ့ပိုင်းကာလ၊ ပြုပြီးနောက်ပိုင်းကာလတို့မှာ ကုသိုလ်ခြံရံနေလျှင်သော်လည်းကောင်း၊ သူတစ်ပါးကို ထိခိုက်နှိမ့်ချခြင်း၊ မိမိကိုယ်ကို ချီးမြှင့်ပလွှား၊ ဝါကြွားခြင်းတို့ ကင်းရှင်းသော်လည်းကောင်း-မြင့်မြတ်သော ဥက္ကဋ္ဌကုသိုလ်ဖြစ်သည်။

ကုသိုလ်ကောင်းမှုပြုစဉ် ကုသိုလ်ခြံရံရမည်ဆိုသည်မှာ မလှူမီရှေ့အဖို့မှာလည်း ပေးလှူရမှာ တွန့်ဆုတ်စေးနဲနေသည်။

လှူပြီးနောက်အဖို့မှာလည်း နှမြောတွန့်တိုခြင်း စိတ်မချမ်းသာခြင်း ဖြစ်နေသည်။ မဖြစ်စေဘဲ စေတနာသုံးတန်ပြဋ္ဌာန်းပြီး ပြတ်ပြတ်သားသား လှူခြင်းစသည်ကိုဆိုသည်။

ငါသာ လှူနိုင်သည်။ သီလဆောက်တည်နိုင်သည် စသည်ဖြင့် သူတစ်ပါးကို နှိမ့်ချစောင်းမြောင်းခြင်းလည်းမဖြစ်စေ၊ ဝါကြွားပလွှားမှုမာနလည်း မဖြစ်စေဘဲ ပေးလှူခြင်းစသည်ကို ဆိုလိုသည်။ ဤသို့မဟုတ်ဘဲ အကုသိုလ်ခြံရံနေသော ကုသိုလ်မျိုးမှာ ညံ့သော ဩမကကုသိုလ်ဖြစ်သည်။

က။ ကုသိုလ်ပြုလုပ်ရာမှာ အကျိုးသိမြင်ဉာဏ်နှင့်ယှဉ်၍ ရှေ့ပိုင်းနောက်ပိုင်းကာလများမှာ ကုသိုလ်ခြံရံနေလျှင် တိဟိတ်ဉက္ကဋ္ဌကုသိုလ်ကံဖြစ်သည်။ ယင်းတိဟိတ်ဉက္ကဋ္ဌကုသိုလ်ကံသည် ပဋိသန္ဓေအခါ ကာမသုဂတိ (၇)ဘုံမှာ တိဟိတ်ပဋိသန္ဓေကို ဖြစ်စေပြီး ထက်မြက်သော တိဟိတ်လူ၊ တံဟိတ်နတ်ဖြစ်ရသည်။

အလှူဝတ္ထုနည်းသည်များသည် မဓာနမဟုတ်။ ပြဆိုခဲ့သည့် စိတ်ထားမျိုးရှိရန်သာ ဖြစ်သည်။ ညောင်စေ့လောက်လှူသော်လည်း ညောင်ပင်လောက်ရသော ကုသိုလ်မျိုးဖြစ်သည်။

ခ။ ကုသိုလ်ပြုလုပ်ရာမှာ အကျိုးသိမြင်ဉာဏ်နှင့်ယှဉ်သော်လည်း ရှေ့ပိုင်းနောက်ပိုင်းကာလများမှာ အကုသိုလ်ခြံရံနေလျှင် တိဟိတ်ဩမကကုသိုလ်ဖြစ်သည်။ ယင်းကံသည်လည်းကောင်း၊

ကုသိုလ်ပြုလုပ်ရာမှာ ဉာဏ်နှင့်သော်ကား မယှဉ်၊ ရှေ့ပိုင်းနောက်ပိုင်းကာလများမှာ ကုသိုလ်ခြံရံနေလျှင် ဒွိဟိတ် ဉက္ကဋ္ဌကုသိုလ်ဖြစ်သည်။ ယင်းကံသည်လည်းကောင်း၊ ဤသို့တိဟိတ်ဩမက–ဒွိဟိတ်ဉက္ကဋ္ဌကုသိုလ်ကံ ၂ပါးဖြစ်သည်။ ပဋိသန္ဓေအခါ

ကာမသုဂတိ(ရ)ဘုံမှာ ဒွိဟိတ်ပဋိသန္ဓေစိတ်ကို ဖြစ်စေပြီး သာမန်ဖြစ်သော ဒွိဟိတ်လူဒွိဟိတ်နတ်ဖြစ်သည်။

ဂ။ ကုသိုလ်ကောင်းမှု ပြုလုပ်ရာမှာ အကျိုးသိမြင်ဉာဏ်နှင့်လည်း မယှဉ်၊ ရှေ့ပိုင်းနောက်ပိုင်းကာလများမှာ အကုသိုလ်လည်း ခြံရံနေလျှင် ဒွိဟိတ်ဩမကကုသိုလ်ဖြစ်သည်။ ယင်းဒွိဟိတ်ဩမကကုသိုလ်သည် လူပြည်နှင့် စတုမဟာရာဇ်နတ်ဘုံတို့မှာ သုဂတိ အဟိတ်ပဋိသန္ဓေကိုဖြစ်စေပြီး အညံ့စားလူ၊ အညံ့စားနတ်တို့ ဖြစ်ကြသည်။

ညောင်ပင်ကြီးလောက် လှူသော်လည်း ညောင်စေ့လောက်သာရသော ကုသိုလ်မျိုးဖြစ်သည်။

ဖေါ်ပြပါ ဒု [illegible] မှာအမြင်အရ–ကုသိုလ်ကောင်းမှု ပြုလုပ်ချင်းတူသော်လည်း ပြုလုပ်ရာမှာ စိတ်ထားချင်း ကွာခြားမှုကြောင့် ထက်မြက်သူ၊ သာမန်သူနှင့် အညံ့သူတို့ဟူ၍ ကွဲပြားသွားရသည်။

သာမန်ဖြစ်သော ဒွိဟိတ်ပုဂ္ဂိုလ်နှင့် အညံ့စားဖြစ်သော သုဂတိအဟိတ်ပုဂ္ဂိုလ်တို့သည် ယခုဘဝမှာ နိဗ္ဗာန်လက်မှတ်မရယူသော်လည်း နောက်ဘဝမှာ တိဟိတ်ပုဂ္ဂိုလ်ဖြစ်အောင် ကြိုးစားပြီးသာ ရယူနိုင်သည်။

တိဟိတ်ပုဂ္ဂိုလ်မှာကား ယခုဘဝမှာပင် နိဗ္ဗာန်လက်မှတ်ရယူနိုင်သည်။ တိဟိတ်ပုဂ္ဂိုလ်ဖြစ်ရန်လိုသည်။ တိဟိတ်ပုဂ္ဂိုလ်ဖြစ်နိုင်ဖို့ရာကလည်း ဖော်ပြအတိုင်း စိတ်ထားတတ်မှု အဓိကလိုကြောင်း သတိပြုမိပြီး ဖြစ်ပါသည်။

❖ ❖ ❖ ❖

နတ် ဗြဟ္မာ သံသရာခရီးတစ်ထောက်နားရလျှင် ဗြဟ္မာ့ပြည်လောက် အေးချမ်းမှုမရှိသော်လည်း လူ့ဘုံလူ့လောကကဲ့သို့ ဒုက္ခတွေ တင်းကြမ်းပြည့်နေသည် မဟုတ်သဖြင့် လူအဖြစ်ထက်စာလျှင် အတော်အသင့် သက်သောင့်သက်သာစွာ သံသရာခရီးကို သွားနိုင်ပေသည်။ တိဟိတ်နတ်ဖြစ်ခဲ့သော် နိဗ္ဗာန်လက်မှတ်ကိုလည်း ရယူနိုင်သည်။

လူ့ဘုံမှာ သံသရာခရီးတစ်ထောက်နားရန် ဘုံဌာန အားဖြင့် သင့်လျော်သည်။ သို့သော် လူချင်းတူသော်လည်း အခြေအနေအထွေထွေအဖုံဖုံ ကွဲပြားခြားနားသည်။ အဘိဓမ္မာ အမြင်အရ ထက်မြက်သူ၊ သာမန်သူ၊ အညံ့လူဟူ၍ အဆင့်အတန်း ကွဲပြားသည်။ မျက်မြင်နေ့စဉ်တွေ့မြင်နေသော အနေအထား အရလည်း

အသက်ရှည်/တို ကွာသည်။

ရောဂါကင်း၊ မကင်း ကွာသည်။

အမျိုးမြတ်၊ မမြတ် ကွာသည်။

ရုပ်အဆင်းလှ၊ မလှ ကွာသည်။

အခြွေအရံများ၊ မများ ကွာသည်။

ပစ္စည်းဥစ္စာချမ်းသာ၊ ဆင်းရဲ ကွာသည်။

ဉာဏ်ပညာကောင်း၊ မကောင်း ကွာသည်--ကို တွေ့မြင်နေကြရသည်။

ဘာ့ကြောင့် ဤသို့ ဖြစ်ရသနည်း။

မိမိတို့ ပြုကြသော ကံကပင်လျှင် ယင်းသို့ကွာခြားအောင် ပြုခြင်းဖြစ်သည်။ ဘယ်သူမပြု-မိမိမှုသာ ဖြစ်သည်။ သတ္တဝါ

တိုင်းကို သူတို့ပြုလုပ်သော ကံကသာလျှင် စီမံခြယ်လှယ်ခြင်း ဖြစ်သည်။ ထို့ကြောင့်-

''ကမ္မဿကောမှိ ကမ္မဒါယာဒေါ ကမ္မယောနိ
ကမ္မ ဗန္ဓု ကမ္မပ္ပဋိသရဏော၊ ယံ ကမ္မံ''
ကရိဿာမိ ကလျာဏံ ဝါ ပါပကံ ဝါ၊
တဿ ဒါယာဒေါ ဘဝိဿာမိ, တိ၊
အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ''---

ဟူ၍ အဘိဏှသုတ်တော်မှာ ဗုဒ္ဓမြတ်စွာ ဟောကြားတော်မူခဲ့သည်။

[မြန်မာပြန်။ ။ ငါသည် ကံသာ ကိုယ်ပိုင်ဥစ္စာရှိသည်။ ကံသာ အမွေခံရှိသည်။ ကံသာ အကြောင်းရင်းရှိသည်။ ကံသာ ဆွေမျိုးရှိသည်။ ကံသာ အားကိုးရာရှိသည်။ ကောင်းသောကံကို ပြုမိသည်ဖြစ်စေ၊ မကောင်းသောကံကို ပြုမိသည်ဖြစ်စေ။ ထိုကံ၏ ဆိုးမွေကောင်းမွေကို ခံရပေမည်ဟု အမြဲမပြတ် ဆင်ခြင်နေရမည်။]

ဤအဘိဏှသုတ်တော်ကို ဗုဒ္ဓဘာသာဝင်တိုင်းလို ရထားကြသည်။ သိထားကြသည်။ ရထားသိထားသည့်အတိုင်း မိမိအရိပ်သည် မိမိနောက်သို့ အစဉ်လိုက်သကဲ့သို့ မိမိပြုအပ် သောကံသည်လည်း မိမိနောက်သို့ အရိပ်ပမာ အစဉ်လိုက်ပြီး စီမံခြယ်လှယ်နေသည့်အဖြစ်ကို စွဲမှတ်ယုံကြည်ထားရပေမည်။

လူချင်းတူသော်လည်း အမျိုးမျိုး အဖုံဖုံ ကွဲပြား ကွာခြားရခြင်းအကြောင်းကို တောဒေယျပုဏ္ဏားဏ်သား သုဘလုလင် မေးမြန်းလျှောက်ထားသဖြင့် ဗုဒ္ဓမြတ်စွာသည် စူဠကမ္မဝိဘင်္ဂသုတ္တန်ဒေသနာတော်မှာ ''ကံတို့၏အကျိုးပေးပုံ''ကို အောက်ပါအတိုင်း ခွဲခြမ်းစိတ်ဖြာ၍ ဟောကြားတော်မူခဲ့သည်။

သုဘလုလင်က မြတ်စွာဘုရားသခင်အား မေးလျှောက်သည်။

''ဘုန်းတော်ကြီးတော်မူလှသော မြတ်စွာဘုရား လူချင်းတူလျက်''

အချို့က အသက်တိုကြသည်။ အချို့က အသက်ရှည်ကြသည်။

အချို့က အနာရောဂါများသည်။ အချို့က အနာရောဂါကင်းကြသည်။

အချို့က ရုပ်ဆိုးသည်။ အချို့က ရုပ်လှသည်။

အချို့က အခြံအရံနည်းသည်။ အချို့က အခြံအရံများသည်။

အချို့က ဆင်းရဲသည်။ အချို့က ချမ်းသာသည်။

အချို့က အမျိုးညံ့သည်။ အချို့က အမျိုးမြတ်သည်။

အချို့က ဉာဏ်ပညာနည်းပါးသည်။ အချို့ဉာဏ်ပညာကြီးမားသည်။

ဤသို့ မတူကွဲပြားခြားနားရခြင်းသည် အဘယ့်ကြောင့်ဖြစ်ရပါသနည်းဘုရား''ဟု အချက်(၁၄)ချက်ကို မေးမြန်းလျှောက်ထားလေရာ မြတ်စွာဘုရားသခင် အောက်ပါအတိုင်း ဖြေကြားဟောတော်မူသည်။

သုဘလုလင်– ဤလောက၌

၁။ သူ့အသက်ကို သတ်လေ့ရှိသူသည် ငရဲကျခံရတတ်သည်။ ဒုပရာ ပရိယကံက ထောက်မသဖြင့် ငရဲမကျဘဲ လူ့ဘဝသို့ ရောက်ရပါလျှင် အသက်တမ်းစေ့ မနေနိုင်၊ အသက်တိုရသည်။

၂။ သူ့အသက်ကို မသတ်ဘဲ ရှောင်ကြဉ်လေ့ရှိသူသည် နတ်ရွာသို့ ရောက်ရတတ်သည်။ နတ်ရွာသို့မရောက်ဘဲ လူဖြစ်လျှင် အသက်တမ်းစေ့စေ့ဖြင့် အသက်ရှည်ရှည်နေရသည်။

(ကျန် အချက် ၁၂ ချက်ကို အတိုသာရေးပါမည်။)

၃။ သူတစ်ပါးကို ညှဉ်းဆဲလျှင် အနာရောဂါများသည်။

၄။ သနားကြင်နာတတ်ပြီး ညှဉ်းဆဲမှုမရှိလျှင် အနာရောဂါကင်းသည်။

၅။ အမျက်ဒေါသထွက်လေ့ရှိလျှင် ရုပ်ဆိုးသည်။

၆။ သည်းခံလေ့ရှိသူသည် ရုပ်လှသည်။

၇။ မနာလိုဝန်တိုဖြစ်လေ့ရှိလျှင် အခြံအရံနည်းပါးသည်။

၈။ မနာလိုဝန်တိုမှု မရှိလျှင် မခြံအရံပေါများသည်။

၉။ အလှူဒါနပြုလေ့မရှိလျှင် ဆင်းရဲသည်။

၁၀။ အလှူဒါနပြုလေ့ရှိလျှင် ချမ်းသာသည်။

၁၁။ မာန်မာနကြီးလျှင် အမျိုးညံ့၌ ဖြစ်သည်။

၁၂။ မာန်မာနမရှိလျှင် အမျိုးမြတ်၌ ဖြစ်သည်။

၁၃။ ပညာရှိတို့အား ဆွေးနွေးမေးမြန်းလေ့မရှိလျှင် ဉာဏ်ပညာနည်းပါးသည်။

၁၄။ ပညာရှိတို့အား ဆွေးနွေးနေးမြန်းလေ့ရှိလျှင် ဉာဏ်ပညာကြီးမားသည်။ ဤသို့သော အကုသိုလ်ကံ၊ ကုသိုလ်ကံတို့ကြောင့် လူချင်းတူပါလျက် ယုတ်မြတ်ကွာခြားရခြင်းဖြစ်ပေသည် သုဘလုလင်''

ဤသည်နှင့်ပတ်သက်၍ မဟာစည်ဆရာတော်ဘုရားကြီးက စူဠကမ္မဝိဘင်္ဂသုတ်တော်ကို အောက်ပါအတိုင်း အကျဉ်းချုံး၍ သိမှတ်လွယ်အောင် သံပေါက်လင်္ကာ ရေးသားတော်မူခဲ့သည်။

၁။ သူ့ကိုသတ်ဖြတ်၊ သက်တိုသတ်၊ မသတ် အသက်ရှည်။

၂။ ညှဉ်းဆဲသူကား၊ အနာများ၊ သနားကျန်းမာသည်။

၃။ ဒေါသမီးလျှံ၊ အကျည်းတန်၊ သည်းခံလှပသည်။

၄။ မနာလိုမှာ၊ ခြွေရံကွာ၊ ကြည်သာခြွေရံစည်။

၅။ မပေးလှူကာ၊ မွဲပြာကျ၊ လှူကာပေါ်ကြွယ်သည်။

၆။ မရိုမသေ၊ မျိုးယုတ်ချေ၊ ရိုသေမျိုးမြတ်သည်။

၇။ မမေးမမြန်း၊ ဉာဏ်မြင်ကန်း၊ စုံးစမ်းဉာဏ်ကြီးသည်။

၈။ ဆိုးတာပြုရ၊ ဆိုးတာရ၊ ကောင်းမှုကောင်းစားသည်။

၉။ ဆိုးကောင်းနှစ်တန်၊ ကံစီမံ၊ ခံ,စံကြရသည်-တဲ့။

စူဠကမ္မဝိဘင်္ဂသုတ်တော်
(မဟာစည်ဆရာတော်)

ဤဒေသနာတော်ကို ဖတ်ရှုသိမှတ်ခြင်းဖြင့် သံသရာခရီးသည်အဖြစ်နှင့် စခန်းတစ်ထောက်နားခိုလိုသူတို့သည် မည်သို့သော ကောင်းသော ကောင်းမှုကုသိုလ်ကံကို ပြုသင့်သည်၊ မည်သို့မကောင်းမှုအကုသိုလ်ကံကို ရှောင်ကြဉ်သင့်သည်ဟု နားလည်ပြီးဖြစ်တော့သည်။

လူသားတိုင်းသည် လူသားသဘာဝအတိုင်း ကောင်းသော ဣဋ္ဌာရုံကို ခံစားစံစားလိုကြသည်။ ကောင်းသော လောကဓံလေးပါးနှင့်သာ ဆုံစည်းလိုကြသည်။

မကောင်းသော အနိဋ္ဌာရုံကို မခံစားလိုကြ။မကောင်းသော လောကဓံလေးပါးနှင့် မဆုံစည်းလိုကြ။

သို့သော်–

အကောင်းအဆိုးသည် အမြဲဒွန်တွဲလျက်ရှိသည်။ ထိုနှစ်ခုအနက်မှာမှ ကောင်းသော ဣဋ္ဌာရုံကို ခံစားပြီး ကောင်းသော လောကဓံလေးပါးနှင့် ဆုံစည်းကာ သက်သောင့်သက်သာစွာ လူသားအဖြစ်ဖြင့် သံသရာခရီးကို သွားချင်ပါသည်ဆိုလျှင် ဖော်ပြခဲ့သော အဘိဓမ္မာဒေသနာတော်၊ သုတ္တန်ဒေသနာတော်တို့အရ လိုက်နာပြုကျင့်ရန်သာ ရှိတော့သည်။ ယင်းသို့ ပြုလုပ်ကျင့်ကြံပါလျှင် –

ရုပ်ဆင်းလည်းလှ၊
အမျိုးလည်းမြတ်၊
ချမ်းကလည်း ချမ်းသာ၊
ဉာဏ်ကလည်းကောင်း၊

အခြံအရံအပေါင်းအဖော်နှင့် ပျော်ပျော်ရွှင်ရွှင်ကျန်းမာစွာဖြင့် သက်တမ်းစေ့စေ့ အသက်ရှည်သော လူသားတစ်ယောက်အနေဖြင့် လူ့ဘဝသံသရာခရီးမှာ အထက်တန်းကျကျ၊ မျက်နှာပန်းလှလှ နေထိုင်နိုင်ပြီး အဘိဓမ္မာဉာဏ်အမြင်နှင့်လည်း ယှဉ်ပါမှ နိဗ္ဗာန်လက်မှတ်ကိုပါ ရယူနိုင်မည် ဖြစ်ပေတော့သည်။

❖ ❖ ❖ ❖

သံသရာခရီးသွား အိုလူသား–

ရုပ်သံသရာစက်ဝန်း၊ နာမ်သံသရာစက်ဝန်း၊ ဘဝသံသရာစက်ဝန်းမှာ ရဟတ်ချားပမာ မပြတ်သွားလာ ကျင်လည်နေရသော သံသရာခရီးသည်တစ်ယောက်အနေဖြင့် သံသရာခရီးကို မည်သို့မည်ပုံ သွားသင့်ကြောင်းကို ကိုယ်တိုင် ရွေးချယ်ဆုံးဖြတ်နိုင်လောက်ပြီဟု ယူဆရင်းဖြင့်–––

စာရေးသူအနေဖြင့်မူ အောက်ပါအတိုင်း သံသရာခရီးလမ်းကို လျှောက်လှမ်းလိုပါသည်။

ဆန္ဒမွန်
(တေးထပ်)

❀ ဖြစ်လေရာ ဘဝတိုင်း
ခဏမဆိုင်း သစ်လွင်
ဇာတိပိုင်း အသစ်ခွင်ဝယ်၊
ဖြစ်ချင်တယ် တိဟိတ်။
ဉာဏ်ကြီးသူ ဆောင်စွမ်းနိုင်ကာ၊
အောင်ပန်းခိုင် မျှားကျိုးကိုချိတ်။

❀ နိဗ္ဗာန်နန်း လမ်းအမှတာကို
လမ်းကာသော ညွှန်စိမ့်၊
မြန်းမကြာ သွန်ပိမ့်လည့်၊
ညွှန်လိမ့်မည့်သူကို။
လျင်မြန်စွာ ဆုံပါရ
ဘုံဌာန ဝင်နှကထွက်လို။

❀ လှည့်လည်ရ ဘဝတိုဝယ်
ချာန်မင်ဖိုလ် သွယ်ဝမှကိုလာ၊
အလွယ်ရ လှစ်ဟမြန်ဆန်၊
ဖြစ်လှချင်ပြန်။
ဤစာပြု ကုသိုလ်မှန်ကို
ဆုဆိုဟန် တောင်းသည့်ရှင့်လေး။

မြိုင်နန်းဆွေ
၁၉-၄-၂၀၀၀

၂၅၂၁၄

## မြိုင်နန်းဆွေ ရေးသားထုတ်ဝေခဲ့သောစာအုပ်များ

၁။ ယွန်းစလင်းအမြုတေ ပထမတွဲ

၂။ ယွန်းစလင်းအမြုတေ ဒုတိယတွဲ

၃။ ယွန်းစလင်းအမြုတေ တတိယတွဲ

၄။ တံလျှပ်လေနှင်ခရီးစဉ်များ

၅။ ပြန်လည်ထွန်းညှိသူ

၆။ Shines the light of Dhamma.
Translated by Shin Khay Meinda

၇။ ငြိမ်းချမ်းရေးမြစ်နဒီ


၈။ THE RIVER OF PEACE
Translated by Shwe Bo U Than Tun

၉။ မဇ္ဈိမဒေသခရီးစဉ်

၁၀။ ယွန်းစလင်း ၃ တွဲ ပေါင်းချုပ်

၁၁။ ဓမ္မလှိုင်းရိုက်ခတ်သံ

၁၂။ သံသရာခရီးဘယ်လိုသွားမလဲ



# သံသရာခရီးဘယ်လိုသွားမလဲ

မြိုင်နန်းဆွေ